www.burmeseclassic.com

# ဗျူး

ရေးဖွဲ့ခြင်း ၅၅

BURMESE CLASSIC



VIEW
sentiment 55
short stories

Ge... wine

www.burmeseclassic.com

www.burmeseclassic.com

မဒီရို
စီစဉ်သည်

02 MAY 2014




# ဖျူး

ရေးဖွဲ့ခြင်း၅၅

အမှတ် ၅၂၀ (က)၊ အင်းဝ ( ၄ ) လမ်း
( ၆ ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
09 5030106 - 09 5185084
01 8500696

www.burmeseclassic.com

www.burmeseclassic.com

## လူနှင့်အိမ်ထောင်ရေး

ကာရာအိုကေ ညများထဲ၌ ကိုယ့်သမီး အရွယ် မိန်းကလေး၏ ရင်သားကို ပွဲတော် တည်ရင်း အရက်သောက်မြည်းစမ်းဖို့ ကြည့်နေသော ရမ္မက်ဖော ဖောနေသည့် သူတွေကို မြင်ယောင်လာသည်။





## ကောင်းကင်မှားတဲ့ငှက်

ရေစို၍ အသားနှင့် အဝတ်ကပ်နေသော အရွယ်ရောက်ပြီး အမျိုးသမီးတစ်ယောက်၏ အလှကို ထိုနေ့ကမှ ကျွန်တော် တွေ့ဖူးမြင်ဖူး ခြင်းဖြစ်၏။ မိန ဝတ်ထားသည့် ပါတိတ်ထဘီပေါ် မှ သစ်ရွက်တွေကို ကျွန်တော် စိတ်ကူးနှင့် ခြွေချနေမိ၏။ ညနေခင်း၏ အလင်းအိုသည် တိမ်ညိုကိုစီးလျက် အနောက်ဘက်မိုးကုတ် စက်ဝိုင်းသို့ တရွေ့ရွေ့ ထွက်ခွာသွားလေသည်။

## အခန်းဆက်ကျိန်စာ

စုနစ်ရက်သားသမီးတိုင်း တမ်းတငတ်မွတ် တတ်တဲ့ ရွှေအိုရောင်နေ့ရက်တွေကို ကျုပ်တို့ သိမ်မွေ့နူးညံ့စွာ ဖြတ်သန်းခဲ့ကြ ပါတယ်။ မေ့ ရဲ့ဝမ်းဗိုက်သားဖြူဖြူပေါ်က ပြတ်ထွက်လာတဲ့ အဖြူရောင် သွေးကြော မျှင်တန်းလေးတွေကို ကျုပ်တို့ လက်ချိုး ရေတွက်ခဲ့ကြတယ်။





## အလှဆုံးအချိန်

ပြတင်းတံခါးတွေ မပိတ်မိ၊ နို့စို့အရွယ် လေပြေက ပြတင်းမှတစ်ဆင့် ချစ်သူ၏ ရင်ညွှန့်အရပ်ဆီ တိုးဝင်လာ၊ အောက်ဆီ[illegible] နည်းလာသည့် လှိုက်မောမှု ပစ္စုပန်ပင်လယ် ကြီးကဖောက်ထိုးမောက်ခုံ၊ အချစ်ကို ရှပ်ဒေါင်းလုပ်သံ တိမ်ဖြူဖြူတွေပြေးလွှား၊ ညအလှဖြင့် တစ်ခင်းလုံး သင်းပျံ့နေခဲ့ကြသည်။



## ကျွန်တော်၏ အချစ်ဦး

ကျွန်တော်က အိပ်မရ၊ ကျွန်တော့်အခန်းဘေး ပြတင်းမှ တစိမ့်စိမ့် ကြွေနေသော လရောင်ကို ကြည့်ရင်း မိဝါကို သတိရလာသည်။ [illegible]ဘေးအုတ်ကန့်တွင် တင်ကျန်နေသော [illegible]သည် Adriana Lima ၏ ရင်ဘတ်လို [illegible]ဝိုင်းစက်၍ နေလေသည်။



## ဆည်းဆာညို

တွဲကျလျက်ရှိသည့် သူ့နှုတ်ခမ်းများ တဆတ်ဆတ် တုန်ရင်လာမှုနှင့်အတူ တွန့်ခေါက်နေသည့် သူ့မျက်နှာပြင် အရေပြားပေါ်သို့ မျက်ရည်များ တလိမ့်လိမ့် စီးကျလာသည်။ သားအတွက်ကျသည့်မျက်ရည်လား ဒါမှမဟုတ် ဇနီးအတွက်ကျသည့် မျက်ရည်လား သူကိုယ်တိုင် မဝေခွဲနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ ( မြ - ၀၄၅၀၆ ) ( ဖျူးစာပေ )

အမှတ် ၅၂၀ (က) ၊ အင်း၀ (၄) လမ်း

(၆) ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့ ။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် ( မြ - ၀၅၄၁၇ ) ရွှေခြင်္သေ့ပုံနှိပ်တိုက်

အမှတ် ၁၂ ၊ သရဖီလမ်း ၊ စော / နောက် ရပ်ကွက်

အလုံမြို့နယ် ၊ ရန်ကုန်မြို့ ။

မျက်နှာဖုံးပန်းချီ

ဇော်ဝိုင်

အတွင်းဖလင်

ကိုပေါက် ၀၉ ၄၂၀၂၄၃၃၂၇

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၄ ခုနှစ်

တန်ဖိုး ၁၇၀၀ ကျပ် ၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

ဖျူးစာပေ

၀၉ ၅၈၃၀၁၀၆ ၊ ၀၉ ၅၁၈၅၀၈၄ ၊ ၀၁ ၈၅၀၀၆၉၆

| |
|---|
| ၈၉၅. ၈၃ |
| ဖျူး |
| ရေးဖွဲ့ခြင်း ၅၅ |
| ဖျူးစာပေ ၊ ၂၀၁၄ |
| ၁၈၀ - စာ ၊ ၁၂ x ၁၈ စင်တီ |
| (၁) ရေးဖွဲ့ခြင်း ၅၅ |


# စကားဦး

၂၀၁၁ ခုနှစ်များဆီက 'လောက၏ပြတင်းများ'အမည်ရှိ ၀တ္ထုတိုစု ထုတ်ဝေဖြစ်ခဲ့သည်။ လိုင်းစာအုပ်တိုက်များတွင် သင့်တင့်ရောင်းခဲ့ရသော်လည်း ကျွန်တော်လစဉ်ထုတ်ဝေနေသော ဖျော်ဖြေရေး၀တ္ထုစောင်ရေနှင့်နှိုင်းယှဉ်သည့် အခါ သုံးချိုးတစ်ချိုးလောက်သာ ရှိခဲ့၏။

သည်တော့ သားသမီးများ၏ မပြီးဆုံးနိုင်သေးသော ပညာရေးအတွက် ရှာနေသည့် ကျွန်တော့်ဖနီးက ငွေစလေးရွှင်သော ဖျော်ဖြေရေး၀တ္ထုတွေကိုပဲ ရေးချင်သည်။ ဟောတစ်ပုဒ်၊ ဟောတစ်အုပ်၊ ဦးနှောက်လည်းသိပ်မစား ပြီးသည့်အခါ၌လည်း ဟိုဗီဒီယိုရိုက်ကူးရေးကကမ်းလှမ်း၊ သည်ဗီဒီယိုရိုက်ကူး ကာလာဝယ်နှင့် ၀တ္ထုစာမူခအပြင် အပိုဆုလေးဘာလေးဆောင်းမိသည်။

ဖနီးသည်ဆန္ဒရှိသလို ကျွန်တော်ကိုယ်တိုင်လည်း ရေးချင်ချင်၊ မရေး ချင်ချင် ဖျော်ဖြေရေး၀တ္ထုအတွက် အချိန်အတော်လေးပေးကာ ရေးဖြစ်သလို တစ်ဖက်မှလည်း လူငယ်ပညာပေးများဖြစ်သော ၃၈ ဖြာမင်္ဂလာ၊ ယဉ်ကျေးမှု ပန်းချီ နလုံးလှခမ္မဂုဏ်ရည် အစရှိသဖြင့် ဗုဒ္ဓနှင့်သက်ဆိုင်သည့် လူငယ်ပညာ ပေးပုံ၀တ္ထုများရေးဖြစ်၏။

သို့သော် ကျွန်တော့်ကို ထုတ်ဝေနေသည့် ထုတ်ဝေသူတွေက ဖျော်ဖြေ ရေး၀တ္ထုပဲရေးပေးဖို့ တိုက်တွန်းကြသည်။ စာသမားယောင်ယောင် ဘာယောင် ယောင် ဝေဖန်ချင်သူအချို့ကတော့ ကျွန်တော်တို့၏ဖျော်ဖြေရေး၀တ္ထုများကို ခေါင်းရှုံ့ချင်ကြသည်။ တကယ်တမ်းလည်း နိုင်ငံတကာတွင် ဖျော်ဖြေရေး၀တ္ထု များက အခိုင်အမာနေရာယူထားဆဲပင်ဖြစ်၏။

စာရေးဆရာတစ်ယောက်အဖြစ် သတ်မှတ်ခံရဖို့ စံနှုန်းတစ်ခုထားမည် ဆိုလျှင် ကျွန်တော့်အနေနှင့်တော့ အတ္ထုပ္ပတ္တိပဲရေးရေး၊ ရသပဲရေးရေး၊ အက်ဆေး ပဲရေးရေး၊ ဘာသာပြန်ပဲရေးရေး၊ ဘ၀သရုပ်ဖော်ပဲရေးရေး ပရိသတ်လက်ခံမှ အနုပညာမြောက်သည်ဟု ယူဆပါသည်။ ကိုယ့်ဘာသာကိုယ် ဘယ်လောက်ကြီး ကျယ် တော်နေပါစေ၊ ဖတ်မည့်သူမရှိ၊ အားပေးမည့် ပရိသတ်မရှိလျှင် ဘယ်စာမူ များ ဘ၀ရပ်တည်ခွင့်ကို တည်ဆောက်ချင်ကြပါသေးသနည်း။



www.burmeseclassic.com

www.burmeseclassic.com

အမှားအယွင်းများစွာနှင့်လူဖြစ်ခဲ့သောကျွန်တော်သည် သတိလက်လွတ်ရှိတတ်သည့် 'သင်္ခါရ'အား မေ့ထား၍မရ။ တလိမ့်လိမ့်တောက်လောင်နေသောနေရှိန်ပြင်းပြင်းအောက်တွင် ဘဝကိုဖြစ်သလိုရင်ဆိုင်ရင်း လောင်ကျွမ်းနေကြသူတွေကိုကြည့်ပြီး ကျွန်တော် ကျောချမ်းခဲ့ဖူးသည်။

မိမိ၏နောင်ဘဝအတွက်ပါဖို့ထက် သားသမီးတို့၏ရွှေအိုရောင်နေ့ရက်အနာဂတ်နှင့်စက်တွေနိုးဖို့ ကျွန်တော်မနားတမ်း ခရီးကြမ်းဆက်ခဲ့တာလည်းပါသည်။

သို့သော် အသက်အရွယ်စိတ်ဆန္ဒအရ ရံဖန်ရံခါ ရသဝတ္ထုတိုလေးတွေရေးချင်စိတ်လည်း အာသာငမ်းငမ်း ဖြစ်လာတတ်၏။ အစိုးမရနိုင်သော သေခြင်းတရားကို ရှုမျှော်ရင်း ကျွန်တော်ရေးချင်တာလေးတွေကို အသက် (၅၅)နှစ်အရွယ်မှာရေးဖြစ်သည်။ ထို့အတွက် (၅၅)ရေးဖွဲ့ခြင်းဟု ဝတ္ထုတိုစုအမည်ကို ပေးမိသော်လည်း ထုတ်ဝေဖြစ်သည့်အချိန်မှာတော့ ကျွန်တော့်အသက်က (၅၆)နှစ်ထဲရောက်နေခဲ့ပြီဖြစ်၏။

လတ်တလောရောင်းအားကောင်းနေသည့် နိုင်ငံရေးစာအုပ်တွေ၊ အောင်မြင်ခြင်းတက်ကျမ်းတွေ၊ ထောင်စာအုပ်တွေကြားမှာ အားခဲ၍ရောင်းကွက်ယူရမည့် ရသဝတ္ထုတိုစုစာအုပ်အား ထရံကြားမှမမြင်ရသောလရောင်ကို မျှော်ကြည့်သူတစ်ယောက်လို ရှင်သန်မှုနည်းစွာ ကျွန်တော် ထုတ်ဝေဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းမပါ၊ ဒေါ်အောင်ဆန်းစုကြည်အကြောင်းမပါ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)အကြောင်းလည်း ခုထိမရေးရဲ သမ္မတဦးသိန်းစိန်ပြောတိုင်းလည်း မယုံတတ်သည့် ကျွန်တော်၏ဝတ္ထုစာမူတွေက Hit မဖြစ်သော်လည်း တကယ်ပင် လွတ်လပ်ငြိမ်းအေးစွာရေးဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင်ရွေးချယ်ခဲ့သည့် အသက်မွေးဝမ်းကြောင်းမှုသည် စာရေးသားခြင်းသာဖြစ်၍ စာရေးသားခြင်းအနုပညာနှင့်ဝမ်းစာဆက်ခဲ့သည်မှာ အနှစ်နှစ်ဆယ်နီးပါးတိုင်ခဲ့ပြီ။ ထိုသို့ ကျွန်တော့်ဘဝန်နက်ခင်းများ မွေးပျံ့လင်းထိန်လာအောင် တည်ဆောက်ပေးသူများမှာ ကျေးဇူးရှင်စာဖတ်ပရိသတ်များပင်ဖြစ်၏။

အစဉ်ထာဝရ မမြဲသည့် သဘောတရားကို နားလည်သော်လည်း စာဖတ်ပရိသတ်များနှင့်ကျွန်တော် ခိုင်ကျည်စွာလက်တွဲဖို့ အသေအလဲ ကြိုးစားရေးဖွဲ့ပါဦးမည်။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး




◈ အလှဆုံးအချိန် ... ၉

◈ ကျွန်တော်၏အချစ်ဦး ... ၃၂

◈ ဆည်းဆာညို ... ၆၇

◈ လူနှင့်အိမ်ထောင်ရေး ... ၈၈

◈ ကောင်းကင်မှားတဲ့ငှက် ... ၁၁၁

◈ အခန်းဆက်ကျိန်စာ ... ၁၅၇



PUBLISHED BY VIEW

www.burmeseclassic.com

www.burmeseclassic.com

# ပျိုး

## အလှဆုံးအချိန်



www.burmeseclassic.com

www.burmeseclassic.com

# အလှဆုံးအချိန်

## အခန်း (၁)

ငွေဆောင်ညချမ်း ကောင်းကင်သည် ကြည်လင်ပြာလဲ့နေ၏။ တလိမ့်သိမ့်တက်လာသောလှိုင်းခေါင်းဖြူတွေကြား ဘောကွင်းဖြင့် လှိုင်းစီးနေသည့် သူ၏ချစ်သူ 'သက်တံ့'ကြောင့် ညသည် ပိုမိုနက်ရှိုင်းစွာ တောက်ပလျက်ရှိ၏။ ပင်လယ်ကမ်းစပ်၌ လေတိုးသံများဖြင့် အတိုင်းအဆမရှိသော ဂီတဖြင့်အလှဆင်နေသည်။

အရှိုင်းဆန်စွာပွင့်နေသော ပင်လယ်တွင်အဖြူရောင် ဘီကီနီဝတ်စုံနှင့် 'သက်တံ့'က ကောင်းကင်ကိုမော့ကြည့်ကာ လရောင်ခိုလှုံနေပုံမှာ နှင်းပွင့်ပေါင်းများစွာပက်ဖျန်းထားသော ပဒုမ္မာကြာဖြူတစ်ပွင့်လို လန်းဆန်းလတ်ဆတ်နေသည်၊

လှူသူကင်းရှင်းသည်မို့ သက်တံ့ လွတ်လပ်စွာဖြင့် ကမ်းစပ်သို့တက်လာသည်။ မိန်းမပျိုတစ်ယောက်၏ပကတိအလှတရားနှင့် ပြုလုပ်ထားသည့် ပါဖောင်း(စ်)ထဲတွင် သူ့ရင်ခုန်သံတွေ တရှိန်ရှိန်လောင်ကျွမ်းသည်။

သူ ဝန်ခံချင်ပါသည်။ ချစ်သူဆိုသော်လည်း ပထမဦးဆုံးတွေ့မြင်ခွင့်ရ၍ သူ့ရင်ခွင်တစ်ခုလုံး ရှန်းရင်းဆန်ခတ်နိုင်လှသည်။ ရမ္မက်ဖြင့် ရေစီးကမ်းပြိုထိုက်နေသည့် သူ့မျက်နှာကို သက်တံ့ သတိထားမိသွား သေမလောက်ကြိုက်နေ

www.burmeseclassic.com



၌ သက်တံ့ ခြံမည့်သဘက်ကို ကမန်းကတန်းပင် သူလှမ်းပေးလိုက်သည်။

"ယူ တစ်ယောက်တည်း ကမ်းစပ်မှာလမ်းလျှောက်ရတာ ပျင်းနေပြီလား"

"မပျင်းပါဘူး၊ သက်တံ့ အအေးမိမှာစိုးလို့ပါ"

အသံတွေတုန်နေသည်ကို သူ့ဘာသာသူ သတိထားမိ၏။ သက်တံ့ မပွင့်တစ်ပွင့်ပြုံးရင်း သဘက်ကိုပတ်လိုက်သည်။ ကမ္ဘာလောကတစ်ခုလုံး မှောင်အတိကျသွားသလို သူခံစားလိုက်ရသည်။ လှိုင်းရိုက်သံ၊ အုန်းပင်များကြား လေတိုးသံ၊ ပင်လယ်မှ သက်ပြင်းချသံများကြား သတိလက်လွတ် ကြွေကျချင်နေသော ချစ်ခြင်းတရားတွေကို သူမနားတမ်း ကောက်သိမ်းနေရသည်။

ကမ်းစပ်မှတက်ပြီး ရေချိုးအဝတ်အစားလဲကာ ဟိုတယ်သို့နှစ်ဦးသား ဦးတည်ခဲ့ကြ၏။ သူတို့စုံတွဲ ဟိုတယ်ကိုစဝင်ကတည်းက ပုရိသများ၏လည်ပင်းတွေရှည်ထွက်ကာ မျက်လုံးများက သက်တံ့ဆီတွင် စူးနစ်စွာနိုဝင်နေကြ၏။

အောက်ခံအသားကပ် ဘောင်းဘီတိုအဖြူပေါ်တွင် မှန်ဖာအဖြူထပ်ဆင့်ထားသော သက်တံ့၏ဒီဇိုင်းက မြင်သူတိုင်း ငါးပါးသီလကျိုးလောက်သည်။ ရွှေအိုရောင်ဆံပင်များ ပခုံးသားဖြူနုနုပေါ် အလိပ်လိုက်အလိပ်လိုက် ဝဲကျနေပုံကိုကြည့်ရင်း သူ သဝန်တိုလာသည်။

စားပွဲထိုးနေရာချပေး၏။ ဘာမှာမလဲဆိုသော သဘောနှင့် သက်တံ့က သူ့ကိုမျက်လုံးလှန်ကြည့်သည်။ ရှန်ပိန်တစ်လုံး၊ ဝက်ပေါင်ခြောက်၊ ပုစွန်အစိမ်းသုပ်၊ ငါးပေါင်းအပြင် မပါမဖြစ် ကန်စွန်းရွက်ကြော်တစ်ပွဲ မှာဖြစ်သည်။

သက်တံ့က ရှန်ပိန်နည်းနည်း အစားများများဖြင့် ပင်လယ်ကို အပေါ်စီးမှကြည့်ကာ အရသာခံသည်။ သူက ရှန်ပိန်များများ အမြည်းနည်းနည်းနှင့် သက်တံ့ကို နံ့ဘေးမှကြည့်ကာ အရသာခံသည်။

ညလေတဖြူးဖြူးတွင် သက်တံ့၏ရွှေအိုရောင်ဆံပင်များ ဝဲလွင့်နေသလို သူဝတ်ထားသော အောက်ခွဲအင်္ကျီဖြူမှာလည်း လေ၌တဖျတ်ဖျတ် လူးနေ၏။ လေကြောင့် လှစ်ဟာသွားသော သက်တံ့၏ပေါင်တံဖွေးဖွေးလေးကို လရောင်နှင့်လူးလျက် သူ မော်ဖူးခွင့်ရသည်။

"ယူက ပင်လယ်နဲ့နဲ့ ညချမ်းကိုအရသာခံနေတာလား၊ ဒါမှမဟုတ်ကိုယ့်ကိုကြည့်ပြီး အရသာခံနေတာလား"





ပွင့်လင်းလွတ်လပ်သည့် သက်တံ့စကားကြောင့် သူ ဘာမှမပြောဘဲ ရှက်ရမ်းရမ်းပြီး ရယ်သောအခါ သက်တံ့ကလည်း လိုက်ရယ်သည်။ သက်တံ့၏ ရယ်သံလွင်လွင်လေးသည် သူ့ရင်ထဲ၌မွှေးမြနေ၏။

တစ်ဖက်တီးဝိုင်းမှ တယောသံ ငြိမ့်ငြိမ့်လေးလွင့်ပျံ့လာသည်။ သူ နာရီကိုကြည့်တော့ ည(၁၁)နာရီထိုးခါနီးပြီ။ အို အချိန်တွေ ဘယ်ရောက်ကုန်သလဲ၊ အကြံရအောင်ဆိုသော သဘောနှင့် သူ သက်တံ့ကိုကြည့်သောအခါ ခေါင်းညိတ်ပြသည်။ တာဝန်ကျေသော စားပွဲထိုးကိုငွေရှင်းပြီး ဘောက်ဆူးပေးဖြစ်သည်။ ဟိုတယ်မှထွက်တော့ အုန်းပင်တန်းကိုဖြတ်ရင်း သူ မေးမိသည်။

"သက်တံ့ ကမ်းစပ်မှာလမ်းလျှောက်ချင်သေးလား"

"ယူ့သဘောလေ"

အမေးစကားတွင် သူ့ဆန္ဒပါနေမှန်းသိ၍ သက်တံ့ ခေါင်းညိတ်ရင်းဖြေသည်။ သူတို့နှစ်ဦး ကြယ်ရောင် လရောင်များ၏အလင်းကို ဝတ်ဆင်ရင်း ကမ်းစပ်သို့ ထွက်ခဲ့ကြ၏။ ပိုမိုကျယ်ပြန့်လာသော သဲသောင်ပြင်တွင် ဘယ်ကဘယ်လိုပေါ်လာမှန်းမသိသည့် အနီရောင် ကဏန်းလေးများ ပြေးလွှားနေကြသည်။

သူ ပြေးလိုက်သည့်အခါ အလျှိုလျှို တွင်းအောင်းသွားကြသည်။ တစ်ကောင်မှမမိ။ သည်တော့ နည်းဗျူဟာတစ်မျိုး သုံးရသည်။ ပြေးလွှားနေသော ကဏန်းများအား ပြေးလိုက်ရင်း သဲနှင့်ပက်ဖုံးသည်။ သဲနှင့်ပိနေသော ကဏန်းကို သူက လက်နှင့်ဆတ်ခနဲဖမ်းတော့ ကဏန်းလေး ခြေကားယား လက်ကားယားနှင့်ပါလာသည်။

ကဏန်းလေးကိုကြည့်ကာ သက်တံ့ တခစ်ခစ်ရယ်သံလေးဖြင့် ကြည်နူးနေသုံးတော့၊ ပြေးလိုက်လွှားလိုက်ဖြင့် ဘယ်နှကောင်မှန်းမသိအောင်ဖမ်းကြရင်း ကြာတော့ မောပန်းလာသည်။

သက်တံ့သည် သောင်ပြင်တွင် စိတ်လွတ်လက်လွတ် လှဲချလိုက်၏။ ပင်သယ်လှိုင်းတစ်လုံးသည် သက်တံ့၏ခြေဖျားမှတစ်ဆင့် ရင်ညွှန့်ဆီအထိ လွှမ်းခြုံပွေ့ဖက်ကာ ပြန်ဆင်းသွား၏။

ရေစိုနေသော သက်တံ့၏အလှတရား၊ ကသောင်းကနင်းနိုင်လှသည့် ဆံနွယ်ခွင်၊ ဗလောင်းဗလဲနိုင်လှသော ကောင်းကင်က ခုပဲ အံ့လိုက်မှိုင်းလိုက်ဖြစ်ပွင့်တွေ အခင်းခင်းကြွေ၊ ပေါင်တံဖြူဖြူလှလှလေးထဲက ကျူဗစ်ဖင့် ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် လေဖြတ်ခံရသောလူနာလို ပင်လယ်သည် ချမ်းလွန်း၍ တုန်နေရှာသည်။

သက်တံ့၏ဖြူစင်သော လည်တိုင်တစ်လျှောက် သူ အဆက်မပြတ် တရှိုက်မက်မက် နမ်းသည်။ သက်တံ့ ကြက်သီးတဖြန်းဖြန်းထသွားသော်လည်း မရုန်းဖယ်မိ။ ရင်ညွန့်ထက်ဆီအထိ သူ တမ်းတတော်မွတ်စွာ နမ်းရှိုက်သည့်အခါ သက်တံ့၏လက်သည် သူ့လည်တိုင်ဆီ ပြန်လည်ဖက်တွယ်လာသည်။ ပြင်းရှ လေအေးတွင် ပူနွေးနူးညံ့သည့်အတွေ့ကို သိမ်မွေ့နက်ရှိုင်းစွာ ခံစားနေရသည်။

"သိပ်ချစ်တယ် သက်တံ့ရယ်"

သူ လှိုက်လှိုက်လှဲလှဲ ပြောသောအခါ သက်တံ့သည် မျက်လုံးရွဲကြီးများဖြင့် ကြည့်ရင်း တိုးသက်စွာဆိုသည်။

"အခန်းကို ပြန်ကြရအောင် ယူရယ်"

■ ■ ■

အခန်းသို့ ပြန်ရောက်ရောက်ချင်း ရေခဲသေတ္တာထဲမှ ဘီယာတစ်ဘူးကို ယူကာ သူ ဖောက်သောက်လိုက်သည်။ သက်တံ့ ကိုယ်ပတ်တာဝါလဲပြီး ရေချိုးခန်းဝင်သည်။ ဘီယာနောက်တစ်ဘူးကုန်သည်အထိ သူဘာကိုကြောက်နေမှန်း မသိ ရင်တလှပ်လှပ်ဖြင့် လက်တွေပါတုန်နေ၏။

ရှန်ပူနံ့တသင်းသင်းနှင့်သက်တံ့က ညဝတ်အင်္ကျီလဲပြီး သူ့ပါးကိုတစ်ချက်လာနမ်းကာ အိပ်ရာဝင်သည်။ သူ စိတ်တည်ငြိမ်စေရန် ဝရန်တာဘက်ထွက်၍ စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်ပြီး ကောင်းကင်ကို မော့ကာ အငွေ့များမှုတ်ထုတ်လိုက်သည်။ အနားသတ်မဲ့ကောင်းကင်သည် မာယာတိမ်တိုက်များက အနားစ လှစ်ပြကာ လျှပ်ပန်းလျှပ်နွယ်တွေပွင့်ပြပြီးမှ မိုးမရွာတော့ချေ။ ခဏကြာတော့ တစ်သားမွေးတစ်သွေးလှဆိုသလို ကောင်းကင်သည် ကြည်လင်သန့်ရှင်းစွာ တောက်ပလာသည်။

နှစ်ယောက်သား အိပ်မက်တစ်ပွင့်ထဲချွေချဖို့ သူအိပ်ရာဝင်သည်။ ညမီးရောင်အောက်တွင် ခင်းလွှာကို ရင်ညွန့်နားအထိခြုံရင်း တစ်ဖက်လှည့်ကျောပေးကာ အိပ်နေသော သက်တံ့က တကယ့်လတ်လတ်ဆတ်ဆတ်၊ စိမ်းစိမ်းစိုစို၊ ကြွယ်ကြွယ်ဝဝ၊ ထွားထွားဝေဝေ။

ပင်လယ်မှအရိုင်းစိတ်ဝင်နေသော တဂျုန်းဂျုန်းခုတ်မောင်းနေသည့် လှိုင်းများ သူ့ရင်ထဲအထိ ရိုက်ခတ်လာသည်။ သက်တံ့၏ရွှေအိုရောင်ဆံပင်များက





ခေါင်းဦးတစ်ခုလုံးပြန့်ကျဲနေ၏။ ဖြူဖွေးသော သက်တံ့၏ပခုံးသားအိအိပေါ် သူ မေးစေ့တင်ရင်း နားသယ်စမှ ဆံဖျားလေးကိုနမ်းသည့်အခါ ဆတ်ခနဲ တစ်ချက်တွန့်ပြီး သက်တံ့ လူးလွန့်သွားကာ သူ့ဘက်သို့လှည့်လာ၏။

နှစ်ဦးသား တင်းတင်းကျပ်ကျပ် ပွေ့ဖက်မိကြသည်။ သူ့လက်ချောင်းကလေးများက စန္ဒရားဆရာတစ်ယောက်လို သက်တံ့ကိုယ်ပေါ်တွင် ယိမ်းနွဲ့ကခုန်နေ၏။ ဗလာကျင်းသွားသော ချစ်သူ့ခန္ဓာကို လုံလုံခြုံခြုံမြင်လိုက်ရပုံများ မျက်လုံးတွေကန်းသွားသလားလို့တောင် ထင်မိသည်။

အလှတရားဆိုတာ Google ထဲမှာမှ ရှိနေတာမဟုတ်ပါ။ ပြတင်းတံခါးတွေ မပိတ်မိ၊ နို့စို့အရွယ်လေပြည်က ပြတင်းမှတစ်ဆင့် ချစ်သူ၏ရင်ညွန့်အရပ်ဆီတိုးဝင်လာ၊ အောက်စီဂျင်နည်းလာသည့် လှိုက်မောမှု၊ ပစ္စုပ္ပန်ပင်လယ်ကြီးက ဖောက်ထိုးမှောက်ခုံ၊ အချစ်ကိုရှုပ်ဒေါင်းလုပ်သံ၊ တိမ်ဖြူဖြူတွေပြေးလွှားညအလှဖြင့် တစ်ခင်းလုံးသင်းပျံ့နေခဲ့ကြသည်။

ရောင်နီပျို့လာပြီ။ ကြမ်းခင်းကော်ဇောပေါ်ပုံကျနေသည့် ညဝတ်အင်္ကျီကို ပြန်ကောက်ပြီး သက်တံ့ ဝတ်လိုက်သည်။ သူ့ကိုကြည့်တော့ ဟောက်သံတရှူးရှူးဖြင့် အိပ်မောကျနေဆဲ။ ညက ညအလင်္ကာတွေနှင့်ဖူးပွင့်ခဲ့ကြ၍ အတော်လေး ညဉ့်နက်ခဲ့ကြသည်။ သူ့ကိုမနှိုးတော့ဘဲ သန့်စင်ခန်းဝင်သည်။ ရေချိုးသန့်စင်ပြီး မှန်ရှေ့ရပ်သည်အထိ သူ မနိုးသေး။

လေယာဉ်မယ်ဖြစ်သည့်အလျောက် သည်မနက် Flight တာဝန်ကျသောကြောင့် မသွားမဖြစ်သွားရမည်။ စာတစ်စောင်ရေးကာ စားပွဲပေါ်တင်ပြီး ထားခဲ့သည်။ မနိုးရက်၍ မနှိုးဘဲနှုတ်ဆက်ခဲ့ကြောင်း၊ မခွဲချင်ပေမယ့် တာဝန်အရ သွားရကြောင်း၊ ညကနှစ်ဦးသား စိမ်းလန်းခဲ့မှုအတွက် ပြန်တွေးမိတိုင်း ကြည်နူးချမ်းမြေ့ရကြောင်း၊ အဆုံးသတ်အနမ်းတစ်ပွင့် ချွေခဲ့ကြောင်းတို့ပင်ဖြစ်သည်။

■ ■ ■

ငွေဆောင်မှပြန်ရောက်ပြီးကတည်းက ညတိုင်းအိပ်မရ။ တကယ်ဆို သူ့မှာ ဇနီးမယားဖြစ်သူ ခင်လေးနှင့်သားသမီးသုံးယောက်ရှိသည်ကို သက်တံ့အား အသိပေးဖို့ကောင်းသည်။ အို ဘာလို့အသိပေးရမှာလဲ။ တကယ့်အဖြစ်မှန်သိသွားရင်ကော သက်တံ့ဆိုသည့် မိန်းမချောလေးက သူနှင့်သမီးရည်းစားဖြစ်နိုင်ပါဦးမလား။ တွေးရင်းမှ တစ်ခုခုကို လက်လွှတ်ဆုံးရှုံးသွားတော့မလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



လာရသည်။

အိပ်ရာထက်တွင် လူးလွန့်ရင်း စိတ်ကိုဖြေကြည့်သော်လည်း မထူးခြား။ ဖွင့်ထားသော ဖန်မီးချောင်း၏အလင်းအောက်တွင် ဖနီးသည်ဖြစ်သူ ခင်လေးသည် သားငယ်အားရင်ခွင်အပ်ကာ ခြေပစ်လက်ပစ် အိပ်မောကျနေသည်။ တစ်ဖက်ခန်းမှ သမီးကြီးသုံးသုံးနှင့်သမီးလတ်ပွံ့ပွံ့တို့၏ဝင်သက် ထွက်သက်များလည်း စည်းချက်ညီသံစဉ်တွေလို အခန်းတွင်းမှ ဖြာထွက်နေ၏။

အိမ်ထောင်သက်(၁၅)နှစ်အတွင်း မီးဖိုချောင်တွင်တကုပ်ကုပ်ချက်ပြုတ်၊ တအုန်းအုန်းလျှော်ဖွတ်၊ သားသမီးများ၏ကျောင်းကြိုကျောင်းပို့ မနားတမ်းလုပ်ခဲ့ရသော ခင်လေး၏ခန္ဓာသည် သူ့မျက်စိထဲတွင် တောင့်တင်းကြမ်းရှနေသည်။

ဖအေဗမာ၊ မအေဗမာ တကယ့်ရိုးရိုးကြီးတွေက မွေးလာသော ခင်လေးသည် ဗိုင်းကောင်းကျောက်ဖိနိုင်လွန်းသူ၊ ဆေးရွက်ကြီးလုပ်ငန်းလုပ်ကိုင်၍ ငွေကြေးအသင့်အတင့် ပြေလည်သော ခင်လေးမိဘများက သူနှင့်ခင်လေးကို လက်ထပ်ပေးကာ မြောက်ဒဂုံမြေကွက်တွင် အုတ်ညှပ်တိုက်လေးဆောက်ပြီး အမွေပေးနေစေခဲ့သည်။

မိဘချင်းသဘောတူကာ လက်ထပ်ခဲ့ရသည့် ခင်လေးက လိမ္မာရေးခြားရှိသော်လည်း ရှစ်တန်းအောင်ရုံပညာသာရှိခဲ့၏။ သားသမီးသုံးယောက်ရပြီးသည်အထိ ချွေးနံ့တလောင်းလောင်းနှင့် ကြမ်းရှသောဆံပင်များဖြင့် အမြဲတမ်း အဆီပြောင်နေသည့် ခင်လေး၏မျက်နှာကိုကြည့်ရင်း သူ သက်ပြင်းချမိသည်။

တစ်ချိန်တည်းမှာ သက်တံ့ကို သတိရသည်။ သက်တံ့၏ဘိကီနီကြားမှ ထွက်ကျလာသော ချိုအီမွှေးမြသည့် စကားသံလေးကို နေညိုညိုဇာတ်သိမ်းတွေနှင့်အတူ အမှတ်ရမိ၏။ လွမ်းလိုက်တာ သက်တံ့ရယ်။

ရုတ်တရက် အသံပိတ်ထားသောဖုန်း တုန်ခါလာရာ သူ စိုးရိမ်တကြီး ခင်လေးကိုကြည့်မိသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည့် ခင်လေးက တုပ်တုပ်မျှမလှုပ်။ သူ သက်မချရင်း ခြေသံလုံအောင်လျှောက်ကာ အခန်းတံခါးအား ဖြည်းဖြည်းသက်သာ အဖွင့်အပိတ်လုပ်ပြီး ဝရန်တာဆီထွက်ခဲ့သည်။

''ပြော အချစ်ကလေး''

''ယူ မအိပ်သေးဘူးလား''

''မအိပ်သေးတာမဟုတ်ဘူး၊ အိပ်လို့မရတာ၊ သက်တံ့ကိုသတိရလို့''





''ပိုပြီ အဲလိုလူတွေကို သတိထားရမယ်''

အိမ်မှာအိပ်နေရင်း စိတ်ဓာတ်တွေကျနေတုံး သက်တံ့ အသံလွင်လွင်လေး ဖုန်းထဲကကြားလိုက်မှ သူ နေသာထိုင်သာရှိသွားသည်။

''တကယ်ပြောတာ နေလို့ထိုင်လို့ မရအောင်ကို သက်တံ့ကိုလွမ်းနေတာ''

''ဘယ်လို လွမ်းတာလဲ''

''သက်တံ့ရဲ့နှုတ်ခမ်းလေး။ ပြီးတော့ရင်ညွှန့်လေး၊ ပြီးတော့ သက်တံ့ရဲ့ခါးဗိုက်ဖြူဖြူချပ်ချပ်လေး၊ ပြီးတော့ ဝမ်းဗိုက်အောက်''

''တော်တော့ ယူ၊ ကျန်တာဆင်ဆာဖြတ်တယ်၊ အခွင့်အရေးဆိုတာ ရတိုင်းယူလို့မကောင်းဘူး''

''တွေ့ချင်တယ်ကွာ''

''တွေ့မယ်လေ၊ နက်ဖြန် ယူ အားလား''

''သက်တံ့အတွက်ဆို အမြဲတမ်း အဆင်သင့်''

အခန်းထဲမှ ချောင်းဟန့်သံကြား၍ သူ စိုးရိမ်တကြီး နှုတ်ဆက်ကာ ဖုန်းချလိုက်၏။ ပြီးမှ အခန်းထဲတိတ်တိတ်ကလေး ပြန်ဝင်သည်။ တစ်ခါ သူ့စိတ်ထဲမလုံသလိုမျိုး စိုးရွံ့လျက် ခင်လေးကိုကြည့်မိပြန်သည်။ ခင်လေးက အိပ်မောကျဆဲပင်ဖြစ်၏။ သူ့ရင်ထဲရှိ မိုးကြိုးလျှပ်စီးများပျောက်ကွယ်သွားသည်။ ပဝါတစ်စလွင့်နေသလိုမျိုး လွတ်လပ်ပေါ့ပါးစွာ ရွှင်မြူးလတ်ဆတ်နေသည့် သက်တံ့က အောင်မြင်စွာ ရစ်ဝဲပျံသန်းလာပြန်သည်။ မကြာသေးခင်ကာလက ထားခဲ့သော အတိတ်သည် ခုတစ်ခါ သူ့ကိုပြန်လည်ချည်နှောင်ချေပြီ။

■ ■ ■

ညက ဘယ်အချိန်တွင်အိပ်ပျော်သွားသည်မသိ။ မနက်အိပ်ရာထတော့ မျက်လုံးတွေကျိန်းစပ်နေသည်။ သို့သော်ကိစ္စမရှိ။ သက်တံ့နှင့်တွေ့ရမည့်အရေးကြောင့် တွေးမိတိုင်း ရင်ထဲမှာပန်းတွေဝေနေသည်။

ခင်လေး အသင့်ပြင်ပေးထားသော မျက်နှာသုတ်ပဝါနှင့်သွားပွတ်တံကိုယူပြီး ဆေးကြောသန့်စင်လိုက်သည်။

''မောင် အဲဒီမှာ ထမင်းကြော်နဲ့ကော်ဖီ၊ ဆိတ်သားခြောက်ပေါင်မုန့် နှပ်ပြီး အဆင်သင့်ပြင်ထားတယ်၊ မောင့်ဝတ်စုံတော့ မီးပူမတိုက်ရသေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဟာဝတ်မယ်မှန်းမသိလို့၊ အခု ဘုရားပန်းလဲနေလို့၊ တော်ကြာ တိုက်ထားလိုက်မယ်၊ မောင် ဘာဝတ်မလဲပြော''

''ဒက်ပါခဲရောင်လေးနဲ့ စတိုင်ဘောင်းဘီအနက်ပဲ တိုက်ထားပါ၊ ခြေဘိဒါနဲ့ သားတို့သမီးတို့ရော''

''သိတဲ့အတိုင်းပဲ၊ မထကြသေးဘူးလေ၊ သူတို့ကကျောင်းပိတ်ရက်ဆိုနေဖင်ထိုးမှထကြတာ''

ခင်လေး တဖြစ်တောက်တောက်ပြောနေသည်ကို သူ မကြားတစ်ချက်ကြားတစ်ချက်။ သူ့အတွေး၏တိမ်းညွှတ်ရာတွင် သက်တံ့၏ပျို့မြစ်နုနယ်မှုအလုံးစုံ၌ ပျော်ဝင်နေလေသည်။

■ ■ ■

ဟိုတယ်ဇုန်အုပ်စုတစ်ခုမှ General Manager တစ်ယောက်ဖြစ်သော သူ့အတွက် သီးသန့်ပေးထားသည့် Alphard ကားဖြင့် အိမ်ကထွက်ခဲ့သည်။

ရင်ထဲတွင်ကြည်နူးချမ်းမြေ့နေ၏။ ကောင်းကင်ကြီးလည်း လှပနေသည်။ အုန်းပင်ထက်မှ ဇရက်နှစ်ကောင်ထပျံတာလည်းလှသည်။ စံပယ်ပန်းသည်ကောင်လေးလက်ထဲမှ စံပယ်ကုံးတွေလည်းလှသည်။ အကြော်စုံဗန်းခေါင်းရွက်ပြီး အော်ရောင်းနေသည့်ကောင်မလေး ထဘီအပေါက်ဖာထားတာလည်း လှသည်။ ဆိုက်ကားသမားဂိတ်၌ ဦးထုပ်ခပ်စိုက်စိုက်စောင်းပြီး အိပ်ငိုက်နေပုံလည်းလှသည်။ လက်ဖက်ရည်ဆိုင်မှအလုပ်သမား ပလာတာရိုက်နေတာလည်းလှသည်။ ကားဂိတ်မှာ လူတွေအုံကာ လိုင်းကားမျှော်နေပုံမှာလည်းလှသည်။ သူ့အတွက်မြင်သမျှအရာအားလုံး လှပနေခဲ့လေသည်။

ဆရာစံလမ်းရှိ SS Food Center ရောက်သောအခါ သူ စားပွဲဝိုင်းတွေကို မျက်လုံးဝေ့ကြည့်၏။ သက်တံ့က မရောက်သေး။ ပါလာသည့်သတင်းစာကို စိတ်မပါဘဲ ဟိုလှန်သည်လှန် ဖတ်ဖြစ်သည်။ တိုင်းပြည်၏သယံဇာတများကို ဖျက်ဆီးသူသည် တိုင်းပြည်ကိုဖျက်ဆီးသူဖြစ်ဟု သမ္မတဦးသိန်းစိန် ပြောကြားဆိုသော သတင်းခေါင်းစဉ်ကိုဖတ်ရင်း သူ ပြုံးလိုက်မိသည်ထင်သည်။

ခဏကြာတော့ သက်တံ့ရောက်လာသည်။ ခုမှ သူ့ရင်ထဲကအလုံးကြီးကျသွား၏။ အင်ဒိုနီးရှားပါတိတ်ဝမ်းဆက်နှင့် ထူးထူးဆန်းဆန်း မြန်မာဆန်ဆန်လှနေသော သက်တံ့က ရှင်မတောင်သနပ်ခါးနံ့လေးဖြင့် သင်းပျံ့နေသေး၏။





ပွဲထိုးရောက်လာတော့ သက်တံ့အတွက် ကွေ့သယိုနှင့် သူ့အတွက်တော့ နို့ပေါင်းကော်ရည်မှာဖြစ်သည်။

''လက်ဖက်ရည်မှာဦးမလား သက်တံ့''

''အင်း ကျစိမ့်''

လက်ဖက်ရည်ကျစိမ့်ဆို၍ အကြိုက်ချင်းတူနေပြန်ရာ စိတ်ထဲမှတွေးရင်း ကြည်နူးရပြန်သည်။ ပူစပ်စပ်နှင့်အချဉ်စူးသော ကွေ့သယိုကြောင့် သက်တံ့၏ားထင်စပ်မှ ချွေးသီးကလေးများသည် ဆိုင်အပြင်ဘက်မှဖြတ်ဝင်လာသော ရောင်တွင် တလက်လက်ခုန်နေသည်။

လက်ဖက်ရည်ခွက်ကို မော့သောက်နေသော သက်တံ့၏လက်ချောင်းသွယ်သွယ်လေးများမှာ အစိမ်းရောင်သွေးကြောမျှင်တန်းကလေးများကိုကြည့်ရင်း သူ ရင်ဖိုလှိုက်မောနေမိသည်။

''ယူ အချိန်ရလား''

''ဘာလဲ သက်တံ့ကိစ္စရှိလို့လား''

''ဟုတ်တယ် ဘဏ်မှာငွေထုတ်ပြီး အိမ်ဝယ်စာချုပ်အတွက် ဒီနေ့ ရုံးပေးစရာရှိလို့''

''ကိုယ် ဘာကူညီရမလဲပြော''

''တကယ် ကူညီချင်တာလား''

''ဟုတ်တယ် သက်တံ့နဲ့ပတ်သက်ရင် ကိုယ်က အမြဲတမ်း ကူညီပြည့်ဆည်းပေးရတဲ့သူဖြစ်ချင်တယ်''

''ဘယ်အဆင့်ထိအောင် ဖြည့်စွမ်းပေးဖို့ ယူက မှန်းထားလဲ''

သူ့နှုတ်က ရုတ်တရက်ဆွံ့အသွားခဲ့သည်။ လက်ထပ်ဖို့အထိဟုပြောဖို့ စိတ်ထဲ၌ ခင်လေးကိုမြင်နေ၍ သူ ဟန်လုပ်ပြုံးပြကာ စကားလမ်းကြောင်းလိုက်၏။

''ကဲပါ ကိုယ် ဘယ်လောက်ကူညီရမလဲဆိုတာသာပြောပါ''

''ပွင့်ပွင့်လင်းလင်းပြောရရင် သိန်း(၅၀)လောက်တော့ လိုနေသေးတယ် ကိုယ့်မှာရှိတဲ့လက်ကောက်နဲ့ စိန်လက်စွပ်ကိုတော့ ယူ ခဏယူထားစေချင်တယ် ရယ်တော့ မဟုတ်ဘူးပေါ့''

''ကိုယ် ကူညီပါ့မယ်၊ ဒါပေမဲ့ လက်ကောက်နဲ့လက်စွပ်တော့ မလိုဘူး



www.burmeseclassic.com

www.burmeseclassic.com



သက်တံ့''

''ကျေးဇူးတင်ပါတယ် မောင်ရယ်''

မောင် တစ်လုံးတည်းနှင့်သူ့ရင် ဟင်းလင်းပွင့်သွားခဲ့သည်။ ဘဏ်တွင် ထည့်ထားသည့်ငွေကိုထုတ်ပြီး သူတို့နှစ်ယောက် ဟိုတယ်ကြီးတစ်ခု၏အခန်းတစ်ခန်းသို့ ရောက်ခဲ့ကြသည်။ အအေးခန်းထဲတွင် သူ့သွေးတွေဆူဝေနေသည်။ သူ့ရင်ဘတ်အမွေးပေါ် သက်တံ့ပါးအပ်ကာ တိုးတိုးသက်သက်ပြော၏။

''ဒီလိုပျော်ရွှင်ကြည်နူးမှုကို မောင့်ဆီကပဲ ကိုယ် ပထမဆုံးရခဲ့တယ်ဆိုတာ မောင်ယုံလား''

သက်တံ့ ကိုယ်ကလေးကို ဖွေ့ခနဲ ပွေ့ယူကာ ခုတင်ပေါ်သူတင်လိုက်သည်။ ဝင်းဝါဖြောင့်စင်းသော သက်တံ့၏လက်မောင်းမှ သနပ်ခါးနံ့ကြောင့် သူ့အသက်ရှူနှုန်းသည် နဂိုထက်မြန်လွန်းနေ၏။ တဖျပ်ဖျပ်တောက်ပရွှန်းလဲ့လာသည့် မျက်ဝန်းများဖြင့် သက်တံ့ပြန်ကြည့်ပြီး ဒူးနှစ်ဖက်ထောက်ကာ သူ့မျက်နှာကို သက်တံ့ ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။ ကမ္ဘာလောကတစ်ခုလုံး တစ်ချိန်တည်း ပန်းတွေပွင့်သွားသလား ထင်ရသည်။ သက်တံ့၏ရင်ခုန်ပွင့်များအား မွှေ့မွှေ့မူးမူးသူ ရှူရှိုက်လိုက်၏။

အချိန်တို့ တောင်ပံမဲ့ပျံသန်းသွားကြသည်။ ကမ္ဘာဦးဆန်ဆန် ကတ္တီပါလိုက်ကာနှင့် ညမီးအလင်းတိုင်တွင် သနပ်ခါးတစ်ခဲအရည်ပျော်ကျသွား၏။ သွေးသားစွတ်စိုသော နံ့ရှံ့ ကာလီဒါသ၏ချောင်းဟန့်သံတစ်ချက်၊ သခင်မဲ့သွားသော အင်ဒိုနီးရှားပါတိတ်တစ်ထည်၊ နူးညံ့ပျော့ပြောင်းလွန်းသည့် နဂိုရည်အလှတရားကို နေရောင်ခြည်မပါဘဲ လှမ်းမြင်နေရသည်။ ရီရယ်လစ်ဇင်ဆန်သော ပန်းချီပွန်တည်တည်က ခင်လေးဆီမှာ ကျန်ရစ်သည်။

■ ■ ■



## အခန်း (၂)

အိမ်ဝင်ဝသို့ လှမ်းလာသည့် မောင့်ခြေလှမ်းတို့ကို မြင်ကတည်းက ခင်လေး မကြိုက်ချင်။ (၁၅)နှစ်တာမျှ မောင်နှင့်ရင်းနှီးကျွမ်းဝင်ကာနေခဲ့ရသည်မို့ မောင် တစ်ခုခုဖြစ်နေမှန်း ခင်လေး သိသည်။

''မောင် နေမကောင်းဘူးလားဟင်''

ဖိနပ်ချွတ်မှာပင် မောင့်ကုတ်အင်္ကျီကိုလှမ်းယူရင်း တမင်ဟန်လုပ်ကာ ခင်လေး မေးလိုက်သည်။

''မဟုတ်ပါဘူးကွာ၊ အလုပ်ကိစ္စတွေများနေလို့ပါ''

''စောစောကတောင် မောင်တို့ဟိုတယ်လုပ်ငန်းစုက မောင့်သူငယ်ချင်း ကိုမောင်မောင်လွင်ကြီး လာသွားသေးတယ်''

''ဟင် မောင်မောင်လွင် လာသွားသေးတယ် ဟုတ်လား၊ သူ သူ ဘာပြောသွားသေးလဲ''

သိသိသာသာ ပျက်သွားသော မောင့်မျက်နှာနှင့် မောင့်နားထင်စပ်နားမှ



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်သီးစို့တက်လာသော ချွေးစေးများကိုကြည့်ရင်း ခင်လေး ငိုချင်လာသည်။ တဆတ်ဆတ်တုန်ယင်လာသော ဒူးများကို မောင် မမြင်နိုင်စေရန် စားပွဲအောက်ရှိ ခုံတွင် ခင်လေး ဝင်ထိုင်လိုက်သည်။

"လမ်းကြုံလို့ အလည်သက်သက်ဝင်လာတာ ထင်ပါတယ်၊ သားတို့ သမီးတို့ နေကောင်းလား ဘာလားမေးပြီး ပြန်သွားတာပါ"

ခင်လေး ဘာမှမသိသလိုပုံစံမျိုးနှင့်ပြောတော့ မောင်က စိတ်သက်သာရသလို သက်မချပြီး အခန်းတွင်းဝင်ကာ အဝတ်လဲသည်။

ထိုအချိန်ခဏလေးကိုတော့ သူ ရုပ်ရှင်ဆန်ဆန် အသုံးချမှဖြစ်မည်။ လန်းဆန်းသွားအောင် ရေချိုးခန်းဝင်ကာ မျက်နှာသစ်ပြီး ခင်လေးရှိရာ သူ ပြန်ထွက်ခဲ့သည်။

"အေးကွာ ကုမ္ပဏီမှာလည်း နှစ်ချုပ်စာရင်းလုပ်နေတာဆိုတော့ နေ့နေ့ ညည အလုပ်ကများသလားမမေးနဲ့၊ ဟိုလူ့ကိုစစ်ရ၊ ဒီလူ့ကိုစစ်ရနဲ့ ပြဿနာက ပေါင်းစုံ၊ ဪ ဒါနဲ့ ဟိုတစ်လောက ခင်လေးရင်ဘတ်အောင့်တယ်ဆိုတာရော သက်သာရဲ့လား"

အခု ရင်ခွင်တစ်ခုလုံး အောင့်နေတာပါဟု ခင်လေး ပြောလိုက်ချင်သော်လည်း တကယ်တမ်းတော့ ခင်လေးခေါင်းတစ်ချက်သာ ညိတ်ဖြစ်သည်။

"တော်သေးတာပေါ့ကွာ၊ မောင်က ခင်လေးအတွက် စိုးရိမ်နေတာ၊ တောက် ဒီကုမ္ပဏီနှစ်ချုပ်ကြောင့် ကိုယ့်မယားကိုယ်တောင် ဂရုစိုက်ချိန်မရဘူး ဟင်း ခက်တယ်ကွာ"

မောင်က စိတ်ပျက်သလို ညည်းတွားရင်း ခင်လေးမျက်နှာကိုမိုးလျက် ခပ်ဖွဖွနမ်းရှိုက်သည့်အခါ မြီးကောင်ပေါက်မလေးလို ခြေဖျားလက်ဖျားများအေးစက်ကာ ခင်လေး တုန်လှုပ်နေမိပြန်သည်။

"ဟင်း ခုမှပဲ အမောပြေသွားတော့တယ်"

မောင် ကျေနပ်စေရန်တစ်ခုတည်းအတွက် ခင်လေး အားယူပြုံးပြချင်သော်လည်း နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်လျက် မျက်ရည်တွေစို့တက်လာသည်။

"ဟင် ခင်လေး ဘာဖြစ်လို့လဲ"

မောင် ထိတ်လန့်သလို ဟန်လုပ်မေးသည်ကို ခင်လေး ပြင်းပြင်းထန်





ထန် တုံ့ပြန်သင့်ပေမယ့် မောင် ရှက်သွားမှာကို မပြင်ရက်၍ ခင်လေး ညာဖြစ်ဖြစ်သည်။

"ဟို ဗိုက်ထဲကအောင့်ပြီး ခေါင်းနည်းနည်းမူးလို့ပါ"

ရိုးစင်းလွန်း ပြဇာတ်ဆန်လွန်းသော ဟန်ဆောင်စကားဖြစ်သော်လည်း မောင် ရိပ်မိဟန်မတူပါ။

"ဟာ ဒါဆိုမဖြစ်ဘူး၊ မွေ့ရာပေါ်မှာ ခင်လေး ခဏနားနေလိုက်၊ ကလေးတွေကျောင်းကြိုဖို့ မောင့်တာဝန်ထား ဟုတ်ပြီလား"

ခင်လေးပခုံးကို ညင်ညင်သာသာ ဆုပ်ကိုင်လျက် မွေ့ရာဆီသို့ ဖေးမတွဲခေါ်သော မောင့်လက်ချောင်းများက ခင်လေးနှင့်ရင်းနှီးကျွမ်းဝင်မှုမရှိသော အစိမ်းတရံယောက်ျားတစ်ယောက်၏ လက်ချောင်းများလို ထိတွေ့ခံစားရသည်။

"အိပ်လိုက် အိပ်လိုက် သားလေးနားမှာအိပ်လိုက်၊ ခင်လေးအတွက် ကော်ဖီနဲ့ပေါင်မုန့်ပါ မောင်စီစဉ်ထားမယ်၊ အခု နားနေလိုက်နော်"

အိပ်ပျော်နေသော သားငယ်လေးကို အသာအယာဖက်ရင်း ခင်လေး နှုတ်ခမ်းတင်းတင်းစေ့ကာ မျက်ရည်များစီးကျလာသည်။ မောင့်ကို စွန့်လွှတ်ရတော့မလားဆိုသော အတွေးသည် ရင်ကိုစူးနင့်စွာ လောင်မြိုက်စေလေသည်။

■ ■ ■

အညှော်ဝနေသော မြို့ပြ၏နံ့ကျိုနံ့ကြား နေရောင်တွေ လမ်းသလားနေသည့် ညနေခင်းတစ်ခုမှာတော့ မောင်နှင့်ခင်လေးတို့နှစ်ဦးစလုံးအတွက် ကံဆိုးမှုကို စတင်ခဲ့သည်။

"ဟင် မောင် မောင်ပါလား"

တွေ့တွေ့ချင်း ခင်လေးမျက်စိပင် ခင်လေးမယုံချင်။ မောင်ဖြစ်မှန်းသိရုံနှင့် ခင်လေး စိတ်တွင်းမှ ဖွတ်ငြင်းဆန်နေသည်။ ဥရောပဆန်ဆန်ချောမောလှသည့် မိန်းမပျိုတစ်ယောက်နှင့် လက်ချင်းတွဲလျှောက်နေသော မောင်က ခင်လေးကိုမမြင်။ အလုပ်ကိစ္စနှင့်နယ်ကို ခရီးသုံးရက်လောက်သွားသည်ဆိုသော မောင်က ရွှေရောင်ဆံပင်၊ စကပ်တိုနုံ့နုံ့နှင့်ပေါင်တံဖွေးဖွေးဒွေးချိုးကြားတွင် မိုးမြင်လေမမြင်။

ရင်ထဲတွင် ရှက်စိတ်၊ ဝမ်းနည်းစိတ်နှင့်အတူ ပြောမပြတတ်သော



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုများကြောင့် ခင်လေး ရင်တွေ တလှပ်လှပ်တုန်ကာ မောင်နှင့်မျက်နှာချင်းဆိုင်ရမှာ သေလုအောင်ကြောက်နေသည့်အတွက် ပထမတော့ ရှောင်ထွက်ရန် စဉ်းစားမိသည်။

''အို ငါက မှန်နေတဲ့သူ၊ ငါ ဘာကိုကြောက်နေရတာလဲ''

ရုန်းကြွလာသော မခံချင်စိတ်ကြောင့် မောင့်မျက်နှာရှေ့တည့်တည့်တွင် ခင်လေးရပ်ပြီး မောင် လက်တွဲထားသည့် ကောင်မ၏ပါးကို စိတ်ရှိလက်ရှိ ဘယ်ပြန်ညာပြန် ဆွဲရိုက်ပစ်လိုက်ချင်သည်။

သို့သော် မောင့်အပေါ်ချစ်တတ်လွန်းသည့် ခင်လေးက မောင့်သိက္ခာနှင့်အရှက်ကို ငဲ့ကွက်ပြီး ခင်လေး မလှုပ်ရက်ပြန်ပါ။ ထိုစဉ်မှာပဲ မောင်သည် ခင်လေးကိုမြင်သွားပါသည်။

''ဟင် ခင် ခင်လေး ဘယ် ဘယ်ကိုလာတာလဲဟင်''

အံ့ဩမှု၊ ထိတ်လန့်မှု၊ သိမ်ငယ်မှု၊ အနေရခက်မှုတို့ဖြင့် တုန်လှုပ်ချောက်ချားလွန်းသော မောင့်မျက်နှာကို ခင်လေးတစ်သက်နှင့်တစ်ကိုယ် သည်တစ်ကြိမ်သာ မြင်ဖူးသည်။ သွေးဆုတ်ဖြူလျော်လွန်းသော မောင့်ကိုကြည့်ရင်း ခင်လေး၏ အသုံးမကျသောစိတ်က မောင့်ကိုသနားနေမိပြန်သည်။

''သမီးအတွက် ဝတ်စုံလာဝယ်တာပါ''

မောင် အံ့ဩတုန်လှုပ်သွားသည်။ ပြီးမှ ထိန်းသိမ်းနိုင်စွမ်းသော ခင်လေးကိုကြည့်ရင်း ကျေးဇူးတင်ပါတယ် ခင်လေးရယ်ဟု မောင့်မျက်လုံးများက အထပ်ထပ် ဝပ်တွားတောင်းပန်နေသလိုရှိသည်။

''ဟို ဟိုလေ ဒါက အရင်းနှီးဆုံးမိတ်ဆွေ သက်တံ့တဲ့၊ သက်တံ့ ဒါက ခင်လေးတဲ့''

ကြည့်စမ်း သက်တံ့ရှေ့တွင် မောင်ဟုပင် နာမ်စားမသုံးနိုင်။ မိန်းမလျှ တစ်ယောက်ရဲ့ကိုယ်လုံးကိုယ်ပေါက်နှင့် ဖွဲ့ထားသောရာသီထဲမှာ မှေးစက်နေချင်သေးသည့် မောင်က ခုထိတုံ့ဏှိဘာဝေ။ ပါးရေနုပ်ရေရှိလွန်းသော သက်တံ့က ကြည်လဲ့တောက်ပသည့်အပြုံးတစ်ခုနှင့် ခင်လေးကို ပြုံးပြ၏။ ခင်လေးက ဟန်ဆောင်၍ပင် ပြန်မပြုံးပြနိုင်။ ပြိုင်ဘက် မိန်းမတစ်ယောက်၏လှပသောအပြုံးတစ်





ောက်တွင် ခင်လေး ဝမ်းနည်းစိတ်ဖြင့် ခေါင်းငုံ့ကာလှည့်ထွက်ခဲ့သည်။ သိပ်ကို ်းနည်းစရာကောင်းတာတစ်ခုမှာ မောင်က ခင်လေးကိုလှမ်းမခေါ်တာဘဲ ်သည်။ မိဘအိမ်တွင်ထားခဲ့သော သားငယ်ကိုပင်မခေါ်နိုင်ဘဲ ခင်လေးအိမ်သို့ ်ပြန်ခဲ့သည်။

■ ■ ■

ဖြစ်နိုင်ပါလျှင် အချစ်တွေကို လက်ထိုးအန်ထုတ်လိုက်ချင်သည်။ လတ် ်လာတော့ ဝမ်းနည်းရလွန်းသည့်စိတ်ကြောင့် ရောက်ရောက်ခြင်း အဝတ်အစား ်လဲနိုင် အိပ်ရာပေါ်ပစ်လဲကာ ခင်လေး အားရအောင်ငိုရှိုက်သည်။ အိမ်ထောင် ်သက် သားသမီးအပေါ် လင်ယောကျ်ားအပေါ် သူတို့၏လိုအင်ဆန္ဒမှန်သမျှ ်ငြူလုပ်ဆောင်ပေးခဲ့သည့် ခင်လေးမှာ ဘာအပြစ်တွေရှိခဲ့သနည်း။

တွေးရင်းမှ ပိုမိုဝမ်းနည်းလာရာ ခေါင်းဦးနှင့်မျက်နှာအပ်လျက် ခင်လေး ်ပြင်တသိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေမိသည်။ ထိုစဉ် တံခါးဂျက်ကို အသာ ်လှည့်ဖွင့်သံကြားရသည်။ မောင် ရောက်လာတာ သေချာသည်။ ခင်လေး ်ဦးနှင့်မျက်ရည်ကိုကမန်းကတန်း ဖိသုတ်ပြီး တစ်ဖက်လှည့်နေလိုက်၏။

''မောင့်ကို မမြင်ချင်လောက်အောင် မုန်းသွားပြီလား ခင်လေး''

မောင့်အသံမှာ နူးညံ့နေသော်လည်း အသက်မပါလှ။ ခင်လေး ခေါင်း ်င်ခွင်ပိုက်လျက် ထထိုင်ကာ မောင်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။

''တော်ပါတော့ မောင်ရယ်၊ မောင်ကသာ ခင်လေးကိုမမြင်ချင်လောက် ်င် စိတ်ကုန်နေတာ''

''ဟာ မဟုတ်ဘူး မဟုတ်ဘူး ခင်လေး။ ဘယ်လိုပြောရမလဲ၊ ရိုင်းရိုင်း ်မယ်ကွာ၊ အဲဒါ သွေးသားတောင့်တမှု''

ခင်လေး မွေ့ရာမှဖြုန်းခနဲထလျက် မောင့်ရှေ့ရပ်တော့ မောင်က စိုးရွံ့ ်ဖြင့် နောက်သို့ခြေတစ်လှမ်းဆုတ်သွားသည်။

အမှန်တကယ်ဆိုလျှင် ခင်လေးသည် မောင့်အားဝုန်းခနဲ ဒိုင်းခနဲ ဆောင့် ်ကာ်ခြစ်ရင်း ထွက်သွားစမ်းဟု အော်ဟစ်လိုက်ဖို့ကောင်းပါသည်။ သို့သော် ်ဆွေ့၌မှ မောင်ကြိုးဆွဲရာကမည့် အရုပ်ကလေးတစ်ရုပ်လို စိတ်ကသိမ်ငယ်မှု ်း ညိမ်းနွဲ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ခင်လေး စိုက်ကြည့်နေပုံမှာ တစ်ကမ္ဘာစာလောက်ဝေးကွာသည်ဟု ထင်ရသည်။ ခင်လေး မောင့်မေးဖျားလေးကိုနမ်းကာ မောင့်ရင်ခွင်ထဲ ခေါင်းတိုးနိုဝင်လိုက်သည်။ ထိန်းမနိုင်သိမ်းမရလောက်အောင် မျက်ရည်များသွင်သွင်စီးကျလာသည်။

"နင့်ကိုငါအရမ်းချစ်တယ် မောင်ရဲ့ သိရဲ့လား။ ငါ နင့်ကိုအဆုံးမွှမခံနိုင်လို့ ဒီလောက်အထိ သည်းခံနေတာ နင်သိရဲ့လား။ နင့်အတွက် ငါ ဘာတွေထပ်ပေးဆပ်ရဦးမလဲ"

ပြောနေရင်းမှ ခင်လေးအသံတို့ တိုးတိတ်ပျောက်ကွယ်ကာ မောင့်ရင်ဘတ်မှအင်္ကျီစကိုဆွဲရင်း ခင်လေး ခွေကြသွားသည်။

■ ■ ■

အခန်း (၃)

အဖြစ်အပျက်တို့ကို သက်တံ့ ဆက်စပ်တွေးတောမိသွားဟန်တူပါသည်။ ထိုနေ့က သူနှင့်ချိန်းဆိုရာသို့ သက်တံ့ ရောက်မလာခဲ့။ သက်တံ့ ရှိနေနိုင်သည့် ဆေးယာဉ်ရုံးကိုရောက်တော့ သက်တံ့၏သူငယ်ချင်းဖြစ်သူများမှတစ်ဆင့် ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ဦးနှင့် သက်တံ့ ပြန်စားဒိုင်းစားကြီး လက်ထပ်သွားကြောင်းသိရသည်။

အနှုးညံ့ဆုံးသောရက်စက်မှု၊ ရင်ခုန်သံတွေလက်ပန်းကျချိန်၊ ဖုန်းပိတ်ပြီးနောက်လောက်စိတ်လွတ်လက်လွတ် နေပစ်လိုက်သည်။ ရေမရောဘဲ တစ်ခွက်ပြီးဆင့်ခွက်ဆင့်သောက်၏။ ရင်ဘတ်ထဲ ဒေဝါလီခံလိုက်ရသည်။

ဆောင်းဦးကိုပုဆိုးလုန်သည်။ သင်းကွပ်ထားသော တိမ်တွေက ရှုရှုဆေဝေ ဝဝဖြိုးဖြိုး။ သူ ရယ်မိ၏။ မျက်လုံးနှင့်အလွတ်ပုံနှိပ်ထားသည့် ချစ်သူ၏နှာခေါင်း ရှုံ့ကြီးဖိုယ်အသွယ်သွယ်အား သေလုအောင် လွမ်းသည်။ အော်

www.burmeseclassic.com



ဟစ်ငိုယိုလိုက်မိ၊ အဲသည်နေ့ပန်းတွေပွင့်ခြင်းကို ရပ်ပစ်လိုက်သည့်နေ့၊ ထိုကာလလေးမှာ သူ့နှုတ်ဖျားမှာပဲတင်ထပ်နေတဲ့ နာမည်လေးက. . . ။

■ ■ ■

အာရုံများ၏မှောက်မှားခြင်းကို နှစ်ရက်အတွင်းရှင်းလင်းကာ သူ အလုပ်ပြန်ဝင်သည်။ ကိုယ့်တစ်ကိုယ်စာ စိမ်းလန်းမှုအတွက် မိသားစုတစ်ခုလုံးညှိုးနွမ်းစေခဲ့သည်ကို နောင်တရမိ၏။ သည်ကနေ့ အလုပ်ဝင်ပြီး ခင်လေးရှိရာအိမ်သို့ အရောက်ပြန်မည်။ ခွင့်လွှတ်အနစ်နာခံလွန်းသော ခင်လေး၏ကရုဏာမျက်လုံးများအောက်တွင် သူ့တစ်ကိုယ်လုံး သေးသေးလေးကျုံ့ဝင်သွားသလို ခံစားရတော့မည်။

ခင်လေးသိလျှင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲဟုတွေးရင်း သူ ရင်ဖိုလှိုက်မောရသည်။ နောက်ဆုံးတော့ အလှဆုံးဟာ သစ္စာတရားပင်ဖြစ်လိမ့်မည်။ ဟိုတယ်သို့ သူရောက်သည့်အချိန်မှာ နံနက်(၈)နာရီထိုးစဖြစ်သည်။ တယ်လီဖုန်းအော်ပရေတာက ရေးကြီးသုတ်ပျာ ထွက်လာပြီးပြော၏။

''ဆရာ သိပ်အရေးကြီးနေလို့ ဆရာရောက်ရောက်ချင်း အိမ်ကိုဖုန်းပြန်ဆက်ပါတဲ့''

''ကျေးဇူးတင်ပါတယ်ကွာ''

အိတ်ထဲက ဟန်းဖုန်းကိုထုတ်ကာ ချက်ချင်းပြန်ဆက်လိုက်သည်။ ယောက္ခမကြီးအသံကြားရ၏။ ခါတိုင်းလို အသံမျိုးမဟုတ်၊ ငိုသံပါကြီးကို အထပ်ထပ်ထိန်းချုပ်ပြီး လိုရင်းတိုရှင်းပြော၏။

''ခင်လေးအသက်ကို မီချင်ရင် မင်းချက်ချင်းလာခဲ့''

တစ်ကိုယ်လုံး ပူထူသွားသည်။ ခင်လေး မောင့်ကိုနာကျင်အောင် ပြန် ခံစားစေချင်တာ မဟုတ်ပါဘူးနော်ဟု ကယောင်ချောက်ချားတွေးရင်း ရင်တွေ တလုပ်လုပ်တုန်နေသည်။ ဒီတစ်ခါတော့ တပည့်တော်အား အခွင့်အရေးပေးသနားတော်မူပါဘုရားဟုလည်း အထပ်ထပ်ဆုတောင်းနေမိ၏။

■ ■ ■

စိတ်စောနေသော်လည်း ရန်ကုန်မြို့၏ကားလမ်းပိတ်သည့်ပြဿနာကြောင့် ခရီးကမတွင်ခဲ့။ နေရာတိုင်း ကားတွေပိတ်ကျပ်နေသည်။ ယာဉ်စည်းကမ်းတွေ ဘယ်လောက်ပဲတင်းကျပ်သည်ပြောပါစေဦးတော့ ကွေ့လိုင်းမဟုတ်သည့်ဘက်မှဝင်ကာ ကွေ့နေသော လိုင်းကားတွေက မရေတွက်နိုင်၊ ထီးတစ်





ထက်ရင်းပြီး ကတ္တရာလမ်းပေါ် ပယ်ပယ်နယ်နယ် ဈေးရောင်းနေသည့် စည်းမျက်ကမ်းမျက်ဈေးသည်တွေကြောင့်, ကားလမ်းတွေပိုပိတ်တာဖြစ်သည်။ ဒါတွေကို မယ့်သူကော မရှိကြတော့ဘူးလား။

တစ်ချိန်လုံး မချင့်မရဲဖြင့် နှစ်နာရီကျော်ကြာပြီးမှ သူ အိမ်ပြန်ရောက်သည်။ အုံ့ဩစရာကောင်းလောက်အောင် အိမ်တွင် စည်ကားနေသော လူအုပ်ကြီးမှုကြောင့် သူ့ရင်တွင် ဒိန်းခနဲ တုန်လှုပ်သွား၏။

''ဘုရား ဘုရား ခင်လေး ဘာမှမဖြစ်ပါစေနဲ့''

အိမ်ထဲသို့ အလျင်စလို ပြေးဝင်ပြီး လက်ထဲမှဖိုင်ကို တွေ့ရာနေရာပစ်ချလိုက်၏။ သမီးကြီး၏ထိန်းမနိုင်သိမ်းမရသည့်အော်ငိုသံ၊ သမီးလတ်၏ပေါက်ကွဲလွန်းသော အော်ဟစ်သံနှင့် ရှိန်းရင်းဆန်ခတ်နိုင်လှသည့် လူအုပ်ကြားမှ ခင်လေး၏မိခင်ဖြစ်သူသည် သားငယ်အားရင်ခွင်အပ်လျက် နံရံကိုမှီနေရင်းမှ တိုးညင်းညင်းမျက်ရည်များ စီးကျနေသည်။

သူ့ကိုတွေ့တွေ့ချင်း သမီးကြီးက ကမူးရှူးထိုးပြေးဖက်၏။

''မေမေ မေမေ မရှိတော့ဘူး''

အခြေအနေမှန်ကို သုံးသပ်မိသော်လည်း သမီးစကားကြောင့် ရင်ထဲ၌ ခနဲနေအောင် ခံစားလိုက်ရ၏။ သမီးကျောပြင်ကို ခပ်ဖွဖွပွတ်နှစ်သိမ့်ရင်း ထဲတို့တက်လာသည်။ ခင်လေးဆီသွားရာလမ်းတစ်လျှောက် ကရုဏာဖြင့် သူ့ထံ ကျလာသည့်မျက်ဝန်းများ၊ အိမ်ခန်းတစ်ခုလုံးရှုန်းရှုန်းဝေနေသည့် ဝမ်းနည်းသံတွေ၊ မိသားစု၏အဆုံးစွန်ပေါက်ကွဲမှုအတွက် နှစ်သိမ့်သော ယပ်တောင်ခတ်သံများ၊ သူ ဘာမှမကြားတော့။

ရင်တွင်းမှ မခံရပ်နိုင်အောင် နာကျင်မှုနှင့်အတူ မျက်လုံးတို့ပြာဝေလာသည်။ သိခွင့်မြင်ခွင့်ကြားခွင့်အာရုံအားလုံး ခင်လေးဆီရောက်၏။ သူ ရုတ်တရက် ခင်လေးကို ပြေးဖက်လိုက်သည်၊ ပြီးမှ ခင်လေးလက်ကိုဆွဲယူပြီး သူ့ပါးကိုအကြိမ်ကြိမ်ရိုက်လိုက်၏။

''ခင်လေးရယ် မောင့်ကိုယ်မောင် ဘယ်တော့မှခွင့်မလွှတ်ဘူး သိလား''

ဘေးမှလူများ ကြက်သေသေနေရာမှ ပြေးဝင်ဆွဲပြီး သူ့ကိုဖျောင်းဖျကြ၏။

''သင့်မြတ် မလုပ်နဲ့လေ မလုပ်နဲ့၊ စိတ်ကိုထိန်းမှပေါ့''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်သားပဲ၊ မင်းကိုယ်တိုင်မှ စိတ်မထိန်းရင် ကလေးတွေပိုပြီး ဆိုးကုန်တော့မှာပေါ့ကွ''

သူငယ်ချင်းဖြစ်သူ မောင်မောင်လွင်က သူ့လက်တွေကို ချုပ်ကိုင်ထားသလို သိုင်းဖက်ကာနှစ်သိမ့်၏။ ယခုတော့ ခင်လေး တကယ်ပင် ကွယ်လွန်သွားခဲ့လေပြီ။ အသက်ရှင်နေထိုင်ခဲ့သော ကာလတစ်လျှောက် မိုးလင်းမိုးချုပ် အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ခဲ့သော ခင်လေး။ သူ ပေးသမျှငွေနှင့် လောက်အောင် ခြိုးခြံချွေတာ၍ စီမံသုံးစွဲခဲ့သည့်ခင်လေး။ ကျောအောင့်၊ နလုံးတုန်၊ ခေါင်းကိုက်ခဲ့မှုများအား ဆေးတစ်ပြားသောက်ကာ မငြီးမငြူ ရင်ဆိုင်ခဲ့သော ခင်လေး။ ယခုတော့ သေခြင်းတရားက ထာဝရအေးချမ်းအောင် အနားပေးခဲ့ပြီ။

''ဟော့ ကလေးတွေ ကန်တော့ပြီးရင် တစ်ခါထဲ ကားပေါ်တင်မယ်ပေါ့''

မြေလှူးမတတ် ငိုကြွေးနေသော သားသမီးများကို ဆွေမျိုးများက မရမကချော့မော့ကာ ထိန်းသိမ်းနေကြ၏။ အရွယ်အရ နားလည်သိတတ်နေပြီဖြစ်သော သမီးကြီးက တလိမ့်လိမ့်စီးကျနေသည့် မျက်ရည်များဖြင့် သူ့အနားလာရပ်သည်။ သူ သမီးကြီး၏ခေါင်းကိုလက်ဖြင့် ညင်ညင်သာသာ ပွတ်သပ်လိုက်၏။ သမီးမျက်လုံးများက တစ်ခုတည်းသော အားကိုးရာ သူ့ကိုအသနားခံသလိုကြည့်လျက်ပြောသည်။

''ဖေဖေ မနက်ဖြန်လည်း သမီးတို့ဆီပြန်လာခဲ့ဦးနော်''

သမီး ဘာကိုရည်ရွယ်ကာပြောမှန်းမသိပေမယ့် သူ့ရင်ထဲမှာတော့ အတော်လေး ထိနိုက်ကြေကွဲသွား၏။

''ဖေဖေ သိပါတယ်၊ ဖေဖေ ဘယ်မှမသွားပါဘူး သမီးရယ်''

''သမီးလေ ခု ဘာမှမကြောက်တော့ဘူး သိလား၊ ဖေဖေ အိမ်ပြန်ရောက်လာပြီလေ''

သူ သမီးကိုခေါင်းငုံ့ရင်း တင်းတင်းကျပ်ကျပ်ဖက်ရင်း နမ်းရှုံ့လိုက်သည်။ ပြောမပြတတ်သော ခံစားမှုနှင့် စီးကျလာသော မျက်ရည်များကြားမှ သူ ပြုံးလိုက်မိသည်။

■ ■ ■

ခင်လေးကို နေ့လယ်(၂)နာရီတွင် သင်္ဂြိုဟ်မည့်နေ့က သူနှင့်မောင်မောင်လွင်တို့အဖွဲ့ ရေဝေးသုသာန်သို့ အစောကြီးရောက်ခဲ့သည်။ အလောင်းပြင်ရာဇောင်သုံးသော ပန်းနုရောင်နှင်းဆီပွင့်များ၊ ခရမ်းရောင်သစ်ခွပန်းခြင်းများ၊ တစ်ငွေ့ငွေ့လောင်ကျွမ်းနေသော အမွှေးတိုင်များကြားမှ သူ ခင်လေးကိုမင်သက်စွာကြည့်မိသည်။

ပိုးတစ်ထည်စမျှ မဝတ်ဘူးခဲ့သူ၊ မျက်နှာတွင် မိတ်ကပ်နှင့်ပေါင်ဒါလိမ်းခဲ့ဘူးသူ၊ ပါးပြင်တွင်မှုန်နှံ့သာတစ်ခါမှ ခြယ်သခွင့်မရခဲ့သူ ခင်လေးက အခုတော့ ရောင်စုံဆေးသားများဖြင့် နှင်းရည်သောက်ထားသည့်ပန်းတစ်ပွင့်လို နုနည်းလှပနေသည်။

''နှမြောစရာကောင်းလိုက်တာ၊ ဒီလောက်လှတဲ့ မိန်းမတစ်ယောက်ကငယ်ငယ်ရွယ်ရွယ်နဲ့သေရတယ်လို့''

လူအုပ်ထဲမှာ တိုးသံကသက်မှတ်ချက်ပေးသံကို သူ ကြားဖြစ်အောင်ကြားလိုက်သေးသည်။ ဟုတ်ပါရဲ့ ခင်လေးသည်လောက်အထိ လှပနေလိမ့်မည်ဟု သူ့တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ခါမျှတွေးမထင်ဘူးခဲ့။ ချပ်ယပ်သောဗိုက်ပေါ်ရှိ ဖြူဖွေးရှင်းသန့်နေသည့် ခင်လေး၏လက်ချောင်းလေးများကို သူ မျက်စိနှင့်မခွာနိုင်အောင်ဖြစ်မိသည်။

ပိုးအကျီလည်ပေါက်မှ ဝင်းဝါစိုစွတ်နေသည့် ခင်လေး၏ရင်ညွန့်လွှင်ပြင်သို့ နီရဲတွတ်နေသော ပတ္တမြားလည်ဆွဲကို သူ ဆင်ယင်ပေးလိုက်သည်။ ဘဝနှင့်နှင်ခန္ဓာချုပ်ငြိမ်းမှ လှလှပပ ထုံမွှမ်းပြင်ဆင်ခွင့်ရသော ခင်လေးအတွက် သူမျက်ရည်မကျရက်ပါ။

ခင်လေးရယ် မင်းဘဝအခုလို အလှပဆုံး ငြိမ်းချမ်းသွားတာကို မောင်ကျေနပ်ပါတယ်။ ပြီးတော့ ခင်လေးဘဝနဲ့လဲပြီး အလှျော်ပေးသလိုထားခဲ့တဲ့မောင့်သားသမီးတွေကို ခင်လေးလိုပဲ သံသရာဝဋ်ဆင်းရဲမှာ မောင် တာဝန်ယူပါမယ်လို့ ကတိပြုပါတယ်ဟု သူအထပ်ထပ်ကတိပေးရင်း ခင်လေး၏ဖြူနုသွယ်လှသော လက်ဖမိုးလေးကို နှစ်နှစ်ခြိုက်ခြိုက် နမ်းရှိုက်လိုက်မိလေသည်။

ဗျူး

{မြင်ကွင်းမဂ္ဂဇင်း၊ အမှတ် ၂၃၊ မတ်လ ၂၀၁၄ ခုနှစ်}




PUBLISHED BY VIEW

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်၏အချစ်ဦး

### အခန်း (၁)

လူပျိုဘော်ဝင်စအရွယ်တွင် အသံသြ၍ အသံအက်လာခြင်း၊ နှုတ်ခမ်းမွှေးရေးရေးပေါက်ခြင်း၊ ချိုင်းမွှေးပေါက်ခြင်း၊ နို့ကြိတ်တည်လာခြင်းများအပြင် အမျိုးအမည်မသိသော နူးညံ့လှိုက်မောမှုတစ်ခုနှင့် အဖော်လိုချင်လာတတ်သည်ဟုဆိုပါလျှင် ကျွန်တော် အသက်ဆယ့်လေးနှစ်သားအရွယ်တွင် လူပျိုဘော်ဝင်သည်ဟု ဆိုနိုင်ပါသည်။

ထိုအချိန်အရွယ်၌ ရပ်ကွက်ထဲမှ အစ်ကိုကြီးများက ကျွန်တော့်ကို 'ချာတိတ်'ဟုခေါ်တိုင်း မကျေနပ်ချင်သောစိတ်ကြောင့် ကျွန်တော် သူတို့ကို ဘုကြည့်ပြန်ကြည့်ဖြစ်သည်။

ထူးတော့ ထူးဆန်း၏။ လူပျိုဖြစ်သည်ဆိုသော အကြောင်းရင်းကို ကျွန်တော် ရေရာသေချာစွာ မသိသော်လည်း ကျွန်တော်ထက် အသက်ကြီးသည့် အိမ်နီးချင်းအစ်မကြီးက ယခင်ကအတိုင်း ရင်းနှီးချစ်ခင်စွာ ဖက်ရမ်းကျီစယ်သည့်အခါ ပြောင်းလဲလာသောစိတ်ကိုတော့ သတိပြုမိခဲ့သည်။

"ငါ့မောင်က ကြည့်စမ်း၊ ချောလာလိုက်တာ ရှလွတ်"





"ဟာ"

ကျွန်တော့်ကို ငယ်စဉ်ကတည်းက ချိုးထိန်းကျောင်းလာသော မမာလာက ရွတ်ခနဲ နမ်းတော့ ကျွန်တော့်မျက်နှာကြီး နီမြန်းထူအမ်းသွားသလို စိတ်ကလည်း မကြိုက်ချင်ပါ။ ဘယ်ကြိုက်ချင်ပါ့မလဲ၊ မမာလာဆိုတာက သေးသေးညှက်ညှက် ပိန်ပိန်ညှောင်ညှောင်နှင့် အသားလည်းမည်းကာ အရပ်ကလည်းပုသေး၏။

"အံမယ် ဘာလဲ ငါကချစ်လို့စတာ၊ မင်းက မကျေနပ်ဘူးပေါ့ ဟုတ်လား ကဲဟယ် ရှလွတ် ရှလွတ်"

သဘောမကျပါဘူးဆိုမှ ကျွန်တော့်ပါးပြင်နှင့်နဖူးတို့ကို နေရာလပ်မကျန် မမာလာက အတင်းဖက်ပြီး နမ်းပြန်၏။

"ဟာဗျာ မမမာလာ မကောင်းဘူးဗျာ သွား"

ကျွန်တော် ထူပူသွားသလို မမာလာ၏ ပခုံးကို လက်တစ်ဖက်ဖြင့် တွန်းဖယ်လိုက်မိသည်။ လူပျိုဆိုသည့်အရှက်နှင့် ရှိနေချင်သော သိက္ခာအတွက် သေးစိတ်က ကာကွယ်တားဆီးခြင်းမျိုး ဖြစ်နိုင်သည်။

"သြော် မင်းက ငါနမ်းတော့ မကြိုက်ချင်ဘူးပေါ့လေ၊ မိုးယုတို့ နန်းဆုတို့ သင်ဇာတို့သာဆိုရင် မင်း ငြိမ်ခံနေမှာမဟုတ်လား"

"ဟာဗျာ မမမာလာကလည်း"

ဟာဗျာဟုသာ ကျွန်တော် ရှက်သလိုငြင်းဆိုလိုက်သည်။ စိတ်ထဲမှာတော့ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်ကာ ကျေနပ်သွား၏။ ကြည့်စမ်း ဒါမျိုးကြတော့ ကျွန်တော် ဘာဖြစ်လို့ ကြည်နူးကျေနပ်နေသလဲ။

ရှင်းပါသည်။ သဘာဝတရား၏ပြောင်းလဲမှုအောက်တွင် ကျွန်တော်သည် ချာတိတ်တစ်ယောက်မဟုတ်တော့ဘဲ လူပျိုတစ်ယောက်ဖြစ်ခဲ့ပြီဟုဆိုလျှင် ဘယ်သူကများ ငြင်းချင်ပါသေးသနည်း။

■ ■ ■

သေချာပါသည်။ ထိုလူပျိုတစ်ယောက်၏စိတ်ကြောင့် အရာရာသည် ပြောင်းလဲခဲ့၏။ မပြောင်းလဲဘဲ ကျန်ခဲ့တာဆို၍ ကျွန်တော့်နာမည်တစ်လုံးသာ ရှိသည်။ ကျော်ဝင်း တဲ့။ ဘယ်လောက်များ တုံးလိုက်တဲ့ နာမည်ပါလဲ။

တကယ်ဆို ခုခေတ်ကာလတွင် သူများတွေပေးသလို မင်းမဲ့ဟော်



www.burmeseclassic.com

www.burmeseclassic.com



ယံမ ဘုန်းလက်ရော၊ မဏိစည်သူ အစရှိသဖြင့် ပေးစရာတွေအများကြီး။ သို့သော် ကျွန်တော့်အဖေဖြစ်သော ဦးဇော်ဝင်း ဆိုသူက သူ့နာမည် 'ဝင်း'တစ်လုံးပါလျှင် ပြီးရောဆိုသည့်အလွယ်သဘောနှင့် ကျော်ဝင်းဆိုပြီး ပေးခဲ့ပုံရပါသည်။

ဘဝတစ်ခုလုံး သုံးရမည့်နာမည်အတွက် အလွယ်တကူပေးတော့ ကျွန်တော့်မှာ စုန်းပေါလအော အဲဒီ ကျော်ဝင်းဆိုသော နာမည်ခပ်တုံးတုံးနှင့် တစ်ဘဝလုံး နေရတော့မည်။ သိပ်ပြီးစဉ်းစားစရာမလိုသော နာမည်ကိစ္စအတွက် ဘာတွေများ ခက်ခဲနေကြသနည်း။

ဆိုပါစို့ ဦးမြင့်မြတ်၏သားများဆိုလျှင် လွယ်ကူစွာပင် အဖေနာမည်ကို နောက်မှာထားကာ ရှေ့က သီဟတို့ သူရတို့ နန္ဒတို့တပ်လိုက်ကြသည်။ သီဟမြင့်မြတ်၊ သူရမြင့်မြတ်၊ နန္ဒမြင့်မြတ် အစရှိသဖြင့်။

မိန်းကလေးဆိုလျှင်လည်း သီရိမြင့်မြတ်၊ ရွှေစင်မြင့်မြတ်၊ နန္ဒာမြင့်မြတ်ကဲ ဘယ်လောက်မိုက်လဲ။

သူတို့နီးတူ ကျွန်တော့်နာမည်နောက်တွင် အဖေနာမည် ဖြည့်စွက်ရန် စဉ်းစားကြည့်သေး၏။ 'ကျော်ဝင်းဇော်ဝင်း' သွားပြန်ပါပကော။

လူတစ်ယောက် နာမည်ပြောင်းဖို့ သတင်းစာကြော်ငြာထည့်ရုံနှင့် တချို့က ပြီးပြည့်စုံပြီဟု ထင်ပုံရသည်။ နာမည်တွေ ဘယ်လိုပြောင်းပြောင်း သူငယ်တန်းမှစကာ နှုတ်ကျိုးလာသောနာမည်ကိုပဲ လူတိုင်းကသိသလို လူတိုင်းကလည်း ကျော်ဝင်းပဲ ခေါ်ကြသည်။

ပေါ်များလိုက်တဲ့ ကျော်ဝင်းတွေကလည်း ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တရေးဆရာကျော်ဝင်း၊ မနုဿကျော်ဝင်း၊ ရွှေသံလွင်သူဌေးကလည်း ဦးကျော်ဝင်း၊ ရပ်ကွက်ထဲက ဘိန်းစားတစ်ယောက်နာမည်ကလည်း ကျော်ဝင်း၊ နာရီပြင်သော ကုလားနာမည်လည်းကျော်ဝင်း ပြောလျှင်တော့ ကုန်မည်မထင်။

ထားတော့ နာမည်ကိစ္စ၊ ထိုနာမည်ကိစ္စမှလွဲပြီး လူ့ဘုံပေါက်အရွယ်တွင် အရာရာပြောင်းလဲလာသည်ကို ကျွန်တော်ကိုယ်တိုင်လည်း အမှတ်မထားဘဲ မနေနိုင်တော့ပါ။

ငယ်ငယ်က အမေအလစ်တွင် နောက်ဖေးရှိ ရေခဲသေတ္တာထဲမှ ယိုတွေ ဟောလစ်တွေ မုန့်တွေ ရှိရှိသမျှ ခိုးစားဖို့ချောင်းနေတတ်သော ကျွန်တော်က အခုတော့ ကိုယ်လုံးကိုယ်ပေါက် အချိုးဆစ်ကျသည့် ကျောင်းသွားကျောင်းပြန်





ကျောင်းသူအစ်မကြီးများကို မျှော်ငေးတတ်လာသည်။

ကုမ္ပဏီကြီးများ၏အရောင်းမြှင့်တင်သည့် show ပွဲများမှ စကပ်တိုတို ခေါင်တံဖွေးဖွေးနှင့် ကောင်မလေးများကို မက်မောတတ်လာသည်။

လူ့သက်တမ်းတစ်လျှောက် အမျိုးသမီးတစ်ဦး၏ အလှသည် ဘယ်အရွယ်တွင် အတင့်တယ်ဆုံးဟု သတ်မှတ်ရမည်မှန်း ကျွန်တော် မသိသော်လည်း အပျိုစင်တစ်ယောက်၏နောက်ကျောတင်သားကိုမြင်တိုင်း ကျွန်တော့်နှလုံးသားက swiss made နာရီလို စည်းချက်က အချိန်မှန်လာသည်။

နိုင်ငံခြားရုပ်ရှင်ကားထဲမှ နှိုက်ကလပ်တွင်ကသော မိန်းမချောလေးများကို ကျွန်တော် တမ်းတတတ်လာသည်။

အဘိုးတစ်ခါကပြောခဲ့ဖူးတာတွေကိုလည်း ကျွန်တော်နားလည် သဘောပေါက်သလို ရှိလာ၏။ အဘိုးတို့ခေတ်က မယ်ဇမာရွေးပွဲများ ကျင်းပခဲ့ဖူးပြီး ထိုပွဲများကို အဘိုးတို့ယောက်ျားသားတွေ ကြိတ်ကြိတ်တိုးခဲ့ရသည်ဟု ဆိုသည်။

ကျွန်တော်က ဘာကိုသွားကြည့်ကြသလဲမေးတော့ ရေကူးဝတ်စုံများနှင့် အမျိုးသမီးတွေ ကိုယ်ဟန်ပြ လမ်းလျှောက်ပြတာတွေကို ကြည့်တာဟုပြောသည်။ အဲဒီတုန်းကတော့ ကျွန်တော် ငယ်သေး၍ထင်သည်။ အဘိုးမျက်နှာကိုကြည့်ပြီး ကျွန်တော် နှာခေါင်းရှုံ့ကာ ဒါများအပင်ပန်းခံကြည့်ရတယ်လို့ အဘိုးရယ်ဟု ကျွန်တော် ပြောခဲ့ဖူးသည်။

ခုကျတော့ ကျွန်တော် အဘိုးကိုကိုယ်ချင်းစာတတ်သလို ဖြစ်လာသည်။ သို့သော် အဘိုးက မရှိတော့။ ကွယ်လွန်ခဲ့ပြီးပြီ။ အဘိုးသာ ခုခေတ်ရှိလျှင် အင်တာနက်တွင် ဘာတွေရှာဖွေကြည့်ဦးမလဲဟုတွေးရင်း ကျွန်တော် ပြုံးမိသေး၏။ အသက်ကြီးသော အဘိုးက ငယ်ငယ်ရွယ်ရွယ်လေးတွေ သဘောကျပေမယ့် ကျွန်တော်ကျတော့ အဘိုးနှင့်ဆန့်ကျင်ဘက် ဖြစ်နေသည်။

အခု အသက်ဆယ့်လေးနှစ်အရွယ်မှာ ကျွန်တော်နှင့်ရွယ်တူ ကောင်မလေးများကိုတော့ နည်းနည်းလေးမှ ခံစားလို့မရ။ ကျွန်တော့်ထက်ကြီးသော အမျိုးသမီးများနှင့် စိတ်ကူးယဉ်နေမိခြင်းက ဘာကြောင့်မှန်း ကျွန်တော့်ကိုယ်တိုင်လည်း မသိပါ။

ကျွန်တော် သိနေသည်က ရေချိုးလျှင် ခြေထောက်ကို တစ်ခါမှ ဆပ်ပြာမတိုက်ဘူးသော ကျွန်တော်က Brush နှင့်သေသေချာချာ ပွတ်တိုက်ဆေး



www.burmeseclassic.com

www.burmeseclassic.com



တတ်လာသည်၊ ခြေသည်းလက်သည်းတွေကို ချေးအဝင်မခံဘဲ အမြဲတမ်း သန့်စင်လာတတ်၏။ ဆံပင်ကို မကြာခဏညှပ်ပြီး ဂျယ်များလိမ်းကာ ထောင်နေအောင်သ,ရသည်။ အဝတ်အစားအသစ်ပေါ်တိုင်းလည်း အစဉ်အမြဲ လိုချင်နေပြန်၏၊ တစ်နေ့တစ်နေ့ မှန်ကြည့်ရတာလည်း အမော။

ဒါတွေက လူပျိုရိုင်းကလေး ဖြစ်လာသည့်အတွက် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတချို့ဟု ကျွန်တော် ထင်သည်။ ဒါဆို စိတ်ပိုင်းဆိုင်ရာကော မပြောင်းလဲဘူးလားဟု မေးဦးမလား။ ပြောင်းသမှ သိပ်ပြောင်း။

ကြည့်ပါ ယခင်အခါက အိပ်မက်များထဲတွင် ပိုက်ဆံတွေအထပ်ထပ်တွေ့ပြီး ကောက်လို့မဆုံးသော အိပ်မက်မျိုး (ကျွန်တော်ထင်ပါသည် ကလေးဆိုတော့ အရုပ်ဝယ်ဖို့၊ မုန့်ဝယ်ဖို့နှင့် ဂိမ်းကစားဖို့ကလွဲပြီး တခြားဘာမှမရှိတော့ အဲဒီအတွက် ငွေပဲအဓိကထားပုံရပါသည်)

ပြီးတစ်ခါ ဟယ်ရီပေါ်တာတို့ စူပါမင်းတို့အစရှိသဖြင့် ပါဝါရှိသူများကိုအားကျမိ၍လားမသိ၊ ဟီးရိုးဖြစ်ချင်သူပီပီ အိပ်မက်ထဲတွင် လေထဲ၌ လက်ဆန့်တန်းကာ ပျံတာမျိုး၊ တောင်ထိပ်အမြင့်မှ ခုန်ချပျံတာမျိုးတွေ အများနှင့်တစ်ယောက် ရန်လိုတိုက်ခိုက်ကြလျှင်လည်း ကိုယ်ကသာနိုင်လိုက်တာမျိုး၊ ကိုယ်လိုချင်သော ကစားစရာတွေရလိုက်တာမျိုး၊ အင်မတန်မှ လှပတဲ့ကမ္ဘာသစ်ကြီးထဲရောက်သွားတာမျိုး၊ တစ်ခါတလေ သိပ်ကံဆိုးမှ ကိုယ့်နောက်က သရဲလိုက်လို့ပြေးမရ၍ လန့်နိုးတာမျိုးတွေနှင့်သာ အိပ်မက်များက ပတ်ချာလည်နေကြသည်။

ခုတော့ သည်လိုမဟုတ်တော့။ ညအိပ်ရာဝင် အိပ်မက်များတွင် ပွင့်သစ်များ ခါထုတ်လိုက်သောရနံ့ကို မြူပြဒါးနံ့ကျိုနံ့ကြားမှ ရှူရှိုက်ခွင့်ရသည်။ ပန်းပွင့်ဟောင်းတို့၏အညစ်အကြေးစွန့်ရာ ရနံ့ကိုလည်း အောက်စီဂျင်ငတ်နေသော လေထုထဲ၌ ကျွန်တော် ကျေနပ်နှစ်သက်စွာ တမ်းတနေတတ်သည်။

ထိုအိပ်မက်များတွင် ပြင်ပ၌ ကျွန်တော်နှင့်တစ်စုံတစ်ရာ ဆက်နွယ်မှုမရှိသောသူများကိုလည်း ရင်းနှီးစွာ ချစ်ကျွမ်းဝင်ခွင့်ရသည်။

အိပ်မက်ထဲတွင် ဂျက်စီကာအယ်(လ်)ဘာနှင့်အတူ ကမ်းခြေတစ်ခုတွင် ပင်လယ်မှ သက်ပြင်းချသံကို နားခံခဲ့ဖူးသည်။ စကားလက်ဂျိုဟန်ဆန်နှင့် ရောင်စုံပန်းခင်းထဲတွင် ဝတ်မှုန်ကူးခဲ့ဖူး၏။ မိဂမ်ဖော့(စ်)နှင့် ညကောင်းကင် ကဗ္ဗလာ၌ ယစ်ရွှေရည်အတူသောက်ရင်း လရောင်ကို ချက်ကြိုးဖြတ်ခဲ့ဖူးသည်။





ခင်ဝင့်ဝါနှင့် လေထဲမှာ ဟီလာတိုက်နေသော သစ်ပင်တွေကို နှင်းများဖြင့် ဖုံးသတ်ခဲ့ဖူးသည်။ အိန္ဒြာကျော်ဇင်နှင့် ရွှေဝါရောင်လယ်တစ်ခင်းလုံးကို ရိတ်သိမ်းခဲ့ဖူး၏။

ပက်ထရစ်ရှာနှင့် တိမ်တွေကို အနံ့ခံပြီး ပွင့်ဖတ်များကို ဖျာလိုခင်းထိုင်ခဲ့ကြသည်။ မယ်လိုဒီနှင့် ရင်ခုန်သံခြင်း လက်ပန်းပေါက်ခတ်ခဲ့ဖူး၏။ သင်ဇာဝင့်ကျော်နှင့် ကိလေသာကို ကျောသပ်ရင်သပ် တေးသီဖွဲ့ဖူးသည်။

မိုးဟေကိုနှင့်ဝတ်မှုန်ရွှေရည်နှင့်ဖွေးဖွေးနှင့်. . ဟုတ်ကဲ့ တလွဲမထင်ကြပါနဲ့ ဘုရားဘုရားလည်း အတူတူဖူးခဲ့ဖူးပါသည်။ (အိပ်မက်နော် အိပ်မက်)

အိပ်မက်ဆိုသည်မှာ မိမိစိတ်တွင် ဖြစ်ပေါ်နေသောဆန္ဒအတိုင်း တစ်ခါတစ်ရံ အထိုက်အလျောက်ပုံဖော်ပေး၍ အိပ်မက်များကို ကျွန်တော်မြတ်နိုး နှစ်ခြိုက်သည်။ ပြီးတော့ ညက မက်သောအိပ်မက်တွေကို နောက်တစ်နေ့မှာ သူငယ်ချင်းများနှင့် ပြန်ပြောရတာကလည်း တကယ့်အရသာ။

“ညကကွာ ငါလေ ဟိုမော်ဒယ်ကောင်မလေးရဲ့ဘော်ဒီစွက်ချာကို ရှင်းရှင်းလင်းလင်းကြီးကို မြင်ခဲ့ရတာကွ ဂလု”

စကားအဆုံး မျိုချလိုက်သော ကျွန်တော့် တံတွေးမျိုသံကြောင့် သိန်းရွှေကြည် အတော်လေး စိတ်ဝင်စားသွားပုံရသည်။ သိချင်စိတ်ဖြင့် စူးရှနေသော မျက်လုံးအစုံနှင့် ကျွန်တော့်အနား မျက်နှာကြီးတိုးကပ်လာသည်။

“ဘယ် ဘယ်သူလဲ ကျော်ဝင်း။ အင်တာနက်ထဲမှာ တွေ့တာလားဟင်”

“ဟာ မဟုတ်ပါဘူး။ ငါ့အိပ်မက်ထဲမှာ”

“ဟာကွာ”

ပန်းဝင်ခါနီးမှ လည်မျိုကိုဖြတ်အရိုက်ခံလိုက်ရသလို သိန်းရွှေကြည် ငေးသွားပုံရသည်။ ကျွန်တော့်ကို မျက်ထောက်နီကြီးနှင့်ကြည့်ကာ ပျစ်ပျစ်နှစ်နှစ်ဆဲရေးတိုင်းထွာ၏။

“မင်းကလည်း ဘာဖြစ်တာလဲ ငါက တကယ်ပြောနေတာ၊ အင်တာနက်ထဲက ဓာတ်ပုံတွေလောက်တော့ စကားထဲထည့်ပြောမလားကွ၊ လူတိုင်းကြည့်လို့ရတဲ့ဟာကို၊ ငါ့အိပ်မက်ကမှ တကယ့်ကိုပီပြင်တာကွ”

“မင်းအိပ်မက်လောက်တော့ သနားတယ်၊ ငါ ဟိုတလောကမက်တဲ့ အိပ်မက်ကမှ တကယ်မိုက်တာကွ၊ ဟောလိဝုဒ်မင်းသမီး အင်ဂျလီနာဂျိုလီနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ အဟီး''

အဟီးဟူသော သိန်းရွှေကြည်၏ရှက်သလိုလို ရယ်သံနောက်က စကားတွေကိုလည်း ကျွန်တော် စိတ်ဝင်စားသွားသည်။ သူငယ်ချင်းတွေနှစ်ယောက်သား တစ်ယောက်အိပ်မက် တစ်ယောက်ပြန်ပြောရင်း နှစ်ယောက်တစ်အိပ်မက် မက်နေသည်မှာ ညနေစောင်းသည်အထိပင်ဖြစ်၏။

ကျွန်တော် အလွန်အမင်းမက်မြင်သော အိပ်မက်မှ လန့်နိုးတိုင်း အဆိုးဆုံးစိတ်ခံစားမှုမှာ ချစ်ခြင်းနှင့်ခွဲအောင်းရန်သာဖြစ်သည်။

စိတ်သည် ပိုမိုနူးညံ့လာသည်နှင့်အမျှ လောကရှိ သဘာဝအလှတရားများကိုလည်း ဂရုစိုက်ခံစားတတ်လာသည်။

နှင်းတို့ ပိန်းပိတ်အောင်လွှံနေသော မြင်ကွင်းကို ကျွန်တော်ချစ်သည်။ မိုးတို့စူးနစ်စွာ ဖြန့်ဝေသော ပတ်ဝန်းကျင်ကို ကျွန်တော် မြတ်နိုးသည်။ နေရောင်တွေ အားပြိုင်ပြေးနေသောရှုခင်းကို ကျွန်တော်နှစ်သက်သည်။

ထိုခံစားမှုအလုံးစုံက ကလေးဘဝ ဆော့ကစားချင်စိတ် အမျိုးမျိုးကို အုပ်မိုး၍ အရာရာသည် လောကနှင့် တစ်သားတည်း သိမ်မွေ့နူးညံ့စွာ စီးဆင်းနေခဲ့လေသည်။

■ ■ ■




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဆောင်းဝင်စမို့ သရက်ရွက်နု၊ ဗာဒံရွက်နုနှင့် ကံ့ကော်ရွက်နုတို့ စိမ်းသစ်နေသော်လည်း နှိုဝင်ဘာရဲ့နှင်းပျို့မကတော့ လမ်းပျောက်နေဆဲ။

နှင်းတို့ ပိန်းပိတ်အောင်ဝေနေသော ဆောင်း၏ပူးသစ်စအချိန်တွင် ကျွန်တော် ဆွယ်တာအဖြူလေးဝတ်ကာ လမ်းလျှောက်ရင်း နှင်းငွေ့တို့ကို နမ်းရှိုက်နေသည်။ သို့သော် နှင်းက ဗလာ၊ ကမ္ဘာကြီးအပူချိန်ပိုမိုတိုးပွားလာသည်နှင့် မြန်မာ့ရာသီဥတုကလည်း ပူလောင်အိုက်စပ်လာသည်။ တစ်နေ့ တစ်နေ့ လာင်လာသော ကမ္ဘာကြီးထဲတွင် ခိုနားစရာနေရာဆို၍ ချစ်သူ၏ရင်ခွင်လေး ခုပဲ ကျွန်တော် မြင်ယောင်နေသည်။

"ဟဲ့ ကျော်ဝင်း"

"အမလေး"

"ဟာ နင်ကလည်း ရိုးရိုးခေါ်တာပဲ လန့်ရတယ်လို့"

ကျွန်တော် ခြံထိပ်က အုတ်ခုံပေါ် ငုတ်တုပ်ထိုင်နေတုံး ကျွန်တော့်ငယ်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းမိဝါက ထုံးစံအတိုင်း ကစားဖို့ လာခေါ်တာပဲဖြစ်သည်။ မိဝါတို့အိမ်နှင့် ကျွန်တော်တို့အိမ်က တစ်လမ်းထဲဖြစ်ပြီး ဟိုဘက်ခြံ ဒီဘက်ခြံအလယ်တွင် ဝါးခတ်ပင်ပုများနှင့် ပုဏ္ဏားရှိုပ်ပင်လေးများသာ ခြား၏။

"ငါ အတွေးလွန်နေလို့ပါ မိဝါရယ်"

"လာဟာ ငါတို့ ဖယ်ခုတ်တမ်းကစားရအောင်"

"ဟေ့အေး ငါ မကစားချင်ဘူး"

ကျွန်တော် ခေါင်းခါပြီးငြင်းတော့ မိဝါ မကျေမနပ်နှင့် ကျွန်တော့်ရှေ့မှာ ခါးထောက်ရပ်သည်။ ကျွန်တော်ထိုင်နေသော ခုံတန်းမှာလည်း ဝင်မထိုင်။ ဂါဝန်ပွပွဖားဖားကြီးနှင့် ပျာပါဆံနှစ်ဖက်တွင် ရာဘာကွင်းရောင်စုံများဖြင့် စည်းထားသော မိဝါကို ကျွန်တော် မော့ကြည့်မိသည်။

"နင်က ဘာဖြစ်တာလဲ၊ ငါတို့ ကစားနေကျပဲဟာ"

နှုတ်ခမ်းအစုံကို မှိုမှိုစူကာ အလိုမကျသလိုပြောနေသော မိဝါပုံစံက ကျွန်တော့်စိတ်ထဲမှာ ကလေးဆန်နေတုံးဟု ထင်သည်။

"ငါ မကစားချင်လို့ပေါ့ဟာ"

"ဒါဆို တခြားတစ်ခု ကစားကြမယ်လေဟာ၊ ပြော နင် ဘာလုပ်တမ်း ကစားချင်လဲဟင်"

ခက်ပြီ။ မကစားချင်ပါဘူးဆိုနေသူကိုမှ ဇွတ်လာခေါ်နေသော မိဝါကို ကျွန်တော် ဘုကြည့်ပြန်ကြည့်၏။

"လာပါဟာ ဆရာဝန်လုပ်တမ်း ကစားမလား၊ ဒါမှမဟုတ် အစ်ကိုကြီး အစ်မကြီးလုပ်တမ်း ကစားမလား"

ကျွန်တော် မဖြေတော့ အတင်းလက်ဆွဲခေါ်သည်။ တစ်ခုခုမပြောမချင်း ဒီကိစ္စကပြီးနိုင်မှာမဟုတ်။

"ကဲဟယ် နင် ဒီလောက်တောင် ကစားချင်နေရင်လည်း လင်မယား လုပ်တမ်း ကစားမယ်"

"သေနာ"

"ဒေါက်"

လွှတ်ခနဲ နှုတ်က ကျိန်ဆဲသလို ဂေါက်ခနဲ လက်ခေါက်ချက်က ကျွန်တော့်ခေါင်းကို တစ်ပြိုင်နက်တည်း ရောက်သည်။



"ငါ နင့်အဖေနဲ့တိုင်ပြောမယ် ကြည့်နေ"

ကစားချင်စိတ်မရှိသည့်အတွက် ကျွန်တော် နောက်ပြောင်ပြီး ပြောလိုက်သော စကားက ဖေဖေ့ထံဆိုက်ဆိုက်မြိုက်မြိုက်ရောက်သည်။ ဘာမဟုတ်သည့် စကားအတွက် ဖေဖေက မျက်နှာကြီးနီမြန်းသည်အထိ အံကြိတ်ပြီး ကျွန်တော့်ကို ရှုခဲ့သည်။

"ဟေ့ကောင် မင်း မိဝါကိုပြောလိုက်တဲ့စကားက ဘယ်အတိုင်းအတာထိ ရောက်သွားတယ်ဆိုတာ မင်းသိရဲ့လား"

"သား မသိဘူး ဖေဖေ"

ကျွန်တော် တကယ်မသိသောကိစ္စမို့ ရိုးသားစွာပြန်မေးမိသည်။ ဒီတော့ အတော့မျက်နှာက ပိုပြီးထူပူနီမြန်းလာသည်။

"ခွေးကောင် မသိရင်မှတ်ထား၊ ဒါ ညစ်ညမ်းတယ်ကွ မင်းဒီအရွယ်မှာ ပြောရမယ့်စကားမဟုတ်ဘူး"

ဘယ်အရွယ်တွင်ပြောရမည်ဆိုသည်ကို ကျွန်တော်သိချင်ပါလျက် ဖေဖေက ဆက်မပြောပါ။ ကျွန်တော် မေးမိ၍ ဖေဖေရိုက်လျှင် တခဏသာ နာကျင်နိုင်ပြီး သိချင်သည့်စကားကို မသိလိုက်ရသည့်အခါ ရက်ပေါင်းများစွာ ကျွန်တော် တနုံ့နုံ့ခံစားသွားနိုင်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် မေးပါမည်။

"ဒါဆို လူတွေ ဘာလို့ အိမ်ထောင်ပြုကြတာလဲ ဖေဖေ"

"တော်တော်လာတဲ့ကောင်၊ အိမ်ထောင်မှုကိစ္စဆိုတာ မင်းအရွယ် ရောက်ချိန်မှာ မစဉ်းစားရဘူးကွ"

သိလိုသောကိစ္စတစ်ခုအတွက် ဘယ်တော့မှ အရှုံးမပေး နောက်မဆုတ်တတ်သော ကျွန်တော်က ထပ်ပြီးကွန့်ပါသည်။

"သား အသက်က အခု ဆယ့်လေးနှစ်ကျော်လေ၊ ဖေဖေကျတော့ ဆယ့်လေးနှစ်မပြည့်ခင်ကတည်းက အိမ်ထောင်ကျခဲ့တာဆို"

စောစောက နီနေသည့် ဖေဖေ့မျက်နှာ မည်းသွားခဲ့သည်။ ကျွန်တော်၏ မှန်စကားအတွက် ကြိုတင်တွက်ဆခဲ့သည့်အတိုင်း ဖေဖေ ရိုက်ပါသည်။

"တော်တော် လျှာရှည်တဲ့မြွေဟောက်မသား ကဲကွာ ကဲကွာ"

အမှန်တရားအတွက် ကျွန်တော် ပထမဆုံး အရိုက်ခံရခြင်းဟု ခံယူခဲ့သည်။ ကျွန်တော်၏မိဘများသည် လူသားတိုင်း မလွန်ဆန်နိုင်သည့် သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်တစ်ခုကို သဘာဝမကျစွာ ဖုံးကွယ်ထားခြင်းသည် ဘာကြောင့်မှန်း ကျွန်တော်မသိပါ။ သိအောင်စပ်စုမေးမြန်းပြီး မေမေပြောသော စကားကို အမှတ်ယူမိသည့်အတွက် ငယ်ငယ်ကလည်း ဖေဖေ့ရိုက်ခဲ့ဖူးသည်။

"မေမေ သားကိုဘယ်လိုမွေးလဲဟင်"

အဆက်အစပ်မရှိသောစကားမို့ အိမ်နောက်ဖေးတွင် ဓားတစ်လက်နှင့် ကြက်သွန်ထိုင်ခွာနေသော မေမေက သူ့ဗိုက်သူငုံ့ကြည့်ရင်းပြော၏။

"ဗိုက်ကြီးထဲက မွေးတာပေါ့ သားရဲ့"

"မဟုတ်ဘူးလေ မေမေရဲ့၊ ဗိုက်ကြီးထဲကနေ အပြင်ကို ဘယ်လိုလုပ်ရောက်အောင်မွေးလဲလို့ မေးတာ"

ရုတ်တရက်မို့ မေမေ ကြောင်အမ်းကာ မျက်လုံးပေကလပ် ပေကလပ်နှင့် သူ့ကိုယ်သူငုံ့ကြည့်ပြီး ကြက်သွန်ခွာနေသော လက်ထဲက ဓားကိုမြင်တော့မှ ထောင်ပြကာ

"ဟောဒီ ဓားကြီးနဲ့ ဗိုက်ကြီးကိုခွဲပြီးမွေးတာပေါ့ သားရဲ့"

ဒီတုန်းက ကျွန်တော် ငါးတန်းကျောင်းသားအရွယ်။ ဗိုက်ကြီးကို ဓားကြီးနဲ့ခွဲပြီး မွေးတာဆိုတော့ ကျွန်တော် မျက်လုံးစုံမှိတ်ကာ ကျောများပင် ချမ်းသွား၏။ မေမေ့ကိုလည်း သနားကရုဏာပိုကာ ထပ်မေးမိသည်။

"မေမေ နာမှာပေါ့နော်"

"နာတော့နာတာပေါ့ သားရယ်၊ ဒီလိုပဲပေါ့"

မေမေ သက်မချကာ ရှောက်သီးထောင်းရန် ရှောက်ဆုံကို လက်နှီးခုသည်။

"ဒါနဲ့ မေမေ အဲဒီဗိုက်ကြီးကရော ဘာလို့ ကြီးတာလဲဟင်"

ရှောက်ကျည်ပွေ့ကိုကိုင်ကာ ထောင်းဟန်ပြင်နေသော မေမေ့မျက်လုံးများ ရုတ်တရက်ပြူးကျယ်သွား၏။

"ပြောလေ မေမေ"

"ဟို ဟိုလေ အဲ ထမင်းတွေအများကြီး စားလို့ပေါ့ သားရယ်"

"ဟင် ဒါဆို မနက်က သား ထမင်းသုံးပန်းကန်တောင် စားတယ် ဒုက္ခပဲ သားတော့ ဗိုက်ကြီးတော့မှာပဲ"

ကျွန်တော် မျက်လုံးအပြူးသားနှင့် မေမေ့လက်မောင်းကို ကိုင်ကာ လှုပ်ရမ်းမေးတော့ မေမေ အသံထွက်အောင် ရယ်ပါသည်။





"ငါ့နှယ် ဒုက္ခပါပဲ၊ ဒီကောင်လေး မေးပဲမေးတတ်တယ်၊ ဒီလို သားရေ ယောက်ျားလေးဆိုတာ ထမင်းဘယ်လောက်စားစား ဗိုက်ကြီးပြီး ကလေးမမွေးဘူး သားရဲ့ မှတ်ထား"

ကျွန်တော် မှတ်ထားလိုက်ပါသည်။ မေမေ့အပေါ် သက်ဝင်ယုံကြည်မိသည့်ကျွန်တော်က မိဝါကို ထိုတစ်နေ့၌ စေတနာစကား ဆိုခဲ့သည်။

"မိဝါ နင် ထမင်းသုံးပန်းကန်တောင် စားတယ် ဟုတ်လား"

သနပ်ခါးပေါ်တွင် ပါးစပ်၌ ဆီကွက်နေသော မိဝါက သူ့ပါးစပ်ကို လက်ဖမိုးနှင့်သုတ်ပြီး အောက်ကဘောင်းဘီတွင် ပွတ်သည်။

"ဟုတ်တယ်လေ ဘူးသီးချဉ်ရည်ရယ်၊ ငါးကျည်းခြောက်ဆီပြန်ရယ်၊ ငါးပိထောင်းနဲ့ ဟင်းကကောင်းလိုက်တာမှ လွန်ရော၊ အဲဒါ ငါလည်း စားကောင်းကောင်းနဲ့ တီးပစ်လိုက်တာ ထမင်းသုံးပန်းကန်ကိုပြောင်ရော"

"ဟင် ဟုတ်လား၊ အဲဒါဆို နင်တော့ ဒုက္ခပဲ"

"ဟဲ့ ဘာဖြစ်လို့လဲဟဲ့"

"ထမင်းအများကြီးစားရင် ဗိုက်ကြီးပူပြီး ကလေးမွေးတတ်တယ်လို့ မေမေ ငါ့ကိုပြောတယ်"

"ဟင် တကယ်လား ဒုက္ခပါပဲ၊ ငါတော့ ငယ်ငယ်လေးနဲ့ ကလေးအမေဖြစ်တော့မှာပဲ"

"ဒုက္ခပဲ လုပ်မနေနဲ့၊ ကလေးမွေးတယ်ဆိုတာ ဗိုက်ကို ဓားကြီးနဲ့ခွဲပြီးမှ မွေးရတာတဲ့"

"ဟယ် ငါ ကြောက်တယ်၊ နင် တကယ်ပြောတာလား ကျော်ဝင်း"

"တကယ်ပေါ့ဟ မယုံရင် နင် ငါ့အမေကို သွားမေးကြည့်"

ကျွန်တော် ရဲရဲကြီးပင် အာမခံကာ ပြောလိုက်၏။ မိဝါက ကျွန်တော့်အမေကိုမေး၍ ဖေဖေသိသောအခါ ကျွန်တော် အရိုက်ခံရတော့သည်။ မေမေ ပြောသည့်အတိုင်း စကားပိုမပါသော ကျွန်တော့်စကားအတွက် ဘာကြောင့် အရိုက်ခံရမှန်းလည်း ကျွန်တော်မသိပါ။

ကျွန်တော် နောင်တွင်သိရှိလိုက်ရသည်က ကျောင်းသင်ခန်းစာတွင် မပါ။ ပြင်ပသင်တန်းလည်း မရှိ၊ လမ်းညွှန်ပြောကြားမည့်သူလည်း ပေါ်မလာနိုင်သည့် ထိုသဘာဝတရားအတွက် စမ်းတဝါးဝါးနှင့် ကျွန်တော်တို့ ဒွေးတိုက်



www.burmeseclassic.com

www.burmeseclassic.com



လွင့်မျောကြရန်သာဖြစ်သည်။

ဆရာမရှိသောလမ်းအတွက် တတ်သိနားလည်သမျှဉာဏ်လေးနှင့် စမ်းသပ်ဆည်းပူးကြသည်။ ကျွန်တော်တို့ မြန်မာလူမျိုးတို့တွင် လူပျိုဖြစ်စအရွယ်၌ အစဉ်သဖြင့် ပြုလုပ်တတ်သော ယောက်ျားလေးများ၏အကျင့်မှာ သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်းမှာလည်း တစ်ခုအပါအဝင်ဖြစ်၏။

သူငယ်ချင်းတွေ ဝိုင်းဖွဲ့ပြီးထိုင်ကာ ကားဂိတ်ရှိ ဖြတ်သွားဖြတ်လာ အမျိုးသမီးပေါင်းစုံကို ခံစားမှုအစုစုဖြင့် ထိုင်ကြည့်တတ်ကြသည်။

''ဟောကောင် သိန်းရွှေကြည်၊ မင်းမျက်လုံးကလည်း ခန္ဓာဗေဒ လေ့လာမှုပဲလုပ်နေတယ်''

''ဟာကွာ ငါက မျက်စိဆရာဝန်လုပ်မယ့်သူပဲဟာ''

ဆိုင်ရှေ့က ဖြတ်သွားသမျှ မိန်းကလေးတိုင်းကို အရှေ့ရောအနောက်ပါ မလွှတ်တမ်း လိုက်ကြည့်နေသည့် သိန်းရွှေကြည်ကို ကျွန်တော် နှိပ်ကွပ်တော့ သိန်းရွှေကြည်က ရှက်တက်တက်မျက်နှာနှင့် ဆင်ခြေပေးသည်။

''သိန်းရွှေကြည်က တော်သေးတယ်ကွ၊ ဟိုကောင် အောင်စိုးဆို တစ်ကိုယ်လုံးပတ်ကြည့်နေတာ ခေါ်တောငါးသိန်းအား မျက်လုံးနဲ့ကွ''

မြင့်ဝင်းက အောင်စိုးကို မနာလိုဝန်တိုစွာ ပြောပေမယ့် အောင်စိုး မျက်လုံးတွေက ကျောပေးလျှောက်နေသော ကိုယ်လုံးလှလှအမျိုးသမီးဆီမှ အကြည့်ကို ခွာမရသေးဘဲ

''မင်းတို့နားမလည်ပါဘူး။ ငါကပန်းချီဆရာလုပ်မယ့်သူဆိုတော့ အသေးစိပ်ကြည့်နိုင်မှ ပရိုပိုးရှင်းနဲ့ အနော်တမီ မလွဲမှာကွ''

အရည်မရအဖတ်မရ စကားတွေကို အရသာခံပြောကြသည်။ ဘတ်(စ်)ကားပေါ်လှမ်းတက်သည့် အမျိုးသမီးတချို့၏ သလုံးသားဖြူတင်းတင်းပေါ်သည်ကို ကြည့်ကာ ရင်ခုန်တတ်သည့် ကျွန်တော့်သူငယ်ချင်းများကိုတော့ နည်းနည်းလွန်သည်ဟု ထင်သည်။

''ကြည့်စမ်း ကျော်ဝင်း၊ သလုံးသားလေးကို ဖြူဥနေတာပဲ''

လက်ဖက်ရည်ခွက်ကိုချရင်း ပါးစပ်အဟောင်းသားနှင့် မျက်တောင်မခတ်ကြည့်ပြောသော သိန်းရွှေကြည်ကို ကျွန်တော် အပြစ်တင်သလို ပြန်ပြောဖြစ်၏။





''မင်းရဲ့ခံစားမှုကတော့ လွန်လွန်းတယ် သိန်းရွှေကြည်''

''အဲဒါ လူပျိုစိတ်ကွ၊ မင်းက လူပျိုမဖြစ်သေးလို့နေမှာ အဟီး''

ရှိသဲ့သဲ့တုန့်ပြန်သော သိန်းရွှေကြည်စကားကြောင့် ကျွန်တော် ဒေါသထွက်သွားသည်။ တခြားစကားဆို ခံနိုင်သေး၊ ခုကြည့် သူ့စကားက ကျွန်တော့်ကိုများ လူပျိုမဖြစ်သေးလို့တဲ့။

''ငါက ဘာလို့လူပျိုမဖြစ်သေးရမှာလဲ မင်းနှမနဲ့ငါ တောက် ငါ မပြောလိုက်ချင်ဘူး''

မပြောချင်မှု၏နောက်ကွယ်တွင် ပြောဆိုချင်သည့်အကြောင်းအရာများ မြင်တည်ကိန်းဝပ်နေတတ်သလို ကျွန်တော်တို့၏စကားဝိုင်းသည် ဝပ်အားနည်းသော ပြာလွင်သည့်မီးအလင်းတန်းများနှင့်သာ ရှပ်တိုက်ဝေ့ဝဲနေတတ်လေသည်။

■ ■ ■

ဆောင်းဝင်ပြီမို့ ပိုးဖလံကောင်လေးတွေ ရွှေအိုရောင်ပုရစ်လေးတွေ ပိုးတုံးကောင်လေးတွေ၊ အနံကောင်တွေ၊ နံ့ကောင်တွေနှင့် တခြား ကျွန်တော် အမျိုးအမည်မသိသော အင်းဆက်ကောင်တွေ ရောစုပြုပြီး အိမ်ထဲတိုးဝင်လာကြသည်။ အိမ်မြှောင်တွေက တစ်ရာသီလုံး ငတ်တစ်လှည့် ပြတ်တစ်လှည့်နေခဲ့ရ၍ အစားပွဲတော် ကျင်းပဖို့ တာစူနေကြပြီ။

အိမ်မြှောင်တွေ အလျှိုလျှိုထွက်လာကြသည်၊ သူတို့အကြိုက်ဆုံးအစာက လိပ်ပြာဖြစ်သော်လည်း လတ်တလောတော့ အခွံနည်းနည်းပျော့မည်ထင်သည့် နီးစပ်ရာအကောင်မှန်သမျှ တတွတ်တွတ် တွယ်ကြသည်။ စားလို့ကိုကောင်းနိုင်၊ သူတို့အတွက်က ဝက်နားရွက်ပြာရောဂါတို့ ကြက်ငှက်တုပ်ကွေးတို့လို ကြောက်စရာမလို၊ တွေ့သမျှအကုန်စားလည်း သွေးမတိုး၊ ဆီးချိုမဖြစ်၊ အသည်းသည်း အဆီမဖုံး၊ နှလုံးသွေးကြောလည်းကျဉ်းစရာမရှိ။

ဪ သူတို့ဘဝလည်း မဆိုးပါဘူးဟု ကျွန်တော် တွေးနေဆဲ ပလူတွေ အစ်ပြုကြီး အခန်းထဲတိုးဝင်လာသည်။ ကျွန်တော့်စာကြည့်စားပွဲက နံရံနှင့်ကပ်အားသောကြောင့် နံရံအထက်ရှိ လေးပေမီးချောင်းတွင် အင်းဆက်ပိုးမျိုးစုံ ရှုပ်ယှက်ခတ်နေအောင် ပျံနေကြ၏။

ကျွန်တော် စာကြည့်၍မရတော့။ ပိုးကောင်တွေဆီ စိတ်ကရောက်သွားသည်။ မီးချောင်းနှင့်ဝင်တိုးသူ၊ အတောင်ညောင်းကာ နားသူနှင့် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင် ပိုးကောင်တွေ ပွနေ၏။ အိမ်မြှောင်တွေ မချိမဆန့် ဗိုက်ကားကျပြီထင့်၊ ရပ်နားသူနား ကိုယ့်နေရာကိုယ် ပြန်သူကပြန်။

စားပွဲပေါ်က ပလူလေးတွေ လျှောက်သွားနေရာမှ တစ်ကောင်နှင့်တစ်ကောင်တွေ့တော့ တစ်ကောင်၏ဖင်ကို တစ်ကောင်ကကိုက်ကာ ဆက်သွားနေကြ၏။ ထူးဆန်းလိုက်တာ။ ကျွန်တော် စိတ်ဝင်စားစွာကြည့်ဆဲ ဖင်အကိုက်ခံထားသည့် ရှေ့ပလူကောင်က သူ့ဖာသာ အတောင်နှစ်ဖက်ကို လှန်ချိုးလိုက်သည်။

ဟင် ဒါဆို ပလူတွေက သူ့ဖာသာသူ အတောင်ကျွတ်တာမှမဟုတ်ဘဲ တကယ်တမ်းက အတောင်ချိုးလိုက်တာ၊ အတောင်ဘာကြောင့်ချိုးလဲဟု ကျွန်တော် ဖေဖေ့ကိုခေါ်မေးတော့ ဖေဖေက တည်တည်ငြိမ်ငြိမ်ပင် မိတ်လိုက်တာဟု ဖြေပါသည်။

ထိုစကား၏အဓိပ္ပာယ်ကို ဖေဖေ မရှင်းပြသော်လည်း ကျွန်တော် တီးမိခေါက်မိတော့ ရှိနေပြီ။ လူပျိုအရွယ် အရိုင်းဆန်ဆန် သွေးသားလန္နိုးမှုအတွက် ရင်ခုန်သံတွေ တေးဖွဲ့ပြီး အိပ်မက်တစ်ခင်းလုံး စိတ်ကူးနတ်သမီးတွေနှင့် ပွင့်ခဲ့သည့် ညတွေလည်း များလှပြီ။

တကယ့်လက်တွေ့ဘဝကျတော့ အနီးစပ်ဆုံးက ကျွန်တော့်အတွက် ရွှေရင်သိမ်းသစ်စ မိဝါသာရှိသည်။ အရွယ်နှင့်အလှကို တစ်ထပ်တည်းကျအောင် မိဝါ မထားတတ်၍သာဖြစ်မည်။ တကယ်တမ်း မိမွေးတိုင်းဖမွေးတိုင်း ပုဏ္ဏာတစ်ပုဒ်လို အဖြေထုတ်ကြည့်လျှင် အာရုံငါးပါးစလုံး ပန်းလိုဝေနိုင်သည်။

အလို ကျွန်တော့်အတွေးစိတ်ကူးတွေက ကိုယ်လုံးကိုယ်ပေါက်နှဲ့ဖွဲ့ထားတဲ့ ရာသီထဲမှာဝဲလို့ပါလား။ စောစောက ပလူတွေ အင်းဆက်တွေ ပိုများလာ၍ တစ်အိမ်လုံး မီးတွေပိတ်ပြီး စောစောအိပ်ရာဝင်ကြသည်။ ကျွန်တော်က အိပ်မရ၊ ကျွန်တော့်အခန်းဘေးပြတင်းမှ တစိမ့်စိမ့်ကြွေနေသော လရောင်ကိုကြည့်ရင်း မိဝါကို သတိရလာသည်။ အိမ်ဘေးအုတ်ကန်တွင် တင်ကျန်နေသော လရိပ်သည် Adriana Lima ၏ရင်ဘတ်လို လုံးဝန်းဝိုင်းစက်၍နေလေသည်။

ကြည့်စမ်း ဖြူနီးစား ဒိုင်းစားကြီး မိဝါကို ကျွန်တော် စိတ်ကူးယဉ်မိသည်မှာ အချစ်တော့မဖြစ်နိုင်။ ဒါဆို ဘာများဖြစ်နိုင်သလဲဟုတွေးဆဲ သက်လုံမကောင်းတော့သော ငါးပါးသီလကြားမှ တစ်ပါးကတော့ ခုန်ဆင်းသွားခဲ့၏။ အားလုံးနားလည်ကြလိမ့်မည်ထင်သည်။ ကျွန်တော်သည် လူပျိုအသစ်စက်စက်ဖြစ်၏





သို့အတွက် မိဝါကို နောက်နေ့ရင်ဖွင့်ရမည့် စကားတွေ စကားလုံးစီကြည့်သည်။

"မိဝါရယ် ငါ့ရဲ့မသိမပွင့်နိုင်သေးတဲ့ မျှော်လင့်ချက်တွေကို ရင်ဘတ်အောက်မှာ ဝှက်ထားရတာလည်းကြာပြီ"

"ကျွတ် ကျွတ် ကျွတ်"

ကျွန်တော် တစ်ယောက်တည်း အသံထွက်ရွတ်ကြည့်တုံး ဘယ်အိမ်မြှောင်က စုတ်ထိုးသလဲမသိ၊ ဗီလင်က အောက်သွားသည်။ တစ်ခါ နောက်တစ်ကြောင်းထပ်တွေးဖို့ ကြိုးစားတော့လည်း အိမ်မြှောင်တွေ အဆက်မပြတ် တစ်ကောင်ပြီးတစ်ကောင် စုတ်ထိုးကြပြန်သည်။ ခဏနေတော့ တစ်ကောင်နှင့်တစ်ကောင် တဂွီးဂွီး တဂဲဂဲကိုက်သံတွေ ကြားရ၏။

ကျွန်တော် ဒေါသနှင့်အိပ်ရာကထပြီး မီးဖွင့်လိုက်သည်။ လူကြီးတွေက ပြောကြသည်။ အိမ်မြှောင်တွေ စုတ်ထိုးလျှင် လာဘ်ပွင့်သတဲ့။ ဘယ်ကလာဟုတ်ရမှာလဲ၊ တကယ်တမ်းတော့ ဘယ်လိုပြောရမလဲ၊ သူတောင်းစားထမင်းဝလျှင် ဟိုဟာဖြစ်ဆိုသလို အိမ်မြှောင်တွေလည်း အစာဝ၍ အဂုာဖြစ်ကြတာပဲဖြစ်သည်။ အမြင်ကတ်ကတ်နှင့် သရေကွင်းနှင့်ပစ်မည်ကြံပြီးမှ မိဝါကို ကျွန်တော် သတိရသည်။ ဝဋ်ဆိုတာ လည်တတ်သတဲ့။ ကျွန်တော် မီးပိတ်ကာ အိပ်ရာပြန်ဝင်ပါသည်။ ညရနံ့က မွှေးပျံ့နေဆဲ။

■ ■ ■

မိုးလင်းခါနီး နှင်းတစ်ပြိုက်နှစ်ပြိုက်ရွာ၍ထင်သည်။ မနက်ဘက် တိုက်ဘေးရှိ စံပယ်ရုံတွင် စံပယ်တွေဖွေးနေအောင်ပွင့်သည်။ မျက်နှာသစ် အဝတ်အစားလဲပြီး စံပယ်ရုံတွင် စံပယ်တွေကို ယုယုယယ ခူးဆွတ်လိုက်သည်။ ပြီးမှ ပလတ်စတစ်အိတ်ထဲ ဖွဖွလေးထည့်ကာ မိဝါဆီပြေး၏။

ကျွန်တော်ထက် အရင်နိုးတတ်သော မိဝါက ကျောင်းဝတ်စုံလေးနှင့် သနပ်ခါးတင်းတင်းလေး လိမ်းကာ မွှေးပျံ့လတ်ဆတ်နေသည်။ ဘာရယ်ကြောင့်မှန်းမသိ ရင်ထဲတွင် လှိုက်မောကြည်နူးသွား၏။ ကျွန်တော် မိဝါကို စံပယ်ပွင့်ဖြူဖြူလေးတွေပေးလျှင် မိဝါ လက်ဖဝါးလေးနှစ်ဖက်ပေါ်တင်ပြီး ခေါင်းငုံ့ကာ မျက်လွှာချရင်း တသိမ့်သိမ့်မွှေးရှိုက်တော့မည်။

ပြီးမှ ရွှန်းမြကြည်လဲ့နေသည့် မျက်နှာဝန်းနှင့် ကျွန်တော့်ကို ပြုံးကြည့်မည်။ တစ်ခါ နှုတ်ခမ်းဖူးလွှာလေးက လေးကိုင်းသဖွယ်ညွတ်၍ မျက်လွှာချရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ကာ ကျွန်တော့်အနား တိုးကပ်လာမည်ဆိုလျှင်တော့ ဖေဖော်ဝါရီလ၏ နှင်းကြေဖွဲတောထဲတွင် ခွေးနှာခေါင်းလို အေးစက်နေတတ်သည့် မိဝါ၏နှာတံချွန်ချွန်လေးကို ကျွန်တော့်နှုတ်ခမ်းပူနွေးနွေးဖြင့် ဖွဖွလေး နမ်းလိုက်မည်ဟု ဆုံးဖြတ်ထားလိုက်သည်။

ထိုသို့ Romance ဆန်ဆန်အတွေးနှင့် ဘာရယ်မဟုတ် ကောင်းကင်ကို မော့ကြည့်မိတော့ ကောင်းကင်ကြီးက တိမ်ဖြူပွင့်တွေကို ခါးတင်ဝမ်းဆက်ချုပ်ဝတ်ရင်း ကိုယ်ဟန်ပြနေသလိုလို၊ ဆောင်းနံနက်ခင်းထဲမှာ တိုက်လာတဲ့ လေပြည်တွေကလည်းမွှေးလို့။

"ရော့ နှင်းအတွက် စံပယ်တွေ ခြွေလာတာ"

"ဒုက္ခရှာလို့ ကျော်ဝင်းရယ်၊ သီပြီးသား စံပယ်တစ်ကုံးကို ဘယ်လောက်မှ ပေးရတာမှမဟုတ်ဘဲ"

ကျွန်တော်ပေးသော စံပယ်ပွင့်တွေကိုယူပြီး ပြောပြောဆိုဆို လွယ်အိတ်ထဲသို့ ဖွစ်ခနဲ ထိုးထည့်လိုက်တော့ ရင်ထဲမှာနင့်ခနဲနေအောင် ခံစားလိုက်ရပြီး ရင်ခုန်သံတွေ ဖျတ်ခနဲ ရပ်စဲကာ စိတ်ဓာတ်လည်း ပြွတ်ခနဲ မြေကြီးထဲကျွံဝင်သွား၏။ ကျွန်တော့်မျက်နှာလည်း ဖုတ်ခနဲမည်း၍ အဲ အိုမင်းရင့်ရော်ကာ ကြွေကျသွားသည်ထင်သည်။

"ဟဲ့ ကျော်ဝင်း လာလေ၊ နင်ကလည်း ဘာဖြစ်နေတာလဲ"

မိဝါက ထုံးစံအတိုင်း သူ့အိမ်တံခါးပိတ်ပြီး လှည့်ထွက်ကာ ခပ်ငူငူကျန်ရစ်သော ကျွန်တော့်ကို လှမ်းမေးသည်။ ကျွန်တော် ဘာမှမပြောဘဲ သူ့နောက်တစ်လှမ်းကွာလောက်မှသာ လိုက်ခဲ့သည်၊ ကျောင်းရှေ့ရှိ ဘောလုံးကွင်းကို ရောက်သည်အထိ မိဝါက သင်္ချာဘယ်အပုဒ်ကဘယ်လိုတွက်ရကြောင်း၊ အင်္ဂလိပ်စာအကြောင်း၊ သီအိုရီတွေအကြောင်းသာ မနားတမ်းပြောခဲ့၏။ ကျွန်တော်က သူပြောသမျှကိုသာ စိတ်မပါဘဲ ခေါင်းညိတ်နေခဲ့သည်။

ရင်ခုန်သံလည်း နားမလည်၊ အချစ်ဆိုတာလည်း ဘာတစ်ခုမှ နားလည်သဘောပေါက်ဟန်မတူသော မိဝါသည် ကျွန်တော့်စိတ်ကူး နတ်သမီးများထဲမှ တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားခဲ့လေသည်။

■ ■ ■



## အခန်း (၃)

လွယ်ကူချောမွေ့စွာ ဖြတ်သန်းခဲ့သော အဌမတန်း စာမေးပွဲအပြီး ကျောင်းပိတ်ရက်များသည် ယခင်နှစ်များလို ကျွန်တော့်အတွက် လွတ်လပ်ပေါ့ပါးသည့် ပျော်ရွှင်မှုများကို မပေးစွမ်းနိုင်တော့ပါ။

ဟိုးအရင်နှစ်တွေကဆိုလျှင် ကျောင်းပိတ်ရက်တွေမှာ ကျွန်တော်တို့ ညီအစ်ကိုချင်းတွေ ဆော့ကစားလိုက်ကြတာမှ ထမင်းမေ့ဟင်းမေ့၊ ရပ်ကွက်ထဲရှိ ယောက်ျားလေးတွေ မိန်းကလေးတွေစုပြီး တူတူပုန်းတမ်း ကစားသည်။

ယောက်ျားလေးတွေဖြစ်လျက် ထုပ်စည်းတိုးတမ်းလည်းကစား၊ ကုလားဖန်တည်းလည်းခုန်၊ ကြိုးတွေလည်းခုန်ကြ၏။ မိန်းကလေးများကလည်း ယောက်ျားလေးတွေနဲ့ ရင်ပေါင်တန်းကာ ကျောပိုးပြီး ဘောလုံးပစ်တန်းပါ ကစားကြသည်။ ဘာအပူအပင်မှလည်းမရှိ၊ ဘာခံစားချက်မှလည်း နားမလည်ကြပါ။

အခုတော့ ကျောပိုးပြီး ဘောလုံးပစ်တမ်းကစားရအောင်ဆိုတော့ မိုးရည်နည်း သည်နည်းနည်း အဖျိုလွှာဖူးပွင့်စပြုနေသော အသားဖွေးဖွေးနှင့် သီတာ



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်ကို လက်ဝါးထောင်ပြသည်။ သူနိုးပလိပ်ဖမ်းတမ်း ကစားရအောင် ဆိုတော့ နှုတ်ခမ်းရှေ့တစ်လက်မလောက် ချွန်ထွက်နေသော စိုးစိုးက 'သေနာ' ဟု တုန့်ပြန်ပါသည်။

တကယ်တမ်း ကျွန်တော်ကိုယ်တိုင်လည်း သူတို့ကို စချင်နောက်ချင်၍သာ မေးမိခြင်းဖြစ်၏။ ကျွန်တော်လည်း ကစားဖို့စိတ်မပါတော့။ အရင်က အဖော်မရှိတောင် အဖေအမေဝယ်ပေးသော အရုပ်ကားကြီးကို ခေါင်း၌ကြိုးနှင့်ချည်ကာ တစ်ဦးတည်း တဝူးဝူးမောင်းနေရလျှင်တောင် ကျွန်တော် ပျော်နေတတ်သည်။

အခုတော့ ဟိုမရောက်၊ ဒီမရောက်အရွယ်မို့ထင်သည်၊ နွေကျောင်းပိတ်ရက်တွေက ပျင်းစရာကောင်းနေသည်။ ကျောင်းနေသူငယ်ချင်းတွေနှင့် တစ်ခါတစ်ရံ တွေ့ဆုံခြင်းမှလွဲပြီး အချိန်တော်တော်များများသည် ခြောက်ကပ်လေးတွဲနေခဲ့၏။

အိပ်ခန်းထဲအောင်းရင်း ခုတင်ပေါ်မှာ MP3 နားထောင်ရတာလည်း ငြီးငွေ့လာပြီ။ ဂျာနယ်တွေ မဂ္ဂဇင်းတွေကလည်း သတင်းကမတိမ်းမယိမ်း၊ နာမည်ကျော်မင်းသမီးတစ်ယောက် ကလေးမွေးလျှင် ထိုသတင်းကိုပဲ ပုံကြီးချဲ့ပြီး ဂျာနယ်မဂ္ဂဇင်းတိုင်း၌ ထည့်ကြရေးကြသည်။ ဖတ်စရာကလည်း တကယ့်ကိုအရှားသား။

တစ်နေ့က သိန်းရွှေကြည် ယူလာပေးသော ဆရာဝန်တစ်ဦးရေးသည့် ဖိုမဆေးပညာပေး စာအုပ်လေးဖတ်ကြည့်မိ၏။ အချစ်ဆိုတာ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း ပေးဆပ်ခြင်း၊ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတွေ ဘာတွေခဏထား။ တကယ်တမ်း အချစ်ဆိုသောအရာက အမြင် (ရူပါရုံ) အကြား (သဒ္ဒါရုံ)၊ အနံ့ (ဂန္ဓာရုံ) အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) ဆိုသည့် အခြေခံလေးချက်မှလာသည်ဟု ဆိုပါသည်။ ကျွန်တော် အလွန်အမင်း ထောက်ခံမိ၏။ ဟုတ်ပါသည်၊ အရင်ဆုံး ရူပါရုံလေး ချောမှ ဖြောင့်မှ ကျွန်တော်တို့ယောကျ်ားသားတွေ ငေးမောခံစားတတ်ကြသည်။

တချို့ကဆိုသေး။ အချစ်မှာမျက်စိမရှိတဲ့၊ လဲသေလိုက်ပါလား၊ ဥပမာ မျိုးမျိုးခိုင်နှင့်နန်းဆုရတီစိုး ဘယ်သူ့ကြိုက်လဲ မေးကြည့်လိုက် ယောကျ်ားသားတစ်ရာလုံး နန်းဆုဟုပင် ဖြေကြပါလိမ့်မည်။ ထိုအရာသည် ရူပါရုံပင်မဟုတ်လား မျက်နှာမှအစ ကိုယ်လုံးကိုယ်ပေါက်အဆုံး ရူပါရုံက အရေးကြီးလှသည်။ ထို့အတွက် မိန်းကလေးတော်တော်များများ လှပမှုရှိစေရန် မျက်နှာတွေပေါင်းတင်ကြ၊ မျက်ခမ်းတွေ အရစ်ဖော်ကြ၊ သွားထဲကို စိန်တွေမြုပ်ကြ၊ နှုတ်ခမ်းတွေအရောင်အမျိုးမျိုး





ဆိုးကြ၊ ကိုယ်လုံးလှဖို့ GYM တွေဆော့ကြ၊ ခြေသည်းလက်သည်းတွေအလှဆင်ကြ၊ နှာခေါင်းတွေခွဲစိတ်ပြုပြင်ကြ၊ ပလပ်စတစ်ဆာဂျရီနည်းဖြင့် ရင်သားတွေ ချိတ်ပြီး စီလီကွန်တွေထိုးသွင်းကြနှင့် အခုခေတ်ကတော့ ကုန်လိုက်သည့်ဖြစ်ခြင်း။

ထိုမျှလောက် အရင်းနှီးကြီးစွာ အကုန်ခံပြီးမှတော့ သူတို့၏အလှလေးတွေကို လူမြင်စေချင်သည်မှာ သဘာဝကျသည်ဟု ကျွန်တော်မြင်ပါသည်။ ကုန်လည်းကုန်ရသေး၊ လူမမြင်အောင် ဖုံးဖိထားရမည်ဆိုလျှင် အစကတည်းက သူတို့ခမျာ အကုန်ခံစရာတောင်လိုမည်မထင်ပါ။ စကပ်တိုတို ပေါင်တံဖွေးဖွေး walking shoe လေးနှင့် ခပ်သွက်သွက်ကလေး လျှောက်သွားသော ကောင်မလေးကို ကျွန်တော် အားပေးလိုက်သည်။

တစ်ခါ စကပ်ထဘီကြပ်ကြပ်လေးနှင့် ထင်းရင်းအောင်လှနေသော ကောင်မလေးက ခြေတစ်ခါလှမ်းတိုင်း တစ်ဖက်မှခွဲထားသော စကပ်ကြောင်းမှ ပေါ်ဝင်၏အလှသွေးက ဘဝပေးကောင်းလှပါလားဟု ကျွန်တော်တွေးရင်း အားပေးလိုက်မိပြန်သည်။

ဒါတွေပြောနေ၍တော့ ကုန်မည်မထင်။ မျက်နှာရူပကာ ချောမွတ်နေအောင်မလှသည့်တိုင် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်ဖြောင့်ဖြောင့်ဆိုလျှင် ကြိုက်ဘူးဆိုသော ယောကျ်ားသား ခပ်ရှားရှားပင်ဖြစ်၏။ ထိုအချက်ကြောင့်ပင် ချည်မလှသော်လည်း ကိုယ်ကာယလှပတောင့်တင်းသော အမျိုးသမီးများက ဆင်မြန်းသော အဝတ်များမှတစ်ဆင့် သူတို့၏အလှကို ဖော်ကျူးကြခြင်းလည်း ဖြစ်နိုင်ပါသည်။

တစ်ခါသဒ္ဒါရုံဟုခေါ်သော အကြားအာရုံကို တွေးကြည့်သည်။ L ဆိုင်းဇီကို လူမမြင်ဘူးသေးဘဲ အသံလေးကြားရုံဖြင့် ကျွန်တော် တော်တော်လေး သဘောကျနှစ်သက်သွား၏။ ကျွန်တော့်နှလုံးသားကို အသံနှင့်ခလုတ်တိုက်သွားနိုင်သူဟုလည်း ဆိုနိုင်ပါလေသည်။

ဂန္ဓာရုံ ဆိုသော အနံ့ကလည်း အတော်လေး အရေးပါလှသည်။ တချို့မိန်းကလေးများ၏ချိုင်းနံ့က အနားမှဖြတ်လျှောက်သွားရုံနှင့် ကျွန်တော် ထိုသူပြီး ဘင်္ဂလားဒေ့ရှ်ရောက်သွားသလား အောက်မေ့မိသည်။ ဘယ်သူမဆို ချွေးနံ့တွေ အနံ့ဆိုးတွေနှင့်စာလျှင် အမွှေးနံ့ကိုပဲ ကြိုက်ကြပါလိမ့်မည်။ ကြိမ်းသေသည်၊ ဘတ်(စ်)ကားစီးတိုင်း မိန်းကလေးတော်တော်များများက ကျွန်တော့်အနား



www.burmeseclassic.com

www.burmeseclassic.com



တိုးကြသည်။ ရေမွှေးနံ့ ရှန်ပူနံ့တွေနှင့် သင်းပျံ့နေသော ကျွန်တော့်ကို ဘယ်သူမ ကပ်ချင်ဘဲ ရှိပါ့မလဲ။

ဖောဋ္ဌဗ္ဗာရုံဆိုသည့် အတွေ့ကတော့ အချစ်ကိစ္စတွင် အထိရောက်ဆုံးပဲ ဖြစ်လိမ့်မည်။ ကျွန်တော်ဖတ်ခဲ့ဖူးသည့် ဇာတ်တော်တစ်ခုတွင် ပဋ္ဌပါပီဆိုသော အင်မတန် ရုပ်ဆိုးသည့်အမျိုးသမီးကို ဘုရင်က လက်ကလေးကိုင်မိရုံနှင့် စွဲလန်း သွားခဲ့သည်။ တကယ်ဆို ဘုရင်ပဲ သိတယ်မဟုတ်လား၊ ဘယ်မိန်းကလေးကိုမဆို ခေါ်ခိုင်းခေါ်ယူ၍ရသည်။ ဒါကိုပဲ ပဋ္ဌပါပီမှ ပဋ္ဌပါပီ ဖြစ်နေသည်။ ဆန်းတော့ အဆန်းသား။ ဒဏ္ဍာရီလည်း ဖြစ်နိုင်ပါသည်။

အတွေ့ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်ရှုံမုန်းတာ တစ်ခုတော့ရှိ၏။ တချို့ယောကျ်ားသားများက ဘတ်(စ်)ကားပေါ်မရှောင်၊ လူစည်သောပွဲဈေးတန်း မရှောင် မိန်းကလေးများနှင့်အတွေ့ကို သာယာချင်ကြသည်။ ရိုးရိုးလောက် ထိ တွေ့ချင်တာဆိုထားဦး၊ တမင်တကာ ယုတ်ယုတ်မာမာ ဖန်တီးတာမျိုးကိုတော့ ကျွန်တော် သေလုအောင်မုန်း၏။

ကိုယ့်နိုင်ငံယဉ်ကျေးမှုအရ ဖုံးဖိထားလေ လူတွေက မမြင်ဘူးတော့ အရိုင်းဆန်ကြလေဖြစ်သည်။ ခုနောက်ပိုင်း အနုပညာရှင်များနှင့် sex နှင့်ပတ်သက် သော အင်တာဗျူးအမေးအဖြေတွေ ဖတ်ရတော့ ကျွန်တော် ကျေနပ်မိသည်။

သဘာဝအရ လူသားတိုင်းမလွှဲနိုင် မရှောင်နိုင်သည့်ကိစ္စမို့ အသိပညာ တွေ တိုးပွားစေချင်သည်။

ဒီမရှောင်နိုင်သောကိစ္စကိုပဲ ဖုံးကြဖိကြဖွက်ကြနှင့် နားမလည်နိုင်အောင် ဖြစ်ရသည်။ ခုလည်းကြည့် သိန်းရွှေကြည်ပေးဖတ်သည့် ဆရာဝန်တစ်ဦး၏ဗိုဓ ပညာပေးစာအုပ်ကိုပဲ ကျွန်တော့်မိဘတွေမသိအောင် အိမ်သာထဲဝင်ပြီး ခိုးဖတ်ရ သည်။

စာအုပ်လည်းပြီးသွားပြီ၊ နွေကျောင်းပိတ်ရက်က နဂိုအတိုင်း ဒုံရင်းဒုံရင်း ပျင်းစရာပဲမို့ ကျွန်တော် အိမ်ခြံတံခါးဝထွက်ကာ အုတ်ခုံလေးပေါ် ထိုင်ရင်း ဟိုငေးဒီငေးကြည့်နေခိုက် လမ်းထဲက တက္ကစီတစ်စီးထွက်လာသည်။ ကျွန်တော် နှင့်ရင်းနှီးသော လူပျိုကြီးကိုသိန်းလွင်၏တက္ကစီကားလေးဖြစ်သည်။

''ဗျို့ ကိုသိန်းလွင် အားသလားဗျ''

ကိုသိန်းလွင်က ကားကို ကျွန်တော့်ရှေ့မှာထိုးရပ်ပြီး ရှေ့ကိုင်းမျက်မှန်





ထဲမှ မျက်လုံးလှန်ကြည့်သည်။

''အေး အားပါတယ်ကွ၊ ဘယ်သွားမလို့လဲ ကျော်ဝင်းရ''

''ဘယ်မှမသွားဘူး၊ အားရင် ကျွန်တော်နဲ့တွဲပြီး ကရအောင်ဗျာ၊ ကျွန် တော်ပျင်းနေလို့''

''အမ် ဘာ ဘာကွ''

ကိုသိန်းလွင် ရုတ်တရက်တော့ ကြောင်သွားသည်။ ပြီးမှ မျက်နှာကြီး ပြုံးကာ ကျွန်တော့်ကို ရှုံ့ရှုံ့ရွဲရွဲ ကျိန်ဆဲသည်။

''ခွေးကောင်လေး နောက်စရာရှားလို့ အခုမှ ကားထွက်လာတာ ဈေးဦး တောင်မပေါက်သေးဘူး ရိုးမှပဲ''

ကိုသိန်းလွင် စိတ်ဆိုးမာန်ဆိုးနှင့် ကားကိုမောင်းထွက်သွားသည်။ ကျွန် တော်ကတော့ အုတ်ခုံလေးမှာ ငုတ်တုတ်ထိုင်ကျန်ရစ်သည်။

မတ်အလွန် ဧပြီနွေက ခြစ်ခြစ်တောက်ပူလွန်းသည်။ ခြံတံခါးရှေ့ အုတ်ခုံ လေးက သစ်ရိပ်အောက်တွင်ဖြစ်သော်လည်း လေပူပူတွေက ကျွန်တော့်ကို ဆော့ဝဲကျီစယ်နေသည်။ တွေ့မြင်နေရသောနေရာမှန်သမျှ နေအပူနှင့်တံလျှပ်နီးတွေ ဆနေသည်။

တစ်နှစ်ထက်တစ်နှစ် ပိုပြီးပူလောင်လာရတဲ့အထဲ ရင်စီအင်္ကျီနှင့် ထဘီ ညှပ်ရှည်ဝတ်ထားသော အမျိုးသမီးများကို ကျွန်တော် အံ့ဩမိသည်။ ဒါလည်း ဖက်ရှင်တစ်မျိုးပဲထင်ပါရဲ့ဟုတွေးရင်း ကျွန်တော် ပတ်ဝန်းကျင်ကို ငေးမိပြန်သည်။ ကုက္ကိုပင်တွေ အမှိုက်သရိုက်တွေ ပတ်ချာလည်နေသော လေပွေအသေးစားလေးက ကျွန်တော်ထိုင်နေသော အုတ်ခုံလေးရှေ့မှာ တစ်ခဏတာ ကျွန်တော့်ကို ကပြ ဖျော်ဖြေသုံးတော်ခံနေသည်။

ပြီးမှ လမ်းမအတိုင်း ဟိုးအဝေးကို လွင့်ပြေးသွားသည်။ စောစောက လေပွေကလေး ကပြသွားသည့်နေရာမှာ အမှိုက်သရိုက်တွေ ကင်းစင်ပြီး ပြောင် လက်သလင်းခါကျန်ရစ်သည်။

ရွက်ခြောက်တွေနှင့်အမှိုက်သရိုက်တွေကို လေပွေလေးကပဲ ညှို့ယူခေါ် ဆောင်သွားတာလား၊ သူတို့ကိုယ်တိုင်ကပဲ လေပွေမင်းသမီးလေး၏ ဂါဝန်စလေးကို မှီတွယ်လိုက်ပါသွားတာလား ကျွန်တော်မသိပါ။

ရှုးကြောင်ကြောင်တွေးရင်း ကြောင်တောင်တောင်ငေးနေမိသော ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့မျက်ဝန်းထဲသို့ ဝင်းအိနုဖောင်းနေသည့် ခြေဖမိုးလေးတစ်စုံ ဝင်ရောက်လာသည်။ တိတိပပ ဝိုက်ညှပ်ပြီး ပန်းနုရောင်ဆိုးဆေးတင်ထားသော ခြေသည်းလေးတွေ၏နောက်တွင် ကြက်သွေးရောင်စိုစို စိန်ကတ္တီပါဖိနပ်သည်းကြိုးလေးက ခြေဖမိုးအိအိလေးထဲနှစ်ဝင်နေ၏။ လေပွေမင်းသမီးရဲ့ခြေဖျားတွေများလား။ အပြာနုနုမှာ အနီ၊ အညို၊ အနက်၊ အဖြူပန်းပွင့်ပန်းစက်လေးတွေပါသည့် ထဘီအနားစ။

ကျွန်တော့်မျက်လုံးတွေ ခြေဖျားမှ ဦးကင်းအထိ တရွေ့ရွေ့ခံစားကြည့်ခွင့်မရလိုက်ခင်မှာဘဲ နာမည်ခေါ်သံကြားသည်။

"ကျော်ဝင်း"

ဒါ လေပွေမင်းသမီးလေးအသံမဟုတ်။ မိဝါဆိုသည့် ဝါဂွမ်းဖြူ၏အသံဖြစ်သည်။ ကဗျာဆန်ဆန် အရသာခံကြည့်နေစရာမလိုတော့၍ ကျွန်တော့်ခေါင်းကို ဆတ်ခနဲမော့ကာ ကြည့်လိုက်သည်။ မိဝါမှ မိဝါအစစ်၊ ကျွန်တော်နှင့် ကစားဘက်ဖြစ်သူ မိဝါက အခုတော့ ပါးနှစ်ဖက်တွင် သနပ်ခါးတင်းတင်းနှင့် ရှုန်ပူနံ့သင်းသည့် မိဝါဖြစ်နေပြီ။

"နင် တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ"

"အမျိုးသမီးတွေရဲ့တစ်ကိုယ်လုံးမှာ အလှဆုံးနေရာက ဘယ်နေရာလဲလို့ ငါစဉ်းစားနေတာ"

မိဝါ ရုတ်တရက် ကျွန်တော့်ပခုံးနားကို ဖျန်းခနဲ ရိုက်သည်။

"ဟ ဘာဖြစ်တာလဲ"

"အကောင်းမေးနေတာကို နင်က ပြောင်ချော်ချော်နဲ့"

"ဩော် ငါကကော အကောင်းပဲဖြေတဲ့ဥစ္စာ"

မိဝါ ဘာမှထပ်မပြောတော့ဘဲ မျက်ခုံးတန်းတန်းလေးတွေ တွန့်ကွေးကြည့်သည်။ ထဘီကို အချိုးအဆစ်ကျနစွာ ဝတ်ဆင်တတ်လာသော မိဝါက အရင်လိုမဟုတ်တော့တာ သတိထားမိသည်။ ကြည့်ပုံ၊ ပြောပုံ၊ ဆိုပုံ၊ နေပုံထိုင်ပုံအစစ ပြောင်းလဲလာသည့် မိဝါက ကျွန်တော်နှင့်ပြေးတမ်းလိုက်တမ်း မကစားတော့။

ဟိတ်ကြီးဟန်ကြီးနှင့် လုံးကြီးပေါက်လှ မိဝါကို ကျွန်တော်လည်း ပါးစပ်နှင့် နောက်ပြောင်ရုံမှလွဲပြီး အရင်လို ဖင်ပုတ်ခေါင်းပုတ်နှင့် ဖက်လှဲတကင်း မနေရဲတော့။





"မိဝါ ပျင်းတယ်ဟာ၊ ငါတို့အရင်ကလို ကျောပိုးပြီး ဘောလုံးပစ်တမ်း ...ဆော့ရအောင်"

"ခွေးကောင်နော် ခွေးကောင် မကြီးမငယ်နဲ့သွား"

မိဝါနှင့်ဆုံလျှင် မနောက်ရ မနေနိုင်သောကျွန်တော်က ထုံးစံအတိုင်း ...နောက်ပြောင်တော့ မိဝါ မျက်နှာလေးရဲကာ တုံ့ပြန်ရုံမှအပ အရင်ကလို ဖေဖေ့ကို ...ည်း မတိုင်တော့။

မိဝါ ညင်ညင်သာသာဖြင့် ကျွန်တော့်နံဘေးအုတ်ခုံလွတ်နေရာလေးမှာ ...ထိုင်သည်။ သနပ်ခါးရနံ့ တစ်အုံတစ်ခဲက ကျွန်တော့်နှာခေါင်းထဲ တိုးဝင်လာ ...သည်။ မွှေးလိုက်တာ။

ကျွန်တော် စောင်းငဲ့ကြည့်တော့ မိဝါက ကျွန်တော်နှင့်ပူးပူးကပ်ကပ် ...ိုင်ဘဲ အုတ်ခုံတစ်ဖက်စွန်းမှာ ကပ်ထိုင်နေတာ ဖြစ်သည်။ ကျွန်တော်နှင့်အရင် ...တို့ထိကာ စကားပြောရမည်ကို မိဝါ မသိမသာ ရှုံ့နေပုံရသည်။ ရှမ်းအဆင့် ...ကျော်လွန်ဖြတ်သန်းခဲ့သော မိဝါသည် လူငယ်များအတွက် စိုလဲ့ရွှန်းမြသည့် ...ိုးသစ်ဖြစ်မည်မှာ သေချာသည်။

ကျောင်းမှာ မိဝါသတင်းက မွှေးသည်။ သို့သော် ကျွန်တော့်အတွက် ...သည် မိဝါသာဖြစ်လေသည်။

■ ■ ■

သင်္ကြန်လက်ဆေးမိုးတို့ သွန်းဖြိုးကြိုင်လှိုင်လေပြီ။ တစ်နှစ်တွင် ဆယ် ...ကြိမ်မက ပွင့်ချင်သည့်ရက်ပွင့်သော ပိတောက်တို့ အခုလည်း ဟိုတစ်စု သည်တစ် ...ု တစ်ပွင့်တကျဲပွင့်ကြသည်။ သင်္ကြန်ဆိုတာကလည်း ခုနောက်ပိုင်း ပိတောက်ရနံ့ ...ထက် အရက်နံ့က ပိုလှိုင်နေတတ်ခဲ့တာ ကြာပြီ။ ကျွန်တော် အိပ်ရာမထမီပင် ...ပိတောက်နံ့က အိပ်ခန်းထဲထိရောက်လာသည်။

အိပ်ရာထ ကိုယ်လက်သန့်စင်ကာ အိမ်ပြင်ထွက်တော့ သင်္ကြန်၏အရိပ် ...က ကိုယ်ထင်ပြနေပြီ။ မနက်ဖြန်ဆို သင်္ကြန်အကြို။ လမ်းထိပ်ဘက်ရှိ ရေကစား ...မှ သင်္ကြန်သီချင်းစမ်းသော DJ ပွတ်သံများ ကြားနေရသည်။ မူးကြ ...ကြ ပျော်ကြ၊ ဖော်ကြနှင့် ရင်ခုန်စရာတော့အကောင်းသား။

"ကျော်ဝင်းရေ ကျော်ဝင်း"

ကျွန်တော် မနက်စာ မစားရသေးခင် မိဝါ အပြေးကလေး ခြံထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ကျွန်တော့်ကိုတွေ့တွေ့ခြင်း လက်မောင်းမှဆွဲကာ ပိတောက်ပင် ရှိရာသို့ ခေါ်သည်။

''ကျော်ဝင်း ငါ့ကိုပိတောက်ပန်း ခူးပေးပါဟယ်နော်''

''အံမာ နင် ခိုင်းချင်တိုင်း ခိုင်းလို့ရမယ့်ကောင်မှတ်နေလား မိဝါ ရုပ်ကို ကြည့်စမ်းပါ''

ကျွန်တော့်ကိုယ်ကျွန်တော် လက်ညှိုးပြန်ထိုးရင်းပြောတော့ အမြဲတမ်း ဆတ်ဆတ်ထိမခံ တုံ့ပြန်တတ်သော မိဝါက သည်တစ်ခါ မျက်နှာလေးရှုံ့ကာ မျက်ရည်ဝဲပါသည်။

''ငါက နင့်ကိုခင်လို့ ခူးခိုင်းတာပါ၊ ငါ့မှာယောကျ်ားလေးအဖော်ဆိုလို့ နင်ပဲရှိတာ''

ကျွန်တော် စိတ်မကောင်းဖြစ်သွား၏။ ကိုယ်က ခါတိုင်းလိုပဲ နောက် ပြောင်ပြောမိသည်ကို ငိုမဲ့မဲ့ဖြစ်သွားသော အချိုးပြောင်းလွန်းသည့် မိဝါကို သနား ကရုဏာသက်မိသည်။

''နောက်တာပါ မိဝါရယ်၊ နင်ကလည်း နည်းနည်းလေးမှကို အပြော မခံတော့ဘူး။ ငါ ခူးပေးမှာပါ၊ အေး ဒါပေမဲ့ ဒီနေ့သင်္ကြန်အကြိုရဲ့အကြိုနော်''

''နင့်ဟာ ဘာလဲဟ၊ မနက်ဖြန်မှ သင်္ကြန်အကြိုပါ''

''မရှည်နဲ့ဟာ ငါ နင့်ကို ဒီနေ့ပဲရေလောင်းချင်တယ် လာခဲ့''

ကျွန်တော် မိဝါကို ပိုင်စိုးပိုင်နင်း လက်ဆွဲကာ ခြံတွင်းရှိ အုတ်ကန်ဆီ ခေါ်လာခဲ့သည်။ မိဝါ ဘာမှမငြင်းဘဲ ကျွန်တော်နှင့်အတူပါလာသည်။ ကန်ထဲမှ ရေတစ်ခွက်ခပ်ယူပြီး မိဝါ၏ဦးကင်းထက်မှစကာ လောင်းရန်ဟန်ပြင်သည်။

''ဟယ် ကျော်ဝင်း ငါ့ကိုခေါင်းတော့ မလောင်းပါနဲ့နော်''

မိဝါ မျက်လုံးလေးပြူးကာ အလန့်တကြား လက်ကလေးခေါင်းကို ကာမိုးရင်း ငြင်းသည်။ ကျွန်တော်ဆိုသည့်ကောင်ကလည်း သူများမကြိုက်တာမှ လုပ်ချင်သည့် လူစားမျိုး။

''မရဘူး သင်္ကြန်ရေလောင်းပါတယ်ဆိုမှ ခေါင်းကစလောင်းမှ ဖြစ်မှာ ပေါ့''

''မ မလုပ်ပါနဲ့ ကျော်ဝင်းရယ်၊ ငါ တကယ်နေမကောင်းလို့ပါ''

''မဖြစ်နိုင်တာ နင့်ပါးမှာ သနပ်ခါးအဖွေးသားနဲ့ ရေချိုးပြီးတဲ့သူက





…ကောင်းဘူးဆိုတာ ငါ မယုံဘူး လောင်းမယ်''

''ကျော်ဝင်းရယ် တောင်းပန်ပါတယ်၊ ငါလေ တကယ်နေမကောင်းတာပါ''

ကျွန်တော့်ရေခွက်ကို လက်တစ်ဖက်နှင့်လှမ်းလုရင်း အတင်းရှောင်နေ …ာ မိဝါကို ကျွန်တော်လည်း ရအောင်လောင်းဖို့ ကြိုးစားသည်။

''ဟဲ့သား ဖိုးကျော် မလောင်းနဲ့၊ မိဝါကိုရေလောင်းရင် ရိုးရိုးပဲလောင်း၊ …င်းကမလောင်းနဲ့၊ သူ နေမကောင်းဘူးဆိုတာ ဟုတ်တယ်''

ဒုက္ခပါပဲ ဘုမသိဘမသိ ရောက်လာသည့်မေမေက မိဝါဘက်မှဝင် …နေ၍ ကျွန်တော် နားမလည်သလို မေမေ့ကို ပြောပြသည်။

''သူ ရေချိုးပြီး သနပ်ခါးလိမ်းထားတာလေ မေမေရဲ့''

''ဩော် ခက်ပါလား၊ သူနေမကောင်းတာ မင်းမသိပါဘူး၊ အမျိုးသမီး …တွေ သား နားလည်တာမဟုတ်ဘူး၊ ပခုံးကပဲလောင်းပါကွယ်''

ကျွန်တော် နည်းနည်းတော့ အူသွားသည်။ ဒါပေမဲ့ ထိတ်လန့်နေသော …မျက်နှာနှင့် ဖွတ်တားနေသည့် မေမေကြောင့် စောဒကမတက်ဖြစ်တော့။ …အသော အကြောင်းအရာတစ်ခုဟု မှတ်ယူကာ ဘာမှမမေးတော့ဘဲ မိဝါကို …သက်မှ ရေတစ်ခွက်လောင်းလိုက်သည်။

''ငါ့အတွက် ပိတောက်ပန်းခူးပေးမယ်ဆို''

မေမေ အိမ်ထဲပြန်ဝင်သွားတော့ မိဝါ တောင်းဆိုသည်။ ကျွန်တော် …ည်ိတ်ကာ ပုဆိုးကိုတိုတိုပြင်ဝတ်သည်။ ပိတောက်ပန်းဆိုတာ တံချူနှင့် …ွင် အထိမခံဘဲ ကြွေကျတတ်တာ ကျွန်တော်သိသည်။ ထို့ကြောင့် အပင်ကြီး … မျောက်တစ်ကောင်လို တွယ်တက်လိုက်သည်။

''ကျော်ဝင်းရေ အဲဒီအကိုင်းက အပွင့်ကျဲတယ်၊ နင့်ခေါင်းပေါ်ကအကိုင်း …မှ အပွင့်တွေ တစ်ပွင့်ကြီးဖြစ်နေတာ''

''မိဝါ နင်အောက်က မော့ကြည့်ပြီး လိုချင်တာ စွတ်အော်မနေနဲ့၊ … ငှတီးငှကျခူးနေရတာဟ''

ကျွန်တော် စိတ်တိုတိုနှင့် ပြန်အော်ရင်း မိဝါပြောသည့် ခေါင်းပေါ်က …ိုင်းဆီ လက်နှင့်လှမ်းဆွဲကာ လုစ်ခနဲ လှမ်းခူးသည်။

''ဟယ် ကျော်ဝင်း နင် နင်''

''ဘာလဲဟ နင်ပြောတဲ့ တစ်ပွင့်ကြီးခဲနေတာကို ရအောင်လှမ်းခူးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ မမြင်ဘူးလား''

''ဟို အဲ မြင် မြင်တယ် အဲ''

အပင်အောက်က မိဝါ အသံလေးတိတ်ကာ ခေါင်းငုံ့သွားသည်။ ကျွန်တော့်မှာတော့ သူလိုချင်သည့်အခက်က ဝွဆုံမှအကိုင်းတစ်ဖက်ဆီမှာ ဖြော တစ်ချောင်းဆီထောက်ကာ ခူးရသည့်မို့ သက်စွန့်ဆံဖျားဆန်လှ၏။

''ကျော်ဝင်း နင်အပင်ပေါ်က ဆင်း ဆင်းခဲ့တော့''

``ဟ ဘာဖြစ်တာလဲ တော်ပြီလား။ တစ်ကိုင်းပဲရသေးတာ၊ ဘုရားပန်း လည်းတင်မယ်ဆို''

''တော် တော်ပြီ ငါ မော့မကြည့်ရဲ အဲ ဟို''

''အံမယ် အောက်ကနေတဲ့သူက မော့ကြည့်ရမှာကြောက်သလော ဘာလေးနဲ့ ပြုတ်ကျမှာက ငါပါဟ''

ကျွန်တော် သစ်ပင်ပေါ်က ပြန်ဆင်းတော့ ပိတောက်ခက်တွေကို ရင်ခွင် ပိုက်ထားသော မိဝါမျက်နှာလေး ရဲရဲနီနေသည်။

''ကဲ ကျေနပ်ပြီလား မယ်မင်းကြီးမ၊ အပင်ပေါ်တက်ရတာ မလွယ်ဘူး ဟ၊ ပုဆိုးကြီးနဲ့ဆိုတော့ ပိုဆိုးတယ်''

''ငါသိတယ် အဲ ဟို ငါသွားမယ်''

ကျွန်တော် စကားမဆုံးခင် ရှက်သလို ရွံ့သလို မျက်နှာလွှဲကာ မိဝါ ပြေးထွက်သွားသည်။ ကျေးဇူးတင်စကားလေးတောင် ပြောမသွားသော မိဝါကျော ပြင်ကိုကြည့်ရင်း ကျွန်တော် အတွေးများစွာဖြင့် ကျန်ရစ်သည်။

■ ■ ■

မနေ့က ရင်ကော့ဝင့်ထည်ခဲ့သော ပိတောက်တို့သည် ယခုတော့ ကျွန်တော့်ခြေဖဝါးအောက်တွင် ခယဝပ်တွားကာ ဆီးကြိုကြသည်။ ပိတောက်ကို မြတ်နိုးလွန်းလှသော မိဝါသည် ပိတောက်၏ထွက်သက်ကို လာရောက်၍အသိအ မှတ်မပြုခဲ့၊ မြေတလင်းတွင် ဖရိုဖရဲ ခင်းကျင်းသော ပိတောက်တို့အတွက် မေမော အုန်းတံပြက်နှင့် လှဲကျင်းသကြိုဟ်နိုင်းခဲ့သည်။

ခြံဝင်းအပြင်ဝတစ်ဖက်တွင် ပိတောက်ပွင့်အမှိုက်ပုံလေးအားကြည့်ရင်း ပိတောက်ကိုချစ်သည်ဆိုသော မိဝါဆီ အတွေးရောက်၏။ ထိုအဖြစ်က မိဝါ၏ မြတ်နိုးတွယ်တာတတ်မှုအပေါ် ကျွန်တော် ယုံကြည်ကိုးစားရန် တစ်စထက်တစ်စ





လျှော့ပေးနိုင်သော အချက်ပင်ဖြစ်သည်။

ခြံဝင်း၏ပြင်ပရှိ မြေတလင်း၌ ပိတောက်ပွင့်ကြွေတချို့ ပြန့်ကျဲနေပုံကို ကျွန်တော် ငေးမောနေဆဲ ပွင့်ကြွေများရှိရာနေရာသို့ ရောက်လာသော အမျိုး သမီးတစ်ဦးကို သတိပြုမိ၏။ ဟိုတစ်စ သည်တစ်စ ကြွေကျနေသည့် ပိတောက် ပွင့်လေးတွေကိုမှ ယုယစွာ ကောက်ယူနေသော အမျိုးသမီးကြီး၏မြင်ကွင်းက ထူခြားမှုတစ်ခုကို တမ်းတမက်မောတတ်သော ကျွန်တော့်အတွက် စိတ်ဝင်စား စရာဖြစ်နေသည်။

ထိုအမျိုးသမီးကြီးမှာ မိဝါတို့အိမ်မှ အိမ်ဖော်ဆိုသူ ကရင်မကြီး နော် ဂေးစေးဖြစ်သည်။ သူ့အနားရောက်တော့ ကျွန်တော့်ကိုမမြင်ဘဲ ပိတောက်ပွင့် ကြွေများကို တယုတယကောက်ယူနေသည့် ကရင်မကြီး နော်ဂေးစေးအား မိဝါ ခေါ်သလိုပင် နှုတ်ဆက်လိုက်၏။

''ဂေဂေး ပိတောက်ပန်းတွေကို ကြိုက်သလား''

''ငါသိပ်ကြိုက် သိပ်ချစ်ပဲဝေ့''

တနင့်တပိုးနိုင်သော သူ့စကားကြောင့် ကျွန်တော် သဘောကျသွား သည်။

''ဒါဆို အပင်မှာကျန်တဲ့ပိတောက်တွေ ကျွန်တော် ခူးပေးမယ်''

''နေပါစေ ကောင်လေးရယ်၊ ကောက်မယ့်သူမရှိတဲ့ ပိတောက်တွေကို ငါ သနားတယ်''

ကြည့်ဦး ကောက်မယ့်သူမရှိတဲ့ ပိတောက်တွေကို သနားသတဲ့။ ဂေ ဂေး၏နှလုံးသား ဤမျှနူနယ်မှန်းသိရ၍ သူ ပိတောက်တွေကို သနားသလိုပင် ကျွန်တော်လည်း ဘာကြောင့်မှန်းမသိ ဂေဂေးကို သနားပြီးခင်တွယ်သွားသည်။

ဂေဂေးအနားတွင် သူလိုပဲ ထိုင်ကာ ကျွန်တော် ပိတောက်ပွင့်လေးတွေ ကောက်ယူပေးမိသည်။

''ကျေးဇူးပဲ ကောင်လေး၊ နင် ရေပက်ခံမထွက်ဘူးလား၊ နင့်သူငယ်ချင်း တွေကတော့ သူငယ်ချင်းတွေနဲ့ သွားပြီဝေ့''

''ကျွန်တော်တော့ ဘယ်မှကိုမသွားချင်ဘူး''

ဂေဂေးက ကျွန်တော့်ကို အထူးအဆန်း သတ္တဝါတစ်ကောင်ကိုကြည့် သလို စောင်းငဲ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



''နင်ကတော့ အထူးအဆန်းပဲ၊ ကဲ ကဲ ငါပြန်ဦးမယ်၊ လုပ်စရာအလု တွေ ရှိသေးတယ် ကောင်လေးရေ''

ကျွန်တော့်ကိုနှုတ်ဆက်ပြီး ဂေဂေး ထပြန်သည်။ ဆံပင်ရှည်တွေကို ဘီးစပတ်ရစ်ပတ်ထားသော ဂေဂေးကိုကြည့်ရင်း ကျွန်တော့်စိတ်ထဲ ဆန္ဒတစ်ခု ပေါ်လာသည်။

''ဂေဂေး''

ကျွန်တော့်ခေါ်သံကြောင့် လှည့်ကြည့်သည့် ဂေဂေးမျက်နှာမှာ မိဝါလို သနပ်ခါးတစ်မှုံမှမရှိဘဲ ဖြူဖွေးပြောင်တင်းနေသည်။ မျက်ခုံးပါးလျပ်လျပ်၊ မျက်ရစ် တွေကထူထူ၊ မျက်ပေါက်ကျဉ်းကျဉ်း၊ နှာယောင်ပွပွ၊ အောက်နှုတ်ခမ်းထူထဲသော ဂေဂေးက နှစ်လိုဖွယ်ပြုံးနေသည်။

''ဟို ဟိုလေ ဂေဂေးကို ကျွန်တော် ရေလောင်းချင်လို့''

''အို ငါ့ကိုရေလောင်းမယ် ဟုတ်လား၊ မနောက်ပါနဲ့ကောင်လေးရယ် နင်နဲ့ရွယ်တူကောင်မလေးချောချောတွေ အများကြီးရှိတဲ့ဥစ္စာ ကဲ ကဲ သွား ကောင်လေး''

■ ■ ■

ညနေဘက်ရောက်တိုင်း မိဝါတို့ခြံ၏ရေကန်နံဘေး၌ ထဘီကိုပေါင်လယ် ကျော်သည်အထိမ.တင်ကာ အားပါးတရ အဝတ်ထိုင်လျှော်တတ်သော ဂေဂေး ကျွန်တော့်ဘဝ၏ ရင်ခုန်မှုကိုစတင်လှုပ်ခတ်စေခဲ့သူအဖြစ် နောင်တွင် ချောက်ချား စွာ သိရှိခဲ့လေသည်။

လူမသိအောင် ခိုးကြည့်ရင်း ရေစိုနေသော ဂေဂေး၏ကြွက်တွယ အ ကောက်ကြောင်းထဲတွင် အရှက်တရားများ တစ်ခါတစ်ရံ သတိလက်လွတ် ကြွေကျနေပုံက ကျွန်တော့်ကို ရှိန်းခနဲ ဖိန်းခနဲနေအောင် ယစ်မူးစေခဲ့သည်။

ဂေဂေး အဝတ်လျှော်ချိန်တိုင်း ငေးကြည့်ရင်း ကျွန်တော် ဂေဂေး သနားသည်။ ခင်မင်ချင်သည်။ ပြီးတော့ မိန်းမပျိုတစ်ယောက်၏ ဖူးပွင့်ရှမ်းစိုသော သဘာဝအလှကို ကျွန်တော် တပ်မက်လာသည်ထင်၏။

ဝေဝါးသည့် ကျွန်တော်၏အိပ်မက်များအကြား ဖြူဖြူဖွေးဖွေး ဂေဂေး ပေါင်တံက အစားထိုးဝင်ရောက်ခဲ့သည်။ အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိ ဂေ သည် သာမန်မျက်စိဖြင့်ကြည့်လျှင် မလှပါ။ စေ့စေ့စူးစိုက်ပြီးကြည့်ပါကလည်း





ပြုံးမလာနိုင်သော ရွက်ကြမ်းရေကျိုရုပ်မျိုးပင်ဖြစ်သည်။

ထိုရွက်ကြမ်းရေကျိုကြီးက ဘာကြောင့် ကျွန်တော့်စိတ်ကူးထဲ တစ်ရှိန် ဝင်ရောက်နိုင်ခဲ့သလဲဆိုသည်ကို ကျွန်တော်မသိပါ။ ကျွန်တော်သိနေသည်က နေဘက် ဂေဂေး အဝတ်လျှော်တိုင်း အနီးကပ်သွားရောက် မြင်တွေ့လိုသည့် ပြောင်းပြောင်မြောက်သော ကျွန်တော်၏စိတ်ပင်ဖြစ်သည်။ မိဝါတို့ခြံထဲက ရေဘုံ ချိုင်မှာ ဂေဂေး အဝတ်လျှော်နေလျှင် ကျွန်တော် ရောက်သွားတတ်သည်။ ရည်ရွယ်မဟုတ် စကားမရှိ စကား ရှာကာပြောဖြစ်သည်။

''ဂေဂေး အဝတ်တွေလျှော်နေတာလား''

''ဟဲ့ ကောင်လေး လျှော်နေတာ မြင်ရဲ့သားနဲ့ မေးနေရသေးတယ်''

''မဟုတ်ဘူးလေ ဂေဂေးရဲ့ အဝတ်တွေများလို့မေးတာ''

''များမှာပေါ့ နင့်သူငယ်ချင်းမိဝါက အပျိုဖြစ်နေပြီဆိုတော့ တစ်နေ့ လေးစုံလောက်ကို လဲချင်နေတာ''

နဖူးမှ ဆံစကိုသပ်တင်ရင်းပြောသော ဂေဂေးစကားကြောင့် ကျွန်တော် ဝင်စားကာ မျက်ခုံးများပင့်တက်သွားခဲ့သည်။

''အပျိုဖြစ်တယ်ဆိုတာ ဘာကိုကြည့်ပြီးပြောတာလဲဟင် ဂေဂေး''

ဂေဂေးအနားတွင် ဆောင့်ကြောင့်ဝင်ထိုင်ကာ ကျွန်တော် မရဲတရဲ တော့ ဂေဂေးက ကျွန်တော့်ကိုလှမ်းကြည့်ပြီး ပြောသည်။

''ကောင်လေးရယ် ရှင်းပါတယ်၊ လင်ယူသားမွေးလို့ရတဲ့အရွယ်ပေါ့''

ဂေဂေး၏ ပွင့်လင်းမှုကတော့ ရှင်းပါသည်။ ထိုမျှရိုးသားပွင့်လင်းသော ဂေဂေးနှင့်ဆုံတိုင်း ကျွန်တော်ရင်ခုန်နေတတ်သည်မှာ အချစ်ပင်ဖြစ်လိမ့်မည် ပင်ပါသည်။ ထိုအချက်အတွက် လူသိခံရမှာကို ကျွန်တော်အလွန်ရှက်သည်။ သော် ဖြူဖြူဖွေးဖွေး စူစူဖြိုးဖြိုး ဂေဂေးကကျွန်တော်ကို အချိန်ပြည့် ကိုယ်ဟန် နေသည်။

ကျောင်းတွင် လူငယ်တွေကြား၌ သတင်းကြီးသော မိဝါကို ချစ်သူအဖြစ် အများရှေ့ အသိအမှတ်ပြုခံရပါလျက် ကျွန်တော် ဘာကြောင့် မိဝါကိုတပ်မက် တာလဲ မသိပါ။ ကျွန်တော် တပ်မက်စွဲလန်းမိသော ဂေဂေးအကြောင်းကို ည်း သူငယ်ချင်းရှေ့မှောက်မှာ ဝန်မခံရဲ အသိမပေးဝံ့ပါ။

တွေးကြည့်ရုံနှင့်ဒီကောင်တွေ ကျွန်တော့်ကို ဝိုင်းဝန်းချီးမြှောက်ကြမည်



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးများကို ကြားယောင်နေသည်။ 'ဘာကြောင့်တာလဲဟ ကြိုက်စရာရှားလို့' 'ဟုတ်ပ့ါ အိုဗာပူးကောင်ပဲ' 'သောက်ရူး ကိုယ့်အမေလောက်ရှိတဲ့ အဘွားကြီးကိုမှ သွားပြီး ပြစ်မှားနေတယ်' အစရှိသဖြင့် ကျွန်တော်မျက်နှာမဖော်ရဲလောက်အောင် ဝိုင်းနှာကြမှာသေချာသည်။

ကျွန်တော့်အရွတ္တအတွင်းစိတ်မှာ ငုံဖူးနေသော အချစ်အတွက် ကျွန်တော်ရင်ဆိုင်နိုင်ရန် အားမွေးမြူသည်။ ကျွန်တော်နှင့်ဂေဂေးအသက်ထက်ဝက်လောက်ကွာတာလည်း ပြဿနာမဟုတ်ဟုထင်သည်။ လွတ်လပ်သော အပျိုတစ်ယောက်အား လူပျိုတစ်ယောက်က စွဲလန်းမိတာ ရာဇဝတ်မှုတစ်ခုကျူးလွန်တာမှမဟုတ်ဘဲဟု ကိုယ့်ကိုယ်ကိုယ် အားပေးရသည်။

ထို့အတွက် ညနေဆီရောက်တိုင်း ဂေဂေးအဝတ်လျှော်ရာ အုတ်ကန်နံဘေးရှိ ရေဘုံဘိုင်ရှိရာသို့ ကျွန်တော် အမြဲစောင့်ကြည့်နေခဲ့သည်။ တစ်ခါတစ်ရံ တစ်ရက်ခြားမှ အဝတ်လျှော်တတ်သည့် ဂေဂေးက ဒီနေ့တော့ ညနေစောင်းသည်အထိ ပေါ်မလာသေး။ ကျွန်တော် ရင်မောသွားသည်။

ခဏကြာမှ ကျွန်တော်၏ရင်သပ်ရှုမောပြကွက်အတွက် ဂေဂေးက အဝတ်များလုံးထွေးထည့်လာသော ပလပ်စတစ်ပုံးပြားကြီးအား ခါးစောင်းတင်ကာ လက်တစ်ဖက်ဖြင့် ထိန်းပိုက်ရင်းထွက်လာသည်။

လှလိုက်တဲ့ရှုခင်း။ ကြည့်စမ်း ဒီနေ့မှ ရှင်ကွဲကွဲနေသော နေနှင့်လက ထူးထူးဆန်းဆန်း တစ်ပြိုက်တည်းထွက်နေတာမြင်ရသည်။ ထိုအလင်းကမ်းပါးထဲတွင် ဂေဂေးက အုတ်ကန်ဘေးဆောင့်ကြောင့်ထိုင်ကာ ထဘီကို ပေါင်လယ်နားထိ လိပ်ပြီး ပင့်တင်လိုက်သည်။ ဆည်းဆာသည် ပိုမိုပြာရီသွား၏။ ကျွန်တော် ရင်တွေခုန်နေသည်။ ပင့်သက်မောကိုတစ်ချက်မှုတ်ထုတ်ပြီး ဂေဂေးရှိရာသို့ ကျွန်တော်သွားသည်။

ဂေဂေးနားရောက်တော့ ဘာကြောင့်မှန်းမသိဘဲ ကျွန်တော် ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ အနီးကပ်မြင်နေရသည့် ဂေဂေးကို ကျွန်တော် မျက်နှာချင်းဆိုင်မကြည့်ရဲသလို မျက်နှာတစ်ဖက်လွှဲရင်း မလိုအပ်ဘဲ ခေါင်းကဆံပင်တွေထဲ လက်ချောင်းတွေထိုးထည့်ကာ ခဏခဏသပ်တင်နေမိ၏။ မှုဟန်ပျက်နေသော ကျွန်တော့်ကို ဂေဂေးကပင် စကားစပြောပါသည်။

"ကောင်လေး ဘာဖြစ်နေကာလဲ"



"ဟို ဟို မေးစရာရှိလို့ ဂေဂေး"

"မေးစရာရှိရင်မေးပေ့ါကောင်လေးရဲ့ ဘာလဲ မိဝါအကြောင်းလား"

"မိဝါအကြောင်းမဟုတ်ဘူး ဂေဂေးအကြောင်းပါ"

"ဟော"

ဟောဆိုသောအသံနှင့် ဂေဂေး ကျွန်တော့်ကို မျက်လုံးလှန်ကြည့်သည်။ တစ်ခါမှမပြောဘူးသောစကားမို့ ကျွန်တော် ရင်တွေအရမ်းတုန်နေသည်။ သို့သော် ဆုံမရဲနှင့်ပင် ကျွန်တော် သွေးတိုးစမ်းရင်းမေးလိုက်သည်။

"ဂေဂေးမှာ ချစ်သူရှိလားဟင်"

"အထူးအဆန်းလုပ်လို့ ကောင်လေးရယ်၊ နင် ငါ့ကိုချစ်ရင် ငါ့ချစ်သူပေ့ါ နင်ငါ့ကိုမုန်းရင် နင်ကငါ့မုန်းသူပေ့ါ"

ကျွန်တော် ရင်တွေတလှပ်လှပ်တုန်ကာ ဂေဂေးကို အရဲစွန့်ပြောကြည့်သည်။

"ဒါ ဒါဆို ကျွန်တော်က ဂေဂေးကိုချစ်တယ်ဆိုရင်ကော"

"နင်ငါ့ချစ်သူဖြစ်သွားပြီ ကောင်လေး"

ဘယ်လောက် အညှာလွယ်လိုက်တဲ့ ဂေဂေးပါလဲ။ ကျွန်တော် ခက်ခဲခက်နဲ့စွာ ကြိုးစားရယူရလိမ့်မည်ထင်သောအရာအတွက် ဂေဂေးက တခဏအတွင်း ဆုံးဖြတ်နိုင်ခဲ့သည်။

"ဒါဆို ဂေဂေးနဲ့ကျွန်တော် ချစ်သူတွေပေ့ါနော်"

"ဒါပေ့ါ ကောင်လေးရဲ့၊ နင် ဘာအရူးထပြီး မေးနေတာလဲ"

ထိုစကားကြားရပြီးကတည်းက ကျွန်တော် ညညကောင်းကောင်း အိပ်မပျော်တော့။ ဖြူလွှင်သော ခြင်ထောင်အမိုးပေါ်တွင် ဂေဂေး၏ရှုဖြိုးသော ခန္ဓာအလှက ကိုယ်ထင်ပြလာသည်။ အရိုင်းဆန်သော သွေးသားဆူဝေမှုနှင့် ကျွန်တော် အိပ်မက်မှ လန့်နိုးတိုင်းလည်း အဝိပ္ပာယ်မရှိ ဂေဂေးရှိရာ တစ်ဖက်ခြံသို့ အိပ်ပြတင်းမှ မျှော်ကြည့်မိစမြဲဖြစ်၏။ အချိန်ပြည့် ဂေဂေးနှင့်တွေ့ချင်နေသည်။

သို့သော် ကျွန်တော့်ဘက်မှ တစ်ဖက်သတ်ချစ်သူဟု သတ်မှတ်ခဲ့သော ဂေဂေးနှင့် ရုပ်ရှင်မကြည့်ဖြစ်ပါ။ ကြည်လင်သော ကောင်းကင်ပြာပြာကို လက်ညှိုးထိုးသေမောရင်း မြက်ခင်းစိမ်းကမ္ဗလာ၌ နှစ်ယောက်အတူ တီးတိုးစကားမဆိုဘူး။ ထိတ်ဆတ်သင်းပျံ့သည့် နှံနက်ခင်းလေပြည်တွင် လက်ချင်းချိတ်ကာ လမ်းမ

www.burmeseclassic.com



လျှောက်ဘူးသေးပါ။ ဂေဂေး၏နွေးထွေးမည့် ကိုယ်ငွေ့ကို မခိုလှုံဘူးပါ။

ထိုသို့ပြောင်းလဲမှုမရှိသည့် နွေကျောင်းပိတ်ရက်၏နောက်ဆုံးသက်တမ်းတွင် ဂေဂေးတစ်ယောက်ခြံစောင့်ကြီး စောဂျူးနှင့် ခိုးရာလိုက်သည့်သတင်းသာ အဖတ်တင်ကျန်ရစ်သည်။ ကျွန်တော် လူမသိအောင်ဆွေးပါသည်။ သို့သော် နာကျည်းစိတ်နှင့် ပေါင်းစပ်သည့်အခါ လွယ်လင့်တကူ ဂေဂေးကို ကျွန်တော် မေ့ပျောက်နိုင်ခဲ့သည်။ အဲဒါ အချစ်လို့ခေါ်ပါသလား။

ဗျူး

{မြင်ကွင်းမဂ္ဂဇင်း၊ အမှတ် ၂၀၉၊
ဖေဖော်ဝါရီ ၂၀၁၂ ခုနှစ်}

# ဗျူး

ဆည်းဆာညို



www.burmeseclassic.com

www.burmeseclassic.com

## ဆည်းဆာညို

### အခန်း (၁)

အမှောင်သည် တစ်စထက်တစ်စ ရင့်ရော်လာသည်နှင့်အမျှ လ၏ ောက်သောအလင်းတွင် မှေးစင်းလျက် အုံ့မှိုင်းပြာရီနေသည်။ ထိုအမှောင်ထဲတွင် လှုပ်လီလှုပ်လဲ့ မီးအလင်းတန်းနှင့် ဆိုင်ကလေးများ တန်းစီနေသည်။ လူလည်း လင်းပြီဖြစ်၍ ဆိုင်အများစုက တံခါးပိတ်ပြီး ဆိုင်သိမ်းနေကြပြီ။

မီးရောင်မြင်နေရသေးသည့် ဆိုင်ခန်းကျဉ်းထဲတွင်တော့ အိုကြီးအိုမ ူတစ်ယောက် တကုပ်ကုပ်နှင့်အလုပ်လုပ်နေဆဲဖြစ်သည်။

"ဘကြီးမွှရေ ခုထိအလုပ်လုပ်နေတုံးလား၊ ခုနစ်နာရီတောင် ထိုးတော့ ယ်"

"ဩော် အေးလေကွာ မောင်လှသောင်း၊ မနက်အစောလာရွေးမယ့် ဟာတွေ လက်စလေးမပြတ်သေးလို့ လုပ်နေတာ"

ဘကြီးမွှက ဇိနပ်တစ်ဖက်ကို ကော်ကပ်၍အမြန်ခြောက်သွားစေရန် ာနှင့်မှုတ်ရင်း ဆိုင်တံခါးဝမှဝင်လာသူ မောင်လှသောင်းကိုပြောသည်။ ခေ တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောင်းပြောင်း ဖိနပ်ပြင် ဖိနပ်ချုပ်လုပ်ငန်း တိမ်ကောမသွားတာ ကံကောင်းသည်ဟုဆိုရမည်။ ဖိနပ်ပြတ်တိုင်း အသစ်တစ်ရံဝယ်စီးဖို့ ခက်ခဲနေသည့်လူတန်းစားတွေရှိနေသရွေ့ ဘကြီးပွ အလုပ်လုပ်နေရဦးမည်ဖြစ်သည်။

ဒါတောင် အရင်ကလောက် အလုပ်မကောင်းတော့။ ကန်ထရိုက်တိုက်တွေပေါ်လာတော့ ဘကြီးပွအလုပ်ကို ထိခိုက်လာသည်။ မဆီမဆိုင်ဟု ထင်သယောင်ရှိသော်လည်း ဘကြီးပွလုပ်ငန်းနှင့် တိုက်ရိုက်ပတ်သက်နေ၏။ ကန်ထရိုက်တိုက်တော်တော်များများ၏အခန်းဖွဲ့စည်းပုံက ညှော်ခန်းကိုဖြတ်ပြီးမှ အိမ်ရှေ့ဘက် ဝရန်တာရှိ ဖိနပ်စင်ရှိရာသို့ရောက်တတ်သည်။

သည်တော့ လာသမျှဧည့်သည်အများစုက ညှော်ခန်းကိုဖြတ်ရမှာ အားနာ၍ ဖိနပ်တွေကို အပြင်မှာထားတတ်ကြ၏။ ထိုအဖြစ်က အလစ်သမားတို့အတွက် အခွင့်အရေးတစ်ရပ်လိုဖြစ်နေသည်။ ကြွပ်ကြွပ်အိတ်လေးတစ်လုံးနှင့် တစ်ထပ်တက် တစ်ထပ်ဆင်း အခန်းတံခါးဝရှိ ဖိနပ်များကို လွယ်လွယ်ကူကူ လိုက်ကောက်ရုံသာဖြစ်သည်။ ကောင်းသည့်ဖိနပ်၊ မကောင်းသည့်ဖိနပ်အပထား၊ ဖိနပ်အောက်ခံသားရေစိမ်းပါလျှင် ဘယ်လောက်ပင်ဖိနပ်စုတ်ဦးတော့ တစ်ရံသုံးရာဝယ်မည့်သူရှိနေပြီ။

ကောင်းသည့်ဖိနပ်များကလည်း တစ်နေ့တစ်နေ့ အရုံကမနည်း။ ဆိုင်တန်းတစ်ဖက်ထိပ်ရှိ ဖိနပ်ဟောင်းအရောင်းဆိုင်တွင် တစ်ရက်တစ်ရက် လာသွင်းနေသည့် ဖိနပ်တွေက အစုံအလင်။ တစ်ရက်တစ်ရက် ဝင်ငွေက နည်းမည်မထင်။ ဘကြီးပွ တစ်နေကုန် တကုပ်ကုပ်ဖိနပ်ချုပ်ပြီး ရှာ၍ရသည့်ငွေက ဘိုးဘွားရိပ်သာ တန်းဝင်အရွယ် ကိုယ်လင်ကိုယ်မယားနှစ်ယောက် အသက်ဆက်အောင် စားလောက်ရုံသာရှိ၏။

မောင်လှသောင်း စောင့်နေသဖြင့် ဘကြီးပွ သူ့အလုပ်ကို လက်စသပ်သည်။ လှသောင်းက ဘကြီးပွနှင့်တစ်ရပ်ကွက်တည်းသားမို့ အတူပြန်ဖို့ ညနေအလုပ်သိမ်းတိုင်း ဝင်ခေါ်တတ်၏။ ဘကြီးပွ ဖိနပ်ဟောင်းတစ်ရံ လွယ်အိတ်ထဲကောက်ထည့်လိုက်သည်ကိုတွေ့တော့

''ဟာ ဘကြီးပွ ကျောင်းသားတွေလို အိမ်စာယူသွားဦးမလို့လား နောက်နေ့မှလုပ်ပါဗျာ၊ သယ်ရပြုရတာ ရှုပ်ကရှုပ်နဲ့''

''ရော် ခက်တော့တာပဲ၊ ဒီဖိနပ်ကို မင်းမမှတ်မိတော့ဘူးလား၊ ဒါ





မင်းသူငယ်ချင်း ငါ့သားဆယ်တန်းတုန်းက စီးခဲ့တဲ့ဖိနပ်လေ''

ဘကြီးပွက လွယ်အိတ်ပေါက်ဝကို လက်နှစ်ဖက်နှင့်ဟကြည့်ရင်း ပြောတော့ လှသောင်းက အံ့သြသလို မျက်လုံးပြူးကြည့်ရင်း ပြောသည်။

''အစွဲအလန်းကြီးလိုက်တာ ဘကြီးပွရယ်၊ သားရဲ့ဖိနပ်ဟောင်းကိုများ သိမ်းထားရတယ်လို့''

''ဒီဖိနပ်က ရာဇဝင်နဲ့ကွ''

မှန်သည်။ ဖိနပ်ထက် အက္ခရာတင်မထားသော်လည်း ဒီဖိနပ်ဟောင်းတွင် အမှတ်ရစရာအဖြစ်အပျက်တွေ မရေမတွက်နိုင်အောင် ရှိခဲ့သည်။ သားဖြစ်သူ သိန်းရွှေကြည် ဆယ်တန်းရောက်သည့်နှစ်မှာ ဘကြီးပွကိုယ်တိုင် ချုပ်ပေးခဲ့သည့်ဖိနပ်ဖြစ်၏။ ဆယ်တန်းကာလတစ်လျှောက်လုံး အကြိမ်ကြိမ်ပြန်ချုပ်ပြီး စီးနေသွားခဲ့ရရှာသောကြောင့် ဘယ်လိုမှမေ့မရ။

ကျူရှင်မထားနိုင်၊ အကျီအသစ်၊ ပုဆိုးအသစ် လွယ်အိတ်အသစ်မှ ဝယ်မပေးနိုင်အောင် ချို့တဲ့ခဲ့သည့်ကြားမှ မခံချင်စိတ်နှင့် ကြိုးစားခဲ့သော သားကိုယ်တော့ဂုဏ်ယူတင်ခဲ့မိသေးသည်။ အခုတော့ ဘကြီးပွသားက နိုင်ငံရပ်ခြား ဘီယာချက်စက်ရုံကြီးတစ်ရုံတွင် အထွေထွေမန်နေဂျာရာထူးကြီးနှင့်ဖြစ်နေခဲ့ပြီ။ လှသောင်းက ငယ်ပေါင်းမို့ ဒါတွေအားလုံး သိပြီးသားဖြစ်သော်လည်း ဘကြီးပွ ဂုဏ်ယူအားရစွာပြောတိုင်း အလိုက်သင့်နားထောင်ပေးမြဲဖြစ်သည်။

''ကဲ ဘကြီးပွ ပြီးပြီဆိုရင် ကျွန်တော် တံခါးတွေပိတ်လိုက်မယ်၊ ခင်နှင်းဆို အဘွားမျှင်လည်း မျှော်နေလောက်ပြီ''

သံချေးတက်နေသော သွပ်ပြားနှစ်ပြားနှင့်ကာပြီး ဝါးလုံးတစ်ချောင်းဖြင့် ကလန့်လိုက်သည့်အခါ ဆိုင်ကပိတ်ပြီးသားဖြစ်သွားသည်။ ဘကြီးပွနှင့်လှသောင်း နှံ့သိုးဝါးလမ်းမီးရောင်အားကိုးနှင့် အတူတကွ ပြန်လာခဲ့ကြ၏။ ယခုလို အပုပ်ချိန်းဆိုလျှင် လိုင်းကားတွေအားလုံး ညကြီးပိုင်းဆိုသည့်စကားလုံးတွင်တွင်သုံးကာ အခကို နှစ်ဆတောင်းကြတော့မည်။ မနီးမဝေးမို့ ပုံမှန်တစ်ရာကျသင့်သည်ကို နှစ်ရာပေးရတော့မှာလည်း သေချာသည်။ မှတ်တိုင်ရောက်ချိန်အတော်လိုသေးသဖြင့် လှသောင်းက အပျင်းပြေ စကားစသည်။

''ဒါနဲ့ သိန်းရွှေကြည်ဆီက စာလေးဘာလေး မလာဘူးလား ဘကြီးပွ''

''လာပါသကော လှသောင်းရယ်၊ သူ့ခမြာ တာဝန်တွေများတဲ့ကြားက



www.burmeseclassic.com

အချိန်လု စာရေးပြီး မဖြစ်မနေပို့ရှာပါတယ်''

''ဟုတ်လား အင်း ဘာပဲဖြစ်ဖြစ် ဒီနိုင်ငံမှာလည်း ဘီယာချက်စက်ရုံတွေရှိတာပဲဆိုတော့ သိန်းရွှေကြည် ကျွန်တော်တို့ဆီမှာတာဝန်ကျရင် သိပ်ကောင်းမှာပဲနော်''

လှသောင်းစကားကြောင့် ပီတိဖြင့်ပြုံးနေသော ဘကြီးပွ၏မျက်နှာမှာ အလိုမကျသလို မျက်မှောင်ကျုံ့သွားသည်။

''ဟ ဘယ်လိုမှားပြောလိုက်တာလဲ လှသောင်းရယ်၊ ဒီလောက်ခန်းနားကြီးကျယ်တဲ့မြို့ကြီးကနေ ဒီကိုပြောင်းရအောင် ငါ့သားလောက်ကြီးတဲ့ရာထူးမျိုး ဒီနယ်မှာဘယ်ရှိနိုင်ပါ့မလဲ၊ သူ့မှာ တခြားလုပ်ငန်းတွေကလည်း ရှိသေး။ ဝင်ငွေကလည်း သိန်းချီပြီးရနေတာကွ ဟင်း''

''ဗျာ သိန်းရွှေကြည်က အဲသလောက်အထိတောင် ဝင်ငွေကောင်းနေပြီလား''

ဘကြီးပွ ဘာမှမပြောဘဲ ဂုဏ်ယူသလိုမျိုး ပြုံးနေလိုက်သည်။ အတွေးကိုယ်စီနှင့် ကားမှတ်တိုင်သို့ ရောက်လာ၏။ ကားဟောင်းအပ်ပြီး ကားသစ်တွေပေါ်လာသော်လည်း လိုင်းကားစီး လူတန်းစားများကတော့ လျော့ကျ၍မသွား။ ကားမှတ်တိုင်တွင် ဝေစည်ဆဲဖြစ်သည်။

ဘကြီးပွ အပြောအရဆိုလျှင်တော့ သိန်းရွှေကြည်တို့လင်မယားအတော်လေး ကြီးပွားနေသည်ဟု သိရ၏။ သို့သော် ယုတ္တိသိပ်မတန်ကြောင်း လှသောင်းတွေးမိသည်။ တကယ်တမ်း စဉ်းစားကြည့်၊ သိန်းရွှေကြည် အဆင်ပြေနေလျှင် ဘကြီးပွတို့ကို ပစ်ထားစရာအကြောင်းမရှိ။ သူ မခံချင်စိတ်ဖြင့် ဘကြီးပွကို မေးလိုက်သည်။

''ဒါနဲ့ သိန်းရွှေကြည်က ဘကြီးပွတို့ဆီ ပိုက်ဆံမပို့ဘူးလား''

လှသောင်း၏မဆင်မခြင် မေးခွန်းကြောင့် ဘကြီးပွ ရုတ်တရက် ပြန်ဖြေရန် စကားရှာမရသလို ခေါင်းကုတ်နေ၏။ မှုန်ဝါးဝါးလရောင်အောက်တွင် ပျက်ယွင်းနေမည့် သူ့အမူအရာကို လှသောင်း မရိပ်မိအောင် ဘကြီးပွအားထုတ်နေရသည်။

''အေးကွာ ငါ့သားစာရေးတိုင်း အဖေတို့အသက်ကြီးလှပြီ၊ အလုပ်မလုပ်ပါနဲ့တော့၊ သား မှန်မှန်ငွေပို့ပေးပါ့မယ်ဆိုတဲ့ စာကြောင်းက ထပ်တလဲလဲပဲ''

''ဒါနဲ့များ ဘကြီးပွရယ် သားပို့တဲ့ငွေနဲ့ အေးအေးဆေးဆေး ထိုင်စားနေ





ရောပေါ့''

''ဟာကွာ ငါကိုယ်တိုင်က အလုပ်မရှိရင်ကို မနေတတ်တဲ့ဟာ၊ ပြီးတော့ ဦးသားပင်ပင်ပန်းပန်း ရှာထားတဲ့ငွေကို ငါက အခန့်သားထိုင်စားလို့ကောင်းမလား။ သူ့မှာလည်း သားသမီးတွေနဲ့လေ၊ ငါ့မြေးတွေကို ပြုစုပျိုးထောင်ဖို့က ပိုအရေးကြီးတယ်''

ဘကြီးပွ အဖြေကို ဘဝင်မကျသော်လည်း ရှားပါးကားတစ်စီးရောက်လာ၍ နှစ်ယောက်သား မရမက တိုးတက်ခဲ့ကြ၏။ ကျပ်ကျပ်တောက်တောက် ခံနေစော်စော်ကားပေါ် တကွဲတပြား လိုက်လာခဲ့ရသဖြင့် စကားမပြောဖြစ်တော့သော်လည်း ဘကြီးပွ၏အကြောင်းကို လှသောင်း ဆက်တွေးနေမိသည်။

အရပ်ထဲမှာတော့ သူ့သူငယ်ချင်း သိန်းရွှေကြည်က အတင်းအဖျင်းအတင်းရပ်ကွက်၏အဓိကဇာတ်ဆောင် ဖြစ်နေသည်။ အိုမင်းမစွမ်း မိဘနှစ်ပါးကို ပစ်ထားသော သားမိုက်ဟု ကင်ပွန်းတပ်ခြင်းခံရသည်။ ဘယ်လောက်ပဲရာထူးကြီးပြီး ဘယ်ထိအောင် အဆင်ပြေနေပါစေ မိဘကို မသိတတ်သော သားသမီးအရှည်ကမကောင်းနိုင်ဟု လမ်းလူကြီး ဦးငွေမောင်း ဝေဖန်ခဲ့သည်ကို ဘကြီးပွ အစ်ဆင့်စကားတစ်ဆင့်ကြားကာ အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါနာသွားသည်။

ငွေမောင်းသား အရက်သမားမို့ သူ့သားပညာတတ်ကြီးအား မနာလိုဖြစ်ကာ ငွေမောင်းက လျှောက်ပြောကြောင်း အရပ်သိအောင် အော်ကြီးဟစ်ကျယ်ပြန်လည်ပြန်ခဲ့ဖူး၏။

သားနှင့်ပတ်သက်ပြီး ဆတ်ဆတ်ထိမခံသည့် ဘကြီးပွကြောင့် အရပ်ထဲက လူတွေပင် ခပ်တန်းတန်းဖြစ်သွားကြသည်။ ကြာတော့ အကြောင်းသိသူများက ဘကြီးပွသား ကောင်းကြောင်းတော်ကြောင်းတွေသာ ဟန်လုပ်ပြောလာကြတော့သည်။ ထိုအခါမျိုးတွင် ဘကြီးပွ၏မျက်နှာမှာ ပြုံးရွှင်၍ဝင်းပနေသည်။ သူ့သားငယ်ငယ်ကတည်းက တော်ခဲ့ထက်ခဲ့ပုံများကို ထမင်းမေ့ ဟင်းမေ့ ရေပက်မဝင်အောင်ပြောပြတတ်လေသည်။

ဆင်းရမည့်မှတ်တိုင်ရောက်မှ လှသောင်းအတွေးရပ်သွား၏။ ဘကြီးပွနှင့်အတူ ရပ်ကွက်ထဲဝင်လာခဲ့ကြသည်။ ညသည် ဇ.ရှိသူများ စုံလုံးကန်းမိုက်မည့်လောက်အောင် မှောင်နေခဲ့ပြီ။ လမ်းသွယ်ထိပ်မှ ထမင်းဆိုင်လေး မီးလင်းနေ

www.burmeseclassic.com



သေး၏။ သူတို့လို အိမ်ပြန်နောက်ကျတတ်သည့် လက်လုပ်လက်စားများအတွက် ထိုဆိုင်သည် အောက်ဆီဂျင်ပင်ဖြစ်သည်။

"ခဏနော် ဘကြီးပွ၊ ဒီဆိုင်မှာ ဟင်းတစ်ပွဲလောက်ဝယ်ဦးမယ်"

လှသောင်း ဟင်းဝယ်မည်ဆိုမှ ဘကြီးပွ သတိရသွားသည်။ သူပါလာမည့်ပိုက်ဆံနှင့် မီးခွက်ဈေးတွင် တိုလီမုတ်စလေးများဝယ်ပြီး ဟင်းချက်ရန်စောင့်မျှော်နေမည့် ဇနီးဖြစ်သူကို ပြေးမြင်ယောင်မိသည်။

"ဝယ်လေကွာ ငါသွားနှင့်တော့မယ်၊ မီးခွက်ဈေးမှာဟင်းစားဝယ်ရဦးမှာ"

"ဟာ ဘကြီးပွကလည်း အချိန်ကိုလည်းကြည့်ဦး ဈေးသိမ်းရောပေါ့။ ဒီအချိန်မှ ချက်နေရင် ဘယ်တော့ညစာစားမှာလဲ၊ ဟင်းပဲဝယ်သွားတော့၊ အစ်မရေ အမဲနှပ်နှစ်ပွဲ ပါဆယ်ထုပ်မယ်"

လှသောင်းက မပြောမဆို ဟင်းနှစ်ပွဲလှမ်းမှာလိုက်၏။ တားဖို့အချိန်မရလိုက်၊ နိုးရိမ်စိတ်နှင့် ဟင်းတစ်ပွဲဈေးနှုန်း မေးကြည့်လိုက်သည်၊ ဆိုင်ရှင်၏တစ်ရှစ်ရာဆိုသော အဖြေကြောင့် ဘကြီးပွ အယောင်ယောင်အမှားမှားနှင့် သူ့အိတ်ကပ်လေးကို စမ်းမိသည်။

ညစာဟင်းတစ်ခွက်အတွက် ငွေရှစ်ရာကို သူ မသုံးနိုင်ကြောင်း လှသောင်းကိုပြောဖို့ကလည်း ရှက်စိတ်ကြောင့် သူ့တစ်ကိုယ်လုံး ရှိန်းဖိန်းတက်နေ၏၊ စဉ်းစားကြည့် နောက်နေ့အတွက် ဆန်နှစ်လုံးနှင့် ဇနီးသည်ဖို့ ရင်ကျပ်ပျောက်ဆေးဝယ်ရဦးမည်။ မနက်စာ ပဲပြုတ်ဖိုးနှင့်လမ်းစရိတ်ချန်ရဦးမည်။

"နေ နေတော့ ငါမယူဘူး လှသောင်း"

"ဘယ့်နှယ်နေပါစေလဲ ဒီမှာထုပ်ပြီးနေပြီ"

ဘကြီးပွ အမှန်အတိုင်း ဝန်ခံပြောဆိုရန် ဝန်လေးနေမိသော်လည်း အခြေအနေက မပြော၍မဖြစ်တော့။ ရှိသမျှမာနနှင့်သိက္ခာကို ခဏဖယ်ခွာပြီး ပြိတ်တိမျက်နှာပေးနှင့် ဒီနေ့အလုပ်ပါး၍ ငွေသိပ်ပါမလာကြောင်း အသိပေးရသည်။ လှသောင်းက မလျှော့။ သူစိုက်ထားမည် နောက်နေ့မှပြန်ပေးပါဟုဆိုကာ အတင်းပင် အမဲနှပ်ထုပ် ဘကြီးပွလက်ထဲ ထည့်ပေး၏။

အဲဒါမှ ဒုက္ခ၊ အိမ်တွင်တစ်နေ့ဝမ်းစာ တစ်နေ့ခက်ရာခက်ဆစ် ရှာဖွေဖြေရှင်းနေရသောဘကြီးပွအဖို့ လှသောင်း၏အကြွေးရှစ်ရာက ဂုတ်ခွစီးပြီး လည်ထစ်ညှစ်လိုက်သလို ဖြစ်နေ၏။ လမ်းလျှောက်ရင်း လက်ထဲဆွဲလာသည့် အမဲနှပ်ထုပ်





ကြီး ခန်ထုပ်ဝန်ပိုးကြီးတစ်ခုလို လေးလံလာသည်။

"ဘာပဲပြောပြော သိန်းရွှေကြည် ငွေမပို့နိုင်ရင်တောင် အဝတ်အစားအထုပ် ဘာလေးနဲ့တော့ တစ်နှစ်တစ်ခါဆိုသလို လာကန်တော့ဖို့ကောင်းပါတယ်"

အဆက်အစပ်မရှိ ပြန်စလာသည့် လှသောင်း၏စကားကို တုန့်ပြန်ရန် ဘကြီးပွ အဆင်သင့်မဖြစ်ခဲ့၊ သားကို အပြစ်တင်သလို စွပ်စွဲလာသော စကားအား ချေဖျက်နိုင်မည့်စကားလုံးများကို အပူတပြင်း တွေးတောစဉ်းစားသည်။ ကြာကြာငြိမ်နေ၍ မဖြစ်နိုင်သည့်အတွက် ပါးစပ်ထဲရှိတာ ပြောချလိုက်၏။

"ဟား အဝတ်အစားတွေပို့တာများ ငါ့ဆီမှာ အောတိုက်လို့"

"ဟင် ဘကြီးပွ ဝတ်တာလည်း မတွေ့ပါလား"

ဘကြီးပွ ခြေလှမ်းတုန့်ခနဲ ဖြစ်သွားသော်လည်း ချက်ချင်းပင်ဖြေရှင်းသည်။ သားပို့လိုက်သည့်အကောင်းစားအဝတ်အစားများက သူလုပ်နေသည့်အလုပ်နှင့်မအပ်စပ်သဖြင့် နှမြောပြီး မဝတ်တာဟု အကြောင်းပြသည်။ သူ့ကိုကြည့်နေသည့် လှသောင်းကြောင့် မလုံမလဲနှင့်ကိုယ်ပေါ်က အင်္ကျီကိုညွှန်ပြပြီး ဒါလည်း သားပို့ပေးတဲ့အင်္ကျီပဲဟု ပြောလိုက်သည်။

ဘကြီးပွ စကားကြားတော့ လှသောင်း တအံ့တသြဖြစ်သွားသည်။ ဘကြီးပွ ဝတ်ထားသော အင်္ကျီကိုစေ့စေ့ကြည့်ရင်း လွန်ခဲ့သောလက အဖြစ်တစ်ခုကို အမှတ်ရသွားသည်။ ထိုနေ့က ဘကြီးပွ အဝတ်ဟောင်းတန်းဝင်ကာ ထိုအင်္ကျီကို ဝယ်ယူနေသည်ကို သူကိုယ်တိုင် အမှတ်တမဲ့ လှမ်းမြင်ခဲ့ခြင်းဖြစ်၏။

သားဖြစ်သူ၏ တာဝန်မဲ့မှုကို အတင်းကာရော ဖာထေးနေသည့် ဘကြီးပွအား လှသောင်း သနားကရုဏာသက်မိ၏။ ဘကြီးပွ ရှက်သွားမည်စိုး၍သာ သိဟန်ဆောင်နေလိုက်ရသော်လည်း လှသောင်း ရင်ထဲမကောင်းတော့ချေ။

"အဝတ်အစားလောက်တော့ စကားထဲထည့်ပြောမနေပါနဲ့တော့ လှသောင်းရာ၊ တစ်လောကပဲ တီဗီအောက်စက်နဲ့ ရေခဲသေတ္တာကို လူကြုံနဲ့ပို့လိုက်သေးလို့ ငါ့မှာ မနည်းတားယူရတာ၊ မင်းသိတဲ့အတိုင်း တို့ဆီမှာ မီးရှိတာမှမဟုတ်ဘဲ"

ထပ်ကွန့်လာသည့် ဘကြီးပွစကားကြောင့် လှသောင်း ဘာမှထပ်မပြောနိုင်တော့အောင် နှုတ်ဆွံ့သွား၏။ ဘကြီးပွ၏သားအပေါ်ထားသော အနိုင်းမဲ့မေတ္တာကြောင့် လှသောင်း ကြက်သီးတစ်ဖြန်းဖြန်းထသွားသလို ဘကြီးပွကို မသိမသာ



www.burmeseclassic.com

www.burmeseclassic.com



ငဲ့စောင်းကြည့်ရင်း မျက်ရည်များပင် ဝေ့ဝဲလာမိ၏။ အိမ်ရှိရာလမ်းသွယ်ကို ရောက် လာ၍ လှသောင်း ဘကြီးပွကို နှုတ်ဆက်ပြီးလမ်းခွဲခဲ့သည်။

ကောင်းကင်တွင် လင်းလက်နေသော ကြယ်တချို့၏အလင်းငယ်ကို အားပြုရင်း သူ့အိမ်ရှိရာသို့ ဦးတည်ခဲ့၏။ ခုချိန်ဆိုလျှင် အမယ်ကြီး ဆာနေရှာ တော့မှာပဲဟုတွေးရင်း တလှုပ်လှုပ်ဆက်လျှောက်လာခဲ့၏။ အမဲနှပ်တစ်ထုပ်မျိုး အကြွေးတင်ခဲ့တာသိလျှင် အမယ်ကြီး မျိုကျတော့မည်မထင်။

သူ့တဲအိမ်လေး၏ပတ်လည်တွင် ခြုံနွယ်ပိတ်ပေါင်းများစွာနှင့် ထူပိန်း အုံ့မှိုင်းနေသည်။ ပေါက်ပြဲကျိုးပဲ့နေသော အိမ်ထရံပေါက်များကြားမှ တစွန်းတစ် ပြာထွက်နေသော ဝါကျင့်ကျင့်အလင်းသဲ့သဲ့ကို တွေ့တော့ သူ့ဖနီးတစာစာပူဆာ ခဲ့သည့်စကားကို အမှတ်ရသည်။

အမယ်ကြီးက ခြံစည်းရိုးလေး သပ်သပ်ရပ်ရပ်နှင့် ထရံပေါက်များ လုံလုံ ခြုံခြုံရှိလျှင် ကောင်းမည်ဟု မကြာခဏ တစ်ခုတ်တရ ပြောတတ်၏။ နေ့စဉ် ဖိနပ်ဟောင်းမှန်မှန်ချုပ်ရမှ ပါးစပ်လှုပ်နိုင်သည့်ဘဝအတွက် အပိုကုန်စရာစရိတ် မျိုးမရှိ၍ ဘကြီးပွ ဒေါသထွက်ကာ ပြောဖူးသည်။ မလိုအပ်ဘဲ ဘာကိစ္စလုံခြုံ ချင်နေရတာလဲ၊ ငါတို့အိမ်မှာ သမီးပျိုလည်းမရှိဘူး။ မင်းလိုအိုနာရွတ်တွကြီးကို ဘယ်လိုလူမျိုးက လာချောင်းကြည့်ချင်မှာလဲဟု မာမာထန်ထန် ပြောပစ်ခဲ့၏။

အမယ်ကြီး တုံ့ပြန်သောစကားကို ပြန်ကြားယောင်တော့ ဘကြီးပွ ပြုံးမိ၏။ မဆီမဆိုင် အဟောက်ခံလိုက်ရသဖြင့် အောင့်သက်သက်နှင့် အမယ်ကြီး ပြန်တွယ်လိုက်သည့်စကားက မှတ်သားလောက်သည်။ ဘာတဲ့ အမလေးလေး အအိုဆိုတာလည်း တစ်ခါက အပျိုစင်ပါပဲတော်တဲ့လေ။

အိမ်ရှေ့တံခါးပိတ်ထားတာတွေ့၍ အတွေးတို့လွင့်စင်ကာ စိတ် ထင့်ခနဲဖြစ်သွားသည်။ ခါတိုင်းဆို အမယ်ကြီး အိမ်ပေါက်ဝက မျှော်နေ ဒီနေ့မှ ထူးထူးဆန်းဆန်း တံခါးစေ့ထားသလို အသံဗလံလည်း တိတ်ဆိတ် သည်။ သူ တုန့်ဆိုင်းလေးလံမှုနှင့် အိမ်တံခါးကို အသာအယာဖွင့်လိုက်သည်။

အိမ်အတွင်းခန်းမှ ရှိုက်သံသဲ့သဲ့က သူ့အားဆီးကြိုနေသည်။ ရင် ထင့်ခနဲ ဖြစ်သွားပြီး အခန်းထဲသို့ သူအလောတကြီး ပြေးဝင်ခဲ့၏။ တစ်စထ တစ်စ ရဲရင့်လာမည့်ဆောင်းအတွက် ရှိုက်သံတစ်ဝက်နှင့် စောင်စုတ်တစ်ထည် ဖာထေးချုပ်ပိုးနေသော အဘွားမျှင်ကို တွေ့ရသည်။





"အမယ်ကြီးရယ် ဘာများဖြစ်ရပြန်သတဲ့လဲ"

အမေးနှင့်အတူ နွေးထွေးလှိုက်လှဲသော ရင်ခုန်သံပါ လျှောကျစီးဆင်း သည်ထင်သည်။ အလင်းအားနည်းသော မှုန်ရီရီအရိပ်တွင် မျက်လုံးတို့စုံတွေ့ ကြသည်။ အမယ်ကြီးက ထိခိုက်ကြေကွဲမှုကို ထိန်းသိမ်းရင်း တိုးညင်းညင်း ပြော၏။

"ဟိုလေ နေ့ခင်းက ဦးအောင်တင့်ကြီးအိမ် ကျွန်မရောက်ခဲ့တယ်"

"ဘာကိစ္စနဲ့လဲ"

"ဘာရယ်တော့ မဟုတ်ပါဘူး၊ အသက်အရွယ်အိုမင်းရင့်ရော်ပြီး သား ာက်သမီးခံမရှိတဲ့သူတွေကို ဦးအောင်တင့်က အလှူသဘောမျိုး ဆီတစ်ပိဿာ ဆန်ဆယ်ပြည်ပေးတယ်လို့ မအိချိုကဆွယ်တာနဲ့ ကျွန်မလိုက်သွားမိတာ"

အမယ်ကြီးက တုန်တုန်ယင်ယင်နှင့်ပြောရင်း မျက်ရည်တွေ တတွေ စီးကျလာသည်။ အငမ်းမရ သိချင်စိတ်ကြောင့် ဘကြီးပွ ထပ်တလဲလဲမေးမိ သည်။

"ပြောဦးလေ အဲဒီတော့ ဘာဖြစ်သလဲဆိုတာ"

"အဲဒါကို ဦးအောင်တင့်ကပြောတယ်၊ သားသမီးထောက်မှုမရှိတဲ့သူကို သူကလှူတာတဲ့၊ ခင်ဗျားသားက မြို့မှာရာထူးအကြီးကြီးနဲ့ ဝင်ငွေကောင်း သတဲ့၊ ပြီးတော့ ရှင်ကိုယ်တိုင်က ပတ်ဝန်းကျင်မှာ သားကမြို့ကနေ ကျုပ် ငွေပို့တယ်လို့လျှောက်ပြောထားတော့ ဦးအောင်တင့်က ကျုပ်တို့ကို သူ ာအထဲမှာ မပါဘူးလို့ ပြောလိုက်တယ်"

"ဘာကွ"

ရုတ်တရက် ဆောင့်ထွက်လာသောဒေါသကြောင့် ဘကြီးပွ မျက်လုံးတို့ ာ လက်ထဲတွင်ကိုင်ထားသည့် အမဲနှပ်ထုပ်ကလေးအား ကျူထရံသို့ စ်ပေါက်လိုက်သည်။ တသိမ့်သိမ့်ရှိုက်ငင်နေသည့် အမယ်ကြီး တစ်ကိုယ် န့်တက်သွား၏။ ဒေါသမပြေနိုင်သေးသည့် ဘကြီးပွက ထိုင်လျက် ရှိုက်ငင် ာ အမယ်ကြီးကို လက်ညှိုးငေါက်ငေါက်ထိုးကာ အော်ပြော၏။

"မင်းမှာ ဦးနှောက်နည်းနည်းလေးတောင် မရှိတော့ဘူးလားကွ၊ မင်း ်လို့ အစကတည်းက သွားသလဲ"

"ကျုပ် ကျွန်မ တစ်ဝမ်းတစ်ခါးဝဖို့အတွက် မဟုတ်ပါဘူးတော်၊ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



ဆီက အကူအညီမရတဲ့သူတွေကို လှူတယ်ဆိုလို့ ရိုးရိုးတန်းတန်းသွားမိတာ ပြီးတော့ မလောက်မငနဲ့ ရုန်းကန်နေရတဲ့ ရှင့်အတွက်လည်း သက်သာစေချင်လို့ စေတနာနဲ့သွားမိတာ''

ရင်ထဲတွင် နာကျင်ထိခိုက်ခံစားသွားမိသော်လည်း တစ်ဖက်မှ သား၏ ဂုဏ်သိက္ခာအတွက် ဖြစ်ရသည့်စိတ်ကြောင့် ရှက်ရမ်းရမ်းမိပြီထင်သည်။

''တော် မင်းပါးစပ်ပိတ်ထားလိုက်စမ်း၊ ဒီလောက်ထိ မက်မောမှုရှိရင် ရော့ကွာ ရော့ရော့''

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည့် ဘကြီးပွကာ အကျႌအိတ်ကပ် ထဲမှ ငွေစက္ကူအနွမ်းလေးများကို ထုတ်ပြီး လုံးချေကာ အဘွားမျှင်ဆီသို့ ပစ်ပေါက် ပေးလိုက်သည်။ ထင်မှတ်မထားသောအရာမို့ အဘွားမျှင် အံ့ဩထိတ်လန့်သည် ဘကြီးပွအား မျက်လုံးတစ်ချက်လှန်ကြည့်ပြီး မျက်နှာကို လက်ဖဝါးနှစ်ဖက်နှ အုပ်ကာ ခေါင်းငုံ့၍ရှုံးပွဲချငိုသည်။

''အေး အဲဒီပိုက်ဆံနဲ့ မင်းဗိုက်ကို ကြိုက်သလောက်ဖြည့်၊ ငါ့အတွက် ဘာတစ်ခုမှ မစဉ်းစားနဲ့၊ မင်းတစ်ခုမှတ်ထားဖို့က ငါ့သားအရာရှိကြီး ဂုဏ်သိက္ခာ အောင် ဒီလိုအပြုအမူမျိုး နောင်မင်းဘယ်တော့မှ မလုပ်ပါနဲ့၊ ဒါ နောက်ဆုံးဖြစ် စေ''

ပြောပြီးပြီးချင်း ဘကြီးပွက အဘွားမျှင်ရှေ့မှ လှည့်ထွက်သွားသည် အသိပေးနှုတ်ဆက်သလို တိုးဝင်လာသော ဆောင်းလေကြောင့် အိမ်တွင်း ဖယောင်းတိုင်မီးအလင်းငယ်သည် လှုပ်ယမ်း၍ ငြိမ်းတော့မလို တုန်ခါသွား ဘကြီးပွအခန်းတွင်းမှ ထွက်လာရာမှ ခေါင်းရင်းပြတင်းပေါက်တွင် လက်ထော ရပ်သည်။ တိမ်ပျိုမက မျက်ရည်တစမ်းစမ်းနှင့် လမ်းသလားနေသလားထင်ရသည်

ဘာတစ်ခုမှ ထပ်မပြောနိုင်အောင် ဆို့နင့်လွန်းသောရင်နှင့် အဘွားမျှ ကျူထရံတွင် ပေကျံနေသည့်ဟင်းဖတ်များကို ရေဝတ်နှင့်လိုက်သုတ်သည်။ ကြောသန့်စင်ပြီးသည့်အခါ ငြိမ်းခါနီး ဖယောင်းတိုင်မီးအား ငြိမ်းသတ်၍ အိမ် တန်းဝင်ခဲ့သည်။

ညစာအဖြစ် ဘာဆိုဘာမှ မစားရသေး၍ ဖြစ်ပေါ်လာသည့် ဝမ်းဗ လောင်မှုထက် ရင်၏ဆာလောင်မှုကြောင့် အဘွားမျှင်၏မျက်ဝန်းမှ မျက်ရည် ဝေ့ဝဲစီးကျလာပြန်သည်။





''သြော် မြို့ကြီးပြကြီးမှာ ရာထူးကြီးကြီးနဲ့ချမ်းသာနေတဲ့သား အလိမ္မာ ကြီးတဲ့လား' ဟုတွေးရင်း လက်ဖမိုးနှင့် မျက်ရည်များကို အသာအယာ သုတ် လိုက်သည်။ သစ်ပင်အိုထက်မှ မဆီမဆိုင် အိုဗာတိုင်းဆင်းသော ဥသြငှက်တစ် ကောင်၏တွန်ကျူးမှုကြောင့် ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းသည့် အတိတ်နှင့်အတူ သား၏ပုံရိပ်တို့က အဘွားမျှင်၏အတွေးထဲ တရိပ်ရိပ်မြင်ယောင်လာလေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော့ မယ်မျှင် ငါတို့သားအတန်းထဲမှာ ပထမရသတဲ့"

မယ်မျှင် အဝတ်ဟောင်းများ ခြတွင်း၌လျှော်နေစဉ် သားငယ်ကျောင်းကြို့ပြီးပြန်လာသည့် လင်သား၏ဝမ်းသာအားရ လှမ်းပြောသံကြောင့် မယ်မျှင်လည်း ရင်ခုန်ကြည်နူးသွားသည်။

"ဟယ် ဟုတ်လား၊ လာစမ်းပါဦးသားရယ် အမေ့ဆီကို"

အမေ့ရင်ခွင်သို့ ပျော်ရွှင်ကြည်နူးစွာ တိုးဝင်လာသည့်သား၏မျက်နှာကို နေရာလပ်မကျန်အောင် မယ်မျှင် နမ်းလိုက်သည်။

"သားကို အမေတို့ ဘာဆုပေးမလဲဟင်"

သား၏ကြည်နူးပျော်ရွှင်စွာပြောသော စကားက သူတို့နှစ်ဦး၏ရင်ထဲတွင် နှင့်ခနဲနေအောင် ခံစားလိုက်ရသည်။ တစ်နယ်တစ်ရပ်တွင် အဆောင်ထား၍ ပညာသင်ပေးရသော စရိတ်သည်ပင် သူတို့နှစ်ဦးပင်ပန်းစွာ ရှန်းကန်ခဲ့ရသည်။

"ပေးမှာပေါ့သားရဲ့၊ သား ဘာလိုချင်လဲဆိုတာသာပြော"

မငုံမရဲနှင့်လှမ်း၍ပြောသော ခင်ပွန်းဖြစ်သူ၏အကြည့်ကို မယ်မျှင် မကြည့်





၍ မျက်နှာလွှဲထားလိုက်သည်။ စာတော်သောသားလေးက ငါးတန်းပင်ရောက်ပြီ၊ သား၏ပထမရသည့်အောင်မြင်မှုအတွက် ဗုဒ္ဓဘာသာဝင်မိဘများပီပီ ရှင်ပြုချင်သော်လည်း လတ်တလော အခြေအနေက မဖြစ်နိုင်သေး၍ ရင်ထဲ၌ မရဲ ခံစားနာကျင်နေမိသည်။

"ငါ့သားလေးကို ရှင်ပြုပေးချင်လိုက်တာ"

သား၏ပခုံးနှစ်ဖက်ကို ကိုင်ကာ မျက်ရည်များဝေ့ကာပြောနေသော ခင်ပွန်းကိုကြည့်ရင်း မယ်မျှင့်ရင်ထဲ စို့နင့်လာသည်။

"တစ်နေ့တော့ ဖြစ်လာမှာပေါ့ အစ်ကိုရယ်"

■ ■ ■

ထိုအသိတစ်ခု မယ်မျှင်၏ရင်ထဲသို့ စိုက်ဝင်သွားသည့်နေ့မှစ၍ ခင်ပွန်းသည်မသိအောင် အလုပ်နိုးလုပ်သည်။ ခင်ပွန်းသည်အလုပ်သွားသောအချိန်တိုင်းတွင် ငွေကြေးအတန်အသင့်ပြည့်စုံသော ဦးတင့်လွင်၏အိမ်တွင် တောက်တိုမယ်ရများလုပ်ရင်း လုပ်အားခရှာသည်။

အဝတ်လျှော်၊ မီးပူတိုက်၊ အိုးခွက်ပန်းကန်ဆေး အစရှိသည့် အောက်ခြေအလုပ်များကို လုပ်ပေးသည်။ ဦးတင့်လွင်နှင့်ဇနီးမမကြီးတို့ကလည်း မယ်မျှင်၏ ရည်ရွယ်ချက်ကို သိသဖြင့် တတ်အားသရွေ့ ကူညီပံ့ပိုးကြသည်။

တစ်အိမ်လုံး သူ့ခြေသူ့လက် လုပ်ပိုင်ခွင့်ရထား၍ အိပ်ခန်းထဲက လျှော်ရမည့်အဝတ်တွေ ဝင်ယူရင်း ဒီနေ့မမကြီးအသံမကြားရသလို လူကိုလည်း မမြင်မိသဖြင့် စိတ်ထဲထင့်သွားသည်။ အတွေးစတစ်ခုနှင့် စိုးရိမ်စိတ်ဝင်လာစဉ်မှာပင် နောက်ဘက်မှ သိုင်းဖက်လာမှုကို အထိတ်တလန့် ကြုံလိုက်ရသည်။

အိမ်ရှင်ဦးတင့်လွင်ကို ရမ္မက်ဖောဖောနေသောမျက်နှာနှင့်တွေ့လိုက်ရ၍ အလန့်တကြား ရုန်းထွက်သော်လည်း အခြေအနေက မပေးတော့၊ သန်မာသော လက်အင်၊ ပြင်းပြသော ရမ္မက်တို့နှင့် စိတ်သွားတိုင်းကိုယ်ပါနေသူကို အကြောက်တရားနှင့်တောင်းပန်တိုးလျှိုးခြင်းနှင့်သာ တုန့်ပြန်နိုင်ခဲ့၏။ ဦးတင့်လွင်က သူ့ဆန္ဒပြည့်ဖို့ အားထုတ်သလို မယ်မျှင်လိုတာမှန်သမျှ ထောက်ပံ့မည်ဟုလည်း မြူဆွယ်ပြောရှာသည်။

"ဦး ဦးရယ် ကျွန်မ ရှိကြီးခိုးပါရဲ့၊ ကျွန်မတောင်းပန်ပါတယ်ရှင်"

မယ်မျှင် အသေအလဲ အထပ်ထပ်တောင်းပန်သော်လည်း ထွားထွား



www.burmeseclassic.com

www.burmeseclassic.com



ဝေ စိုစိုပွင့်ပွင့်နှင့် မယ်မျှင်၏ပေါင်တံဖွေးဖွေးဒွေးချိုးအား ဦးတင့်လွင်က ကိုလေသ မြင်းနှင့်သာ ခုန်းဝိုင်းနေလိုက်သည်။ အ,တီးအ,တ ရှိုးစင်းသောတောသူမို့ တု ရန်ထက် ဒူးတာဆတ်ဆတ်တုန်သည်အထိ ကြောက်စိတ်ကသာ လွှမ်းမိုးထ သည်။ အချိန်၏လျှင်မြန်စွာ တိုက်စားဝါးမြိုမှုသည် တစ်ဘဝစာနှင့် ညီမျှသွား ထင်သည်၊ နှမ်းနယ်မောဟိုက်တုန်လှုပ်စွာ ရှိုက်ငိုနေသော မယ်မျှင့်အား ဦးတင့်လွ နွတ်ခမ်းကို လျှာဖြင့်တစ်ချက်သပ်ပြီး ချောက်လန့်ပြောဆို၏။

"မယ်မျှင် ငါ့ကိုသေချာကြည့်စမ်း၊ ဒီကိစ္စ တခြားသူတွေသိလို့ကတော ညည်းကိုသတ်ပစ်မယ်မှတ်၊ ရှင်းအောင်ပြောမယ်၊ ညည်းယောကျ်ားရော ညည ကလေးတွေရော လောကမှာအသက်ရှင်လျက်မြင်ချင်သေးရင် ဘယ်သူမှမသိစေ အေး ညည်းသာနှုတ်လုံမယ်ဆိုရင်တော့ ဟောဒီမှာတွေ့လား ညည်းဘဝအတွ ညည်းသားရှင်ပြုဖို့တစ်သက်လုံး မျှော်မှန်းလို့မရတဲ့ငွေတွေ ငါကူညီလိုက်မ ဟုတ်ပြီလား"

သေလုအောင် အားပါးတရ ကိုက်ဆွဲကုတ်ဖဲ့သတ်ပစ်လိုက်ချင်ပေမ ဖြစ်ပြီးသွားသည့်ကိစ္စကတော့ ဘာမှမတတ်နိုင်။ အခုသူပြောပုံအရဆိုလျှင်တော သားလေးကို ရှင်ပြုပေးချင်သည့် လင်ယောကျ်ား၏ဆန္ဒရော ကလေးအတွက်ရေ ပြေလည်သွားတော့မည်ဖြစ်သည်။ အဆိုးထဲက အကောင်းဟုတွေးမည်ဆိုလျှ တော့ သူ့ကိုပင် ကြဲဖန်ပြီး ကျေးဇူးတင်ရမလိုလို၊ အို မတတ်နိုင်ပါဘူး လူယုတ် ကြီးဟုသာ တွေးမိသည်။ တကယ်တမ်းတော့ ဦးတင့်လွင်ပေးလိုက်သည့်ငွေ အထပ်လိုက်ကို လက်ခံယူပြီးသားဖြစ်နေ၏။ တကယ်ဆို ရုပ်ရှင်တွေထဲကလ ငွေထုပ်နှင့် ဦးတင့်လွင် မျက်နှာကို ကဲဟယ် ကဲဟယ်ဆိုပြီး ပယ်ပယ်နယ်န ပစ်ပေါက်ပစ်လိုက်ဖို့ကောင်းတာ။ သို့သော် တကယ့်လက်တွေ့ဘဝက ငွေထု ကိုယူ၍ ရင်တွေခုန်ကာ အိမ်ကို ဘယ်ခြေလမ်းတွေနှင့်များ ပြန်ရောက်ခဲ့သည်မ

တစ်နေ့ကုန် ရင်တုန်ပန်းဘုန်နှင့် ကိုယ်လက်တွေ မသယ်ချင်လော အောင် လေးလံလွန်း၍ ဘာအလုပ်မှမယ်မယ်ရရ လုပ်၍မရ။ ညနေစောင်းတော ခင်ပွန်းသည့်ပွကြီး ပြန်ရောက်မှ အားပြန်ပြည့်လာသလို၊ သို့သော် ရလာသည့်ငွေ တွေအတွက် တစ်ခါမှမလိမ်ဘူးသော လင်ယောကျ်ားအား သည်တစ်ကြိမ်တော မပြစ်မနေ လိမ်ညာရတော့မည်။

"ဟာ ဖြစ်နိုင်တာ မင်း ဒီငွေတွေ ဘယ်ကရတယ်ဆိုတာပြော



နှစ်လုံးတွေ ဘာတွေမဟုတ်တာတွေများ မင်းလျှောက်လုပ်နေလား မျှင်"

ခင်ပွန်း၏အသံကြောင့် ဆတ်ခနဲ တုန်သွားသော မယ်မျှင်က ဝေ့ဝဲလျက် ရှိသည့် မျက်ရည်တို့ကို ကမန်းကတန်း မျက်နှာလွှဲသုတ်ပြီးမှ ပွကြီးကိုပြုံးကြည့် သည်။

"အစ်ကို့ကို မျှင်ဘယ်တုန်းကများ လိမ်ခဲ့ဖူးလို့လဲ အစ်ကိုရယ်၊ တကယ် ပြောတာပါ၊ အထည်ချုပ်ရုံပိုင်ရှင် ဒေါ်ဝင်းက မျှင့်ကိုအလုပ်ခန့်ပြီး မျှင်အကူအညီ တောင်းလို့ ဒီငွေကို ကြိုထုတ်ပေးတဲ့သဘောပါ၊ တဖြည်းဖြည်းမှ လစာနဲ့ဖြတ်တဲ့"

"ဒါနဲ့များ ဘာလို့မျက်ရည်ကျနေတာလဲ မျှင်ရယ်"

"ဟိုလေ သားကိုရှင်ပြုပေးချင်တဲ့ အစ်ကို့ရဲ့ဆန္ဒကို ဖြည့်ခွင့်ရတော့ မ်းသာလွန်းလို့ပေါ့ အစ်ကိုရယ်"

မယ်မျှင်ကပြောပြီးပြီးချင်း ပွကြီး၏ပေါင်ပေါ်သို့ မျက်နှာအပ်ကာ မှီနွဲ့ ပြီးမျက်ရည်ဝဲသည်။ အစ်ကို့ဆန္ဒပြည့်ဖို့ မျှင့်ဘဝတစ်ခုလုံး ပေးဆပ်လိုက်ရတာပါဟု တစ်သက်လုံး ပြောဖြစ်တော့မည်မထင်။

စီးကျလာသည့် မျက်နှာထက်ဆီမှ စွန်းထင်းသွားသော မျက်ရည်များက သနပ်ခါးနံ့လေးကို ပွကြီး နွေးထွေးစွာ ရှူရှိုက်လိုက်မိသည်။

"အစ်ကိုလည်း ကြိုးစားပြီး ဖဲ့ဆပ်ပေးမှာပေါ့ မျှင်ရယ်"

"အစ်ကို အရမ်းဝမ်းသာသွားလားဟင်"

"ဘယ်လိုပြောလိုက်တာလဲ မျှင်ရယ်၊ သားရှင်ပြုရမယ့်ကိစ္စဟာ အစ်ကို့ ဘဝ ပြီးတော့ အစ်ကို့ရဲ့အကြီးမားဆုံး မျှော်လင့်ချက်၊ အစ်ကို့ရဲ့အဖြစ်ချင်ဆုံးဆန္ဒ"

မျှင့်ရင်ထဲတွင် သိမ့်ခနဲနေအောင် ကြည်နူးသွားသည်။ ခင်ပွန်းဖြစ်သူ၏ အဖြစ်ချင်ဆုံးဆန္ဒတဲ့။

ကျေနပ်လိုက်တာ၊ ဘဝတွင်မိသားစုအတွက် ကြည်နူးချမ်းမြေ့မှုတစ်ခု သာ ရခဲ့မည်ဆိုလျှင် ဘယ်အရာနှင့်ပဲ ပေးဆစ်ရ ပေးဆပ်ရ မယ်မျှင် ကျေနပ်နေ မိမည်မှာ အမှန်ပင်ဖြစ်သည်။

■ ■ ■

ရင်ထဲမှ ကြေကွဲမှုနှင့်အတူ လိပ်ခဲတည်းလည်းရှိခဲ့သောအရာများ မြို ခင်းသွားအောင် ကူညီပေးသည့် ဒေါ်ဝင်းကိုတော့ မယ်မျှင် တကယ်ပင်ကျေးဇူး တင်ပါသည်။ ဒေါ်ဝင်းသာ အလုပ်မခန့်ခဲ့လျှင် ငွေတွေရလာသည့်ကိစ္စ ခင်ပွန်း

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်အောင် ဖြေရှင်းနိုင်စရာအကြောင်းမရှိ။

ကံကောင်းထောက်မစွာ ရလာသည့်အလုပ်ကို မယ်မျှင် ကြိုးစားလုပ်သည်။ အလုပ်ရှင်ဒေါ်ဝင်းကို ကျေးဇူးရှင်တစ်ယောက်လို သဘောထား၍ အလုပ်အပေါ် စေတနာထားသည့်အတွက် ဒေါ်ဝင်းကလည်း ကျေနပ်သည်။ လင်ရော မယားပါ အလုပ်အဆင်ပြေသဖြင့် သားယေ်ကို တတ်စွမ်းသမျှ ပံ့ပိုးနိုင်ခဲ့ကြသည်။

သို့သော် ကံကောင်းခြင်းတွေက ညှော်သည်လို ခဏတဖြုတ်သာ အလည်လာခဲ့သည်လားမသိ၊ ပို၍စီးပွားလာဘ်လာဘ မြင်တတ်သည့်ဒေါ်ဝင်းတို့က မြို့ကြီးပြကြီးသို့ ပြောင်းရွှေ့ကာ လုပ်ငန်းတိုးချဲ့လိုက်၏။ မယ်မျှင်က လိုက်မသွားနိုင်တော့ အလုပ်လက်မဲ့ဖြစ်ကာ ကျန်ရစ်သည်။

အဖော်မင်တတ်လွန်းသော အကုသိုလ်က ကံဆိုးမှုကိုအလည်ခေါ်လာပြန်သည်။ တစ်နေ့တော့ ပွကြီး သွေးဝမ်းဒလဟောသွားပြီး မြို့ဆေးရုံကိုတင်လိုက်ရ၏။ ရှိသမျှငွေလုံးပါးပါးသည့်အပြင် ခင်ပွန်းအသက်ဆက်အောင် သွေးသွင်းရသည့်ကိစ္စကိုလည်း မယ်မျှင်ပဲဖြေရှင်းခဲ့ရသည်။

လိုနေသောငွေကြေးအတွက် ဒေါ်ဝင်းလည်း သူ့အနားမှာ မရှိတော့၊ ခင်ပွန်းအားအသက်လုရန်အတွက် ကြံရာမရသည့်အဆုံး ဦးတင့်လွင်ဆီ မယ်မျှင် အရဲစွန့်သွားပြီး အသနားခံကြည့်သည်။ ဦးတင့်လွင်က အပေးအယူမျှသည့် လင်သားတစ်ယောက်လုံးရဲ့အသက်အတွက် ဒီဟာလေးက ဘာခက်တာမှတ်လို့တဲ့ သေမထူးနေမထူးထက်တော့ တစ်ရည်သာမည်ထင်၏။ ခေါင်းကလေးတစ်ချက် အညိတ်မှာ ဦးတင့်လွင်က တစ်ထောင့်တစ်ညမင်းသမီးနှင့် ခရီးတွေမှာချင်တိုင်း မှားခဲ့သည်။

ခင်ပွန်းသည်၏အသက်အတွက် အသွေးကိုယူယူ အသားကိုပဲယူယူ မယ်မျှင် အံကြိတ်ရင်း ကြည်ဖြူပြီးသားဖြစ်သွားသည်။ လနှင့်ချီပြီး ကုသကျန်းမာခဲ့သော်လည်း ခင်ပွန်းသည်က လက်ရှိအလုပ်ကိုတော့ ထွက်ခဲ့ရ၏။ ထို့အတွက် မောင်တစ်ထမ်း မယ်တစ်ရွက် ကျဘမ်းလုပ်ကာ သား၏ပညာရေးကို ခက်ခဲပင်ပန်းစွာရာမွေခဲ့ကြရသည်။

■ ■ ■

## အခန်း (၃)

အခုတော့ အင်း အခုတော့ သားကမွေးကျေးဇူး ကျွေးကျေးဇူးနှင့်ပညာ ဒင်ပေးခဲ့သည်ကို ဥပေက္ခာပြုကာ ပြန်လည်ပေးဆပ်ခဲ့ပြီလား။ ရင်ထဲ၌မွန်းကျပ်နေ သည့် အစိုင်အခဲတစ်ခုအား ပြိုဆင်းရန် အဘွားမျှင် အားပါးတရ အော်ငိုလိုက် ချင်သော်လည်း စိတ်ဆတ်လွန်းသော ယောက်ျားရှိနေ၍ အသာကြိတ်ကာ တိုး တိတ်သက်ငိုရှိုက်နေရသည်။ ဘယ်လိုပင် စိမ်းကားစေဦးတော့ ခရီးနှိတွင် အလိုချင် ဆုံးသနွတစ်ခုကိုပြောပါဟု တစ်ခုတ်တစ်ရ မေးသူရှိလာလျှင် 'ညော် မြေးလေးတွေ ချော်နာ တစ်ခါလောက် မြင်ခွင့်ရလျှင် သေပျော်ပါပြီ'ဟု ဖြေမိလိမ့်မည်ထင်သည်။

ပြာမှိုင်းမှိုင်း ကောင်းကင်အောက်တွင် နီတွဲ၍လာသော လခြမ်းပဲ့လေး အားကြည့်ရင်း ဘကြီးပွ အားနည်းနွမ်းဖျော့လာသည်။ တစ်ချက်တစ်ချက် တိုး တိတ်သက် ထွက်လာတတ်သော ရှိုက်သံကြောင့် အဘွားမျှင် အိပ်မပျော်သေး ကြောင်း သိသည်။ တကယ်တမ်း တွေးကြည့်တော့ သားဆီမှ ဘာအထောက်အပံ့ တစ်ခုမှမရခဲ့။ ဖြစ်လာသမျှ လောကဓံအား ချည့်နှဲ့သောအင်အားလေးဖြင့် သည်



www.burmeseclassic.com

www.burmeseclassic.com



လင်သည်မယား နှစ်ယောက်ပင် မဝံ့မရဲနှင့် ရင်ဆိုင်လာခဲ့ကြသည်။

တကယ်တော့ သူက မျှင်ဟု ချစ်စနိုးနှင့်ခေါ်ခဲ့သော တစ်ခါတုန်းက အပျိုစင်ဖြစ်ခဲ့ဖူးသည့် အမယ်ကြီးသည် သူ့အတွက် အမေဆိုလည်းဟုတ်၊ အစ်မ နှစ်မဆိုလည်းဟုတ်၊ ဇနီးမယားဆိုလည်းဟုတ်သည့်အပြင် သွေးသစ်လောင်းကာ အသက်ကယ်ခဲ့သည့်ကျေးဇူးရှင်လည်း ဖြစ်နေသေးသည်။

"ငါသူ့ကိုစိတ်လိုက်မာန်ပါ ပြောလိုက်မိတာ မှားသွားပြီထင်တယ်"ဟု ဘကြီးပွ စဉ်းစားမိရင်း ဘဝ၏မွန်းကျပ်မှုများအား အိုမင်းချည့်နဲ့စွာ ယိုင်နဲ့နဲ့ ခံနေရရှာသော ဇနီး၏အဖြစ်ကိုတွေးရင်း ဘကြီးပွ စိတ်မကောင်းကြီးစွာဖြစ်ရသည်။

သင်ဖြူးဖျာထက်တွင် ခွေခွေလေး ငြိမ်သက်စွာ မိန်းမောနေသော ဇနီးဖြစ်သူအား ဘကြီးပွ ကရုဏာသက်စွာ လှမ်းကြည့်ဖြစ်သည်။

"ခြောက် ဘဝတစ်လျှောက်လုံး ကောင်းတူဆိုးဘက် သစ္စာအရှိဆုံး လက်တွဲလာခဲ့တဲ့ဇနီး"

အသက်အရွယ်ကြောင့် ပိန်လှီသေးကွေးနေသော အဘွားမျှင်၏ကိုယ် ခန္ဓာလေးမှ တစ်ချက်တစ်ချက် တုန်ယင်သွားသလိုတွေ့ရသည်။

"သူ အရမ်းစိတ်ထိခိုက်သွားပြီထင်တယ်"

ငယ်ရွယ်စဉ်ကာလ ပန်းပွင့်ကြီးတစ်ပွင့်လို စွင့်စွင့်ကားကား ပူးပွင့်သော ဇနီးဖြစ်သူ၏ကိုယ်ခန္ဓာအားပွေ့ဖက်၍ တောင်းပန်စကားဆိုဖူးသော်လည်း ယခုတွင်တော့ ထိုအပြုအမူမျိုးလုပ်ရန် သူ့ အင်အားများ ယုတ်လျော့သွားလောက် အောင် ရင်တွင်း၌ တင်းကျပ်ဆို့နင့်နေခဲ့သည်။

အဘွားမျှင်၏ ထပ်တလဲလဲ ဖာထေးထားသော ခြုံစောင်လေး ဖြည်းညင်းစွာ သူဖြန့်လိုက်သည်။ ဆောင်းသစ်စလေသည် ပြတင်းတံခါးမှတ ဆင့် အခန်းတွင်းသို့ တဝေ့ဝေ့တိုးဝင်ရစ်ဝဲလာသည်။ သူ ယုယကြင်နာစွာ အဘွားမျှင်၏ကြုံလှီသေးကွေးသော ခန္ဓာပေါ်သို့ ခြုံစောင်လေးကို လွှမ်းခြုံ လိုက်သည်။

တွဲကျလျက်ရှိသည့် သူ့နှုတ်ခမ်းများ တဆတ်ဆတ်တုန်ယင်လာရင်း အတူ တွန့်ခေါက်နေသည့် သူ့မျက်နှာပြင်အရေပြားပေါ်သို့ မျက်ရည်များတသွင် သွင် လိမ့်စီးကျလာသည်။ သားအတွက်ကျသည့်မျက်ရည်လား၊ ဒါမှမဟုတ် ဇနီးအတွက် ကျသည့်မျက်ရည်လား။ သူကိုယ်တိုင်မခွဲခြားနိုင်တော့ပါ။ ရင်တနင့်နင့်နေအောင်





ကြွေနေသော လရောင်တွေကို သူ့မျက်ရည်စများကြားက ဝိုးတဝါးလှမ်းမြင်နေရ သည်။

"မျှင်ရယ် တကယ်တမ်းတော့ မင်းဘဝကို အပြည့်စုံနိုင်ဆုံး ကာရံအုပ်မိုး ပေးနိုင်တာ ငါ့ရဲ့မေတ္တာတစ်ခုတည်းပါ မျှင်ရယ်"

ဈူး

{မြင်ကွင်းမဂ္ဂဇင်း၊ အမှတ် ၂၁၂၊
မေလ၊ ၂၀၁၂ ခုနှစ်}



www.burmeseclassic.com

www.burmeseclassic.com

## လူနှင့်အိမ်ထောင်ရေး

အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ထိုအရာသုံးမျိုးက ပြန်ဖျက်၍မရဟု ဆိုသော်လည်း ကျွန်တော့်သူငယ်ချင်းဖြစ်သူ သီဟက အိမ်ထောင်သုံးခါပျက်၍ စတုတ္ထအိမ်ထောင်အပြင် အငယ်အနှောင်းလေးပါ ကပ်လျက်ရှိနေသေးသည်။

လူ့သက်တမ်းတိုတိုလေးအတွင်း ထပ်တလဲလဲပြုနေရသော အိမ်ထောင်မှုအတွက် ကျွန်တော်က သီဟကိုမေးတိုင်း သူ့ဒဿနအရှည်ကြီးနှင့် သီဟက ရှင်းပြမြဲဖြစ်၏။

''သီဟရာ မင်းမှာလည်း ခုထိ အိမ်ထောင်ရေးကို စိတ်မကုန်သေးဘူးလား''

''ဟ ကုန်လို့ဘယ်ဖြစ်မလဲကွ၊ မင်းစဉ်းစားကြည့် ကမ္ဘာ့လူဦးရေကို ပြန်ပြီးဆန်းစစ်ကြည့်ရင် အမျိုးသမီးထုက ယောကျ်ားတွေထက် ပိုပြီးများနေတယ်၊ ဒီတော့ ယောကျ်ားတစ်ယောက်က အမျိုးသမီးလေးယောက်ကိုယူမှ ကမ္ဘာလောက

PUBLISHED BY VIEW




design : [illegible] wine

www.burmeseclassic.com



ကြီးက သဟာဓာတဖြစ်ပြီး သာယာမှာပေါ့ကွ၊ အဲဒါကြောင့် တာဝန်ကျေတဲ့ ယောကျ်ားကောင်းဖြစ်ချင်လို့ ငါ အခုလိုအိမ်ထောင်တွေပြုနေတာ''

နောက်နောက်ပြောင်ပြောင် ပြောသော သီဟစကားက ဟုတ်သလိုလို တော့ရှိ၏။ ကမ္ဘာပေါ်တွင် ယောကျ်ားအများစုက အရက်သောက်၊ မူးယစ်ဆေးသုံး မိန်းမလိုက်စားနှင့် ထုံးစံအတိုင်း ယောကျ်ားတွေက သက်ဆိုးမရှည်ဘဲ စောစော သေကုန်ကြ၏။

ထို့အတွက် တရုတ်ပြည်မှလွဲ၍ အခြားသောနိုင်ငံများတွင် မိန်းမတွေ တစ်စထက်တစ်စ ပေါများလာဟန်တူသည်။ ငွေကြေးပြည့်စုံသူ သီဟအတွက် မိန်းမတွေ ဟောတစ်ယောက် ဟောတစ်ယောက် ယူနေသော်လည်း ပြဿနာ တစ်ခုမှ မရှိသလို ဖြောင့်ဖြူးနေကြသည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်၌လည်း အတိုင်းသားကြားနေရ၏။ ဘယ်မင်းသမီးလေးက ဘယ်လူကြီးရဲ့စပွန်ဆာဆိုတာမျိုး။

လောကကြီးက ဆန်းကြယ်လွန်းလှသည်။ ကိုယ့်ယောကျ်ား အမြှောင် ထားနှင့်တိတ်တိတ်ပုန်း ပျော်ပါးနေသည်ကိုသိလျက်နှင့် မိန်းမတွေက ပတ်ဝန်း ကျင်မသိအောင် ဖုံးပေးကြ၊ ဖိပေးကြသည်။

ကာရာအိုကေညတွေထဲမှာ မိန်းကလေးတွေ ဘယ်နှယောက်များ ကာယ ဗ္ဗာဓ်မြှုပ်ခဲ့ဖူးသလဲဟု ကျွန်တော်တွေးရင်း ကျောချမ်းခဲ့ဖူးသည်။ ငွေရေးကြေး ရေး အဆင်ပြေသူတွေအတွက် ဘယ်လောက်ပဲကဲကဲ အရာရာကချောမွေ့ကြစမြဲ၊ ငွေကြေးအခက်အခဲရှိသူများအဖို့တော့ အိမ်ထောင်ရေးကိစ္စသည် ခက်ခဲကြမ်းတမ်း လှန်းလှသည်။

အဓိက နေထိုင်မှုကိစ္စပြဿနာ၊ အိမ်ဈေး မြေဈေး အဆမတန်များပြား နေသောခေတ်၌ အောက်ခြေလူတန်းစားမဆိုထားနှင့် လူလတ်တန်းစားများပင် နေထိုင်ရေးက ခက်ခဲလှသည်။ တိုက်ခန်းတစ်ခန်းငှားဖို့အတွက် အမြင့်ဆုံးအလွှာ အထပ်များ၌ပင် ငှားရမ်းခ တစ်လသိန်းဂဏန်းကျော်ဖြစ်နေခဲ့၏။

သို့သော် အလုပ်အကိုင်ရှားပါးကာ လူ့အခွင့်အရေးနည်းပါးလွန်းသော အရာများကိုအံတုလျက် လူ့သဘော လူ့သဘာဝအလျောက် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြဦးမည်။

ဘယ်လောက်ပဲ အလုပ်အကိုင်ရှားပါးကာ ကျပ်တည်းနေပစေဦးတော့ ချစ်တာတစ်ခုကို အကြောင်းပြု၍ သူငယ်ချင်းဖြစ်သူ သိန်းရွှေကြည်က ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အတန်တန်တားနေသည့်ကြားမှ တစ်နေ့တွင် မိန်းမခိုးပြေးသွား၏။

လက်တလော အလုပ်အကိုင်မရှိသော သိန်းရွှေကြည်အတွက် ကျွန်တော်တို့သူငယ်ချင်းများစုကာ အိမ်ကလေးတစ်ဆောင် ငှားနိုင်ရန် ကြိုတင်ငွေလက်ဖွဲ့ဖြစ်သည်။

ထိုငွေနှင့်အိမ်ငှားကာ သိန်းရွှေကြည် မင်္ဂလာဆောင်ဖြစ်သွား၏။ သို့သော် ကြီးကျယ်ခမ်းနားသည့် ဘာဟိုတယ်၊ ဘာခန်းမမှာမှမဟုတ်။ သူတို့ငှားရမ်းနေထိုင်ရာ တောင်ဒဂုံမှ သေးမှုန်ညစ်နွမ်းသော အိမ်ကလေးအတွင်းမှာပင်ဖြစ်သည်။

လာလိုက်သည့်ဧည့်သည်တွေက ရပ်လုံးကျွတ်မျှထင်ရသည်။ စာအိတ်ထဲတွင် ငွေလေးငါးရာထည့်ပြီး တစ်မိသားစုလုံး မီးခိုးတိတ်လာကြပုံရသည်။ စားတော့လည်း တစ်ယောက်ကို လေးငါးပန်းကန်ထက်မနည်း တဝတပြဲ နင်းကန်စားကြ၏။

ဧည့်ခံပွဲအပြီး စာရင်းချုပ်တော့ သိန်းရွှေကြည်မှာ အကြွေးတစ်သိန်းနီးပါး အကြွေးတင်သွားတာသာ အဖတ်တင်ကျန်ရစ်သည်။

မပြေလည်သူတို့အတွက် လောကကြီးတွင် ဘာစည်းစိမ်မှ ခံစားခွင့်မရှိတော့ အလကားပဲတင်းရနေသည့် စည်းစိမ်ကိုခံစားသောအခါ သိန်းရွှေကြည်မှာတစ်နှစ်ကျော်အတွင်း သားလေးတစ်ယောက်အပြင် ဇနီးဖြစ်သူက နောက်တစ်ယောက်ကိုယ်ဝန်လွယ်ထားရပြီဖြစ်၏။

ငွေကြေးခက်ခဲသူမို့ ကျွန်တော်နှင့်တွေ့တိုင်း သိန်းရွှေကြည်က နို့မှုန့်ကိစ္စ၊ ကလေးစရိတ်နှင့် နေစရိတ်စားစရိတ်များအကြောင်း ငြီးတွားတတ်၏။

"နို့မှုန့်ဈေးကလည်း ခေါင်ခိုက်နေတာလွန်ရောပဲ"

အိမ်နောက်ဖေးတွင် ဖလုံတစ်လုံးနှင့် ကလေးအနှီးလျှော်နေရာမှ သိန်းရွှေကြည် ငြီးတော့ ကျွန်တော်လည်း သူ့ဘေးနား ခွေးခြေပုတစ်လုံးနှင့်ဝင်ထိုင်ကာ ဖျောင်းဖျရ၏။

"မိခင်နို့ရည်က အကောင်းဆုံးဆိုတာ မင်း နားမလည်ဘူးလား"

"နားလည်မှုရှိလွန်းလို့ ခုဆိုနောက်ကိုယ်ဝန်တောင် ရနေပြီလေ"

ပြောင်သလို နောက်သလိုဖြင့် မီးဖိုချောင်တွင် ကလေးအားပေါင်ပေါ်တင်ထားရင်း ကန်စွန်းရွက်သင်နေသည့် ကိုယ်ဝန်နှင့်ဇနီးဖြစ်သူကို သိန်းရွှေကြည်က





တ်ညိုးထိုးကာပြော၏။

"မင်းတို့မှာလည်း မပြေလည်ရတဲ့အထဲ ဒုက္ခကတစ်ခုပြီးတစ်ခု ဆိုသလို နေပြီ"

ကျွန်တော် စိတ်မသက်သာသလိုပြောတော့ သိန်းရွှေကြည်က အနှီး ရာမှရပ်ပြီး ခေါင်းကုတ်သည်။

"အေးကွာ ငါလည်းစိတ်ညစ်ပါတယ်၊ ကလေးမယူချင်လို့ သားကြော ဖို့ကိစ္စဆိုတာကလည်း ငွေကအကုန်မခံနိုင်"

"မင်းတို့ကလည်း ဗဟုသုတနည်းလိုက်တာလွန်ရော၊ ကလေးခြားချင် အကာအကွယ်ပစ္စည်းလေး ဘာလေးသုံးမှပေါ့ကွ"

"ငါလည်း မင်းတစ်ခါပြောလို့ ဝယ်ပြီးသုံးဖို့လုပ်သေးတယ်၊ အဲဒါ ငါ့ ကို ဘယ်နေရာတပ်ရမှန်းမသိတာနဲ့"

"သေလိုက်ဟေ့ သေလိုက် လဲသာသေလိုက်"

ကျွန်တော် ရယ်စရာပြောနေသည်ဟု ထင်ကြမည်။ ခုခေတ်က အမျိုး condom အပြင် အမျိုးသမီးသုံး condom ပါရှိနေကြသည်ကို မသိသော များက ဒုနှင့်ဒေး။

သတ္တမတန်းနှင့်ကျောင်းပြီးထားသည့် သိန်းရွှေကြည်လည်း အလုပ်အကိုင် ယ်ရရမရှိ၍ ကျွန်တော်တို့သူငယ်ချင်းတစ်စုကပင် ဆီ၊ဆန်၊ဆား၊ငရုတ်၊ သွန်ရောင်းသော အိမ်ဆိုင်ကလေး ဖွင့်ပေးထားရသည်။

လျှပ်စစ်မီးလေးမှိန်မှိန်ရလျှင် ကိုရီးယားဇာတ်လမ်းတွဲများထိုင်ကြည့်နေရုံ သူတို့ဘဝ ပြီးပြည့်စုံကာ ရောင့်ရဲတင်းတိမ်နိုင်လွန်းသော မြန်မာလူမျိုးတို့၏ ဘာဝကို ကျွန်တော်ဖြင့် အံ့သြ၍မကုန်နိုင်ခဲ့။

ထိုမျှအထိ သည်းခံနိုင်လွန်းသော လူမျိုးတွေ အံ့ကြွသည်အထိ ဖြစ်ခဲ့ များက တကယ်တမ်းတွေးကြည့်လျှင် ရယ်စရာတော့အကောင်းသား။

ထိုအထဲတွင် ဘုမသိ ဘမသိနှင့် စာရွက်စာတမ်းများတစ်ဆင့်လက်ခံ သည်းမိသော ကျွန်တော့်သူငယ်ချင်းတစ်ဦးဖြစ်သူ သီရိက ၅(ည)နှင့် ထောင် စ်ကျရှာသည်။ ယခုတော့ သီရိလည်းလွတ်ပြီ။ သီရိရှိရာ မြောက်ဒဂုံသို့ ားစီးပြီးအသွား တိုက်တိုက်ဆိုင်ဆိုင် သီရိနှင့်ဘတ်(စ်)ကားပေါ်တွင် ဆုံ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်တွေ့သည့်အတွက် သူလည်းအံ့ဩ၊ ကိုယ်လည်းအံ့ဩ ဘတ်(စ်)ကားပေါ်ဖြစ်၍ သူနှင့်ပတ်သက်သည့် နိုင်ငံရေးအကြောင်းမပြော သူငယ်ချင်းတွေအကြောင်း ပြောဖြစ်၏။ ထုံးစံအတိုင်း ဖာတ်ကောင်ကြီးသိန်းရွှေ ကြည်အကြောင်းလည်း ပါသည်။

"အေးဟာ ငါလည်း သိန်းရွှေကြည်အကြောင်းကြားရတာ တကယ် စိတ်မကောင်းဘူး"

"ဒါတောင် နင်မသိတာတွေ ရှိသေးတယ် သီရိ"

သီရိက သက်ပြင်းချကာ ဆံပင်သပ်ရင်း ခွေးသုတ်သည်။ ကံကောင်း ထောက်မစွာ ကျွန်တော်တို့အနီးခုံမှ သားအမိထဆင်းသွား၍ သီရိနှင့်ကျွန်တော် နေရာရ၏။

"ဟဲ့ အေးအေးဆေးဆေး ဆက်ပြောလို့ရပြီလေ၊ ပြောတော့ လင်း မြတ်"

"အေး ဒီကောင့်သားအငယ်ကောင်လေးက မွေးရာပါနှလုံးရောဂါသည် လေ။ ဝင်ငွေကနည်းပြီး ဒုက္ခကများဆိုတော့ လင်မယား မကြာခဏ ရန်ဖြစ် ကြတယ်၊ ကုန်ကုန်ပြောရရင်ဟာ ယောက္ခမဖြစ်သူကလည်း ဒီကောင့်ကို မယားဖြစ်သူကလည်း စိတ်အလိုမကျနဲ့ လင်မယားကွဲတဲ့အထိပဲ"

"ဟင် ဒါဆိုသားသမီးတွေကရော"

"အငယ်ကောင် နှလုံးရောဂါသည်လေးနဲ့ သိန်းရွှေကြည်က အိမ်ပေါ်က ဆင်းရတယ်လေ"

"ဟင် သိန်းရွှေကြည် အခုဘယ်မှာလဲ"

"တို့သူငယ်ချင်း သဘော်သား မောင်မောင်လွင်ကို သိတယ်မဟုတ် လား"

"အေးလေ"

"အေး မောင်မောင်လွင်က သူငယ်ချင်းစိတ်နဲ့ သူ့ကိုအိမ်ခေါ်ပြီး အ သူ့ကားကိုဒေါင်ထဲမှာပဲ သိန်းရွှေကြည်တို့သားအဖကို ယာယီကြည့်ထားတယ်"

"အေးနော် ဘာပဲဖြစ်ဖြစ် မောင်မောင်လွင်ရဲ့ဇနီး မြတ်နိုးက သဘော ထားကြီးလို့ တော်သေးတာပေါ့"

"အေးပေါ့လေ သူတို့လင်မယားက အစစအရာရာ အဆင်ပြေနေ





ဆိုတော့ အိမ်ထောင်ရေးသာယာတာပေါ့"

စကားအဆက်မပြတ်တော့ သူငယ်ချင်းတစ်ယောက်အကြောင်းမှ တစ်ယောက်အကြောင်းတွေ ဆက်ကုန်သည်။

"အဲဒါပဲ သီရိရေ အိမ်တောင်တစ်ခုအတွက် ချစ်တာတစ်ခုကိုပဲ အရင်း နေလို့မရဘူး။ ဪ ဒါနဲ့ နင်လည်းအပျိုကြီးစာရင်းဝင်နေပြီနော် သီရိ"

"ဟဲ့ ငါလည်း နင်တို့ကို မပြောရသေးလို့ လာမယ့် ရှေ့လကျရင် ငါ ထပ်တော့မှာ"

"ဟာ နင်ကလည်း ဆိုင်းမဆင့်ဗုံမပါ၊ ငါတို့လည်း ဘာမှမသိရသေး ဘယ်သူတဲ့လဲ"

"ကိုခင်မြင့်တဲ့ ကွန်ထရက်ရှင်လုပ်တာ"

"အေးပါဟာ ဘာပဲပြောပြော ဒီခေတ်မှာ စီးပွားရေးသမားလုပ်ငန်းရှင် တော့ နင့်အတွက် ငါလည်းဝမ်းသာပါတယ်"

"ညှိခံပွဲကတော့ လုပ်ဖြစ်ဖို့မသေချာဘူးဟာ၊ နင်ပြောဖူးတယ်လေ၊ ယောက်နဲ့တစ်ယောက် နားလည်ဖို့က အဓိကဆို"

"ဒါပေါ့ဟာ ပကာသနတွေက အလကားပါ"

သူငယ်ချင်းတွေအကြောင်း စုံလောက်မှ ဘတ်(စ်)ကားက လိုရာမှတ် ရောက်သည်။ ကားပေါ်က သီရိနှင့်ကျွန်တော်ဆင်းတော့ ဆည်းဆာလည်း ည်းစပြုလေပြီ။

■ ■ ■

ထုံးစံအတိုင်း ထိုနေ့က မီးမလာ။

နွေကာလမို့ ရေအားလျှပ်စစ်ရေနည်းသဖြင့် မီးခဏခဏပျက်၏။ သည် မိုးတွင်းရောက်ဖို့ ဆုတောင်းရပြန်သည်။ မိုးရောက်ပြန်တော့ မိုးရွာပြီး လေးတစ်ချက် မဝေ့လိုက်နှင့် မီးကဖြတ်ပြီးသား။

မိုးလေးနည်းနည်းသည်းလျှင်လည်း ဓာတ်ကြိုးများပြတ်ပြီး အန္တရာယ် ည်ဟုဆိုကာ မီးဖြတ်ပြန်သည်။ ဒီတော့ မိုးမရွာအောင်ဆုတောင်းရပြန်၏။ ၍ ရေနည်းပြန်လျှင်လည်း ရေအားလျှပ်စစ်က အခက်။ ကြာတော့ ဘာကို န်းမသိအောင်ကို ဖြစ်လာသည်။

သံသရာဆိုတာ ဒါပဲလားဟု တွေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးတွေသည်းသည်းထန်ထန်ရွာသောနေ့က သူငယ်ချင်း မောင်မောင်လွင်ထံမှ ကျွန်တော့်ဆီဖုန်းဝင်လာသည်။ သူ သဘော်ပြန်မတက်မီ သူငယ်ချင်းများနှင့်ယနေ့ညတွေ့ဆုံရန် စီစဉ်ထားသည့်အကြောင်းပြောသဖြင့် ညနေစောင်းတော့သူငယ်ချင်းများနှင့် ရွှေဘဲစားသောက်ဆိုင်တွင် ဆုံဖြစ်သည်။

''ကဲ လွတ်လွတ်လပ်လပ် စိတ်ကြိုက်ချကြကွာ၊ ကိုယ်လိုတာကြိုက်သလိုမှာကြ''

မောင်မောင်လွင်က သဘော်သားပီပီ သူငယ်များအတွက် Black Label အရက်ကို မှာပေးသည်။ အမျိုးအစားစုံလင်လှသော စားသောက်ဖွယ်ရာများကြား၌ သိန်းရွှေကြည်၏မျက်နှာက မဝံ့မရဲ။

''သိန်းရွှေကြည် ချလေရကွာ၊ ဒီမှာ ငါတစ်ခုပြောမယ်၊ ငါတို့သူငယ်ချင်းတွေကြားမှာ ဘာအကန့်မှမရှိဘူး''

မောင်မောင်လွင် နှစ်သိမ့်မှ သိန်းရွှေကြည် အရက်စထည့်သည်။ သီဟက သူကြိုက်တာမုန့်သမျှ အကုန်မှာပြီး တဝတပြလည်းသောက်၏။

အရက်ကလေး ရီတီတီဖြစ်လာတော့ အိမ်ထောင်ရေး အဆင်မပြေ၍ မျက်နှာငယ်နေရသည့် သိန်းရွှေကြည်ကို အားပေးကြသည်။

''အလကားပါ သိန်းရွှေကြည်ရာ၊ ကိုယ်ကယောက်ျားပဲဥစ္စာ၊ ဘာဖြစ်သတဲ့လဲ၊ ငါ့ကိုကြည့် အခုဆို စတုတ္ထမြောက်ဖြစ်နေပြီ ဟား ဟား ဟား''

အစဉ်သဖြင့် အိမ်ထောင်ရေးကို အရေးထားရကောင်းမှန်းမသိသောသီဟက ယောက်ျားဆိုတာ ပွေချင်သလိုပွေဟု သဘောထားပုံရ၏။

''တစ်ခုတော့ ရှိတာပေါ့ကွာ၊ မောင်မောင်လွင်လို အိမ်ထောင်တစ်ခုတည်းနဲ့ မြဲနေနိုင်ရင် ပိုကောင်းတာပေါ့''

ကျွန်တော် မသိမသာ သီဟကို တုန့်ပြန်တော့ သီဟက ရယ်ရယ်မောမောပင် ကျွန်တော့်ကိုပြန်တွယ်သည်။

''ဟ ဒီကောင်က အိမ်ထောင်တစ်ခုတည်းနဲ့ မြဲမှာပေါ့၊ ကမ္ဘာပတ်နေတဲ့ကောင်လေ''

''ဘာဆိုင်လို့လဲ''

''ဟား ဟား လင်းမြွတ်၊ မင်းကတုံးလွန်းလို့ ခုထိ မစွံသေးတာ။ လှေကားသုံးထစ်ဆင်းရင်တောင် လူပျိုပြန်ဖြစ်သေးတာ ဒီကောင်က ကမ္ဘာပတ်နေတဲ့ကောင်ဆိုတော့ မင်းစဉ်းစားကြည့်ပေါ့''





ထန်းရည်မူးတော့ ကျွဲနှိုးပေါ်ဆိုသကဲ့သို့ အရက်မူးတော့ ငယ်ပေါင်းအချင်းချင်းမို့ တစ်တစ်ခွခွနှင့် ဖြစ်ကြောင်းရယ်ကုန်စင်လေတော့သည်။

''အေးပေါ့ကွာ၊ ဟိုမှာက ကမ်းတစ်ခုကို ကပ်တယ်ဆိုရင် အရောင်အသွေးစုံလင်လှတဲ့ ပန်းမျိုးစုံက ရနံ့လှိုင်လှိုင်နဲ့ တက်လာကြတာ''

မောင်မောင်လွင်၏စကားများက အတိုင်းအဆမဲ့ ပြေးလွှားနေသည့်မြွေငါရောင်လွင်ပြင်တွင် ရုတ်တရက် ကျဉ်းမြောင်းနက်နဲသော လျှိုတစ်ခုသို့ နင့်ခနဲနေအောင် ပြုဆင်းသွားသလို အသည်းတလှပ်လှပ် ရင်တဖိုဖိုခံစားရသည်။

''တချို့ကောင်မလေးတွေဆို သူတို့နဲ့အတူနေရင် တစ်သက်လုံး သူတို့ပဲ ရှာကျွေးပါ့မယ်ဆိုတဲ့အထိ ငါ့ကိုပြောတာ၊ တကယ်တော့ သူတို့ယောက်ျားတစ်ယောက်ကို ယူတယ်ဆိုတာကလည်း အကာကွယ်ယူတဲ့သဘောမျိုးပဲ၊ ဒါပေမဲ့ သူတို့လေးတွေ ဘယ်လောက်ပဲ လှနေပါစေကွာ၊ ငါ့မှာအိမ်ထောင်နဲ့ဆိုတဲ့အသိစိတ်ရေးရေးနဲ့ ငါ အမြဲတွေးနေခဲ့တာ''

ဩော် ငါ့မှာအိမ်ထောင်ရှိတယ်ဆိုတဲ့အသိကလေးနဲ့ ထိန်းသိမ်းထားရသတဲ့၊ ကျွန်တော် အံ့ဩသွားသည်။ အင်းပေါ့လေ ဘာပဲဖြစ်ဖြစ် သေတစ်ပန်သက်တစ်ဆုံး ဇနီးသည်အား လက်တွဲသွားမည့် မောင်မောင်လွင်ကိုပင် ချီးကျူးမိလိုဖြစ်နေသည်။

''အေးကွာ ငါ သဘော်ပြန်တက်တုံး ငါ့မိန်းမ မြတ်နိုးကို မင်းနှမအရင်းလို ဂရုစိုက်စောင့်ရှောက်ပါကွာ၊ ဘာပဲပြောပြော အိမ်မှာက အိမ်ဖော်မလေးရယ်၊ ခြံစောင့်ဘာရယ်၊ ငါ့မိန်းမရယ်ပဲရှိတာဆိုတော့ မင်းရှိတော့ ပိုစိတ်ချရတာပေါ့၊ ငါပြန်လာရင် မင်းအတွက်အလုပ်အဆင်ပြေဖို့ လုပ်ငန်းတစ်ခုတော့ ငါထောင်ပေးမယ် သိန်းရွှေကြည်''

''ကျေးဇူးတင်ပါတယ် မောင်မောင်လွင်ရယ်၊ စိတ်ချ မင်းရဲ့မိန်းမကိုနှမအရင်းလို ငါစောင့်ရှောက်ပါ့မယ်''

ကျွန်တော် မောင်မောင်လွင်ကို ကျေးဇူးတင်သလို သိန်းရွှေကြည်ဘဝအတွက်လည်း စိတ်အေးပြီး ကြည်နူးသွားသည်။ ကိုယ်မကူညီနိုင်သည့်ကိစ္စကို အခြားသူကူညီမှုကို မျှဝေခံစားရင်း ကြည်နူးမှုမျက်ရည်ပင် ဝဲခဲ့မိလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ရင်တွေပူနေသည်။ ကမ္ဘာကြီးလည်း တစ်နေ့တစ်ခြားပူလောင်နေ[illegible]
ကျွန်တော်တို့ဆီလည်း တစ်နှစ်ထက်တစ်နှစ် ပိုပြီးပူလောင်ကာ ဆောင်းသ[illegible]
လည်း ရဲရဲမပွင့်နိုင်တာ ကြာခဲ့ပြီ။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မြူတစ်မှုန်စာလော[illegible]
ဖြစ်ဖြစ် ကျွန်တော် ပါဝင်ချင်သဖြင့် မိဘလက်ရင်းအလုပ်တစ်ခုဖြစ်သော မီး[illegible]
ရောင်းခြင်းလုပ်ငန်းကိုဖျက်သိမ်းကာ မိတ္တူစက်လေးတစ်လုံးနှင့် ကျွန်တော် အ[illegible]
လုပ်နေခဲ့သည်မှာလည်း ကြာခဲ့ပြီ။

သည်ကြားထဲ ပရဟိတလုပ်ငန်းများ တတ်နိုင်သမျှ လုပ်နေသ[illegible]
ကျွန်တော့်မှာ အချိန်အမြဲလုနေရသည်။ ထို့ကြောင့် ကျွန်တော့်ချစ်သူ အိမွန်[illegible]
မကျေနပ်ချင်တော့ချေ။

ဈေးဝယ်ထွက်ဖို့၊ ရုပ်ရှင်ကြည့်ဖို့၊ စားသောက်ဆိုင်ထိုင်ဖို့ အမြဲတွေ[illegible]
တတ်သော အိမွန်နှင့်ကျွန်တော်က ခံယူချက်ခြင်းကွာခြားလှသည်။

ယုံကြည်ချက်၊ ခံယူချက် မတူသော ချစ်သူနှစ်ဦး၏လက်ထပ်ဖို့အ[illegible]
ကွာဝေးနေသည်မှာလည်း မဆန်းလှပါ။ ကမ္ဘာငြိမ်းချမ်းရေးနိုဘယ်ဆုရှင်တော[illegible]
အာဖရိကသမ္မတဟောင်း နယ်ဆင်မင်ဒဲလားကိုပင် ဘောလုံးသမားလားဟု [illegible]
မေးသော အိမွန်ကို ကျွန်တော် နည်းနည်းတော့ စိတ်ကုန်နေပြီ။

ခုရက်ပိုင်း သူငယ်ချင်းများနှင့် တစ်ခါတစ်ရံ ဖုန်းအဆက်အသွယ်ရ[illegible]
လည်း သီရိနှင့်မတွေ့ဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီ။ မှတ်မှတ်ရရ ဝေါထရိတ်စင်တာ[illegible]
တိုက်ခိုက်ခံရသောနေ့က သီရိ မျက်ရည်ပေါက်ကြီးငယ်နှင့် ကျွန်တော့်ဆီရော[illegible]
လာသည်။ ရှုပ်ကုန်ပြီ၊ သီရိက သူ့အပူနှင့်သူ ငိုခြင်းသာဖြစ်၏။

"ငါ သိပ်ရှက်တယ် လင်းမြတ်ရယ်၊ ငါတော့ သေသာသေလိုက်ချ[illegible]
တယ် သိလား"

ခရီးရောက်မဆိုက် ကျွန်တော့်ထိုင်ခုံဘေးကြမ်းခင်းတွင် ပဆစ်ဒူးတုပ်[illegible]
ငိုကြီးချက်မပြောသော သီရိကို ဘာဖြစ်မှန်းမသိဘဲ လတ်တလောတော့ [illegible]
နှစ်သိမ့်ရသည်။

"နင်ကလည်း လာစမ်းပါ၊ ခုံမှာထိုင်နားပြီးမှ ဘယ်ကဘယ်လိုဖြစ်တ[illegible]
ဆိုတာ ငါ့ကိုအေးအေးဆေးဆေးပြောစမ်းပါ"

သီရိ တော်ရုံနှင့်ကျွန်တော့်ကို ဘာတစ်ခုမှ မတုံ့ပြန်နိုင်။ တ[illegible]





[illegible]ကြောင့် ဝမ်းပမ်းတနည်း ရှက်ရွံ့ကြေကွဲသလို ရှိုက်ခါတလဲလဲ ငိုနေဆဲဖြစ်သည်။

ကျွန်တော် ဖြစ်နိုင်ချေ အရှိဆုံးကို ဖျတ်ခနဲ တွေးကြည့်သည်။ သီရိ
[illegible]ထောင်ရေးနှင့်ပတ်သက်လာပုံရ၏။

"ဒီလိုပေါ့ဟာ၊ လင်နဲ့မယားဆိုတာ အခန့်မသင့်တဲ့အခါ"

"ခုဟာက အခန့်မသင့်တာမဟုတ်ဘူးဟဲ့၊ ငါ့ဘဝ ငါ့သိက္ခာအားလုံး
[illegible]ဆုံးမြုပ်သွားတာ"

"ဘာပြောတယ် သီရိ"

ကျွန်တော် အံ့ဩမှုနှင့်ထိုင်ရာမှ ထရပ်သည်။

"ဟုတ်တယ်ဟာ ဟိုတစ်နေ့က ကိုခင်မြင့်ဆိုတဲ့လူကြီးရဲ့မယားကြီးက
[illegible]ကိုကက်ကက်လန်လာပြီး ရန်တွေ့သွားတယ်"

အရိပ်အငွေ့ တွေးတောမိပြီဖြစ်သော်လည်း သီရိ ဝန်ခံချက်မှာ ရဲတင်း
[illegible]သောအခါ ကျွန်တော် မင်သက်သွားမိ၏။

ခဏကြာမှ သီရိဘက်မှ မျှဝေခံစားမှုနှင့် ဒေါသက ရင်ထဲအထိ လှိုက်
[illegible]က်လာသည်။

"နင်က ဘာမှပြန်မပြောဘူးလား၊ ဒီလူကြီးအကျင့်တန်ပြီး နင့်ကိုလိမ်
[illegible]ာလက်ထပ်ခဲ့တယ်ဆိုတာ"

"ပြောဖို့နေနေသာသာ ငါ အဲဒီနေရာတင်ပဲ ရှက်လို့ ဘုန်းခနဲ ငါလဲ
[illegible]သေလိုက်ချင်တာ"

သီရိက ပြောရင်းမှ ရှက်ရွံ့သေးသိမ်သော မျက်လုံးများဖြင့် ကျွန်တော့်
[illegible] ပြန်ကြည့်၏။ ကျွန်တော့်တစ်ကိုယ်လုံးရှိ အကြောများထဲတွင် သွေးများပူရှိန်း
[illegible] စီးဆင်းနေသလိုခံစားရသည်။

"တောက် ရှိုင်းလိုက်တဲ့လူကြီး၊ ငါ ဘာလိုက်ပြောပေးရမလဲ"

"ဘာမှပြောစရာမလိုတော့ဘူး လင်းမြတ်၊ ငါ ဒီလူကြီးမျက်နှာမြင်ရင်
[illegible]တ်မိလိမ့်မယ်၊ အခု ငါ သူ့အိမ်ကအပြီးထွက်လာတာ"

ကိုယ်တိုင် ပြန်လုပ်ယူ၍မရသော ဇာတ်သိမ်းအတွက် ကျွန်တော်
[illegible]ကိုပြေလျော့ရင်း သက်မချမိ၏။

"အေးလေ အကောင်းဆုံးကတော့ နင့်မိဘတွေကို အေးအေးဆေးဆေး
[illegible]ပြီး တိုင်တိုင်ပင်ပင် ဆွေးနွေးသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေး ငါ့မိဘတွေကို ငါ မျက်နှာမပြရဲဘူး၊ ပြီးတော့ ကိုယ်လု
တဲ့အလုပ်အတွက် မိဘတွေကိုအပူလည်းမပေးချင်တော့ဘူးဟာ"

"ဟင် ဒါဆို နင်က"

အေးစက်စက်အပြုံးနှင့် သီရိ တဖြည်းဖြည်းပြုံးလာကာ ကျွန်တော့်
ပြန်ကြည့်၏။

"ခြေဦးတည့်ရာပဲပေါ့ လင်းမြတ်ရယ်"

သီရိ စိတ်ကို ကျွန်တော်သိသည်။ ဒါဆို ဒါပဲလုပ်မည်ဆိုသည့်လု
တဇွတ်ထိုးလုပ်မည့်ဟန်က သီရိ မျက်နှာတွင် အထင်းသားမြင်နေရသည်။

"နင် ဘယ်မှလျှောက်သွားဖို့ စိတ်မကူးနဲ့ သီရိ၊ ငါ သီဟနဲ့တိုင်ပ
နင့်ကိုအခန်းတစ်ခန်း ငှားဖို့ စီစဉ်ပေးမယ်၊ စားရေးသောက်ရေးကအစ ဘာမှ
နဲ့ဟာ"

ထိုနေ့က ညနေစောင်းသည်အထိ သီရိကိုချော့မော့ဖျောင်းဖျကာ
ဆွန်ပက်လမ်းရှိ တည်းခိုရိပ်သာသို့ ကျွန်တော် ပို့ပေးခဲ့သည်။

အိမ်အပြန်လမ်းတလျှောက် အတွေးတွေ တမွေ့တပိုက်ကြီးနှင့်
တွင် နာကျင်နွမ်းလျနေသည်။ အရွယ်ကျလာသော မိန်းမရှင်တစ်ဦး၏ဘ
ထိုနေ့က ဆည်းဆာသည် မိတ်ကပ်အဖွေးသားနှင့် ကျွန်တော့်ဆီရောက်
လေသည်။

■ ■ ■

တိုက်ခန်းဝရန်တာကို ထွက်ကြည့်သောအခါ လူတွေကော ကား
သေးမှားသွားကြ၏။ ကန်ထရိုက်တိုက်ရှစ်လွှာကိုပင် တစ်လတစ်သိန်းနှင့်
အတွက် ငှားပေးရသည်။ အနည်းဆုံး ခြောက်လစာစာချုပ်ကြီး ပွဲစားခအ
တစ်လစာထပ်ဆောင်းပေးရသေး၏။

တကယ်တော့ သီဟ ငွေကများများ ကျွန်တော့်ငွေက နည်းနည်
ဖြစ်၏။ ငွေကြေးချမ်းသာပြီး မိန်းမပေါသော သီဟက အရာရာကိုပေါ့ပေါ့တန်
သဘောထားပုံရ၏။

"ရော့ သီရိ နင်သုံးဖို့ ငွေတစ်သိန်းလောက် ထပ်ယူထား"

"ငါ မယူချင်ပါဘူး သီဟရယ်၊ နင်တို့နှစ်ယောက်လည်း ငါ့အတွ
ဒုက္ခများလှပြီ၊ ပြီးတော့ အခုလို နင် ငါ့ကိုလိုက်ကူညီနေတာ နင့်မိန်းမသ





တစ်မျိုးထင်နေဦးမယ်"

"ဟား ဟား ငါ့အတွက် မစိုးရိမ်စမ်းပါနဲ့ သီရိရယ်၊ သီဟပါဟ၊ ဟို
အကောင် လင်းမြတ်သာ ကြိုးကြိုးစားစား ရှာထားရတဲ့သူ့ရည်းစားနဲ့ အထင်လွဲ
မခံရဖို့က အဓိက"

"ဟင် ဟုတ်လား လင်းမြတ်၊ ဒါဆို နောက်တစ်ခါ နင် ငါ့ကိုလာ
မတွေ့ပါနဲ့တော့နော်"

ဘာကြောင့်မှန်းမသိဘဲ ရင်ထဲတွင် လှိုက်ခနဲ ဝမ်းနည်းသွားသလို
သီရိ၏မျက်နှာတွင်လည်း မျက်ရည်တွေဝေ့ဝဲနေမည်ကို ကျွန်တော် မကြည့်ဘဲ
သိနေခဲ့သည်။

■ ■ ■

အကြောင်းကိစ္စအရာများစွာနှင့် ကျွန်တော် သီရိဆီ မရောက်ဖြစ်ခဲ့တာ
ကြာပြီ။ 23▯ ဒီဂရီတိမ်းစောင်းနေသော ကမ္ဘာကြီးသည် လွဲချော်မှုများအား
စနစ်တကျ ဖြစ်ပေါ်စေတတ်သလားတော့ ကျွန်တော်မသိပါ။ တစ်နေ့က သောက
ဝန်ထုပ်ဝန်ပိုး တစ်ခုဖြင့် သိန်းရွှေကြည်သည် ရန်ကင်းဆယ့်နှစ်လုံးတန်းထိပ်မှ
ကျွန်တော့်မိတ္တူဆိုင်ရှိရာသို့ ရောက်လာသည်။ သူ့သားအငယ်ကောင်လေးပါ
တစ်ဖက်ကတွဲလျက်ပါလာသောကြောင့် ပြဿနာတစ်ခုခုဖြစ်လာပြီဆိုတာ မပြော
ခင်ကတည်းက ကြိုသိနှင့်နေ၏။

"ငါတို့သားအဖ မောင်မောင်လွင်တို့အိမ်မှာ နေလို့မဖြစ်တော့ဘူး လင်း
မြတ်"

"ဟ ဘာဖြစ်လို့လဲ မောင်မောင်လွင်ရဲ့ဇနီး မြတ်နိုးက မင်းအပေါ်ဆက်ဆံ
တာ မောက်မာလို့လား"

ကျွန်တော်တို့နှံဘေး သူ့သားအငယ်ကောင်လေးက ငူငူငေါင်ငေါင်ထိုင်
နေသောကြောင့် သိန်းရွှေကြည်တို့သားအဖကို တစ်ဖက်လမ်းထိပ်ရှိ လက်ဖက်ရည်
ဆိုင်ခေါ်သွားရသည်။ လက်ဖက်ရည်နှစ်ခွက်နှင့် ကလေးအတွက် စားစရာအငုံ
အလင်မှာပြီးမှ စကားဆက်ဖြစ်သည်။

"ကဲ ဆို"

"အေး မြတ်နိုး ငါ့အပေါ်မောက်မာရင် ငါ မောင်မောင်လွင်ရဲ့ကျေးဇူး
ကိုထောက်ပြီး ရင်စည်းခံနိုင်ပါတယ်၊ ခုဟာက ငါ့အပေါ်သဘောကောင်းသ



www.burmeseclassic.com

www.burmeseclassic.com



လောက်''

''ဟင် မင်းစကားက မင်းအပေါ်ကောင်းရင် ပြီးတာပဲ၊ မြတ်နိုးက ဘယ်သူ့အပေါ်မကောင်းလို့လဲ''

''သူ့အပေါ်သူ မကောင်းတာ''

ကျွန်တော် နားရှုပ်သွား၏။

''မြတ်နိုးက ညတိုင်းလိုလို ကလပ်သွားတယ်ကွ၊ သူ ကလပ်ကပြန်လာရင် တစ်ခါတလေ ယောကျ်ားဖော်တစ်ဦး ပါပါလာတတ်တယ်၊ အေးကွာ မြတ်နိုးက သူ့ကိုယ်ကျင့်တရားတွေကို အရည်ဖျော်သောက်တယ်ကွ၊ ဒါတွေကို ငါ သိသိကြီးနဲ့ နေနေရတာ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ မောင်မောင်လွင်ကို လှမ်းပြီး ဖုန်းဆက်အသိပေးရင်လည်း သူတို့နှစ်ယောက်ရဲ့သာယာတဲ့ အိမ်ထောင်ရေး ထိခိုက်သွားလိမ့်မယ်''

သာယာတဲ့အိမ်ထောင်ရေးတဲ့၊ ကျွန်တော် တွေးနေရင်းမှ မကျာချမ်းသွားသည်။ အမြဲတမ်း ပြုံးပျော်ကြည်နူးစွာ လက်တွဲနိုင်ကြသည့် သည်လင်သည် မယား၏နောက်ကွယ်ကို ကျွန်တော် မတွေးချင်တော့။

''မင်း ဘယ်လိုစဉ်းစားထားလဲ သိန်းရွှေကြည်''

''ငါ ပန်းတနော်ကိုပဲ ပြန်တော့မယ်''

■ ■ ■

တဖြည်းဖြည်းနှင့် ခေတ်စနစ်တွေ ပြောင်းလဲတိုးတက်လာပုံများ အိမ်ကမိန်းမကို အိမ်ထဲမှာသော့ခတ်ထားခဲ့လျှင်တောင် မလုံချင်တော့ဘူးဟု ကျွန်တော် တွေးမိသလို ကာရာအိုကေ ညများထဲ၌ ကိုယ့်သမီးအရွယ် မိန်းကလေး၏ရင်သားကို ပွဲတော်တည်ရင်း အရက်သောက်မြည်းစမ်းဖို့ကြည့်နေသော ရမ္မက်ဖောဖောနေသည့်သူတွေကို မြင်ယောင်လာသည်။

သိန်းရွှေကြည်အတွက် တတ်နိုင်သမျှ ပံ့ပိုးပြီး ကျွန်တော် ရင်မောလို့မှ မဆုံးခင် သီဟာဆီမှ ဖုန်းဝင်လာသည်၊ သီရိ အတော်လေး နေမကောင်းကြောင်းဖြစ်သည်။ ကျွန်တော် တံ့ဆိုင်းမနေဘဲ ကားငှားပြီး သီရိဆီထွက်ခဲ့၏။

သီရိဆီရောက်တော့ မွေ့ရာထက်တွင် မျက်နှာဖြူဖျော့ဖျော့နှင့် ကိုယ်ရှိန်တက်ကာ ချွေးစေးများထွက်၍ မကြာခဏဆိုသလို ထထပြီးအန်သည်။ ကိုယ့်နှမအရင်းလို သံယောဇဉ်ဖြစ်ရသည့် သီရိကိုကရုဏာသက်စွာ ကျွန်တော် ဖိနှိပ်





ပေးမိသည်။

''သီရိ နင် အားရပါးရ အန်လိုက်၊ ဒါမှ တော်ကြာနေ ခေါင်းမူးသက်သာသွားလိမ့်မယ်''

''ဩော် ဟော် ကိုကိုတို့အလုပ်မအားဘူးဆိုတာ ဒါကိုး''

ထင်မှတ်မထားသည့်မို့ ကျွန်တော် ရုတ်တရက် ထိတ်လန့်အံ့ဩမှုနှင့် လှည့်ကြည့်ဖြစ်သည်။ ခနဲ့တဲ့တဲ့ အသံပိုင်ရှင်က အိမွန်။ အိမ်ရှေ့ကျွန်းတံခါးကို သော့ချမထားခဲ့၍ အိမွန်က လွယ်လင့်တကူ လက်ကိုင်ကိုလှည့်ပြီး ဝင်ခဲ့သည်ဟု ကျွန်တော် တွေးယူလို့ရသည်။

ကျွန်တော် တွေးမရသည်က ကျွန်တော့်နောက်က တိတ်တဆိတ်လိုက်မခြောင်းဘဲ သူ ဒီအိပ်ခန်းထဲအထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာစရာအကြောင်းမရှိ။ ထိုကိစ္စအတွက် သီရိ အံ့ဩတုန့်လှုပ်နေသလောက် ကျွန်တော်ကတော့ သီရိပခုံးသားကို နှိပ်နယ်ပေးနေမြဲဖြစ်သည်။ ကျွန်တော့်လက်တို့ကို သီရိဆီမှ နည်းနည်းလေးမှ မခွာဖြစ်။ မှန်ကန်သူတစ်ဦး၏ရုတ်တရက် စောင့်ထွက်လာသည့်ဒေါသနှင့် တုံ့ပြန်ရန်သာ ဆန္ဒစောနေသည်။

''အိမွန် မင်း ဘာမှန်းညာမှန်းမသိဘဲနဲ့ မစော်ကားနဲ့''

''စော်ကားတာမဟုတ်ဘူး။ ပတ်ဝန်းကျင်က ပြောပြောနေတုံးကတော့ မယုံခဲ့ဘူး၊ အခု ဘာမှန်းညာမှန်းသိအောင် လက်တွေ့လိုက်ကြည့်ပြီးမှပြောတာ''

သီရိက ဘာတစ်ခုမှ မပြောနိုင်တော့သလို ကြေကွဲရှက်ရွံ့စွာငိုကာ ကျွန်တော့်နားမှ ခွာထွက်သည်။ ထွက်ပေါက်မဲ့ ဘဝနာနေသူ သီရိအတွက် ကျွန်တော့်ရင်ထဲမှ မခံရပ်နိုင်အောင် စာနာစွာ ကြေကွဲရသည်။

''မငိုနဲ့ သီရိ၊ နင့်အတွက်ဆို ငါ အမြဲရှိတယ်ဆိုတာ နင်မှတ်ထား''

တစ်ဆက်တည်းဆိုသလို အိမွန်ဘက်လှည့်ကာ ကျွန်တော် တုံ့ပြန်ဖြစ်သည်။

''ဒီမှာ အိမွန်၊ မင်းထင်ချင်သလိုထင်နိုင်တယ်၊ မင်းကြိုက်သလိုဆုံးဖြတ်''

လိုတာထက် ပိုမာနေသော ကျွန်တော့်စကားသံကြောင့် အိမွန် ပခုံးနှစ်ဖက်တွန့်ကာ နှုတ်ခမ်းတစ်ဖက်ရွဲ့ပြီး ပြော၏။

''အို ရှင်းရှင်းလေးပဲ လှည့်ပြန်ရုံပေါ့၊ တစ်ခုတော့ရှိတယ်နော်၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမျက်နှာကို အရှက်မရှိ လာမတွေ့ဖို့တော့ ကြိုးစားရလိမ့်မယ်''

ဆောင့်ကြီးအောင့်ကြီးခြေလှမ်းနှင့် ကျွန်းတံခါး ဝုန်းခနဲ ဆောင့်ပိတ်ကာ အိမ်မှန် ထွက်သွားသည်။ သီရိကတော့ အဲဒါ ငါ့ကြောင့်ဟုအော်ဟစ်ကာ ရှိုက်ကြီး တငင် ငိုလေတော့သည်။

''မလိုဘူး သီရိ၊ ငါ နင့်ဆီကို နေ့တိုင်းလာတွေ့မယ်''

■ ■ ■

အလင်းပျိုမက နံနက်ငါးနာရီခွန်းခွန်းလောက်ကတည်းက အိပ်ရာ နိုးထပုံရသည်။ ကျွန်တော် အိမ်ပြင်ထွက်တော့ ရောင်နီတစ်စက ထဘီသိမ်းမလို့ ခြေကြွေစပြုနေလေပြီ။

ညကလည်း အိပ်မပျော်။ သီရိနှင့်ပတ်သက်ပြီး ကျွန်တော့်စိတ်မှာ တစ်ခုခုစိုးရွံ့သလို ခံစားနေရသည်။ သီရိကို စိုးရိမ်သည့်အတွက် မနက်စောစော မှာပင် သီရိဆီရောက်သွား၏။ အိမ်ရောက်တော့ တံခါးက သော့ခတ်လျက်သား တွေ့ရသည်။

ကျွန်တော် တွေးတောနေစဉ် တစ်ဖက်အခန်းမှ တံခါးဖွင့်လာကာ လူတစ်ယောက်ထွက်လာပြီး စာတစ်စောင်လာပေး၏။ ကျွန်တော် ထိတ်လန့် တကြား စာလေးကို အလျင်စလို ဖွင့်ဖတ်လိုက်သည်။

ငါနဲ့အထိုက်တန်ဆုံးနေရာတစ်ခုကို ထွက်သွားပြီ။ တစ်ခုပဲမှာချင်တယ် နင်နဲ့သီဟရဲ့ကျေးဇူးကို ငါသေတဲ့အထိ မမေ့ဘူးဆိုတာပါပဲ။ နင့်ရဲ့သီရိ တဲ့ တကလိုရင်းတိုရှင်း ဖြစ်သော်လည်း ကျွန်တော့်အတွေးမျှင်တန်းတွေက ကိုယ်နှ တစ်ခုလုံးရှိသွေးကြောများထဲသို့ စီးဝင်သွားသလို ပူနွေးသွား၏။ ကျွန်တော် ခြေမကိုင်မိလက်မကိုင်မိ သီဟဆီဖုန်းဆက်အကြောင်းကြားရသည်။

သီဟနှင့်ကျွန်တော် နေ့ရက်ဆက်ရှာခဲ့သော်လည်း သီရိသတင်း အစအနပင် မတွေ့ရ။ ကျွန်တော်တို့အတွေ့ချင်ဆုံး၊ အမြင်ချင်ဆုံး ခြေရာဖျောက် သော သီရိက တကယ်တမ်း ကျွန်တော်တို့တွေ့ရသောအခါ သတင်းစာ မမြင်ချင်ဆုံး နာရေးကြော်ငြာတွင် သီရိနာမည်ပါလာသည်။

ရင်ထဲတွင် ပူလောင်မှုနှင့်ဆို့နင့်နေသည်။ လူမျိုးမရွေး ဘာသာမရွေး စားသုံးတတ်သော သေခြင်းတရားသည် သီရိအား ထာဝရခေါ်ဆောင်သွားလေပြီ

ထိုနေ့သည် နေရောင်တွေအဆုပ်လိုက်ကြွေသောနေ့၊ သို့တည်းမဟုတ်





သီရိ အသုဘချသည့်နေ့ဖြစ်သည်။ အလောင်းပြင်စင်ပေါ်တွင် ထင်မြင်ချက်အမျိုး မျိုးပေးခံနေရသော သီရိ၏မျက်နှာလေးကို ကျွန်တော်နှင့်သီဟ လူအုပ်ကြားမှ အတင်းတိုးငေးကြည့်ဖြစ်သည်။

နုပျိုလှပသော ရိုးရှင်းဖြူစင်သော ဘွဲ့ရမိန်းကလေးတစ်ယောက်အတွက် အမြှောင်မယားဘဝနှင့် အရှက်ရကာ အသက်ဆုံးသည်အထိ ဇောက်ထိုးမှောက်ခုံ ဖြစ်အောင် ရက်စက်လွန်းသည့် ကံကြမ္မာဇာတ်ခုံကြီးကို ကျွန်တော် ရင်နာလှ၏။

အဖေ အမေဖြစ်သူများက သီရိနားတွင် မူးမတတ် မေ့မတတ် အော်ငို နေသော်လည်း ကျွန်တော် သီရိမျက်နှာဆီမှ အကြည့်ကိုလွှဲမရ။ မျက်နှာမှာ ငြိမ်းနေသော်လည်း သူ၏နှုတ်ခမ်းမှ ကျွန်တော်တို့ကို ကျေးဇူးတင်စကား နောက်ဆုံးပြောသွားသယောင်ယောင်။

ဒါဟာ နင်နဲ့အထိုက်တန်ဆုံးနေရာလား သီရိရယ်ဟု တွေးရင်း ဖြေ ဆည်နိုင်သော ခံစားမှုဖြင့် ကျွန်တော်နှင့်သီဟ ယောကျ်ားကြီးတန်မဲ့ လူအုပ် ကြားထဲတွင် မျက်ရည်ပေါက်ကြီးငယ် ကျခဲ့သည်။ ရင်တွင်းမှ မခံရပ်နိုင်အောင် ကျင်နေသော ဝေဒနာအတွက် ကျွန်တော် အသံမထွက်ဘဲ စိတ်ထဲမှ သီရိကို ပြောမိသည်။

''နင့်ဆုံးဖြတ်ချက်တွေကို ငါ ကြိုသိခွင့်ရရင် ငါလေ နင့်ကိုလက်ထပ် ချင်ပါတယ် သီရိရယ်''

■ ■ ■

ဆောင်းဦး၏နှုတ်ခမ်းလည်း ဖြူဖျော့၍နေသည်၊ ဆောင်းဦးနေမှကောင်း ရဲ့လား။ တစ်နှစ်ထက်တစ်နှစ် ပိုမိုပူလောင်လာသော ကျွန်တော်တို့နိုင်ငံတွင် ဆောင်းဆိုသည့်ရာသီပင် ပျောက်ကွယ်သွားတော့မည်ထင်သည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု၊ သစ်တောပြုန်းတီးမှု၊ ရေခဲတောင် တွေ အရည်ပျော်မှု၊ မြေဆီလွှာဆုံးရှုံးမှု၊ ရေအရင်းအမြစ်ရှားပါးလာမှုတွေနှင့် ကမ္ဘာကြီးက နေချင့်စဖွယ်မကောင်းတော့။ ကျွန်တော်သဲ ဇီဇာကြောင်နေသလား တော့မသိပါ။

ဘာတစ်ခုမှ အလေးအနက်မထားဘဲ အမြဲတမ်း ပျော်အောင်နေတတ် သော မောင်မောင်လွင်က အလကားနေရင်း ဘာညည်းခံပွဲ ညာညည်းခံပွဲ စသဖြင့် ဆိုတတ်သောကြောင့် ကျွန်တော်တို့သူငယ်ချင်းတစ်စု ဆုံဖြစ်ကြသည်။ ရောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်ရာရာ ရှေးဟောင်းဖြစ်များပြောမိတော့ မပါမဖြစ် သီရိနှင့်သိန်းရွှေကြည်ကို သတိရမိကြသည်။

"အေးကွာ ခုထိ သီရိအတွက် ငါ ခံစားနေရတုံးပဲ"

ကျွန်တော် ဆွေးဆွေးမြည့်မြည့်ပြောတော့ မောင်မောင်လွင်က သက်မချကာ ထောက်ခံသည်။

"အဲဒါပေါ့ကွာ အိမ်ထောင်ရေးတစ်ခုနဲ့ အမှားပြုမိလို့ သီရိအသက်ပေးခဲ့ရတဲ့အထိ ခံစားသွားရတာ"

"ဟော့ကောင် မောင်မောင်လွင် မင်းစကားက ငါ့ကိုစော်ကားသလိုဖြစ်နေပြီ၊ အိမ်ထောင်လေးခါပြုဖူးတဲ့ ငါ့မျက်နှာ ဘယ်သွားထားရမလဲကွ ဟေ"

ထုံးစံအတိုင်း သီဟ အရွှန်းထဖောက်တော့ ဝိုင်းကပြန်လည်စိုပြေလာသည်။

"လင်းမြတ်ရေ မင်းလည်း သတိထားဦး၊ မင်းနှမလေးအနား သီဟကို သိပ်အကပ်မခံနဲ့"

"မင်းပြောတာ နောက်ကျသွားပြီ မောင်မောင်လွင်၊ လင်းမြတ် ညီမရတာနာက အိမ်ထောင်ကျသွားတာ ကြာပြီကွ"

"ဟုတ်တယ် မောင်မောင်လွင်၊ အဲဒီတုန်းက မင်းသဘောတက်နေတာနဲ့ ငါလည်းမဖိတ်ဖြစ်တာ"

"ဒါဆို အခု မင်းဘယ်သူနဲ့နေလဲ လင်းမြတ်"

"ငါ့နှမလင်မယားနဲ့ပဲလေကွာ၊ ခုဆို တူတွေ တူမတွေတောင် ငါရနေပြီ ပျော်စရာကြီး"

■ ■ ■

အသက်လေးဆယ်ကျော်ဆိုသောအရွယ်သည် လူ့ဘဝတွင်လုပ်နိုင်ကိုင်နိုင်သွားနိုင်လာနိုင်ဖြစ်သော်လည်း အပျင်းပြေဆိုသည့် ခေါင်းစဉ်အောက်၌ အရက်သောက်ကျ၊ လောင်းကစားကျ၊ မိန်းမလိုက်စားကျ၊ မူးယစ်ဆေးသုံးစွဲကျနှင့် အရွယ်မတိုင်မီ ကျွန်တော့်သူငယ်ချင်းတချို့လည်း ကြွေကုန်ကြပြီ။

နီးစပ်ရာပတ်ဝန်းကျင်ကြောင့် အိမ်ထောင်ပြုရန် စိတ်ကုန်ခဲ့သော ကျွန်တော်သည် ခုတော့ အလုပ်မှရသမျှငွေကို ညီမဖြစ်သူအားထိုးအပ်ပြီး သူတို့မိသားစုလေးနှင့်အတူ ကျွန်တော့်ဘဝကြည်နူးငြိမ်းချမ်းခဲ့သည်။





"ဘဘ သားကိုကျူရှင်လိုက်ပို့"

အလုပ်အပြန် လက်ဆွဲအိတ်ကိုနေရာတကျ မထားရသေးခင် ညီမ၏သား ဆယ်နှစ်ကျော်အရွယ် အငယ်ကောင်က ကျွန်တော့်ကိုပူဆာသည်။

"ဟဲ့ သား နင့်ဘကြီးက အခုပဲအလုပ်က ပြန်လာတာလေ၊ မေမေလိုက်ပို့မှာပေါ့"

မီးပူတိုက်နေရာမှ ညီမက အလိုက်တသိ တားသော်လည်း သည်ကောင်တွေက ကျွန်တော်အလိုလိုက်ထားသဖြင့် ဆိုးချင်နွဲ့ချင်ကြသည်။

"ဟင့်အင်း မရဘူး၊ မရဘူး ဘဘ လိုက်ပို့မှ"

ခြေဆောင့်ပြီး ကျွန်တော့်ရှေ့မှာရပ်အော်တော့ ကျွန်တော်လည်း မနေသာတော့ချေ။

"ကဲပါဟာ ငါပဲလိုက်ပို့လိုက်ပါမယ်၊ နင် မီးပူတိုက်စရာရှိတာ ဆက်သာတိုက်လိုက်တော့"

သူတို့လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေး၍ နှမ၏ကလေးများက ကျွန်တော့်ကိုချစ်ကြသည်။ စာလည်းသူတို့နှင့်အတူစားမှ၊ သွားလည်း ကျွန်တော်နှင့်မှသူတို့ပျော်ကြသည်။

သူတို့အဖေလုပ်သည့်ကောင် ကျွန်တော့်ယောက်ဖက ဘာအလုပ်မှ မယ်မယ်ရရမရှိ၊ အရက်ကလေးတမြမြနှင့် မေးစေ့ကိုလက်နှင့်ပွတ်ရင်း အဓိပ္ပာယ်မဲ့စိတ်ကူးယဉ်နေတတ်သူ။ ကြာတော့ ကလေးများက အဖေနားသိပ်မကပ်တော့။ အလုပ်ကပြန်လာမည့် ကျွန်တော့်ကို ခြံဝမှတမျှော်မျှော်၊ ကျွန်တော်ပြန်ရောက်တိုင်းသည်း သူတို့လေးတွေအတွက် မုန့်တစ်ခုမဟုတ်တစ်ခုတော့ ပါလာတတ်မြဲဖြစ်သည်။

အရက်သမားတို့၏ထုံးစံအတိုင်း ယောက်ဖဖြစ်သူက အရွယ်ကောင်းတုံးအချိန်၌ အသည်းရောဂါနှင့်ကွယ်လွန်ခဲ့လေသည်။

■ ■ ■

ခေတ်စနစ်တွေ ပြောင်းလဲလာမှုနှင့်အတူ ကျွန်တော်တို့နိုင်ငံလည်းတိုးတက်မြင့်မားလာခဲ့သည်။ အခြားတော့မဟုတ်၊ ကုန်ဈေးနှုန်းတွေ အဆမတန်တိုးတက်မြင့်မားခဲ့တာဖြစ်၏။

သည်တော့ နှမဖြစ်သူက မိသားစုဝမ်းရေး၊ ပညာရေးအတွက် တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းက အလုပ်ဝင်သည်။ သူ့အတွက် ထမင်းဘူးအပြင် ကျွန်တော့်အတွက်ရော ကလေးတွေအတွက်ပါ ပြင်ဆင်ရသဖြင့် မနက်ဆို ငါးနာရီမထိုးခင်ကတည်းက အိပ်ရာထသည်။

ညနေရုံးအပြန်ဈေးဝင်၊ စောစောစီးစီး ထပြီးချက်ပြုတ်၊ လျှော်စရာရှိတာတွေ စနေတနင်္ဂနွေလိုရက်မျိုး စုပုံလျှော်၊ ရသမျှအချိန်လေး မီးပူတိုက်ကာ လုံးလည်ချပ်ပြားလိုက်နေတော့ ကျွန်တော်လည်း ယောကျ်ားရင့်မာကြီးတန်မဲ့ ချက်တန်တာချက်၊ လျှော်တန်တာလျှော်၊ သူ့အလုပ်ကိုယ့်အလုပ် ခွဲမနေနိုင်ဘဲ နိုင်သမျှ ကူလုပ်ရသည်။

ကလေးများဘွဲ့ရသည်အထိ တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံ ကူညီပံ့ပိုးခဲ့သည့် အစ်ကိုမို့ ကျွန်တော့်ကို နှမဖြစ်သူက ဦးထိပ်ထားသည်။ တစ်နှစ်တစ်ခါ သီတင်းကျွတ်တိုင်းလည်း ကလေးသုံးယောက်နှင့် ဖွယ်ဖွယ်ရာရာ ကျွန်တော့်ကို ကန်တော့၏။ သည်တုန်းကတော့ မျှော်လင့်ချက်တွေလည်း တစ်ကိုယ်စာ အရောင်အသွေးစုံလင်စွာပူးပွင့်လျက် စိမ်းစိုလတ်ဆတ်နေခဲ့သည်။

■ ■ ■

ကံကြမ္မာ၏လက်ရည်သွေး ထိုးနက်ချက်က ပြင်းထန်လှသည်။ ကျွန်တော်အသက်(၅၀)နှစ်အရွယ်တွင် ဦးနှောက်သွေးကြောယပ်ပေါက်ကာ လေဖြတ်ခြင်းခံရသည်။ ကိုယ်တစ်ခြမ်း သေသွားသော လူတစ်ယောက်အတွက် ဘာအလုပ်မှလည်း မလုပ်နိုင်တော့ချေ။

ဟိုလူကညွှန်း ဒီလူကညွှန်းဖြင့် တိုင်းရင်းဆေးဆရာတွေလည်း အတော်စုံခဲ့ပြီ။ သို့သော် ကျွန်တော့်ရောဂါက ထူးခြား၍မလာခဲ့ပါ။ နှမဖြစ်သူက သူအားသည့်ညအချိန်လေး တတ်နိုင်သမျှ ကျွန်တော့်အနီးအနား ပရိုတ်ရွတ်ပေးရှာသည်။

ယောကျ်ားသားတွေ လေဖြတ်လျှင် အများစုက ဘယ်ဘက်ဖြစ်သော်လည်း ကျွန်တော့်ကျမှ ညာတစ်ခြမ်းလေဖြတ်ခဲ့၍ ညာသန်ကျွန်တော့်အတွက် ဒုက္ခကြီးလှ၏။ အမြဲတမ်း အလုပ်ဖြင့် ဖယ်ဆက်နေသော ညီမကိုယ်စား တူတူမတွေကို မဖြစ်မနေ အားကိုးနေရသည်။

"သားတို့ရေ ဘဘ အပေါ့အပါးသွားချင်လို့"

"ဟာ ဘဘကလည်း ထမင်းစားနေတဲ့ဥစ္စာ၊ ခဏတော့အောင့်ထားမှပေါ့"





စားလည်းအကူ၊ သွားလည်းအကူ၊ အပေါ့အလေးကိစ္စအထိ အကူအညီယူနေရသဖြင့် ကြာတော့ သူတို့လေးတွေ စိတ်မရှည်ချင်တာ ကျွန်တော် နားလည်ပေးလို့ရသည်။

သို့သော် လူမမယ် စာမမြောက်အရွယ်မှစကာ ဖူးပွင့်သင်းပျံ့လာသည်အထိ ရေလောင်းပေါင်းသင်ပေးခဲ့သော ကျွန်တော့်အပေါ်မှာကော နည်းနည်းလေးသောက် စာနာနားလည်မပေးနိုင်တော့ဘူးလားဟု တွေးရင်း သိမ်ငယ်မှုနှင့်မျက်ရည်ဝဲသည်။

လုပ်ငန်းကိုယ်စီဝင်သွားကြသော ကလေးများကြောင့် ကျွန်တော့်အတွက် အိမ်အကူ 'အပြုံး'ဆိုသူကို စီစဉ်ပေးထားသည်။ အရင်က ဦးဦးဖျားဖျားနှပ်ထားသော ထမင်းပွဲအစား 'အပြုံး' အားလျှင်အားသလို ခွံ့ပေးသော ထမင်းကိုသာစားရသည်။

"မြန်မြန်စားပါ ဦးရဲ့၊ လျှော်စရာအဝတ်တွေ ရှိသေးတယ်"

မိသားစုမပြောနှင့် အိမ်ဖော်ပင် စိတ်မရှည်နိုင်တော့သော ဘဝအတွက် ကျွန်တော် စိတ်ပျက်ငြီးငွေ့လာသည်။

ဩော် အိမ်ထောင်မပြုခဲ့လို့ သားထောက်သမီးခံမရှိခဲ့တဲ့ငါ့အတွက် ဒီကို ဘယ်သူကြည်ဖြူချင်ပါတော့မလဲဟု တွေးမိပြန်သည်။

သားထောက်သမီးခံရှိသည့် မိတ်ဆွေများဖြစ်သော ကျော်ဝင်းနှင့်အိချိုက ကျွန်တော် ခံတွင်းတွေ့မည်ထင်သည့် စားစရာမှန်သမျှ အတတ်နိုင်ဆုံး ကူညီပေးကြသည်။ ကျွန်တော် မက်မောတမ်းတနေသည်မှာ စားကောင်းသောက်ဖွယ်များမဟုတ်။ ဥစ္စာပစ္စည်းများမဟုတ်။

ရင်ထဲမှ ရှုတ်တရက် လှိုက်တက်လာသော ဝမ်းနည်းမှုနှင့်အတူ ပါးပြင်ပေါ်စီးကျလာသည့် မျက်ရည်များကို ကျွန်တော်၏အသားမာတက်နေသော လက်ဝဲကြမ်းကြီးဖြင့် သုတ်လိုက်သည်။ ဘာတစ်ခုမှ အသုံးမဝင်တော့သော လူတစ်ယောက်အတွက် ဒီကမ္ဘာလောကမှာ ထားစရာနေရာတစ်ခုတော့ ရှိဖို့လိုပါသည်။

သီရိ တစ်ခါရေးခဲ့ဖူးသော စာလေးတစ်ကြောင်းကို သတိရမိ၏။ 'ငါနဲ့အဆိုက်တန်ဆုံးနေရာတစ်ခုကို ငါ ထွက်သွားပြီ' တဲ့။ ကျွန်တော် ပြုံးလိုက်မိသည်ထင်ပါသည်။ ရင်ထဲတွင်လည်း လင်းရှင်းသွားသလို ခံစားလိုက်ရ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မနက်စာအတွက် အီကြာကွေးတစ်ချောင်းနှင့် ကော
တစ်ခွက် ကျွန်တော့်အနား 'အပြုံး' လာချပေးသည်။

"အပြုံး ဒီညနေကော နင် ဈေးသွားဦးမလား"

"ဘာမှာမလို့လဲ ဦးရဲ့"

"အေး ကြွက်သတ်ဆေးနှစ်ထုပ်လောက် ဝယ်ခဲ့စမ်းပါ"

"အိမ်မှာကြွက်တွေပေါ်လို့လား ဦးရဲ့"

"မရှည်စမ်းပါနဲ့ဟာ ငါ မှာတာသာ ဖြစ်အောင်ဝယ်ခဲ့"

ကျွန်တော် ခပ်ဆတ်ဆတ် ပြောတော့ 'အပြုံး' ဇက်ပုပြီး ထွက်သွ
သည်။ ဘာတစ်ခုမှ အသုံးမဝင်တော့သော လူတစ်ယောက်အတွက် နေရာေ
တစ်ခုတော့ ရှိကောင်းရှိနိုင်မည် ထင်သည်။

■ ■ ■

{မြင်ကွင်းမဂ္ဂဇင်း၊ အမှတ် ၂
အောက်တိုဘာလ၊ ၂၀၁၃ ခုနှ

PUBLISHED BY VIEW




design . zaw wine

www.burmeseclassic.com

www.burmeseclassic.com

## ကောင်းကင်မှားတဲ့ငှက်

မွေးရာပါအရုပ်ဆိုးခြင်းက ကျွန်တော့်မှာအပြစ်တစ်ခုလိုဖြစ်နေခဲ့၏။ အရုပ်ပြက်ပြက်နှင့် လူကောင်ကညှက်တော့ တွေ့မြင်သူတိုင်းအတွက် လှောင်ပြောင်ယ်မောစရာဖြစ်နေခဲ့သည်၊ တချို့က ကျွန်တော့်ကို မျောက်နဲ့စပ်ကျထားတဲ့ကောင်ဖြစ်မည်ဟု မကြားတကြား လှောင်ပြောင်ကြသလို တချို့ကျတော့ ခြောင်ကျကျ ခွေးဘီလူးကမွေးတဲ့ကောင်ဟု နင့်နင့်ပိုးပိုး လှောင်ကြ၏။

လူတွေပြောလည်း ပြောစရာပင်ဖြစ်၏။ ကျွန်တော့်ကိုယ်ကျွန်တော်ထဲပြန်ကြည့်သောအခါ ဘာနှင့်နှိုင်းနှိုင်းရမှန်းမသိအောင်ကို ဖြစ်နေသည်။ ရုပ်ဆိုးန်းဘာတော့ သေချာ၏။ မျက်လုံးက ဖားမျက်လုံးမျိုးနှင့် နားထင်ရိုးချိုင့်၍ကောင်းပြီး နှုတ်ခမ်းထူကာ သွားက ရှေ့သို့တစ်လက်မလောက် ခေါ်ထွက်နေည့်အပြင် မျက်နှာတွင် အဖုအပိန့်တွေကလည်း ပြွတ်ခဲနေသေး၏။

ကိုယ်လက်အင်္ဂါစုံစုံလင်လင် မွေးဖွားထားသော်လည်း အရုပ်ဆိုးလွန်း



www.burmeseclassic.com

www.burmeseclassic.com



တာကြီးကိုက ချို့ယွင်းချက်တစ်ခုလိုဖြစ်နေသည်။ ထို့ကြောင့်ထင်သည်၊ ကျွန်တော် နာမည်အရင်း ဆန်းဝင်းဖြစ်သော်လည်း အဖေနှင့်အမေကလွဲပြီး ကျန်လူများ ရုပ်ဆိုးဟုသာခေါ်ကြသည်။

ကျွန်တော် ဆော့ကစားတတ်စ ခြောက်နှစ်ခုနစ်နှစ်အရွယ်မှာပင် က ဖော်ဆိုသည်မှာ မရှိသလောက်ရှားပါးခဲ့၏။

"အိချိုရေ ငါလည်း နင်တို့နဲ့အတူ ပါ,ပါရစေ"

"ဟ လူပြည့်နေပြီဟ၊ ပြီးတော့ နင့်ကိုဆိုရင် ဘယ်အဖွဲ့ကမှ လိုချင် မဟုတ်ဘူး"

ထုပ်စည်းတိုးရန် စည်းတားနေသော အိချိုက နှုတ်ခမ်းကိုမဲ့ကာရွဲ့ ပစ်ပစ်ကာကာ ပြောသော်လည်း ကျွန်တော် စိတ်မဆိုးနိုင်။ ကျွန်တော်မျက်နှာ နှင့် နီလာအေးဘက် အသနားခံသလို လှည့်ကြည့်တော့ နီလာအေးက နှုတ် ရှု ခါးထောက်ပြီး ငေါက်ဆတ်ဆတ်ပြော၏။

"ငါတို့ဘက်ကလည်း လက်မခံနိုင်ဘူးနော် ရုပ်ဆိုး"

"သွားပါဟာ နင့်ဟာနင် တစ်ယောက်တည်း သွားကစားစမ်းပါ"

စိုးစိုးဆိုသူ ကောင်မလေးက သူ့ကိုခပ်ဆတ်ဆတ်လေး တွန်း ဝင်ပြောပြန်၏။ ဩော် သိမ်မွေ့နူးညံ့ကြသည့် မိန်းကလေးများကပင် သူ့အ သနားကရုဏာစိတ်မရှိကြပါလားဟုတွေးရင်း သိမ်ငယ်စိတ်ဖြင့် ဝမ်းနည်းပြန်သည် ဘာအပြစ်မှမရှိဘဲ သူ့ကိုအသားလွတ်ထိုးမလို ကြိတ်မလို အံခဲကြည့်ကြ ထိုအထဲတွင် မျက်လုံးမှေးမှေးနှင့် တရှုတ်ပုံပေါက်နေသော သူဌေးသား ဝင်း အကဲဆုံးဖြစ်သည်။

"ဟေ့ကောင် ရုပ်ဆိုး ပြောနေတာမကြားဘူးလား၊ သွားဆိုသွား တောက် ငါတော့လုပ်မိတော့မယ်"

လုပ်မိတော့မယ်ဟုသာ ဆိုသည်။ တကယ်တမ်းတော့ ကျွန်တော် ဆောင့်တွန်း၍ လဲကျရုံသာမက ခြေထောက်နှင့်ကန်ဖို့ကြိုးစားသေး၏။

"တော်ကြပါတော့ဟယ်၊ နင်တို့ကလည်း ကဲ ရုပ်ဆိုး သွား နင်သွားတော့"

မိနု ဝင်ဆွဲသောကြောင့် ကျွန်တော် သက်သာရာရသွား၏။ လဲကျ အရှိန်ကြောင့် ခါးတစ်ဖက်မျက်သွားသော်လည်း ကျွန်တော် ကိုယ့်ဘာသာ





ထလျက် ဖုတ်ဖက်ခါပြီး ခေါင်းငုံ့ထွက်ခဲ့သည်။

"ဟွန်း မိနု ဆွဲထားလို့ပေါ့ကွာ၊ နို့မို့ဆို မင်းမလွယ်ဘူးမှတ်"

ဗိုလ်နှိမ်ရုပ်နှင့်ခါးထောက်လျက် ဝင်းနိုင်က အော်ပြောသေး၏။ ရှက်စိတ်၊ နည်းစိတ်နှင့်သိမ်ငယ်စိတ်တို့ကြောင့်ထင်သည်။ ကျွန်တော့်ရင်တွင် တင်းကျပ် နှင့်ကာ မျက်ရည်များစီးကျလာသည်။

ထိုအကြောင်းကို အဖေ သိသောအခါ အလုပ်မှပြန်ရောက်လျှင် အနား ယူဘဲ ကျွန်တော်နှင့်ဆော့ကစားဖို့ ပြင်ဆင်သည်။

"လာသား အဖေနဲ့သားနဲ့ ဆော့ကြမယ်"

အုတ်နီခဲနှစ်လုံးကို အဖေသည် ရှစ်ပေလောက်အထိချဲ့ပြီး ဟိုဘက် ည်ဘက်ချကာ ဂိုးဖမ်းပေး၏။ ကျွန်တော် ကန်သည့် ဘောလုံးတော်တော် အားအား အဖေသည် ခက်ခက်ခဲခဲ ဖမ်းမရသလို တစ်ဂိုးပြီးတစ်ဂိုး ဝင်စေခဲ့ ကျွန်တော်နှင့်ဆော့ရသည်မှာ အဖေ ပျော်မပျော်မသိသော်လည်း အဖေနှင့် ဆော့ရသည်မှာ ကျွန်တော် အလွန်ပျော်လေသည်။ အမေက ကျွန်တော်တို့ အဖဆော့ကစားသည်ကိုမြင်တိုင်း မျက်ရည်လေးတစမ်းစမ်းနှင့် မသိမသာ သုတ်ရှာသည်။ ကျွန်တော့်ဆန္ဒပြည့်ဖို့ အဖေသည် မမောနိုင်မပန်းနိုင်ဖြင့် မငြီး ကစားပေးလေသည်။

"အဖေကြီး ထမင်းဆာနေလောက်ရောပေါ့ သားရယ်၊ နားပါဦးကွယ်"

"ရပါတယ်ကွာ ငါ့သားလေးပျော်ရင်ပြီးတာပဲ"

သို့သော် အဝေးပြေးကားမောင်းသူဖြစ်သော အဖေသည် တစ်ပတ် ရက်လောက်ထက်ပိုပြီး ကျွန်တော့်ဆန္ဒကို မဖြည့်ဆည်းနိုင်။ ကလေးသဘာဝ ကစားချင်သောစိတ်ကြောင့် ကျွန်တော်တစ်ဦးတည်း အိုးပုတ်ချိုးရုပ်တွေနှင့် ကြည့်သည်၊ ယောက်ျားသားမို့ထင်သည်။ ထိုသို့ ကစားရသည်မှာ ပျင်းစရာ ကောင်းလှ၏။

အိမ်နီးဝန်းကျင်မှ ကျွန်တော်နှင့်ရွယ်တူ စစ်ဗိုလ်ရူးရူးနေသည့် ကောင်းစံ အုပ်စုက သေနတ်သံတဒိုင်းဒိုင်းနှင့်စစ်တိုက်တမ်းကစားလျှင် ကျွန်တော့်မှာ သိထိုင်မသာနှင့် ကစားချင်စိတ်ကို ဘယ်လိုမှ ချိုးနှိမ်၍မရ။ ထိုအကြောင်းကို အလုပ်နားသောရက်၌ ကျွန်တော် ပြောပြဖြစ်ခဲ့သည်။

"ဖေဖေ ဝယ်ပေးမှာပေါ့ သားရဲ့၊ ငါ့သားအတွက် အကောင်းစား



www.burmeseclassic.com

www.burmeseclassic.com



သေနတ်တစ်လက် ဖေဖေ ဝယ်ပေးမယ်''

''ဘယ်တော့လဲ ဖေဖေ''

''အခုပဲ အခုပဲ ငါ့သားနဲ့ဖေဖေနဲ့ ရေမိုးချိုးပြီး မြို့ထဲထွက်ဝယ်ကြမယ်''

ထိုနေ့က ရေမိုးချိုး အဝတ်အစားလဲပြီး ကျွန်တော် ထမင်းပင်ကောင်းကောင်းမစားနိုင်။ အမေဆူမှာစိုး၍ ကမန်းကတန်း ထမင်းကိုမျိုချနေရသည်။ စိတ်ထဲမှာလည်း ကျွန်တော်ရမည့်သေနတ်လေးကို အတွေးနှင့်ပုံဖော်ကာ ခြေတုန်လက်တုန် ဖြစ်သည်အထိ ပျော်ရွှင်ကြည်နူးနေမိ၏။

ရုံးချိန်မဟုတ်ပေမယ့် ကားကကျပ်လှ၏။ လူနံ့ချွေးနံ့တွေကြားလည်း ကျွန်တော် ကြည်နူးမှုမပျက်ခဲ့။ အဖေဝယ်ပေးသည့် သေနတ်ဘူးအား ရင်ဝယ်ပိုက်လျက် ခဏခဏဖွင့်ကြည့်ချင်စိတ်ကို မနည်းမျိုသိပ်နေရသည်။

အိမ်ရောက်ရောက်ချင်းပင် အငမ်းမရ ဘူးကိုဖောက်ကာ သေနတ်ကို ထုတ်ကြည့်သည်။ လှလိုက်သည့် သေနတ်ကလေး၊ ပြောင်းဝအတိုအရှည်နှစ်ခု အပြင် အောက်မှကျည်ကပ်ကို အဖြုတ်အတပ်လုပ်လို့ရသည်။ နီညိုရောင်နှင့် အနက်ဆက်စပ်ထားပုံက တကယ့်သေနတ်လေးအတိုင်း အသက်ဝင်လှသည်။ သေနတ်ကို ဖင်လှန်ခေါင်းလှန်ဖြင့် ကျွန်တော့်မှာ တယုတယကြည့်မဝ။ အဖေနှင့် အမေက ကျွန်တော်လုပ်သမျှ ဘာမှမပြောဘဲ ကျွန်တော့်မျက်နှာကိုပြုံး၍သာ ကြည့်နေကြသည်။

ခဏကြာမှ သတိတစ်ခုဝင်လာ၏။ သေနတ်ဆိုသည်မှာ စစ်တိုက်ရန် အတွက်ဖြစ်သည်။ စစ်တိုက်တမ်းကစားလျှင် ကျွန်တော်တစ်ယောက်တည်း ဒါကို အဖေ အစောကြီးကတည်းက သိနှင့်ပုံရ၏။

''လာလေ သား၊ ဖေဖေနဲ့သား စစ်တိုက်တမ်း ကစားမယ်''

''ဟင် ဖေဖေအတွက် သေနတ်ကရော''

''ရပါတယ် သားရဲ့၊ သားအမေလုံ့တဲ့တံမြက်စည်းက ဖေဖေ့အတွက် သေနတ်ပေါ့''

''ဟင် ဖေဖေ သနားပါတယ်''

''ရတယ် ဖေဖေ ကြိုက်တယ်၊ လာသား ကစားမယ်''

ခြံထဲရှိ သစ်သားစည်ပိုင်းပြတ်နား၌ ဖေဖေက နေရာယူသည်။ ကျွန်တော်က ပန်းအိုးတွေနှင့် ပန်းပင်တွေကြား နေရာယူ၏။ ပြီးတော့ ဖေဖေ





နှင့်ဆို။ ကျွန်တော်က စစ်သား၊ ကျွန်တော်ပစ်သမျှ ဖေဖေ ခဏခဏထိပြီး လဲကျသောအခါ ကျွန်တော့်မှာ ကြည်နူးမဆုံးနိုင်၊ ဖေဖေ ကျည်ဆံမှန်ပြီး ရင်ဘတ်ကို လက်နှင့်ဖိလျက် ဒူးထောက်လဲကျသေဆုံးသည်ကို ပျော်ရွှင်ဝမ်းသာမဆုံး ကျွန်တော်ဖြစ်ခဲ့သည်။

ဖေဖေ သေတိုင်းပျော်ရွှင်ခဲ့ရသည့်ကျွန်တော့်အတွက် ကားအက်စီးဒင့် နှင့်ဖေဖေ အမှန်တကယ် သေဆုံးသောအခါ ဆယ်နှစ်သားအရွယ် ကျွန်တော့်မှာ ရှယ်နှင့်မမျှအောင် ထိခိုက်ကြေကွဲခဲ့သည်။ အိမ်၏စီးပွားရေး ကျွန်တော်၏ ပညာရေး၊ ကျွန်တော့်ရဲ့အနာဂတ် ဘာကြီးညာကြီးအထိမတွေးမိသော်လည်း အပြီးတမ်း ကျွန်တော် အားမငယ်အောင်ဖြည့်ဆည်းခဲ့သည့်အဖေ၊ ကျွန်တော်၏ အားငယ်သိမ်ငယ်စိတ်ကို ရေမှမားမားမတ်မတ်ရပ်ကာ အားပြည့်စေခဲ့သည့်အဖေ သေတာတစ်ခုတည်းနှင့်ပင် ကျွန်တော့်အတွက် လုံလောက်သော ကြေကွဲမှုကို ဖြစ်စေခဲ့သည်။

အဖေ့အလောင်းကို ပြေးဖက်လိုက်၊ အော်ဟစ်လိုက်ဖြစ်နေသော အမေ့ ကိုကြည့်ရင်း ကျွန်တော် ယူကြုံးမရအော်ဟစ်ငိုယိုမိခဲ့သည်။

အဖေရှိစဉ်က စုဆောင်းထားရစ်သည့်ငွေနှင့် အမေသည် အိမ်ဆိုင်လေး ဖွင့်ကာ ဦးဆောင်ရသည်မို့ ကျွန်တော်နှင့်ကစားဖို့နေနေသာသာ သူ့အလုပ်နှင့် သူတောင် မနိုင်မနင်း ဖယ်ဆက်သလို လုံးပမ်းနေရ၏။ ထိုအတွက် ကစားဖော် မရှိသောကျွန်တော်က အောက်ကျို့ခံရမည့်မှန်းသိလျက်နှင့် ကစားဖော်မျှော်တတ် လာသည်။

ကျောင်းအားရက် သူများတကာတွေ ကစားသံကြားလျှင် ကျွန်တော့် မှာ မရိုးမရွနှင့်အမေမသိအောင် အိမ်နောက်ဖေးမှ အသာလေးခိုးထွက်ရသည်။

''အောင်မျိုးမင်းရေ မင်းတို့ဘာတမ်းကစားနေတာလဲ''

''ဟာ လာပြန်ပြီ၊ ငါတို့ဘာငါတို့ ဘာကစားကစားပေါ့''

တကယ်တမ်းတော့ သူတို့တွေ သေနတ်ကိုယ်စီနှင့် တစ်ခုခုကစားမည် ကို ကျွန်တော်သိသည်။ ကျွန်တော့်မှာလည်း အဖေဝယ်ပေးခဲ့သည့်သေနတ်အပြင် အမေ့အိမ်ဆိုင် ရေခဲဘူးထဲမှ ရေခဲချောင်းများ လိုရမယ်ရယူလာခဲ့သည်။

''ရော့ကွာ အောင်မျိုးမင်း မင်းက ရေခဲချောင်းကြိုက်တယ်ဆိုလို့ ငါ ယူလာတာ''



www.burmeseclassic.com

www.burmeseclassic.com



ရေခဲချောင်းတစ်ချောင်းရတော့ အစားမက်သည့် အောင်မျိုးမင်း ငြိမ်ကျ သွား၏။ သို့သော် ထုံးစံအတိုင်း နီလာအေးက ချို (ကျို)ကြွလာပြန်သည်။

''ကိုယ့်ဟာကိုယ် မနေနိုင်ဘူး လာ လာရှုပ်တယ်''

''ဟုတ်ပါ့ ဘယ်လိုကောင်မှန်းကိုမသိဘူး''

နီလာအေးစကားကို အိချိုက ထပ်ဆင့်ထောက်ခံပြန်သောအခါ အငြိမ်း တမ်း ဗလအားကိုးဖြင့် ဗိုလ်ကျချင်သော ကောင်းစံဦးက ကျွန်တော့်ကို တစ်ခုခု လုပ်မည့်ဟန်ပြင်ပြီးမှ ကျွန်တော့်လက်ထဲက သေနတ်ကို အငမ်းမရ ပြုံးကြည့်ရင်း အနားတိုးကပ်လာ၏။

''ဟေ့ကောင် ရုပ်ဆိုး မင်းပါချင်လို့လား''

''အေးကွာ၊ ငါ အရမ်းပါချင်လို့ပါ၊ မင်းကျေးဇူးကို ငါမမေ့ပါဘူး''

''ဒါဆို လာ၊ မင်းကိုငါ ပြောစရာရှိတယ်''

သူ့သူငယ်ချင်းများ မကြားလောက်နိုင်သည့်နေရာအထိ ကျွန်တော့်ပခုံး ကိုဖက်ကာ ကောင်းစံဦးက ခေါ်ပြီးပြောသည်။

''ငါတို့က သူခိုးပုလိပ်လုပ်တမ်း ကစားနေတာကွ၊ မင်းပါချင်တယ်ဆိုရင် ငါတစ်ခုပြောမယ်၊ မင်းလက်ထဲက သေနတ်နဲ့ ဟောဒီ ငါ့လက်ထဲကသေနတ်နဲ့ လဲပေးရမယ်''

''ဟာကွာ မလုပ်ပါနဲ့၊ ဒါက ငါ့အဖေဝယ်ပေးထားတာကွ''

ကျွန်တော်ပြောလည်းပြော သေနတ်ကိုလည်း နောက်ကျောတွင် ကွယ် ကိုင်လိုက်၏။

''အေးလေ ဒါဆိုလည်း မင်းသဘောပဲ၊ မင်းမပါနဲ့ပေါ့''

မျက်လုံးကိုတစ်ချက်မှေးရင်း လှည့်ထွက်တော့မည့် ကောင်းစံဦးကို ကျွန်တော် ပျာပျာသလဲ တားရသည်။

''အဲလိုတော့ မလုပ်ပါနဲ့ကွာ၊ ငါ ဘယ်နေရာကပါရ ပါရပါ''

''မင်း သေနတ်ပေးရင်တောင် ငါက သူတို့တွေကျေနပ်အောင် မနည်း ပြောပေးရမှာ၊ မင်းကို ငါက သနားလွန်းလို့ ဟွန်း''

ကျွန်တော့်မှာ ပါလည်းပါချင်၊ အဖေဝယ်ပေးထားသည့်သေနတ်လှလှ လေးကိုလည်း ပေးလိုက်ရမှာ သမျှောနှင့် တွေဝေနေဆဲဖြစ်သည်။

''ကဲကွာ မင်းနေခဲ့တော့ ငါ သွားမယ်''





ကောင်းစံဦး ဆောင့်ကြီးအောင့်ကြီးနှင့် လှည့်ထွက်သွားသည်။ ကျွန် တော် အပြေးကလေးလိုက်တားမိ၏။

''ကောင်းစံဦး နေပါဦးကွာ၊ ရော့ ရော့ ငါ့သေနတ် မင်းလိုက်တော့''

ကျွန်တော့်သေနတ်ကို ဖျတ်ခနဲလှမ်းယူပြီး ကောင်းစံဦးက သူ့အုန်းလက် သေနတ်ကို လွှင့်ပစ်လိုက်၏။

''ဟင်း ငါက သနားသောအားဖြင့်နော်''

သူတို့သူငယ်ချင်း အုပ်စုနား ကျွန်တော်ရောက်တော့ ကောင်းစံဦး ဘာမှမပြောခင် နီလာအေးက စီးပြီးပြော၏။

''ဟေ့ ရုပ်ဆိုး ပါရင်တော့ ငါ မပါတော့ဘူး ဒါပဲ''

''အေး ဟုတ်တယ် ငါလည်းမပါဘူး''

ရေခဲချောင်းကုန်သွားသည့် အောင်မျိုးမင်းက ထောက်ခံပြန်သည်။ အခြေအနေအရပ်ရပ်ကို တွက်ဆတတ်သော ကောင်းစံဦးက မျက်မှောင်ကျုံ့ကာ ရှင်းပြသည်။

''အေး နီလာအေး ငါရှင်းပြတာ သေသေချာချာနားထောင်၊ တို့တွေ အခုကစားမှာက သူခိုးပုလိပ်လေ၊ အဲဒီတော့ ဒီကောင်ရုပ်ဆိုးက သူခိုးနဲ့လိုက်တယ်၊ ဒီကောင်မပါရင် နင် သူခိုးလုပ်မလား ကဲ ပြော''

ကောင်းစံဦး အပိုင်ချည်လိုက်၍ နီလာအေး နှုတ်ဆိတ်သွား၏။ သူခိုးတို့ ဘေးပြတ်တို့ကိုတော့ ဘယ်သူကမှ တော်ရုံမလုပ်ချင်ကြ။ အောင့်သက်သက်နှင့် သဘောတူလိုက်ကြသဖြင့် ကျွန်တော် ပါခွင့်ရသွားသည်။

''ကဲ စမယ်၊ ငါ တစ်ကနေ ငါးဆယ်အထိ အော်မယ်၊ ရုပ်ဆိုး အရင် ပြေးနှင့် ဟုတ်ပြီလား ကဲ တစ်''

တစ်ချိန်လုံးငြိမ်နေသည့် ဝင်းနိုင်က စအော်သည်။ အုပ်စုနှင့်ပထမဆုံး ကစားရသည်ဖြစ်သောကြောင့် ကျွန်တော် အရမ်းကိုပျော်နေမိသည်။ ညာသံပေးပြီး ကျွန်တော့်ကိုဝိုင်းဖမ်းဖို့ သူတို့ပြေးလိုက်လာသည့်အခါ ကျွန်တော့်မှာ ရင်တွေတအား ခုန်နေသည်။

''ကောင်းစံဦးနဲ့ နီလာအေးက ညာဘက်ကတက်၊ ငါရယ် မိနုရယ် အိချိုရယ်က တောင်ဘက်ကတက်မယ်၊ အောင်မျိုးမင်းနဲ့ စိုးစိုးက တည့်တည့် လိုက်''



www.burmeseclassic.com

www.burmeseclassic.com



''လိုက်ဟေ့ လိုက်ကြ''

မနားတမ်းပြေးသော်လည်း တစ်ယောက်နှင့်အများမို့ ဘာမှမကြာလိုက်သည့်အချိန်အတွင်း ကျွန်တော့်ကို ဖမ်းမိသွားကြသည်။

''ဟား ဟား၊ သူခိုးရုပ်ဆိုးကိုမိပြီဟေ့၊ ဘာရမလဲ''

ဝင်းနိုင်က လက်နှစ်ဖက်ကိုမြှောက်ကာ ခြေတစ်ဖက်ကို ကျွန်တော့်ပေါင်ပေါ်ဖိနင်းရင်း အောင်မြင်သူလို တဟားဟား ဂုဏ်ယူအော်ဟစ်သည်။ အရှုံးဖြင့် ရင်ဆိုင်ရသော ကျွန်တော်ကလည်း ပျော်တပြုံးပြုံး၊ သည်ပွဲပြီးလျှင် နောက်တစ်ပွဲဆက်ကစားရမည်ဖြစ်၍ သူတို့ဘာလုပ်လုပ် ကျေနပ်နေမိသည်။

''ကဲ ဒီပွဲပြီးပြီ၊ နောက်တစ်ပွဲတော ငါ ဘာလုပ်ရဦးမလဲ''

ပလိပ်ဖြစ်နိုးနိုးနှင့် ကောင်းစံဦးဘက်လှည့်မေးတော့ သူက ခတ်ပြတ်ပြတ်ပင်ဖြေသည်။

''သူခိုးပဲပေါ့ကွ''

ရဲသားလုပ်ချင်စိတ်မျှော်လင့်ချက် ပျက်ပြယ်သွားသော်လည်း ကျွန်တော်အပြုံးမပျက်ခဲ့ပါ။ သူတို့တစ်တွေနှင့်ဆော့ကစားခွင့်ရနေသည်ကပင် ကျွန်တော့်အတွက် ကံကောင်းလှပြီထင်နေ၏။

''ကဲ ဒါဆို တစ် နှစ် စအော်လေ၊ ငါ ပြေးတော့မယ်''

ကျွန်တော် စပြေးဖို့ပြင်သည့်အခါ ကောင်းစံဦးက ကျွန်တော့်လက်ကို ဆွဲထားသည်။

''နေပါဦးကွ၊ သူခိုးဆိုတာ မိရင်ပညာပေးရတယ်ကွ''

ကောင်းစံဦး စကားအဆုံး ဝင်းနိုင်နှင့်အောင်မျိုးမင်းက ကျွန်တော့်လက်တစ်ဖက်စီကို ဝိုင်းချုပ်လိုက်ကြ၏။ ကောင်းစံဦးက ရုတ်တရက် ကျွန်တော့်ဗိုက်တည့်တည့်ကို လက်သီးနှင့်ထိုးသည်။

''အင့် မင်းတို့ မင်းတို့''

ကျွန်တော် ရုတ်တရက် အံ့သြသွားရုံမှလွဲ၍ ဘာတစ်ခုမှ ထပ်မပြောနိုင်။

''ပြောလေကွာ၊ နောက်ခိုးဦးမလား ကဲ ကဲ''

ဗိုက်တွေကော မျက်နှာတွေပါ ဆင့်၍ ကောင်းစံဦးက ဆက်ထိုးသည်။

''ဟဲ့ ကောင်စံဦး နင်တို့ အဲဒါတော့ လွန်ပြီ''

နီလာအေး ခါးထောက်ပြီး ခပ်ဆတ်ဆတ်အော်တော့ ကျွန်တော့်ကို





နှပ်နှောင်ရာမှ လွတ်လိုက်ကျသလို ထိုးတာလည်းရပ်သွား၏။

''အေးလေဟာ နင်တို့ကလည်း ရိုးရိုးကစားကျတာမဟုတ်ဘူး''

ကျွန်တော့်နှုတ်ခမ်းမှ သွေးစလေးများကို ကြည့်ရင်း ဂိနုက ဟန့်တားသော စကားဝင်ပြောသည့်အတွက် ကျွန်တော်ကြည်နူးသွားသလို ခံစားလိုက်ရသည်။

''ရပါတယ်ဟာ၊ သူတို့က ကစားကျတာပဲဥစ္စာ''

''နင်မသိပါဘူး၊ နင်ဟာလေ အရုပ်ဆိုးသလောက် ထုံလွန်း အ,လွန်းတယ်''

မတရားလျှင်မကြိုက်တတ်သော အိချိုက ကောင်းစံဦးကိုမျက်စောင်းထိုးကာ ပြော၏။ ကျွန်တော်က သူတို့မကျေနပ်လျှင် နောက်တစ်ခါ မပါရမည်စိုးသောကြောင့် ဖာဖာထေးထေးလေးပြောရသည်။ ဘယ်လောက်ပင် နာပါစေဦးတော့ ထိုနေ့အတွက် ကစားဖော်များနှင့်ကစားလိုက်ရ၍ ကျွန်တော့်မှာအကျေနပ်ကြီးကျေနပ်နေခဲ့လေသည်။

■ ■ ■

အမေမသိအောင် ဖုံးကွယ်နေသည့်ကြားမှ ကျွန်တော့်ကိုအရိပ်တကြည့်ကြည့်နေတတ်သော အမေက သိဖြစ်အောင်သိသွား၏။

''ကြည့်စမ်း သားနှုတ်ခမ်းကြီးက ညိုမည်းလို့ပါလား ဘာဖြစ်တာလဲသား''

''ဟို ဟို တံခါးဘောင်နဲ့ရိုက်မိတာ အမေ''

''ဒုက္ခပါပဲ လာ လာ အမေ ဆေးလိမ်းပေးမယ်''

အမေကပြောပြောဆိုဆို ကြမ်းခင်းတွင် ဒူးနှစ်ဖက်ထောက်ကာ ကျွန်တော့်မျက်နှာကို လက်နှင့်ပင့်တင်ပြီးလှန်ကြည့်သည်။

''မနည်းပါလား သားရယ်၊ ဖြစ်မှဖြစ်ရလေ''

အမေ ကရုဏာသက်စွာပြောရင်း မျက်ရည်ဝဲသည်။ တကယ့်အဖြစ်မှန်ကိုသာသိလျှင် အမေ ဘယ်လောက်အထိ ခံစားရမည်ကို ကျွန်တော်မခန့်မှန်းတတ်သလို ပြောလည်းမပြောရက်ပါ။

ထိုညက အဖေဝယ်ပေးသည့်သေနတ်လေးကို အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် အဖေသည် ကျွန်တော့်ခေါင်းကို တယုတယပွတ်ရင်း သား



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကိုချစ်ရင် ဒီသေနတ်လေးကို ရှိရှိသေသေကိုင်နော်'ဟုမှာသည်။ ဖြန်းခနဲ ကျွန်တော်အိပ်ရာမှလန့်နိုးသွား၏။ မိုးလည်းလင်းပြီ။ အိမ်တွင်အမေမရှိ၊ ဈေးသွားဟန်တူသည်။

"ဘုရား ဘုရား ဒီသေနတ်လေးအကြောင်း အမေသိရင် ငါတော့ အဆူခံရတော့မှာပဲ"

ကျွန်တော် စိုးရိမ်လို့ပင်မပြီးသေး။ အမေ ဈေးမှပြန်ရောက်ရောက်ချင်း တိုက်တိုက်ဆိုင်ဆိုင် သေနတ်လေးအကြောင်းမေး၏။

"သား အဖေ ဝယ်ပေးထားတဲ့ သေနတ်လေး ဘယ်ရောက်သွားလဲ"

"ဟို ဟို သား သိမ်းထားတာပါတယ် အမေရဲ့"

အမေ မျက်နှာထားတင်းတင်းနှင့်ကျွန်တော့်ကို စူးစိုက်ကြည့်သည်။

"သား မညာနဲ့နော်၊ မှန်မှန်ပြောစမ်း အမေဈေးကအပြန် ကောင်းစံဦး လက်ထဲမှာတွေ့ခဲ့တယ်"

"ဩော် ဟို ဟို ဟုတ်တယ်အမေ၊ ကောင်းစံဦးက သူ ခဏကစားချင်လို့ ငှားထားပါဆိုတာနဲ့ သားပေးထားတာ"

အမေဈေးခြင်းတောင်းချရင်း စိတ်သက်သာမှုရအောင် သက်ပြင်းမှုတ်ထုတ်သည်။

"သားရယ် မင်းအဖေ မြတ်မြတ်နိုးနိုး ဝယ်ပေးထားတာ မင်းမို့ပေးရက်တယ်၊ ခု ကျောင်းချိန်နီးနေပြီ၊ ညနေကျောင်းကပြန်တာနဲ့ တစ်ခါတည်းသွားတောင်းထား ကြားလား"

"ဟုတ် ဟုတ်ကဲ့"

ကျောင်းဆင်းတော့ ကောင်းစံဦးတို့အုပ်စု ကစားနေရာသို့ ကျွန်တော်တန်းထွက်ခဲ့သည်။ တစ်လမ်းလုံး စဉ်းစားခဲ့သော်လည်း ကောင်းစံဦးကို ဘယ်ကနေဘယ်လိုစပြောပြီး သေနတ်ကိုပြန်တောင်းရမှန်းမသိ။ ဝန်ခံရလျှင် ကျွန်တော်ကြောက်တာလည်းပါသည်။

"ဟော ဟိုမှာ ရုပ်ဆိုးလာနေပြီ"

အရင်ဆုံး လှမ်းမြင်သည့် ဝင်းနိုင်က ကျွန်တော့်ဘက် မျက်စပစ်ပြကာ ပြော၏။

"အမယ် မင်းက ဒီနေ့မှ ထူးထူးဆန်းဆန်း ကျောင်းအဝတ်အစားတောင်





မလဲဘဲ ထွက်လာရတယ်လို့"

ကျွန်တော့်သေနတ်ကို ဟန်ကျပန်ကျ ကိုင်ထားသော ကောင်းစံဦးက ပြုံးစစပြောသည်။

"ရုပ်ဆိုး နင့်အမေဆူနေဦးမယ်နော်၊ လွယ်အိတ်တွေ ပြန်ထားလိုက်ဦး"

သူများတကာထက် စိုးရိမ်တတ်သည့် မိနုက ကျောက်တုံးဖင်ခုထိုင်နေရာမှထကာ ကျွန်တော့်ကို သတိပေး၏။

"ရပါတယ်ဟ ငါ့အမေကို ပြောပြီးမှ ဒီကိုလာတာ"

"ကဲ ဒါဆို ဒီနေ့စစ်တိုက်တမ်းကစားမှာဆိုတော့ ငါတို့က ဒီတောင်ကုန်းပေါ်ကနေချမယ်၊ လာ ရုပ်ဆိုး မင်းက ငါ့ဘက်ကနေ"

သေနတ်ပေးထားသော မျက်နှာနှင့်မို့ ကောင်းစံဦးက သူ့ဘက်ကို ကျွန်တော်ပါဖို့ခေါ်သည်။ လူစုခွဲပြီး ကောင်းစံဦးက တောင်ကုန်းမြင့်ပေါ်ပြေးတက်သည်။ ကျွန်တော်လည်း ကောင်းစံဦးနောက်မှ ပြေးလိုက်ရ၏။

"ရုပ်ဆိုး ဝင်းနိုင်တို့ကို သတိထားနော်၊ ဒီကောင်တွေက အနောက်ဘက်က အလစ်ပတ်ပြီး တောင်ကုန်းပေါ်တက်တတ်တယ်"

တောင်ကုန်းပေါ်ရှိ ချုံပုတ်ကို အကာအကွယ်ယူကာ ဝမ်းလျားမှောက်ရင်း ကောင်းစံဦးက ကျွန်တော့်သေနတ်လေးနှင့်အကျအန ချိန်ရွယ်ထားသည်။ ကျွန်တော် သူ့ဘေးတွင် ခပ်ရှိုးရှိုးရပ်နေမိသည်။

"ကောင်းစံဦး ခဏကွာ၊ ငါ မင်းကိုပြောစရာရှိလို့"

"ဘာလဲ မြန်မြန်ပြော"

ကောင်းစံဦး အရှိန်ပျက်သွား၍ စိတ်မရှည်သလို ကျွန်တော့်ကိုခပ်ငေါက်ငေါက်ပြော၏။

"ဟို ဟို ငါ့သေနတ်လေး ငါ့ကိုပြန်ပေးပါလား"

ကောင်းစံဦး ရုတ်တရက် မျက်လုံးကြီးပြူးပြီး ဖြန်းဆို ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထရပ်သည်။

"ဟေ့ကောင် မင်းယောက်ျားမဟုတ်ဘူးလား၊ ပေးပြီးစလစ်ပဲ"

"ငါတောင်းပန်ပါတယ်ကွာ၊ ငါ့အမေက အရမ်းဆူနေလို့"

"မပေးဘူးကွာ၊ မပေးတော့ မင်းက ဘာလုပ်ချင်လဲ"

ကောင်းစံဦးက ကိုင်ထားသော သေနတ်ကိုဆတ်ခနဲ သူ့နောက်ကော



www.burmeseclassic.com

www.burmeseclassic.com



သို့ လက်ဖြင့်ဆွဲကပ်လိုက်၏။ ကျွန်တော် ထိတ်လန့်တကြား သေနတ်ပြောင်း ထိပ်ကို လိုက်ဆွဲယူမိသည်။

"ဟာ ဒီကောင် ဖယ်စမ်း"

"လုပ် လုပ်ပါကွာနော်"

"ပြောနေတာမရဘူးလား ကဲကွာ"

စိတ်ဆိုးမာန်ဆိုးဖြင့် ကောင်းစံဦးက အရှိန်ပြင်းပြင်းအားနှင့် ကျွန်တော့်ကို တွန်းတော့ ယိုင်လဲ၍ ကျောက်ငုတ်နှင့်တိုက်မိကာ ကျွန်တော် တောင်ကုန်းပေါ်မှလိမ့်ဆင်းသွားသည်။

"ဟာ ရုပ်ဆိုး ရုပ်ဆိုး"

"အား"

ကျွန်တော်တို့နှစ်ယောက်၏စူးရှသောအော်သံကြောင့် ကစားဖော်များလည်း အပြေးအလွှား ရောက်လာကြသည်။

"ဟယ် ရုပ်ဆိုး ရုပ်ဆိုး ဘာဖြစ်တာလဲ"

ကျွန်တော့်ဆီ အရင်ဆုံး စိုးရိမ်တကြီးဖြင့် နီလာအေး ပြေးလာသည်။

"ငါ ငါလုပ်တာမဟုတ်ဘူးနော် သူ့ဘာသာကျတာ"

အခြေအနေမှန်ရိပ်စားမိသော ကောင်းစံဦးက ကြောက်လန့်တကြားနှင့် သူ့အပြစ်လွတ်အောင် ထစ်ထစ်ငငပြော၏။

ဘယ်သူ့အမေးကိုမှ ကျွန်တော်ပြန်မဖြေနိုင်။ အထိမခံနိုင်အောင် နာကျင်လှသော ကျွန်တော်၏ညာခြေထောက်က ပုံပန်းပျက်စွာ လိမ်ကောက်နေ၏။

"လာ ရုပ်ဆိုး ငါတို့ထူပေးမယ်"

ဝင်းနိုင်နှင့်အောင်မျိုးမင်းက ကျွန်တော့်ကျိုင်းတစ်ဖက်ဆီကို ကိုင်ကာ ဆွဲမဖို့ဟန်ပြင်သည်။

"အား နာတယ် နာတယ် မထူနဲ့ မထူနဲ့ အား"

ကျွန်တော် ငယ်သံပါအောင်အော်မှ အားလုံးက ကျွန်တော့်ခြေထောက်ဆီကို ဝိုင်းကြည့်ကြသည်။

"ဟယ် ရုပ်ဆိုးခြေထောက်ကြီးက အမလေး ကျိုး ကျိုးသွားတာလား မသိဘူး"

မျက်လုံးပြူးမျက်ဆံပြူးနှင့် မိနုက ရင်ဘတ်လေးဖိကာ အသံပြာပြာဖြင့် ပြော၏။





"ဟာ ဟုတ်တယ်ကွ၊ ငါ သူ့အမေပြေးခေါ်မယ်"

ဝင်းနိုင် ပြေးထွက်သွားသည်။ ကျန်လူတွေက ကျွန်တော့်ဒူးထက်ကို မှုတ်သူကမှုတ်၊ လက်ဖျားလေးတွေဆုပ်သူကဆုပ်၊ အားလုံးထဲတွင် ကောင်းစံဦးက မျက်လုံးကြီးပြူး၍ ခြေမကိုင်မိလက်မကိုင်မိနှင့် တောင့်တောင့်ကြီးရပ်နေဆဲ။ ထိုအကြားမှ သတိဝင်သလို သူ ကျွန်တော့်အနား ဒူးထောက်ကာ သေနတ်လေးကို ကျွန်တော့်ရင်ဘတ်ပေါ်တင်ပေးသည်။

"ရုပ်ဆိုး ဒီ ဒီမှာ မင်းသေနတ်လေး မင်းပြန်ယူကွာနော်၊ အခုကိစ္စက ငါလုပ်တာမဟုတ်ဘူးနော်၊ မင်းဘာမင်းဖြစ်တာနော်"

စူးနင့်စွာ နာကျင်နေသည့်ကြားမှ ကောင်းစံဦးကို ကျွန်တော် အားယူပြီး တစ်ချက်ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။ ကျွန်တော့်ဘဝတွင် ပထမဆုံး သူငယ်ချင်းများ၏ဝိုင်းဝန်းယုယမှုအပြင် အဖေ့သေနတ်လေးပါ ကျွန်တော် ပြန်ရခဲ့ပြီ မဟုတ်လား။

■ ■ ■

ဆေးရုံထက် တရုတ်ဆေးစည်းခြင်းကိုပိုမိုယုံကြည်သော အမေ့ခမျာ ငွေသာသောက်သောက်လဲကုန်သွားသည်။ (၆)လလောက်အကြာ ဆေးကုသပြီး နိုင်တွင် ကျွန်တော်ပေါင်ကျိုးခဲ့သည်ဆိုသော ညာခြေထောက်က နဂိုထက်နိမ့်ဝင်သွားခဲ့သည်။

"သားရယ် ဖြစ်မှဖြစ်ရလေတယ်၊ ငါ့သား ဘာဖြစ်ဖြစ် အမေရှိတယ် သိလား"

ကျွန်တော့်ပခုံးနှစ်ဖက်ကို ယုယုယယကိုင်ပြီး အားပေးနေတဲ့ အမေ့ရဲ့ မျက်နှာမှာ မျက်ရည်တွေနဲ့ပါလား။ အမေ့ရဲ့မျက်ရည်စက်ပေါင်းများစွာနဲ့ နှစ်သိမ့်အားပေးမှုကို ကျွန်တော် ကြည်ကြည်နူးနူး ကျေကျေနပ်နပ် ခံယူသင့်တယ်မဟုတ်လား။ အမေ့ကို ကျွန်တော်ပြုံးပြလိုက်ပါသည်။ အမေဟာ ကျွန်တော့်ခေါင်းမှ ဆံပင်ကိုသပ်တင်ပြီး ကျွန်တော့်ပါးကိုနမ်းလေသည်။

"ရုပ်ဆိုးရေ ရုပ်ဆိုး"

"ဩော် သားတို့ သမီးတို့ပါလား၊ လာကြကွယ်"

မျက်ရည်စများကို အမေ လက်ဖမိုးနှင့်ကမန်းကတန်းသုတ်ရင်း ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်သူငယ်ချင်းများကို ဆီးကြိုသည်။

"ဟဲ့ နင်သက်သာသွားပြီလား"

"အေးဟာ ပျောက်သလောက်တော့ဖြစ်သွားပါပြီ"

"မင်းအတွက် ကျောင်းစာတွေ ငါကူးထားတယ်ကွ"

"ကျေးဇူးပါပဲ ဝင်းနိုင်ရယ်"

"အေး ကောင်းစံဦးက သူမအားလို့ မလိုက်နိုင်တာလို့ မင်းကိုမှာလိုက်တယ်"

ကျွန်တော် ဘာမှမပြောဘဲ ခေါင်းညိတ်လိုက်သည်။ တကယ်တမ်းလည်း ကောင်းစံဦးက တမင်တကာ ရည်ရွယ်ပြီး ကျွန်တော့်ကိုတွန်းချခဲ့သည်မဟုတ်မှန်း ကျွန်တော်သိသည်။ အဖြစ်မှန်ကိုရှင်းပြနေလျှင် သူငယ်ချင်းတွေ စိတ်ဝမ်းကွဲတာ သာ အဖတ်တင်မည်။ လူကြီးချင်း ပြဿနာတက်မည်။

"ကောင်းစံဦးက ပြောသေးတယ်ဟ၊ နင်လိမ့်ကျတော့ သူ လှမ်းဆွဲလိုက်သေးတယ်တဲ့၊ မမီလိုက်ဘူးတဲ့"

ရှမီးအင်္ကျီလေးနှင့် ဒူးထောက်ထိုင်ကာပြောသော မိနုကိုလည်း ကျွန် တော် ဘာစကားမှတုံ့ပြန်မပြောဖြစ်။ ညြော် ကောင်းစံဦးခမျာ သူ့အပြစ်မဖြစ် အောင် ကာကွယ်နေရသည်မှာ စိတ်ပင်ပန်းလှပြီ။

■ ■ ■

မိတ်ဆွေသူငယ်ချင်း ဝေါမွတ်ခြင်းကြီးစွာ တမ်းတခဲ့သော ကျွန်တော့် အတွက် အရင်ကထက် အဆပေါင်းများစွာသာသည့် သူငယ်ချင်းတစ်စု၏နွေးထွေး မှုကို ပေါင်ကျိုးကာမှရ၍ ပေါင်ကျိုးရသည်ကိုပင် ဝမ်းပမ်းတနည်းမဖြစ်ခဲ့မိ။

အရွယ်လေးရလာသောအခါ ဆော့ကစား၍ပျော်ရွှင်ကြည်နူးရသည့် ရင်ခုန်သံမျိုးအစား အမျိုးသမီးတစ်ယောက်၏အလှတရားကို တစိမ့်စိမ့်တွေးရင်း ရင်ခုန်တတ်လာသည်။ နှင်းဝေတာ၊ မိုးရွာတာ၊ သစ်ရွက်ကြွေတာကအစ ခံစား တတ်လာသလို ကဗျာလေး စာလေးလည်း ဟိုစပ်စပ် သည်စပ်စပ် ခံစားတတ် လာ၏။

လူပျိုတို့၏သဘာဝအတိုင်း အပျိုမတစ်ယောက်၏ဝတ်လွှာတွေကို အ တွင်းကျကျသိချင်လာသည်။ အပျိုရည်ငုံဖူးသော သူငယ်ချင်းမများနှင့် နီးနီးစပ်စပ် နေရသည်ကို ကျွန်တော် သာယာတတ်လာသည်။ ငယ်ငယ်က မျက်နှာကောင်း





နိုတ်ချိတ်ထင်ခဲ့သော မိနု၏ဖူးပွင့်မှုက အခုတော့ တစ်ကိုယ်စာရောင်နီပျို့နေပြီ။

ခေါင်းကိုဘီးစပတ်ကုတ်လေးဖြင့် နဖူးတင်းတင်းလေးပေါ်ကာ ဂါဝန်တိုတို နှင့်တင်းနစ်ရိုက်နေသည့် နီလာအေး၏ဖြူဝင်းဖြောင့်စင်းသောပေါင်တံအလှက ကျွန်တော့်ကို အစိမ်းလိုက်တိမ်းညွတ်စေခဲ့သည်။

ဆံနွယ်နှစ်ဖက်ကို ရောင်စုံကွင်းများဖြင့် ခွဲစည်းကာ လည်ဟိုက်ဘ လောက်အင်္ကျီဖြူလေးနှင့် နေကြာစေ့ခွာစားနေသော အိချို၏ရင်ညွှန့် အင်တာတိန်း နှင့်ထဲတွင်လည်း ကျွန်တော် ပျော်ဝင်နေချင်သည်။

ကြည့်စမ်း ဒါကို စိတ်ကစားတတ်တဲ့အရွယ်လို့များခေါ်လေမလား။ ကျွန်တော် တစ်ယောက်တည်း တွေးရူးသွားသလို ထိုင်နေသော ဗာဒံပင်မြစ်ဆုံ နားမှ ပုရွက်ဆိတ်အနီကောင်များကို အသားလွတ်ပွတ်ချေနေမိ၏။

"ဟော့ကောင် ရုပ်ဆိုး"

"အမလေး"

"မင်းကလည်း ဘာကြောင်နေတာလဲ"

"မဟုတ်ပါဘူးကွာ၊ ငါ ရုတ်တရက်မို့လန့်သွားလို့"

ကျွန်တော့်ပခုံးကို ပုတ်ခေါ်သည့်ဝင်းနိုင်ကိုကြည့်တော့ အဝတ်အစား ဘ ဝတိုင်ပင်နှင့်စမတ်ကျကျ သားသားနားနား တစ်ကိုယ်လုံးလည်း မွှေးကြိုင်ပြီး ဆန်းပွဲနေသည်။

"မင်း ငါနဲ့ခဏလိုက်ခဲ့"

"ဘယ်ကိုလဲကွ"

"ငါ မိနုကို ရည်းစားစကားပြောမလို့ ငါနဲ့အဖော်လိုက်ခဲ့ကွာ"

ဘာကြောင့်မှန်းမသိဘဲ ရင်ထဲမှာစို့တို့တို့ကြီးဖြစ်သွား၏။ တစ်ချိန်တည်း မှာ သဝန်တိုသလိုလို သဝန်ကြောင်သလိုလိုခံစားမှုက ရင်မှာတင်းကျပ်လာသည်။ ဘာဆိုင်လဲ၊ တကယ်ဆို မိနုနှင့်ကျွန်တော်က သူငယ်ချင်းသာဖြစ်၏။ သို့သော် အိုးဘာန်းကျောင်းသားလောက်အရွယ်ကတည်းက ကောင်မလေးများနှင့် လက်ရည် တူခဲ့ပုံးသော ဝင်းနိုင်ကြောင့် မယောင်မလည်ဖြင့် မိနု ပါသွားမှာစိုးရိမ်သည်။

"ရုပ်ဆိုး ဘာငေါင်နေတာလဲ ထလေ"

"ဟာ မဟုတ်ပါဘူးကွာ၊ မင်းဟာက သူငယ်ချင်း,ချင်းကွာ"

"မင်းမသိပါဘူး ရုပ်ဆိုးရယ်၊ ငယ်ကကျွမ်းတော့မှ နားလည်မှုပိုရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွ''

■ ■ ■

ကွန်ပျူတာသင်တန်းမှ မိနု ဆင်းလာသည်။ ဝင်းနိုင်က မိနုကြိုက်တတ်သည့် ကင်းပုစွန်ကြော်နှင့် အာပူလျှာပူ သွားသောက်ရအောင်ဟု စည်းရုံး၏ ကျွန်တော်လည်းပါတော့ မိနု ခေါင်းညိတ်သည်။ လမ်းမကြီးဘက်ထွက်သည့် လမ်းတစ်လျှောက် ဝင်းနိုင်မျက်ရိပ်ပြထား၍ ကျွန်တော် ခပ်ခွာခွာလျှောက်သည်။

ဘောင်းဘီနောက်အိတ်၌ထိုးထားသော နှင်းဆီနီတစ်ပွင့်ကို နှိုက်ပြီး ဝင်းနိုင်က မိနုကိုပေးသည်။ မိနု အူကြောင်ကြောင်နှင့်ယူလိုက်၏။ သို့သော် ပန်းပွင့်ကို ယုယုယယဖြင့် မမွှေး။ ဘာသဘောလဲဆိုသည့်သဘောဖြင့် ဝင်းနိုင် ဘက် လှည့်ကြည့်သည်။

''နင်ယုံချင်မှယုံဟာ၊ ငါလေ နင့်ကိုအရမ်းချစ်တယ်၊ ငါတကယ်ပြောတာ ငါလေ နင့်ကိုဘယ်လောက်အထိ ချစ်သလဲဆိုရင် မိုင်လီဆိုင်းရပ်(စ်)ထက် ပို တယ်''

ပန်းနုရောင်သမ်းနေသည့် မိနု မျက်နှာရုတ်တရက် နီမြန်းကာ

''သေနာ နင့်ဟာနင် အဲဒီ မိုင်လီဆိုင်းရပ်(စ်)ကို သွားယူလိုက်ပါလား''

''မရလို့ပေါ့ဟ''

''သေချင်းဆိုး အဲဒီမှာ လဲသေလိုက်''

မိနု စိတ်ဆိုးမာန်ဆိုးဖြင့် ဝင်းနိုင်အနီးက ခြေဆောင့်ပြီးခပ်သုတ်သုတ် ထွက်သွားသည်။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ။

တကယ်တော့ Sky Net ရုပ်သံလိုင်းမှလာသည့် AMERICAN MUSIC AWARD တွင် မိုင်လီဆိုင်းရပ်(စ်)က ကြောင်ရုပ်ကြီးနောက်ခံထား၍ သီချင်း ဖြေဖျော်သည်ကို ဝင်းနိုင်နှင့်ကျွန်တော် ညကအတူကြည့်ဖြစ်သည်။ ရေကူးဝတ်စုံ သာသာဝတ်ပြီး ဖျော်ဖြေခဲ့သော မိုင်လီဆိုင်းရပ်(စ်)ကို ရေရေလည်လည် မိုက်တယ် ကွာဟု ခဏခဏပြောရင်း သရေကျကာ ဝင်းနိုင် စိတ်စွဲလန်းသွားပုံရ၏။ သီချင်း အပြီး မိုင်လီက နောက်ကျောလှည့်၍ ရုတ်တရက် ခါးကြီးကုန်းပြလိုက်သောအခါ စောစောက သရေကျနေသည့် ဝင်းနိုင်ခမျာ တံတွေးပင်သီးသွားခဲ့၏။

ထိုအစွဲအလန်းကြောင့် ဒီနေ့ မိနုကို လိုက်ပြောသောအခါ အယောင် ယောင်အမှားမှားတွေပါကုန်တာဖြစ်မည်။ ဝင်းနိုင် ခေါင်းတစ်ချက်ကုတ်ပြီး မိနု





အမီလိုက်ပြန်သည်။ ကျွန်တော်က နောက်နားမှယောင်လည်လည်။

သူတို့နှစ်ဦး တတွတ်တွတ်ဘာတွေပြောနေမှန်းမသိ။ ဝင်းနိုင်က မိနု အားကပ်ပြောလိုက်၊ ဆတ်ခနဲ မိနုက ပြန်ခွာလိုက်ဖြင့် ကျွန်တော့်မျက်စိထဲတော့ ကြည့်ကောင်းနေ၏။ ဒါမှ မိနုမပါမှာဟုတွေးရင်း ကျွန်တော့်ရင်ထဲပျော်ချင်နေ သလိုလို။

ပုစပ်ပုလောင်နိုင်ကာ မိန်းမလိုမိန်းမရဆန်လှသော ရာသီဥတုက ရုတ် တရက်အုံ့မှိုင်းပြီး မိုးဖွဲများကျလာသည်။ မိနုလွယ်ထားသော စလင်းဘတ်အိတ်ထဲ မှ ထီးကိုထုတ်ဖွင့်ပြီး ကျွန်တော့်ကိုခေါ်၏။

''ရုပ်ဆိုး လာ ငါနဲ့ဒီမှာလာဆောင်း''

ပထမတော့ ကျွန်တော် ကြောင်အမ်းပြီး ဝင်းနိုင်ကို အားနာသလို ပြောမိ၏။

''ရပါတယ်ဟ''

''မရှည်နဲ့ ငါက လာဆိုလာ''

ကျွန်တော် ခပ်ရွံ့ရွံ့ထီးအောက်ကိုဝင်လိုက်သည်။ ညနေခင်းသည် ထူးဆန်းတကျယ် ပန်းပွင့်များရနံ့နှင့် သင်းပျံ့သွား၏။

''ငါ ငါရော''

''နင့်ဟာနင် ပုဆိုးခြုံပေါ့''

''ဟာကွာ တောက်''

ဝင်းနိုင် တက်တစ်ချက်ခတ်ရင်း လမ်းနားကပ်ပေါက်နေသည့် အပင်ငယ် ကို လက်သီးနှင့်ထိုးကာ လှည့်ထွက်သွားသည်။ မိုးကပိုသည်းလာသည်။ တစ် ချက်တစ်ချက်လေအဝှေ့တွင် မိနု၏နုအိထွေးထွေးသောပခုံးက လူကောင်ညှပ်သည့် ကျွန်တော့်နှာခေါင်းနား လာကပ်သည်။ မိုးသံက ဂီတတစ်ခုလို ယိမ်းနွဲ့စွာ ပိန်းပိတ် သွား၏။ ထီးတစ်ချောင်းနှစ်ယောက်မို့ တစ်ကိုယ်လုံးရွှဲရွှဲစိုကုန်သည်။ ကျွန်တော် ဝင်းနိုင်ကို အားနာ၍အကြောင်းရှာပြီးပြောရသည်။

''ရပါပြီဟာ ငါနဲ့ဝင်းနိုင် ဟိုဘက်က လက်ဖက်ရည်ဆိုင်ထဲဝင်နိုင်ပြီး လက်ဖက်ရည်သောက်မလို့''

ရေစိုရွှဲ၍အသားနှင့်အဝတ်ကပ်နေသော အရွယ်ရောက်ပြီးအမျိုးသမီး တစ်ယောက်၏အလှကို ထိုနေ့ကမှကျွန်တော် တွေ့ဖူးမြင်ဖူးခြင်းဖြစ်၏။ မိနုတတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ပါတိတ်ထဘီပေါ်မှ သစ်ရွက်တွေကို ကျွန်တော် စိတ်ကူးနှင့် နေမိ၏။ ညနေခင်း၏ အလင်းအိုသည် တိမ်ညိုကိုစီးလျက် အနောက် မိုးကုတ်စက်ဝိုင်းသို့ တရွေ့ရွေ့ထွက်ခွာသွားလေသည်။

ညအိပ်ရာဝင်သည်အထိ မိနု၏အလှက ကျွန်တော့်ကိုတစိမ့်စိမ့်စီး ဆဲ။ စိတ်ကူးနှင့်ယစ်မူးခဲ့သည့် နီလာအေးနှင့်အိချိုကို ခဏထား၊ လက်တွေ့ တော့ ဝင်းနိုင်ကိုဖယ်ပြီး ကျွန်တော်နှင့်ထီးအတူဆောင်းခဲ့သူ မိနုမှ မိနုဖြစ်နေသည် အိုမဖြစ်နိုင်ပါဘူး၊ တော်ကြာ ဝင်းနိုင်သိလို့စိတ်ဆိုးသွားရင် ဘယ်လိုလုပ်မလဲ သောအတွေးနှင့် စိုးရိမ်မိပြန်သည်။

တကယ်တမ်းတော့ ဒီကိစ္စက ကျွန်တော်ဆုံးဖြတ်ရမှာမဟုတ်။ ဆုံးဖြတ်ရမှာဖြစ်သည်။ အခြေအနေကလည်း အလေးသာနေ၏။ ကျွန်တော်နှင့် ထီးတစ်ချောင်းထဲဆောင်းခဲ့သူ၊ ကြည်နူးသွားပြန်သည်။ အို ဘယ်သူတွေ ပြောပြော ဒီညအဖို့တော့ ကောင်းကင်မှာသာနေတဲ့လမင်းကြီးဟာ ကျွန်တော် တစ်မြို့တည်းသားတွေဟု တွေးမိသည်။

ညကတော်ရုံနှင့်အိပ်မပျော်သော်လည်း ကျွန်တော့်စိတ်က လန်း နေခဲ့သည်။ အမေ အဆင်သင့်မီးပူတိုက်ထားသောအဝတ်များထဲမှ အကောင်း ဖြစ်မည်ထင်သည့် ဝတ်စုံကိုဝတ်ကာ ကျွန်တော်အပြင်ထွက်ခဲ့သည်။ အောင် မင်းနှင့်ချိန်းထားသည့် ကုဋ္ဌေကြွယ်ကဖီးကိုရောက်တော့ ကျွန်တော် မျက်လုံး ရှာသည်။ အခန်းထောင့်တွင် တစ်ဦးတည်းမှာချင်ရာမှာစားနေသော အောင်မျိုး က ကျွန်တော့်ကိုတွေ့တော့ လက်ထောင်ပြ၍ သွားထိုင်လိုက်၏။

''စား စား သူငယ်ချင်း၊ မင်းလိုချင်တာအကုန်မှာ ငါရှင်းမှာ''

အကျိုးလိုလို့ ညောင်ရေလောင်းမှန်း အောင်မျိုးမင်း သိပုံရ၏။ ဝက် ပေါင်းတစ်လုံးကိုအချဉ်စက်ချကာ ကွဲခနဲတစ်ဝက်လောက် ကိုက်လိုက်၏

''မင်းမို့လို့တိုင်ပင်တာပါ အောင်မျိုးမင်းရာ၊ အဲဒီနေ့က ဝင်းနိုင်ကို မိနုက ငါနဲ့ထီးအတူတူဆောင်းခဲ့တာ၊ မိုးတွေကလည်းသည်း၊ မိနုနဲ့ငါလည်း ပူ ပြီး ဆောင်းခဲ့ကြတာ''

ကျွန်တော်က ထိုနေရာကို အရသာခံပြီး အထပ်ထပ်ပြောသော် အောင်မျိုးမင်းက ပြုံးပြီးသာ နားထောင်နေခဲ့၏။

''အေးကွာ ဝင်းနိုင်ကျတော့ ဖယ်ပြီး ငါနဲ့မှဆောင်းတာ အဲဒါ ဘာ





လဲဟင်''

''ရုပ်ဆိုးတို့ကတော့ တုံးတဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ ရှင်းနေတာပဲ အပေါ်သံယောဇဉ်ပိုရှိလို့ပေါ့ကွ''

အကြားချင်ဆုံးစကားမို့ ကျွန်တော်က အောင်မျိုးမင်းကိုရေနွေးငှဲ့ပေး လိုက်သည်။ ပြီးမှ ကိုယ့်ရုပ်ရည်အားနည်းချက်ကိုတွေးမိပြီး မဝံ့မရဲထပ်မေးမိ၏။

''အောင်မျိုးမင်း မင်း မင်းတကယ်ပြောတာနော်၊ ဟိုလေ ငါ့ရုပ်ရည်နဲ့''

''မဆိုင်ဘူးလေကွာ၊ လုံးဝ လုံးဝကိုမဆိုင်ဘူး၊ မင်းကုသနဲ့ပဘာဝတီ ဇာတ် ကို မင်းကြားဖူးမှာပါ ဟဲ ဟဲ''

အောင်မျိုးမင်း ပြောပြောဆိုဆို မန်းပေါက်စီတစ်လုံးကိုထပ်ပြီး တံဆိပ် သည်။ သူ့ ဒီထက်စားလည်း ကျွန်တော်က ကြည်ဖြူကျေနပ်ပါသည်။

''ဆီချက် မှာလေကွာ၊ မင်းကြိုက်တယ်မဟုတ်လား''

''နေပါဦးကွ ပေါက်စီကုန်မှ ထပ်မှာ,မှာပေါ့''

တကယ်တမ်းတော့ မင်းကုသနှင့် ပဘာဝတီတို့၊ အင်မတန်အရုပ်ဆိုး သည့် ပဥ္စပါပီဇာတ်တို့ကို ကျွန်တော်က သိပြီးသား။ သို့သော် ထိုသိပြီးသားကြီး ပဲ ကျွန်တော် ကြားချင်နေ၍ အောင်မျိုးမင်း ပြောနိုင်အောင် လမ်းစဖော်ပေးရ သည်။

''အေးကွ ပဥ္စပါပီဆိုလည်း မင်းသိမှာပေါ့နော် အောင်မျိုးမင်း''

''ဟင် ဘာလဲ ငါတို့သူငယ်ချင်း သန့်စင်ကြီးအိမ်က ခွေးငါးကောင်လား''

ကျွန်တော် တော်တော်လေး နင်သွား၏။ ပဥ္စပါပီဆိုတာနှင့် ခွေးငါး ကောင်လားဟုမေးရက်သော အောင်မျိုးမင်းကို ရှင်းရှင်းဘွင်းဘွင်းပဲမေးရတော့မည်။

''ဟိုလေ ငါဆိုလိုတာက မိနုကို ငါ ဘာဆက်လုပ်ရင်ကောင်းမလဲလို့ သိချင်တာ''

''မင်းက မိနုကိုချစ်နေတာမဟုတ်လား။ ချစ်နေရင် ဖွင့်ပြောလိုက်ပေါ့ကွ''

''ဝင်းနိုင် သိသွားရင် ငါ့ကိုမှုံး''

''ဟဲ ဟဲ ဟဲ ဒီမယ် ရုပ်ဆိုး အချစ်နဲ့စစ်မှာမတရားတာမရှိဘူး''

စကားလုံးခပ်တုံးတုံးတွေပင်ဖြစ်၏။ သို့သော် ကျွန်တော် ကြည်နူးကျေ သွားသည်။ စားပွဲထိုးကိုခေါ်ပြီး ကျသမျှရှင်းသည်။

မလိုအပ်ဘဲ သဘောမနောတွေ ကျွန်တော်ကောင်းနေသည်၊ နတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး၏အပမီခြင်းကိုခံရသလို ဘာလုပ်လုပ် မိနုကိုပဲသတိရနေ၏။

အောင်မျိုးမင်း အာမခံလွှန်း၍သာ မိနု ကွန်ပျူတာသင်တန်းမှဆင်း မည့်နေရာ ခပ်လှမ်းလှမ်းက ကျွန်တော် သွားစောင့်သည်။ ရင်တွေလည်း ခြေဖျားလက်ဖျားတွေလည်းအေးစက်ပြီး ဘယ်လိုကြီးဖြစ်နေမှန်းကိုမသိ။ အရေး ဝင်းနိုင်ကိုပထုတ်ဖို့ အောင်မျိုးမင်းကိုငွေပေးပြီး ရုပ်ရှင်ကြည့်ဖို့ ဘီယာသောက် ဖို့ အကူအညီတောင်းခဲ့ရသေး၏။

ရင်တွေခုန်သည်။ မတ်တပ်ရပ်နေလျက်က အမောစို့လာသလို ခ သက်ပြင်းမှုတ်ထုတ်ဖြစ်၏။ နဖူးမှစို့ထွက်လာသော ချွေးစများကိုသုတ်ရင်း မိ လာမည့်လမ်းဆီ မရဲတရဲ လှမ်းကြည့်သည်။

ကျွန်တော် မျှော်လင့်သလို မိနု ဆင်းလာပြီ။ မိနုကိုမြင့်,မြင့်ချင်း တွေ တဒိုင်းဒိုင်းခုန်ကာ ဒူးတွေပါတဆတ်ဆတ်တုန်လာသည်။ မိနုက ကျွန်တော် ကိုမတွေ့။ အနက်ရောင်ထဘီနှင့်ဆင်စွယ်ရောင်ကိုယ်ကျပ်အင်္ကျီလေးဖြင့် လှ စွာ လျှောက်သွားသည်။

ကွယ်ရပ်နေရာမှ ကျွန်တော်အတွေးတစ်ခုနှင့် အားထည့်လိုက်၏ ကျွ တော်ဖွင့်မပြောရဲလျှင် ဝင်းနိုင် လက်ဦးသွားမည်။ ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် မိနု ကျွန်တော် လက်လွှတ်မခံနိုင်ပါ။

"မိ မိနု"

အသံအက်ကွဲကွဲကြီးကြောင့် လှည့်ကြည့်သည့်မိနုက ကျွန်တော့်လည် တွေ့ရော အံ့သြသလို ပြူးတူးကြောင်တောင်နှင့်ကြည့်၏။

"နင် နင် ဘယ်ကပြန်လာတာလဲ"

"ဘာလာကြောင်နေတာလဲ ရုပ်ဆိုး၊ ငါ သင်တန်းကပြန်လာတာလေ"

ကျွန်တော့်အမေးကို ခပ်ပြတ်ပြတ်ဖြေပြီး ဘေးဘီဝဲယာကို မိနု မျက်လုံးဝေ့ကြည့်ကာ ပြန်ထွက်သွား၏။

"နေပါဦးဟာ ငါ ငါလေ နင့်ကိုပြောစရာရှိလို့"

"ဟာ ရှုပ်လိုက်တာ၊ ကဲ ပြောစရာရှိ မြန်မြန်ပြော"

လူတကာသွားလာနေသော မြင်ကွင်းတွင် ကျွန်တော်နှင့်အတူရပ် သည်ကို မိနုက ကျေနပ်ဟန်မပေါ်။ မြန်မြန်ပြီး,ပြီးရောဆိုသောသဘောနှင့် မျက် မှောင်ကျုံ့ကာနေသည်။





"ဟို ငါလေ နင့် နင့်ကိုချစ်လို့"

"ဘာ"

မိုးချုန်းသံထက်ပြင်းသော ထို'ဘာ'ကြီးတစ်လုံးကြောင့် ကျွန်တော့် တစ်ကိုယ်လုံး တုန်သွားခဲ့၏။ အနီးအနားရှိသူများကလည်း လှည့်ကြည့်သူကြည့် ပြုံးစိစိလုပ်သူလုပ်၊ ပါးစပ်အဟောင်းသား တအံ့တသြငေးသူငေးဖြင့် ကျွန်တော့် မျက်နှာကို ဘယ်နေရာထားရမှန်းမသိတော့။

"နင်လိုကောင်မျိုးကများ ငါ့ကိုပြောရဲတယ်ဟုတ်လား။ ကိုယ့်ရုပ်ကိုယ် မှန်ထဲမှာပြန်ကြည့်မိရဲ့လား။ နင် သိပ်သနားဖို့ကောင်းတယ် ရုပ်ဆိုးရယ်၊ ဖြစ်နိုင် သား မဖြစ်နိုင်လားဆိုတာတောင် မစဉ်းစားတတ်တဲ့ကောင်၊ နောက်ကိုဒါမျိုး ဒိုလာပြောလို့ကတော့ ပါးအကျိုးပဲ"

လက်ဝါးပါထောင်ပြကာ ဒေါနှင့်မောနှင့်ပြောအပြီး မိနု ကျွန်တော့်နားမှ ထွက်သွားသည်။ မသိမသာ ငေးကြည့်နေသော မျက်လုံးများကြား ကျွန်တော် အရှက်ရသည်မှာ ဘာနှင့်နိုင်းနှိုင်းပြောရမှန်းမသိတော့။ တစ်ကိုယ်လုံးဖိန်းရှိန်း၍ မီးနှင့်ဆန့်ကျင်ရာဘက်သို့ ခပ်သုတ်သုတ် ထွက်ခဲ့မိသည်။ သိမ်ငယ်ဝမ်းနည်း စိတ်ကြောင့် စီးကျလာသည့်မျက်ရည်တို့ကို လူမမြင်ခင် ကျွန်တော်သုတ်လိုက် သည်။ မိနုကိုလည်း အပြစ်မတင်ရက်။ တကယ်တမ်းတော့ ကိုယ့်အကြောင်းကိုယ် မေ့ချင်ယောင်ဆောင်ခဲ့သည့် ကျွန်တော်သာ တရားခံဖြစ်လေသည်။

ထိုရက်မှအစပြု၍ ကျွန်တော် အိမ်ပြင်မထွက်ခဲ့တာ တစ်လပင်ကျော် ခဲ့ပြီ။ အမေက ကျွန်တော့်ကိုစွဲရိပ်မိသလို ထမင်းခူးပေးရင်း အားပေးနှစ်သိမ့်တတ် ၏။

"သားရယ် ကိုယ်နဲ့ဖူးစာမပါတဲ့သူအတွက် သိပ်လည်းစိတ်ဆင်းရဲခံမနေ ပါနဲ့ သားရယ်၊ အမေ သားအတွက် စေ့စပ်ဖို့ရှာပေးမယ်၊ ငါ့သား အားမငယ်နဲ့ ကြားလား"

စေတနာ ကရုဏာပိုသော အမေ့အားပေးစကားကြီးက စဉ်းစားကြည့် သွင် အချစ်နှင့်မဆိုင်ဘဲ ဒိုဘာမင်တို့ အယ်ဖေးရှင်းတို့ သားစပ်ရှာပေးသလိုဖြစ်နေ ၏ ကျွန်တော့်ခံစားမှုကို အမေ နားမလည်။ တစိမ့်စိမ့် ပြန်တွေးရင်း ရင်ထဲမှာ နာကျင်လာ၏။

စဉ်းစားကြည့်၊ အရွယ်ရောက်ပြီး မိန်းမပျိုတစ်ယောက်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လူပျိုစစ်စစ်က သမီးရည်းစားစကားပြောခွင့်မရှိတော့ဘူးတဲ့လား။ အရပ်ဆိုး အတွက် ကြင်ရာဖက်ဆိုတာရော မရှိနိုင်ဘူးတဲ့လား။ ဒါကို ကျွန်တော် တဖြည်းဖြည်း နားလည်လာသည်။

အခုဆို ငယ်ပေါင်းသူငယ်ချင်း အိချိုကပင် လမ်းတွေ့လျှင် ကျွန်တော့်ကိုမမြင်ချင်ယောင်ဆောင်သည်။ လူရှေ့သူရှေ့ ကျွန်တော်နှင့်စကားပြောရမည်ကို ရွံသလိုလို ရှက်သလိုလို။ ကျွန်တော့်ဆီလာ၍ မကြာခဏ ပေါင်းသင်းတတ်သူ ယောင်ပေပေ အောင်မျိုးမင်းသာရှိ၏။ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်တွင် ဆုံဖြစ်သည်။

"အေးကွာ အဲဒီတုန်းက ငါ့ကိုမိနု ရက်ရက်စက်စက် ပြောသွားလိုက်တာများ"

"ပြောမှာပေါ့ကွ၊ မိနုနဲ့ဝင်းနိုင်က အကြည်ဆိုက်သွားပြီကိုး"

"ပထမတော့ သူပဲ ဝင်းနိုင်ကိုလက်မခံသလိုမျိုးနဲ့"

"ဟ အဲဒါက မိန်းမမာယာလေကွာ၊ ပထမတော့ မူလဂ်ို့ တူလာရှိ ကွ၊ နောက်တော့လည်း ဟဲ ဟဲ"

"အေးနော် ဝင်းနိုင် ဘယ်လိုများ ဖွင့်ပြောလိုက်လဲမသိဘူး"

"ပြောစရာတောင်မလိုဘူး ဟေ့ကောင်ရေ၊ တို့ကျောင်းတုန်းက တင်ဥမ္မာဝင်း သိတယ်မဟုတ်လား"

"အေးလေ သိတယ် အဲဒါဘာဖြစ်လဲ"

"အေး တင်ဥမ္မာဝင်းက ကြားကနေ အောင်သွယ်ပေးလိုက်တာ"

တင်ဥမ္မာဝင်းဆိုသူက အချစ်ကိုလည်းမရှာ၊ ချစ်သူလည်းမရှိ။ သို့သော် သူများကြားအောင်သွယ်ပေးရတာ တော်တော်လေး ဝါသနာပါပုံတော့ရ၏။ မုန့်ဖိုး တွေစိုက်၊ ပန်းပင်တွေရောင်းရသောငွေဖြင့် သူ့စရိတ်နှင့်သူ ကြားကနေ အောင် သွယ်ပေးသဖြင့် ကောင်းစံဦးနှင့်နီလာအေးလည်း ချစ်သူတွေဖြစ်သွားကြပြီ။ အခု ကျွန်တော် သတိမထားလိုက်မိသည့် တစ်လကျော်နှစ်လအတွင်း မိနုနှင့်ဝင်းနိုင် လည်း အတွဲတွေဖြစ်သွားကြ၏။

ငွေရေးကြေးရေး ပြေလည်သော မိနုက အတော်အသင့်ချမ်းသာသော ဝင်းနိုင်နှင့်ချစ်သူတွေဖြစ်သွားသည်မှာ ဇာကယ်တော့ သဘာဝကျပါသည်။

"အေးကွာ ငါတို့သူငယ်ချင်းတွေမှာလည်း ဝင်းနိုင်ကော ကောင်းသွား





ကော သူ့အတွဲနဲ့သူဖြစ်ကုန်ပြီနော်"

ကျွန်တော် အားကျသလိုပြောတော့ အောင်မျိုးမင်းက စားလက်စ ခေါက်ဆွဲတစ်ခြမ်းကို ပန်းကန်ပေါ်ပြန်ချသည်။

"ဘာလဲ မင်းကအားကျနေလား၊ ငါ့ကိုကြည့် ကိုယ်တစ်ယောက်တည်း အတွက်တောင် စားမဝတာ၊ ချစ်သူရှိရင် တစ်ဝက်ခွဲကျွေးနေရဦးမယ်၊ အေးအေး နေစမ်းပါကွာ"

တစ်နှစ်ဆိုသောအချိန်ကာလသည် ဖင်လှည့်ခေါင်းလှည့်ဖြင့် ကုန်ဆုံး ခဲ့ပြန်သည်။ သူငယ်ချင်းတွေအားလုံးလည်း တက္ကသိုလ်မှဘွဲ့ကိုယ်စီရကာ လုပ်ငန်း ခွင်ဝင်နေကြပြီ။ သတ္တဗေဒနှင့်ကျောင်းပြီးသော အိချိုက လူဝင်မှုကြီးကြပ်ရေးတွင် အလုပ်ဝင်သည်။ B.E (chemical) နှင့်ကျောင်းပြီးသူက ဆည်မြောင်းဦးစီးဌာန မှာအလုပ်ရသွားသလို ရုက္ခဗေဒနှင့်ကျောင်းပြီးသူက အဖျော်ယမကာဌာနရောက် သွား၏။ ဒီလိုပါပဲ ဓာတုဗေဒနှင့်ကျောင်းပြီးသူက ကုန်သွယ်လယ်ယာအလုပ် လုပ်နေရသလို သချာကျောင်းပြီးသူကလည်း ငံပြာရည်စက်ရုံမှာအလုပ်ဝင်နေရ တာမျိုးတွေရှိ၏။

ဆိုလိုတာက ရသည့်ဘွဲ့နှင့်ဝင်လုပ်နေရသောနေရာတွေ လွဲချော်နေတာ ပဲဖြစ်၏။ ကျွန်တော်တို့နိုင်ငံတွင် ဆရာဝန်ကလွဲလျှင် ကျန်သောဘွဲ့တွေကတော့ အိမ်ဦးခန်းဓာတ်ပုံချိတ်ရုံလောက်သာရှိ၏။ တကယ့်လက်တွေ့သင်ခဲ့ရသည့်ပညာ တွေက ဘယ်နေရာမှသုံးမရ၊ အချိန်တွေကုန်၊ လူတွေပမ်း၊ နိုင်ငံလည်းမတိုးတက်။

ကျွန်တော်လို ရုပ်ရည်အဆင့်အတန်းပါ နိမ့်ကျသည့်လူအတွက်က ပိုဆိုးသေး၏။ လျှောက်သမျှအလုပ်မှန်သမျှက ပယ်သည်။ ဘွဲ့ရတစ်ယောက် ဖြစ်လျက်နှင့် ညစောင့်လုံခြုံရေးဝန်ထမ်းကိုပင် လူကောင်ညှပ်၍ ပယ်ချခံရပြန် သည်။ ဘယ်အလုပ်မှမရသည့်အတူတူ အမေ့ကုန်စုံဆိုင်လေးကိုပဲ ဝင်ကူနေရ သည်။

ကျွန်တော်တို့သူငယ်ချင်းများထဲမှ အေးအေးဆေးဆေးနေချင်သည့် အောင်မျိုးမင်းက အရင်ဦးဆုံး အိမ်ထောင်ကျ၏။ အောင်မျိုးမင်း မင်္ဂလာဆောင်မှ ခဖြစ်မနေ ကျွန်တော်သွားရသည်။ ဟိုရောက်တော့ သူငယ်ချင်းစုံတွဲတွေနှင့်လည်း ဆုံ၏။ သို့သော် သူတို့ကတစ်ပိုင်း၊ ကျွန်တော်ကတစ်ပိုင်း။ ငယ်သူငယ်ချင်းအားလုံး က ကျွန်တော့်ကိုမသိယောင်ဆောင်နေကြ၍ အားငယ်မှုထက် မခံချင်စိတ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှဒေါသက ဆောင့်တက်လာသည်။ တစ်နေ့နေ့တော့ ချစ်သူကောင်မလေး တစ်ယောက်နှင့် သူတို့ရှေ့ တွဲလျှောက်ပြမည်ဟု တေးထားလိုက်သည်။

ထိုအကြောင်းကို အမေသိတော့ ကျွန်တော့်အတွက် အိမ်ထောင်ဘက် ရှာသည်။ စာပေမတတ်သော စပိန်က 'ဖရန်စစ်စကိုပီစရို' ဆိုသူသည် 'အင်ကာ ကေရာဇ်' နိုင်ငံအားသိမ်းယူနိုင်ခဲ့သည်။ ဘာမဟုတ်သည့် ချစ်သူတစ်ယောက်ရှာ အရေး အမေ့မှာ ရွာရိုးကိုးပေါက်လျှောက်စပ်သော်လည်း ပြေလည်ခဲ့ပုံမရ။

သည်တော့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အမေ့ကုန်စုံဆိုင်လာဝယ်သော ကောင်မလေးတွေကို ကျွန်တော် ပိုးပန်းသည်။ သိပ်အချောအလှကြီး မဟုတ်သော မယ့် ကိုယ်လုံးကိုယ်ပေါက် ခပ်တောင့်တောင့်ဆိုလျှင်ပင် ကျွန်တော် ကျေနပ်နေ တတ်၏။ ဆီဝယ်လည်း ပိုပိုသာသာလေးပေးလိုက်သည်။ ကြက်သွန်ဆိုလျှင်လည်း အနည်းဆုံး လေးငါးခြောက်လုံးလောက် အပိုဆောင်းပေးလိုက်သည်။ ပိုက်ဆံ အပြည့်မပါလည်း အကြွေးချန်ပေးလိုက်သည်။

ကြာတော့ အမေက ကျွန်တော့်ကိုဆိုင်ပေးမထိုင်နိုင်းရဲတော့။ သူ အရင်းပြုတ်မည်ဟုဆိုကာ ကျွန်တော် ဘေးထွက်နေလိုက်ရသည်။ အမေ လိုအပ် သည့်ပစ္စည်းသွားဝယ်ပေးရုံမှအပ မယ်မယ်ရရ ကျွန်တော့်မှာအလုပ်မရှိတော့။

အားလပ်ရက်များလာသောအခါ အပျင်းပြေသဘောမျိုးဖြင့် မဟုတ်တ ဟုတ်က အပေါင်းအသင်းများနှင့်ဆုံဖြစ်သည်။ သိကြသည့်အတိုင်း ယောကျ်ားလေး ဆိုတဲ့ ကောင်တွေရဲ့သောက်ကျင့်ကလည်း တစ်ခုမဟုတ်တစ်ခု လုပ်နေမှ ကျေနပ်ကြသူ တွေဖြစ်၏။ ဆေးလိပ်သောက်သူကသောက်၊ ကွမ်းတဝါးဝါးနှင့်နေသူ ကနေ၊ အရက်သောက်သူ၊ မိန်းမလိုက်စားသူ၊ မူးယစ်ဆေးဝါးသုံးစွဲသူနှင့် အနည်း ဆုံး တစ်ယောက်တစ်မျိုးလောက်တော့ လုပ်ကြ၏။

အမေကုန်ပစ္စည်းဝယ်ခိုင်းသောငွေများနှင့် ကျွန်တော် လောင်းကစား ဝိုင်းတွေရောက်၏။ ရှုံးတစ်လှည့် နိုင်တစ်လှည့်ဖြင့် ကြာတော့ အရှုံးဘက်ကသို့ လာသည်။ ည,ညပြန်မအိပ်သည်အထိ ခြေလမ်းပျက်လာသောအခါ အမေက ကျွန်တော့်ကို ကရုဏာနှင့်ဆုံးမတတ်၏။

"သား ညက တစ်ညလုံးပြန်မအိပ်ပါလား။ ဘယ်သွားနေတာလဲ"

"ဒေါ်ဝိုင်းတို့အသုဘအိမ်ပါ"

"သားရယ် အမေ့ကိုပြောသွားတာမဟုတ်ဘူး။ ပြီးတော့ လောင်းကစား





တွေမလုပ်ပါနဲ့သားရယ်၊ သားမှာက နဂိုကတည်းက ကံပါတာမဟုတ်ဘူး။ ကိုယ့် ဘာကိုယ် တန်ဖိုးရှိအောင်နေမှ သားအတွက်တော်ရာကျမှာ"

အမေ့ကိုသနား၍ အိမ်ပြင်မထွက်တော့သလို အမေကလည်း အနိုင် တကြည့်ကြည့်ဖြင့် ကျွန်တော့်ကို မျက်ချေပြတ်မခံခဲ့။ အိမ်ပြင်မထွက်ရတော့ တိဇ္ဇိကြည့်၊ အခွေငှားကြည့်နှင့်ကြာတော့ ဘဝဆိုတာကြီးကလည်း အဓိပ္ပာယ် လော။ တစ်ခါတစ်ရံတော့ အမေ ကုန်ဝယ်ထွက်သွားသည့်အခါ ဆိုင်စောင့်အဖြစ် ကျွန်တော်ကျန်ခဲ့၍ ဈေးဝယ်သူများနှင့်စကားစမြည်ပြောရတာက နည်းနည်းတော့ အပျင်းပြေစရာကောင်း၏။

ဈေးဝယ်သူဆိုတာကလည်း မိန်းမတွေ ကောင်မလေးတွေသာများသမို့ ကောင်မလေးတွေနှင့်တွေ့တိုင်း ကျွန်တော် ကြည်နူးနေတတ်သည်။ မှန်ရာပြောပါ မည်။ သွေးသားတောင်းတမှုအရ ကျွန်တော် မိန်းမလိုချင်သည်မှာ သေလုအောင် ပင်ဖြစ်၏။ သို့သော် ကျွန်တော့်ကိုကြိုက်မယ့်မိန်းမဆိုတာကလည်း မရှိသလောက် ရှား၏။

ကျွန်တော့်သာ သူတို့ကပြန်မကြိုက်တာ၊ သူတို့ကို ငမ်းမှန်းသိလျှင်တော့ မိန်းမသဘာဝအရ ကျေနပ်စွာပုံအမျိုးမျိုးပေးကြ၏။

"သဇင့်ဆံပင်က ဘယ်မှာကောက်တာလဲဟင်၊ အရမ်းလှတာပဲနော်"

ကျွန်တော် အလိုက်သင့်ပြောတော့ သဇင်ဆိုသည့်ကောင်မလေးက လိုတာထက်ပို၍ ဖင်ကြီးကိုကောက်ပြီးရပ်ကာ ကျွန်တော့်ကိုမျက်လုံးဝေ့ကြည့်ပြီး ပြန်ပြော၏။

"မြို့ထဲမှာလေ တစ်သောင်းခွဲတောင်ပေးရတာ၊ အင်းလေ နိုင်ငံခြား ဆေးဆိုတော့လည်း ယူမှာပေါ့၊ အို ပြောရင်းတောင် နှုတ်ခမ်းကနာလာပြီ"

"ဟင် ဘာဖြစ်လို့လဲ"

"နှုတ်ခမ်းထဲကို အရောင်ထည့်ထားတာလေ၊ သိန်းခိုပြီးလည်းကုန်သေး အနာကလည်း တစ်လကျော်တာတောင် မပျောက်ချင်သေးဘူး"

မေးတာကနည်းနည်း ပြောတာကများများ။ မိန်းကလေးတွေများ ကြွား တတ်တာကိုက မွေးရာပါလားမသိ။ ဝယ်သူပြတ်တော့ ပတ်ဝန်းကျင်ကို ဟိုငေး သည်ငေး ရုတ်တရက် 'ဗွမ်း' ခနဲ အသံကြောင့် အသံလာရာသို့ ကျွန်တော် လှည့်ကြည့်သည်။ ကောင်မလေးတစ်ဦး ရေမြောင်းထဲချော်ကျသွားတာဖြစ်၏



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အပြေးကလေးသွားပြီး ဆွဲထူသည်။ ပန်းနုရောင်ဂါဝန်ရှည်တွင် ဗွက်တွေ နုံးတွေပေရေနေသော်လည်း လိမ္မော်ရောင်ညနေခင်းတွင် သူ့မျက်နှာလေးကဝင်းမှည့်နေသည်။

"ဟို ဟို ကျွန်မ 'တုတ်' ကျွန်မ 'တုတ်'ကော"

ကြောက်ရွံ့စိတ်နှင့်တစ်ကိုယ်လုံးတုန်နေရာမှ လက်ကလေးတစမ်းစမ်းလုပ်တော့ ကျွန်တော် သူ့ကိုသတိထားမိသွားသည်။ ဩော် သူ့ခမျာ မျက်စိမမြင်ရှာပါလားဆိုပြီး ရုတ်ချည်းဆိုသလို ကျွန်တော် ကရုဏာသက်မိသွား၏။ ပြောစရာမရှိအောင် ချောမောလှပနူးညံ့သည့်မိန်းမငယ်ကျမှ မျက်စိက အလင်းမရရှာ။ ကျွန်တော်ကိုယ်ချင်းစာသလို ဖေးဖေးမမတွဲရသည်။

"ညီမ တုတ်ကလေး ရေမြောင်းထဲမျောသွားပြီနဲ့တူတယ်၊ မရှိတော့ဘူး"

"အို ဒုက္ခပါပဲ"

"စိတ်မပူပါနဲ့ ညီမ၊ အစ်ကို့အိမ်က ဒီနားလေးတင် အိမ်ကိုလိုက်ပြီး ခဏလောက်ဖြစ်ဖြစ် အနားယူလိုက်ဦး၊ အစ်ကို တဖြည်းဖြည်းချင်း တွဲခေါ်မယ် လာ လာ"

တစ်ကိုယ်လုံး ရွှံ့ဗွက်တွေနှင့်ရစရာမရှိ။ နာသွားသောခြေတစ်ဖက်ကြောင့် သူ့ခမျာ တဆတ်ဆတ် တုန်ယင်နေရှာသည်။ ကျွန်တော် အိမ်ပေါ်သို့ မနည်းချော့မော့ခေါ်ယူခဲ့၏။

"ညီမရယ် တကယ်ဆို အဖော်လေး ဘာလေးပါလာဖို့ကောင်းတယ်"

သူ ဘာမှမပြောနိုင်ဘဲ တုန်တုန်ယင်ယင်ဖြစ်နေသေး၍ ဖိနပ်စင်ဘေးရှိ ခုံတန်းလျားတွင် ကျွန်တော် နေရာချပေးလိုက်၏။ ခဏနေမှ ကျွန်တော် ရှိမည်ထင်သည့်ဘက် သူ့မျက်နှာမူလာသည်။

"ဘာမှမကြောက်နဲ့ ဟုတ်ပြီလား၊ ညီမကိုစွလုံခြုံပြီလို့သဘောထားလိုက်၊ ဒါနဲ့ ဘာဖြစ်လို့ အဖော်မခေါ်လာတာလဲ"

"အမြဲတမ်း အမေနဲ့သွားနေကျပါ၊ အခု အမေနေမကောင်းလို့ အရဲစွန့်ပြီး ထွက်လာတာပါ"

"ဩော် ဩော် ကိစ္စက အရေးကြီးလို့လား"

ကျွန်တော့်အမေးကြောင့် သူတွေဝေသွားသည်။ ပြောသင့် မပြောသင့်ကို ချင့်ချိန်နေသလို ခေါင်းကလေးငုံ့ပြီး ငြိမ်သက်နေခဲ့၏။





"ကဲပါကွာ နောက်မှပြော၊ အအေးမိနေဦးမယ်၊ အဝတ်အစားတွေလဲလိုက်"

"အို ရတယ် ရတယ်"

"ဘယ်ဖြစ်ပါ့မလဲ ညီမရယ်၊ ဒီလောက်ပေကျံနေတဲ့ဥစ္စာ၊ အဲဒါတွေ အခန်းထဲမှာလဲပြီးရင် ညီမသွားချင်တဲ့နေရာကို အစ်ကိုလိုက်ပို့ပေးမယ်လေ"

သူ့ရင်ဘတ်ကို လက်ကလေးနှစ်ဖက် ကြက်ခြေခတ်ယှက်ရင်း စိုးရိမ်ကြောင့်ကျသလိုမေးပြန်၏။

"ဘယ်သူမှ မရှိကြဘူးလား"

"အမေ ဈေးသွားနေလို့လေ၊ ဘယ်အချိန်ပြန်ရောက်မလဲတော့ ခန့်မှန်းလို့မရဘူး၊ တော်ကြာ နောက်ကျနေမယ်၊ လဲလိုက်ပါကွာ၊ အစ်ကို အိမ်ရှေ့မှာ အသံပေးပြီး စောင့်မယ်လေ၊ ညီမ အခန်းထဲမှာလဲပေါ့၊ စိတ်ချလက်ချလုပ်ပါ ညီမရယ်"

ပြောမယ့်သာပြောရသည်။ ကျွန်တော် ယောကျ်ားစိတ်ကလေးနှင့် ရင်တွေခုန်နေ၏။ သို့သော် လူ့ကျင့်ဝတ်၊ လူ့သိက္ခာကိုတော့ ကျွန်တော်စောင့်ထိန်းရမည်။ ရေမိုးချိုးသန့်စင်ပြီးမှ အဝတ်အစားလဲဖို့ပြောတော့ သူ ခေါင်းခါပြီးငြင်းသည်။ ကျွန်တော် အတင်းအဓမ္မ မတိုက်တွန်းတော့ဘဲ သူ့ကိုအခန်းထဲတွဲခေါ်ပြီး အမေ့လုံချည်တစ်ထည်နှင့်ကျွန်တော့်တီရှပ်အင်္ကျီကို သူ့လက်ထဲထည့်ပေးလိုက်၏။

သူက အသံနှင့်အနံ့အသက်အာရုံကို ခံစားရင်း ကျွန်တော် ထွက်အသွားကို စောင့်သည်။ ကျွန်တော်လိုတာထက်ပို ခြေသံပေးကာ အိမ်ရှေ့သို့ထွက်ခဲ့သည်။ ကျွန်တော့်ပါးစပ်ထဲရှိရာ သီချင်းကိုဆိုရင်း အိမ်ရှေ့မှာရှိကြောင်း အသံပေးရသည်။

သီချင်းတစ်ပုဒ်ကုန်သည်အထိ ထွက်မလာ။ နောက်တစ်ပုဒ်ဆက်ဆိုသည်း ထွက်မလာ။ စိုးရိမ်စိတ်နှင့် ကျွန်တော်ခြေသံလုံလုံလှမ်းပြီး အခန်းပေါက်ကသွားချောင်းကြည့်မိသည်။ တစ်မျိုးမတွေးကြပါနှင့် တကယ့် ဘုရားစူးမှ ဘုရားစူး

"အစ်ကို မလာနဲ့နော်၊ မလာနဲ့"

လုံလွန်းသောခြေသံကြောင့် ကျွန်တော်ခိုးကြောင်ခိုးဝှက် လာချောင်းသည်ဟု သူထင်သွားပုံရသည်။ အမှတ်တမဲ့ အပေါက်ကကြည့်လိုက်တော့ တီရှပ်လက်တစ်ဖက်ကို ခေါင်းမှားစွပ်ထားမိ၍ သူ တော်တော်နှင့်ပြန်ချွတ်မရ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခန်းဆီးစကိုခေါင်းတိုးဝင်ပြီး မရဲမဝံ့ပြောကြည့်၏။

“ဟို ညီမကို ဘာမျှားဖြစ်နေလဲလို့ လာကူညီတာ”

“ရတယ် ရတယ် မလိုဘူး”

ရတယ်သာပြောသည်၊ သူ့ခမျာတကယ့်ဒုက္ခ၊ ကျွန်တော့်ခြေလှမ်းတွေလည်း လှမ်းဝင်ရမလို ပြန်ဆုတ်ရမလို၊ ခန္ဓာကိုယ်နှင့်အင်္ကျီလွဲချော်နေမှုမှာ စောစောက ကျွန်တော်ကျိန်ခဲ့သည့်ဘုရားစူးတော့မည်ထင်သည်။ ဘယ်တုန်းကမှ မခံစားခဲ့ဖူးသော ရှိန်းတိန်းဖိန်းတိန်းကြီးက ရင်ဘတ်ထဲ စီးဆင်းလာသည်။ ပန်းတွေကိုခဝါချပြီး ကြည့်ရသလို သန့်ရှင်းဝင်းမွတ်နေ၏။

စိတ်၏စီးဆင်းမှုအား ခေါင်းခါထုတ်လျှင်မရနိုင်မှန်းသိလျက်နှင့် ကျွန်တော် အထပ်ထပ် ခေါင်းရမ်းနေမိသည်။ မိန်းမပျိုတစ်ယောက်၏ဖူးပွင့်ရွှန်းစိုမှုက ယောကျ်ားသားတွေကိုအာခေါင်ခြောက်စေပါသလား။ သို့သော် ကျွန်တော့်စိတ်ခံစားခြင်းတွေ ဆောက်စလွတ်နေလို့မဖြစ်။ စိတ်ကိုအနိုင်နိုင်ထိန်းရင်း ဖြူစင်ခြင်းကိုပြရသည်။

“ညီမ လည်ပေါက်နဲ့လက်ပေါက် လွဲနေတာ”

ကြမ်းခင်းတွင် ဒူးနှစ်ဖက်ထောက်ကာ ဖနောင့်နှစ်ဖက်ပေါ်တင်ပါးကိုမပြီး အင်္ကျီအပေါက်လွဲကာစွပ်နေသည့်သူ့သဏ္ဌာန်က Miss Universe ဇကာတင်စာရင်းဆယ့်ခြောက်ယောက်ထဲတောင် ပါနိုင်သည်။ ကျွန်တော် လိုရင်းပြောပြီး ပြန်လှည့်ထွက်လိုက်၏။ လွတ်လပ်ခြင်းနှင့်လုံခြုံခြင်းကို ဒီအတိုင်းထားလိုက်တာ အကောင်းဆုံး၊ ယောကျ်ားတစ်ယောက်၏ဖြူစင်မြင့်မြတ်မှုကိုပြချင်ကာမှ ဒူးနှစ်လုံးက တဆတ်ဆတ်တုန်နေသည်။ ခဏကြာမှ သူ့အသံလွင်လွင်လေးကြားရ၏။

“အစ်ကိုရေ အစ်ကို ရပြီ”

ယောက်ယက်ခတ်လွန်းသောစိတ်က သူ့အသံလေးကြားရမှ ရှဲခနဲငြိမ်ကျသွား၏။ ကျွန်တော် သူ့ကိုဖေးမပြီး ညှော်ခန်းထဲပြန်ထိုင်စေသည်။ ပြီးမှ သူ့အကြောင်းတစ်စွန်းတစ်စ ကျွန်တော် နားလည်အောင်ရှင်းပြသည်။ သူ့အမေနေမကောင်းသောကြောင့် သည်လမ်းထဲတွင် အသိတစ်ယောက်ကိုအကူအညီတောင်းရန်ထွက်လာကြောင်း၊ အသိက အိမ်ပြောင်းသွားကြောင်း၊ လတ်တလောဒုက္ခအတွက် ငွေလိုနေကြောင်း၊ တစ်ခုမှအကောင်းမရှိသောအကြောင်းတွေပြောပြီး သူ မျက်ရည်ဝဲသည်။

“ကဲကွာ ထားတော့၊ အဲဒီငွေတစ်သောင်းကို အစ်ကို ကူညီလိုက်မယ်





ချေးတာမဟုတ်ဘူးနော်၊ စေတနာသန့်သန့်နဲ့ပေးတာ”

သူ့ကျေးဇူးတင်လွန်းသဖြင့် ကျွန်တော့်ကိုကန်တော့ဖို့ပြင်တော့ ကျွန်တော် သူ့ပခုံးလေးကိုဖေးမပြီး တားသည်။ နဂိုကတည်းကမှ ကောင်မလေးတွေဆိုလျှင် ငမ်းငမ်းတက်ကူညီချင်နေသောကျွန်တော်က သူနှင့်တွေ့တော့ ဆတ်စလူးခါနေ၏။ လက်ကလေး၊ ပခုံးလေးကိုင်ရတာကိုပင် မွှေ့မွှေ့မူးမူး ကြည့်နူးမဆုံးချင်တော့။

သူ့ကိုလမ်းထိပ်လိုက်ပို့တော့ နေရီညိုးပြီ။ တက္ကစီတစ်စီးကိုတား၍ သူ့ကိုကားပေါ်တင်ပြီးသောအခါ စိုးရိမ်ကြောင့်ကျမှုတစ်ပုံတစ်ခေါင်းနှင့် ကားဆရာကို အထပ်ထပ်မှာမိသည်။ ပြီးမှ သူ့နာမည်ကိုမေးရ၏။ မေနှင်းတဲ့။ ကားလေးထွက်သွားသည်၊ တစ်ခဏလေးအတူနေခဲ့ခြင်းကိုပင် လွမ်းလွမ်းဆွတ်ဆွတ်ဖြင့် ကားလေးသေးမှုပျောက်ကွယ်သွားသည်အထိ မျှော်ငေးကြည့်မိလေသည်။

■ ■ ■

စာရေးဆရာဆိုလျှင်တော့ သူတို့နေထိုင်ရာ ရပ်ကွက်လေးကို ကဗျာဆန်ဆန်ရေးဖွဲ့လိမ့်မည်ထင်သည်။ တကယ်တမ်းမြင်နေရသည့် မြင်ကွင်းက စိတ်မသက်သာစရာ၊ လူတစ်ယောက်၏ဘဝလုံခြုံမှုရှိဖို့နေနေသာသာ မြွေအရေခွံအိတ်များ ဖြတ်တောက်လျက် ဟိုအပေါက်သည်အပေါက် ဖာထေးနေကြသည်မှာ လူနေသည်ဟုပင် ထင်စရာမရှိ။

သို့သော် ဒီလိုမျိုး လူနေမှုဘဝတွေက ကျွန်တော်တို့နိုင်ငံမှာ လက်ညှိုးထိုးမလွဲရှိနေသည်။ အာဏာရှင်အစိုးရလက်အောက် အနှစ်(၅၀)ကျော် ခါးစည်းခံခဲ့ရသည့် ပြည်သူတွေခမျာ ကြာတော့ ဒုက္ခကိုကျင့်သားရနေသလိုတောင်ဖြစ်နေ၏။

ထဘီရင်ရှားနှင့် ရပ်ကွက်လက်ဖက်ရည်ဆိုင်စုတ်စုတ်ကလေးမှာ ဗီဒီယိုကြည့်ပြီး တဝါးဝါးပွဲကျနေသူတွေရှိသလို သစ်ရိပ်အောက် ကျားထိုးနေသူကိုဝိုင်းကြည့်နေသူတွေလည်းမနည်း။ ထိုအနီးက ဆိုက်ကားသမားတစ်ယောက်ကိုခေမးပြီး လိုက်ပို့ခိုင်းမှ မေနှင်းတို့အိမ်ကိုဆိုက်ဆိုက်မြိုက်မြိုက်ရောက်သည်။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ရောက်သွားသောအချိန်သည် ကမ္ဘာမြေမှ လူတစ်ယောက်ထွက်ခွာသွားချိန်ဖြစ်၏။ မေနှင်း အမေကွယ်လွန်ပြီး ကျွန်တော်ယူလာသော ဆေးဖိုးဝါးခက အသွင်ပြောင်းကာ အသုဘစရိတ်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ တသိမ့်သိမ့်ငိုရှိုက်နေသော မေနှင်းကို ချော့ရမည့်အစား အသုဘကိစ္စ စီစဉ်စရာရှိတာတွေ မနားတမ်းစီစဉ်နေရသည်။

တစ်ချိန်တည်းမှာ အမေ့ကိုဖုန်းဆက်၍ လိပ်စာအတိအကျပေးကာ ငွေလာပို့ဖို့ ကျွန်တော်မှာသည်။ အရပ်ကူကာ လူတွေဝိုင်းဝိုင်းလည်နေသော်လည်း ညမနက် ချဲထီ၊ နှစ်လုံးထီထိုးဖို့ကိုတောင် ရသမျှပေါင်နှံနေကြသောရပ်ကွက်မှ သူတို့ကူငွေကို ကျွန်တော် စိတ်ကူးထဲတောင်မထည့်ခဲ့။ ကိုယ့်ပါလာသမျှငွေနှင့် ကွာချေ့၊ ဆေးပေါ့လိပ်၊ ကော်ဖီမစ်အစရှိသဖြင့် ဘယ်ပညာရှိက အသုဘဖြစ်လျှင် ဝယ်ရသည့်ပစ္စည်းတွေဟု ထွင်ခဲ့သည်မသိသောအရာတွေကို ဝယ်နိုင်းရသည်။

နာရေးကူညီမှုအသင်းမှ ကားခေါ်ယူရမည့်ကိစ္စ၊ တစ်ခါ ရပ်ကွက်ရုံး၌ သေဆုံးကြောင်းထောက်ခံစာယူရမည့်ကိစ္စ၊ အစစအရာရာ ကျွန်တော် စီစဉ်ရေး သောကြောင့် ရပ်ကွက်က ကျွန်တော့်ကိုမေနှင်းတို့အမျိုးဟု ထင်နေပုံရ၏။ ငွေကြေး နွမ်းပါးသူမို့ အမေရော ကျွန်တော်ပါ ကုန်ကျစရိတ်အားလုံးကို တာဝန်ယူမည့် အကြောင်း မေနှင်းကိုနှစ်သိမ့်ချော့မော့ခဲ့ကြ၏။

"ဘာမှအားမငယ်နဲ့နော် သမီးလေး။ အမေကလေ ဟောဒီသမီးလေးတို့ မြင်လိုက်ကတည်းက ကိုယ့်သမီးအရင်းလေးလိုချစ်ခဲ့တာ သိလား၊ သမီးကိစ္စအဝဝ ကို အမေ အားလုံးတာဝန်ယူပါရစေ သမီးရယ်"

အမေ့စကားတစ်ခွန်းက ကျွန်တော့်ဘဝတစ်ခုလုံး လှပစွာဖွဲ့စည်းတည် ဆောက်ရန် ခင်းကျင်းပေးခဲ့လေသည်။

■ ■ ■

အလကားနေ စေတနာတွေရေစီးကမ်းပြိုလိုက်နေသော ကျွန်တော် သည် မေနှင်းနှင့်လက်ထပ်ဖြစ်ခဲ့ပါသည်။ ဘဝအတွက် မယုံနိုင်စရာကောင်းလွန်း သော အပြောင်းအလဲတစ်ခုဟု ဆိုရမည်။ အင်မတန်မှ ချောမောလှပလွန်းသည့် မေနှင်းမှာ အခုချိန်တွင် ကျွန်တော့်ဇနီးတစ်ယောက်ဖြစ်နေသည်ကို ကျွန်တော် ကိုယ်တိုင်ပင် ယုံချင်စရာမရှိ။

အခုပဲကြည့် လေဝင်လေထွက်ကောင်းသော ပြတင်းနံဘေးရှိ ခုတင်ပေါ် တွင် မေနှင်း ရှိနေသည်။ သူ့မှာအမြင်အာရုံမရှိသဖြင့် ရနံ့သင်းသင်းနှင့်နှင်း ပန်းပွင့်များကို ခုတင်နံဘေးရှိခုံတွင် ကျွန်တော်က ပန်းအိုးနှင့်ထိုးပေးထားသည်။ စောင်တွေ ခေါင်းအုံးတွေသင်းပျံ့နေအောင် စီမံထားရုံမကဘဲ ညစဉ် မေနှင်းတစ်ကိုယ်





လုံးကို လိုးရှင်းခရင်(မ်)တွေ ကျွန်တော်ကိုယ်တိုင်လိမ်းပေးသည်။

"ကိုကို ကောင်းကင်ဆိုတာ အရမ်းမြင့်တာပဲလားဟင်"

"အတိုင်းအဆမရှိပေါ့ မေနှင်းရယ်"

"အဲဒီ ကောင်းကင်ကြီးကို မေနှင်းမြင်ချင်လိုက်တာ"

"ကိုကိုပြောပြမယ်လေ၊ အခုဆို ကောင်းကင်ပြာကြီးထဲမှာ ကြယ်ပွင့်လေးတွေ တလက်လက်ခုန်နေကြတယ်"

"ပြာတယ်ဆိုတာ ဘယ်လိုမျိုးလဲဟင်"

ကျွန်တော် ရင်မောသွားသည်။ သူ့ခမျာ မွေးကတည်းက မျက်စိအလင်းနေခဲ့ရတာဟုတွေးရင်း မေနှင်းအတွက် စိတ်မကောင်းဖြစ်မိသည်၊ အရောင်တွေကို ဘာနှင့်သက်သေပြပြီး ရှင်းပြရမှန်းမသိ။ မေနှင်း အာရုံပြောင်းစေရန် သူ့နဖူးစကို ယုယုယယ ကျွန်တော်နမ်းလိုက်သည်။

"မေနှင်း ညဥ့်လည်းနက်နေပြီ၊ မနက်လည်းထကြရဦးမယ်၊ အိပ်ကြ ရအောင်နော်၊ ကဲ လာ ကိုကိုစောင်ခြုံပေးမယ် ဟုတ်ပြီလား"

မေနှင်းမျက်နှာလေး တိမ်ကင်းစင်သည့်လလို ကြည်ကြည်လင်လင် ပြုံးယောင်သမ်းသွားသည်။ ပန်းသွေးရောင်ထနေသော မေနှင်း၏မျက်နှာလေးကို ကျွန်တော် တယုတယ ပွတ်သပ်နေချိန်တွင် မေနှင်း၏လက်လေးက တစမ်းစမ်း ဖြင့် ကျွန်တော့်မျက်နှာဆီ ရောက်လာသည်။ ကျွန်တော် ရုတ်တရက်မျက်နှာလွှဲ လိုက်၏။

"အို ကိုကို ဘာဖြစ်လို့လဲဟင်"

မေနှင်း ရုတ်တရက် ထထိုင်ပြီး ကျွန်တော်ရှိရာ လက်နှင့်စမ်းသည်။

"ဘာမှမဟုတ်ပါဘူးကွာ"

"မေနှင်း သိပါတယ် ကိုကိုရယ်"

"ဘာကိုသိတာလဲဟင် မေနှင်း"

"လူတွေက ပြောကြတယ်၊ ကိုကိုက အရမ်းအရုပ်ဆိုးတယ်တဲ့"

"ဟင် ဒါ ဒါဆို မေနှင်းကကော ကိုကို့ကို ဘယ်လိုသဘောရလဲဟင်"

ကျွန်တော် စိုးရိမ်စိတ်နှင့် မေနှင်းပခုံးလေးကို ကိုင်ကာမေးဖြစ်သည်။

"ကိုကို့ကို မေနှင်းချစ်တယ်၊ အဲဒါပဲ မေနှင်းသိတယ်၊ လှတာတို့ ရုပ်ဆိုးပြီးအကျည်းတန်တာတို့ဆိုတာ မေနှင်းမှ နားမလည်ဘဲ ကိုကိုရယ်၊ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



က ကိုကို့ကို ကမ္ဘာပေါ်မှာ အချောဆုံးလူလို့ပြောခဲ့ရင်တောင် မေနှင်းအတွက် ဘာများထူးခြားလာမှာမို့လဲ''

''ဟာ အဲဒါဆိုရင်တော့ ကိုကိုအရမ်းဝမ်းသာသွားပြီ''

ကျွန်တော် ပြောရင်းမှ မေနှင်းကို့ရွှတ်ခနဲ တစ်ခါနမ်းလိုက်၏။

''မေနှင်းကတော့ ဝမ်းနည်းတယ် ကိုကို''

''ဟင် ဘာဖြစ်လို့လဲ''

''စဉ်းစားကြည့်လေ၊ အစစအရာရာ ကိုကိုက အပင်ပမ်းခံပြီး မေနှင်းအပေါ် ယုယသလောက် မေနှင်းက မယားဝတ္တရားတွေ ဘာတစ်ခုမှ ကျေပွန်အောင် လုပ်နိုင်တာမှမဟုတ်ဘဲ''

''မလိုဘူး မေနှင်း။ လုံးဝကိုမလိုတာ၊ မေနှင်း ကိုကို့ကိုတကယ်ချစ်တယ်ဆိုတာတစ်ခုပဲရှိ၊ ကိုကို့ဘဝက အရာရာပြီးပြည့်စုံသွားပြီ သိလား''

မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်ဖြင့် မျက်ရည်များစိုစွတ်စပြုလာသည့် မေနှင်းကို ကျွန်တော် ယုယုယယ ထွေးပွေ့လိုက်သည်။ ညကောင်းကင်မှလ... သည် တအိအိပြုံဆင်းလာ၏။ ကျွန်တော့်ဘဝကမ်းပါးပေါ်တွင် ဥယျာဉ်လေးတစ်ခု ဖူးပွင့်လေသည်။

■ ■ ■

နွေဦးပေါက်လျှင် ဥသြငှက်၏တေးသံကို မေနှင်းလွမ်းမောတတ်သည်။ မိုးစက်ပွင့်တွေ အခင်းခင်းကြွေကျလာပြန်လျှင်လည်း စိမ်းသစ်ဝေစည်သော သစ်ပင်များ၏ရနံ့ကို မေနှင်း နှစ်ခြိုက်လေသည်။ မြောက်ပြန်လေနှင့် ဝဲလွင့်လာသည့် အပျိုဖော်ဝင်စ နှင်းငွေ့များထဲလမ်းလျှောက်ရင်း ဆောင်တော်ကူးပန်းရနံ့တွေ ရှူရှိုက်ရသည်ကို မေနှင်း နှစ်သက်သည်။

သဘာဝ၏အလှတရားကို မျက်စိဖြင့်သိမြင်ခွင့်မရသည့်မေနှင်းအတွက် ကျွန်တော်တို့ခြံနောက်ဘက်တွင် သစ်ပင် ဝါးပင် ပန်းပင်များဖြင့် စိမ်းလန်းသော ဥယျာဉ်လေးတစ်ခု ကျွန်တော် ဖန်တီးပေးထား၏။

''မေနှင်း ဒါလေးက ငှက်လှောင်အိမ်လေး၊ အဲဒီလှောင်အိမ်ရဲ့တံခါးလေးကို မေနှင်းဖွင့်ပြီး နားထောင်ကြည့်စမ်း''

မေနှင်းက လှောင်အိမ်တံခါးကိုဖွင့်သည့်အခါ ငှက်လေးသည် တော... တဖျတ်ဖျတ်ခတ်ကာ ပျံထွက်သွား၏။





''ဟင် ဘာသံလဲ ကိုကို''

''ငှက်လေး တောင်ပံခတ်ပြီး ပျံသွားတာ''

''မေနှင်းလက်တောင် အေးသွားတယ် သိလား ကိုကို''

''ဒီထက်အေးချင်ရင် မေနှင်း လက်ဖဝါးဖြန့်လိုက်''

ဖောင်းအိညက်ညောသော မေနှင်း၏လက်ဖဝါးပေါ်သို့ နှင်းရည် စိုစွတ်နေသော ပန်းတစ်ပွင့်ကို ကျွန်တော် တင်ပေးလိုက်သည်။ မေနှင်း ကျေကျေနပ်နပ် နမ်းရှိုက်၏။ မေနှင်းလက်ဖဝါးပေါ်မှ နှင်းဆီပန်းပွင့်လေးက ဝတ်မှုန်ရွှေရည်လို ပြုံးနေသည်။

''ဒါ နှင်းဆီပန်းပဲ ကိုကိုရဲ့''

''ဟုတ်တယ်လေ မေနှင်း သိသားပဲ''

''မေနှင်းက ပန်းတွေကိုအရမ်းချစ်တယ် ကိုကိုရဲ့၊ သူတို့ရဲ့နူးညံ့တဲ့ရနံ့တွေက ရင်ထဲအထိကို အေးမြလန်းဆန်းသွားတာလေ''

ကောင်းကင်က တိမ်တွေကိုမှ လက်နှင့်ဆုပ်ကိုင်ကြည့်ချင်သည်ဟု မေနှင်းပြော၍ ကျွန်တော့်လက်ဖဝါးပေါ် ဂွမ်းစုတွေကိုတင်ကာ မေနှင်းလက်ဖြင့် ထိတွေ့စေခဲ့၏။ ဘာပဲဖြစ်ဖြစ် ဘာမဟုတ်သည့်သူ့ဝေယျာဝစ္စလေးတွေလုပ်ပေးနေရတာ ကျွန်တော်ပျော်သည်။

ခြေသည်းလက်သည်းလှီးသည်မှအစ ကိုယ်လက်သန့်စင်မှုအဆုံးအထိ မေနှင်းကိစ္စအဝဝကို လုပ်နေသည်မှာ ကြာတော့ ကျွန်တော့်ဘဝဖြစ်လာသည်။ အိမ်တွင်းနှင့်အိမ်နောက်ဘက်ပန်းခြံအတွင်း မေနှင်းဘဝ ဝပ်ကျင်းလေးကို တနာမိနစ် တစ်ခါတစ်ရံ အိမ်ပြင်သို့ခေါ်ဖို့ကျွန်တော်စီစဉ်သည်။ အင်မတန်မှ ချောမောလှပသော ကျွန်တော့်ဇနီးလေးကို ကြွားချင်တာလည်း နည်းနည်းပါ၏။

တကယ်တမ်း အိမ်ပြင်ထွက်ကြည့်သည့်အခါ ကျွန်တော်ထင်သလို ဖြစ်မလာဘဲ ပတ်ဝန်းကျင်၏လှောင်ပြောင်ကဲ့ရဲ့မှုကြောင့် ကျွန်တော့်ရင်ကို နာကျင်စေခဲ့သည်။ လဒက ပန်းသီးကိုကိုက်လာပြီဟဲ့ဆိုတာကတစ်မျိုး၊ အမဲရိုးနွယ်ဟင်းချိုမှ အားမနာဆိုတာကတစ်ဖုံ၊ ကျွန်တော် ကြားအောင်တစ်မျိုး မကြားအောင်တစ်မျိုး ပြောဆိုနေကြ၏။

ရှက်လည်းရှက်၊ ဒေါသလည်းထွက်နှင့် သည်းမခံနိုင်တော့သည့်အဆုံး ကျွန်တော် လက်တုံ့ပြန်ဖို့ကြိုးစားသောအခါ မျက်ရည်လေး တဝေ့ဝေ့နှင့် မေနှင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျားလေးတွေ အေးစက်တုန်ယင်လျက် ကြောက်ရွံ့နေသောကြောင့် ကျွန်တော် စိတ်လျှော့လိုက်ရသည်။

"မကြားချင်ယောင်ဆောင်နေလိုက်ပါနော် ကိုကို၊ ရန်ဖြစ်မှာ မေနှင်း ကြောက်တယ် ကိုကို"

■ ■ ■

ဘယ်သူတွေ ဘာပဲပြောပြော ကျွန်တော်တို့နှစ်ဦး၏ခိုင်မြဲသောမေတ္တာတရားကိုတော့ ကျွန်တော်နှင့်မေနှင်းသာသိကြသည်။ စကားလုံးလှလှနှင့် ကိုရီးယားဇာတ်လမ်းတွဲနာမည်ပေးသလို ပြောကြစတမ်းဆိုလျှင် နေခြည်ဆမ်းတဲ့ချစ်ပန်းတည်ရည်ဟု ဆိုရလေမည်လားမသိ။ မေနှင်း၏ဖြူဝင်းသောဗိုက်တွင် သားသားလေးလား မီးမီးလေးလား ခွဲခြားမရသည့် ရင်သွေးက ခိုတွယ်နေပြီ။

မေနှင်း ကိုယ်ဝန်ရှိစဉ်ကတည်းက ကျွန်တော့်ကမ္ဘာသည် ပို၍ကျဉ်းမြောင်းသွား၏။ အမေချက်သောဟင်းတစ်ခွက်အပြင် မေနှင်းအတွက်ကောင်းနိုးရာရာဟင်းတစ်ခွက်ကို ကျွန်တော်ကိုယ်တိုင်ချက်သည်။ အသွားအလာ အနေအထိုင် အစစအရာရာ မေနှင်းကို ဂရုစိုက်နေခဲ့၍ အိမ်တွင်းနှင့်နောက်ဘက်ခြံဝင်းမှလွဲပြီး ကျွန်တော် ဘယ်မှမသွားဖြစ်တော့။

"ဟာ မေနှင်း ဘာတွေလုပ်နေတာလဲ"

ခုတင်ပေါ်တွင် တကုတ်ကုတ်နှင့်အင်္ကျီချုပ်နေသော မေနှင်းကို အညောင်းမိမှာစိုးသဖြင့် ကျွန်တော် တားမိသည်။

"အမေ့ဆီက ပိတ်စတောင်းပြီး ကလေးအင်္ကျီချုပ်နေတာလေ"

"အို မဟုတ်တာ ကိုကို ဝယ်ပေးမှာပေါ့၊ တော်ကြာ အညောင်းမိနေဦးမယ်"

"ကိုကိုရယ် ကိုကို့အတွက် မေနှင်းမယားဝတ္တရားမကျေပွန်ခဲ့ပေမယ့် မွေးလာမယ့်ကလေးအတွက်တော့ မေနှင်းလေ မိခင်တစ်ယောက်ရဲ့တာဝန်ကို ကျေပွန်ချင်တယ် သိလား"

ပြောရင်း မေနှင်း မျက်နှာလေးညှိုးကျသွားတော့ သူ့လက်မောင်းလေးကို အသာအယာကိုင်ကာ ကျွန်တော်နှစ်သိမ့်သည်။

"အိုကွာ ဒါ မေနှင်းအပြစ်မှမဟုတ်ဘဲ၊ ဘဝပေးအခြေအနေအရပေါ့"

"သိတော့ သိပါတယ်၊ ဒါပေမဲ့ မြူတစ်မှုန်စာလောက်ဖြစ်ဖြစ် မိခင်





တစ်ယောက်ရဲ့တာဝန်ကို မေနှင်းယူချင်တယ် ကိုကို"

သူ့ဝမ်းနည်းသွားမှန်းသိ၍ ကျွန်တော် မတားဖြစ်တော့။ သူ့ချုပ်လက်စအင်္ကျီလေးကိုယူကြည့်ပြီး အားပေးနှစ်သိမ့်ရသည်။

"ဟုတ်ပါရဲ့၊ မေနှင်းချုပ်ထားတဲ့အင်္ကျီလေးက လှလိုက်တာ၊ ကဲ ကဲ ဒီတစ်ထည်ပြီးရင်တော့ နားဦးနော်"

ကိုယ်ဝန်လွယ်လိုက်ကတည်းက မေနှင်းပုံစံပြောင်းသွားခဲ့၏။ သူ မျှော်လင့်တမ်းတသော ဆန္ဒတွေကို ကျွန်တော် တစ်နေ့တစ်မျိုး မရိုးအောင် ဖန်တီးပေးရသည်။ အမေ့ကို ဈေးအဝယ်ထွက်ခိုင်းကာ ကလေးနှင့်ပတ်သက်သော ဦးထုပ်၊ မွေ့ရာ၊ နို့ဘူး၊ အရုပ် အစရှိသဖြင့် ပစ္စည်းပစ္စယမျိုးစုံ မေနှင်းအတွက်ဝယ်ပေးသည်။

"ရော့ ဟောဒါက လိုရမယ်ရ နို့ဘူးလေး"

"အို ကိုကိုကလည်း မေနှင်းကိုယ်တိုင် တိုက်မှာပေါ့"

သူ ပြုံးပျော်ကြည်နူးနေပုံက ကျွန်တော့်ရင်ထဲအထိ အပျော်တွေကူးဆက်စီးဆင်းလာသည်။ သူ့လက်ကလေး တစမ်းစမ်းနှင့် ကလေးပစ္စည်းတွေကို ကိုင်တွယ်တိုင်း ကျွန်တော်ကရှင်းပြရသည်။

"ဟယ် မွေ့ရာလေးက အိနေတာပဲ၊ တော်တော်လှလားဟင် ကိုကို"

"သိပ်လှအရမ်းလှပေါ့၊ ဝက်ဝံရုပ်လေးတွေနဲ့ အဲ လှပါတယ်ဆိုမှ"

မမြင်ရသေးသော ရင်သွေးအတွက် နေ့စဉ်ရက်ဆက် အလုပ်ရှုပ်နေတတ်သည့် မေနှင်းက မီးဖွားရက်နှစ်လလောက်အလို ကောက်ကာငင်ကာ အပြင်းဖျားသည်။ သူ့ဝမ်းကြာတိုက်ထဲတွင် ခိုတွယ်နေသည့်ကလေး လူ့လောကသို့ အန္တရာယ်ကင်းကင်းဖြင့် ရောက်လာစေရန် မေနှင်းကိုယ်တိုင် စိုးရိမ်နေသလို ကျွန်တော်လည်း ပူပန်ထိတ်လန့်နေမိ၏။

"ဆရာဝန်သွားခေါ်မှဖြစ်မယ်ထင်တယ် အမေ"

"အေး အေး သွားလိုက်၊ အမေစောင့်နေမယ်"

ချွေးစေးတွေထွက်လိုက်၊ ကိုယ်ပူရှိန်တက်လိုက်ဖြစ်နေသော မေနှင်းဘေးထိုင်ကာ အမေက လက်ကိုင်ပဝါလေးဖြင့် မေနှင်းမျက်နှာကိုချွေးသုတ်ပေးသည်။

"မေနှင်း ဘာမှမပူနဲ့နော်၊ ကိုကို အခုပဲ ဆရာဝန်ခေါ်ပြီး ပြန်လာခဲ့မယ်"

အဖျားမကျ၍ ခြေမကိုင်မိလက်မကိုင်မိနှင့် ကျွန်တော် ဆရာဝန်ခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည်။ ဆရာဝန်က သွေးပေါင်ချိန်တိုင်းပြီး အားဆေးများဖြင့်ရောနှောထား ဒရစ်တစ်လုံးချိတ်ပေး၏။

"ဘာမှစိုးရိမ်စရာမရှိပါဘူး၊ ရိုးရိုးဖျားပြီး အားနည်းသွားတာပါ၊ ဆေး ပတ်လည်သွားရင် အဖျားကျသွားမှာပါ"

ထိုဆရာဝန်နှင့်အဖော်ပါလာသူကတော့ တစ်ချိန်လုံး မေနှင်းမျက်လုံး ကိုပဲစိတ်ဝင်တစား စူးစိုက်ကြည့်နေ၏။ ခဏနေတော့မှ ထိုင်ရာကထကာ မေနှင်း အနားတိုးကပ်လာသည်။

"ကျွန်တော် တစ်ခုလောက်မေးလို့ရမလားခင်ဗျာ"

"ဩော် ဟုတ်ကဲ့ ဆရာ မေးပါ မေးပါ"

"တဆိတ်လောက် ကျွန်တော် စမ်းသပ်ကြည့်ခွင့်ရမလား"

"ဟုတ်ကဲ့ ရပါတယ်ဆရာ"

အဖော်ပါလာသူက ကျွန်တော့်ကို ရည်ရည်မွန်မွန်ပြုံးပြပြီး မေနှင်း မျက်လုံးကို သူ့စိတ်ကြိုက်စမ်းသပ်စစ်ဆေးသည်။ ပြီးမှ စိတ်ကျေနပ်မှုတစ်ခုရ သွားသလို ပြုံးရင်းခေါင်းတဆတ်ဆတ် ညိတ်သည်။

"အားရကျေနပ်စရာကောင်းတဲ့ လက္ခဏာမျိုး၊ ဒီကလေးမမျက်လုံးမှာ ကျွန်တော်တွေ့ရတယ်၊ ကျွန်တော် သူ့မျက်စိကို ခွဲစိတ်ကုသပေးလိုက်ရင် သူ အလင်းပြန်ရနိုင်ပါတယ်"

"ရှင်"

"ဗျာ"

တစ်ချိန်လုံး လူနာတစ်ယောက်လိုငြိမ်သက်နေသည့် မေနှင်းက ရုတ် တရက်ထထိုင်ကာ ထွက်ပေါ်လာသည့် 'ရှင်'ဆိုသော အာမေဍိတ်သံက တကယ့် ကို အံ့သြဝမ်းသာမှု၊ ကျွန်တော့်ပါးစပ်မှ ရုတ်တရက်အော်မိသည့် 'ဗျာ'ကြီးကတော့ စိုးရွံ့ထိတ်လန့်မှုနှင့်တုန်လှုပ်ချောက်ချားမှုကြောင့်သာ ဖြစ်မည်ထင်သည်။ ဘုရား ဘုရား မေနှင်းသာ တကယ်လို့ မျက်စိပြန်မြင်ခဲ့ရင် ငါလိုရုပ်ဆိုးကြီးကို လက်ခံ နိုင်ပါတော့မလားဟု စဉ်းစားရင်း ကျွန်တော် ဆောက်တည်ရာမရချင်တော့။

"ဆရာ ဆရာ သမီးလေ သမီးမျက်စိပြန်ကောင်းမယ် ဟုတ်လား ဆရာ့ကျေးဇူးကိုမမေ့ပါဘူး၊ ဘယ်တော့ သမီးမျက်စိကို ခွဲစိတ်ပေးမလဲဟင်"

မေနှင်း ရင်ဘတ်မှာအပြုံးတွေဝေနေသည်။ ထပြီး မတ်တပ်မရပ်မိရုံ



ဆယ် မျက်ရည်ပိုးပိုးပေါက်ပေါက်နှင့် အငမ်းမရမေးနေသော မေနှင်းကိုကြည့်ရင်း ကျွန်တော် တုန်လှုပ်နေမိသည်။

"အခုလောလောဆယ်တော့ မဟုတ်သေးဘူးပေါ့၊ နေကောင်းအောင် အနားယူလိုက်ပါဦး၊ ကလေးမျက်နှာမြင်ပြီးတော့မှ အေးအေးဆေးဆေး ကုသကြ ရင် မကောင်းဘူးလား၊ ဆရာ့လိပ်စာကတ်ပေးခဲ့မယ်လေ"

ဆရာဝန်အားပေးသော စကားက ကျွန်တော့်ဘဝတစ်ခုလုံးကို ဆွဲကိုင် လှုပ်ရမ်းနေသလို ခံစားရသည်။ ဒါကိုပင် ဝမ်းသာလွန်းစွာကာ ဆန္ဒစောနေသော မေနှင်းက မရမက တောင်းဆိုပြန်၏။

"ဆရာ ဟိုလေ သမီး မီးမဖွားခင်ရော မဖြစ်နိုင်ဘူးလား၊ သမီးတောင်း ဆိုပါတယ် ဆရာရယ်၊ သမီးလေ တစ်ဘဝလုံး မျှော်လင့်ခဲ့ရတဲ့အရာမို့ပါ၊ ပြီးတော့ သမီးမွေးပြီးပြီးချင်း ရင်သွေးလေးကို အရမ်းမြင်ချင်လို့ပါ"

"တနာပါတယ် သမီးရယ်၊ ကဲ ကဲ ကောင်းပြီ နေကောင်းရင် ဆရာနဲ့ ဆက်သွယ်ကြည့်ပေါ့ ဟုတ်ပြီလား၊ ဖြစ်နိုင်မဖြစ်နိုင် စမ်းသပ်ကြတာပေါ့"

ဆရာဝန်တွေပြန်သွားပြီးကတည်းက မေနှင်းအပျော်လွန်ကာ အဖျားပင် ချက်ချင်းခုန်ထွက်သွားသလို ပျော်ရွှင်အူမြူးနေသည်။

"ကိုကို ဆန်ပြုတ်လေးမြန်မြန်လုပ်ပေးပါနော်၊ မေနှင်း ဆေးလေးသောက် လိုက်ချင်လို့"

ကျွန်တော့်မှာတော့ တစ်ခဏအတွင်း ငရဲကမ္ဘာရောက်သွားသလို ချွေး များပျံလာသည်။ မေနှင်းကို ဆရာဝန်က မျက်စိပြန်မြင်အောင် ခွဲစိတ်ကုသ နိုင်သည်ဆိုသောအတွေးက ကျွန်တော့်ကိုများစွာတုန်လှုပ်ချောက်ချားစေခဲ့၏။ မေနှင်းမျက်စိပြန်ကောင်းသွားလျှင် အရာရာကိုမြင်မည်။ ကျွန်တော့်ကိုမြင်မည်။ ကျွန်တော့်ရုပ်ဆိုးမှုကိုမြင်လျှင် သူ အရင်ကလို ကျွန်တော့်အပေါ် မြတ်နိုးနှစ်သက် နေဦးမလား။

"ကိုကိုရေ ဘယ်ရောက်နေလဲ လာဦးလေ မေနှင်းနားကို"

ကျွန်တော်ထိတ်လန့်ချောက်ချားစွာနှင့် လက်ကမ်းပြီးခေါ်နေသော မေနှင်းအနားကို သွားထိုင်သည်။ မေနှင်းက ကျွန်တော်ရှိရာဘက် မျက်နှာမူကာ ပြုံးနေ၏။

"ကိုကို မေနှင်း မျက်စိပြန်မြင်ခွင့်ရမယ်ဆိုတာ မပျော်ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com

"ပျော် ပျော်တာပေါ့ မေနှင်းရဲ့"

"မေနှင်းလေ မယားတစ်ယောက်ရဲ့ဝတ္တရားရော မိခင်တစ်ယောက်ရဲ့တာဝန်ပါ ကျေပွန်နိုင်တော့မယ်၊ မေနှင်း ရင်ကိုစမ်းကြည့်စမ်းပါ ကိုကိုရဲ့"

သူပြော၍သာ ကျွန်တော်က သူ့ရင်ဘတ်ပေါ် စမ်းကြည့်ရသည်။ ကျွန်တော့်စိတ်ကတခြား၊ ဒေဝဒတ် ကဗျာစပ်သလိုဖြစ်နေမလားမသိ။

"မေနှင်း ရင်တွေအရမ်းခုန်နေတယ် သိလား ကိုကို၊ မျက်စိသာမြင်နိုင်ရရင် မေနှင်း ပထမဆုံးမြင်ချင်တာ ဘာလဲဆိုတာ ကိုကိုသိလား"

ကျွန်တော် မလှုပ်မယှက်နေသောအခါ မေနှင်းက စိတ်မရှည်သလို ကျွန်တော့်ပခုံးကိုစမ်းကာ အတင်းဆွဲလှုပ်မေး၏။

"ပြောလေ ကိုကိုရဲ့"

"အဲ အဲ မေနှင်းရဲ့မျက်နှာကို"

"မှန်တော့မှန်ချင်တယ် ဒါပေမဲ့ အဲဒါက ဒုတိယ၊ ပထမဆုံးမြင်ချင်တာက ကိုကို့မျက်နှာ ကိုကိုရဲ့သိပြီလား"

ပခုံးကိုဆွဲရင်း ကျွန်တော့်ရင်တွင်းသို့ ခေါင်းတိုးဝင်လာသော မေနှင်းကို ကျွန်တော်ဖက်လိုက်မိသည်ထင်သည်။ တစ်ဘဝလုံး အလင်းမမြင်ခဲ့ရသည့် မေနှင်းအတွက် မနှိုင်းသာလောက်အောင် ဝမ်းသာစရာကောင်းသော ဆုလာဘ်ကြီးတစ်ခုမှန်းလည်း ကျွန်တော်သိပါသည်။ မေနှင်း ကျွန်တော့်မျက်နှာကို တစ်ခါစမ်းပြန်သည်။ ကျွန်တော် မေနှင်းလက်ကလေးကိုယူကာ ဆုပ်ကိုင်ထားလိုက်သည်။

"မေနှင်းလေ ကိုကို့မျက်နှာကို တစ်ခါလေးမြင်ခွင့်ရရင် သေပျော်ပြီကိုကိုရယ်၊ အခု မေနှင်းဆန္ဒပြည့်တော့မယ်၊ မေနှင်း ကိုကို့ကိုမြင်ရင်ပိုပြီးချစ်သွားမှာသိလား"

မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူးဟု ကျွန်တော် စိတ်ထဲက ဖွတ်ကနန်ပြင်းနေ၏။ တကယ်ဆို မေနှင်း၏ဝမ်းမြောက်မှုကို အထိုက်အလျောက် အသိအမှတ်ပြုပေးသင့်မှန်းသိလျက်နှင့် ကျွန်တော့်အသံတွေ သွေ့ခြောက်ကာ တိမ်ဝင်နေသည်။

"ကိုကို ဘာဖြစ်နေတာလဲဟင်၊ မေနှင်းကို တစ်ခုခုပြောဦးလေ"

"ဩော် အင်း ကိုကို ခေါင်းကိုက်နေလို့ပါ အဲဒါ"

"တွေ့လား အဲဒါကြောင့်ကို မေနှင်း မျက်စိပြန်မြင်ချင်တာ၊ ကိုကို ခုလိုဖြစ်တော့ မေနှင်းပြုစုခွင့်ရတာပေါ့၊ အင်းလေ ကိုကို ခေါင်းကိုက်တယ်ဆိုရင်လည်း ဆေးသောက်ပြီးအနားယူဦးလေ"

"အင်း ခဏနော် မေနှင်း၊ ကိုကို ဆေးသွားသောက်လိုက်ဦးမယ်"

မေနှင်းကိုပြောပြီး ကျွန်တော် နောက်ဘက်ခြံဝင်းထဲသို့ဆင်းထိုင်နေလိုက်သည်။ ဘောင်ဘင်ခတ်လျက်ရှိသေးသည့်စိတ်က ဆရာဝန်၏စကားကို အထပ်ထပ်ကြားယောင်စေသည်။ မေနှင်းမျက်စိကို မြင်ရအောင်ဆေးကုပေးမတဲ့။ ကျွန်တော်တို့နှစ်ယောက်၏သာယာချမ်းမြေ့ဖွယ်ကောင်းသောဘဝကို ထိုဆရာဝန်က ဖျက်ဆီးပစ်တော့မည်။ ဒါဆို ဒီဆရာဝန်ဟာ ကျွန်တော့်ရဲ့ရန်သူပေါ့။ အို မဟုတ်သေးပါဘူး၊ ဆရာဝန်ဆိုတာ ဝေဒနာခံစားနေရသည့်ရောဂါသည်များအား ပျောက်ကင်းအောင်ကုသကြသူများသာ ဖြစ်သည်။ ဒါသည်ပင် သူတို့အလုပ်သူတို့တာဝန်။

တစ်ဖက်ကတွေးကြည့်လျှင်လည်း အရောင်တွေ၊ အရာဝတ္ထုတွေ၊ ယုတ်စွအဆုံး လူ၏ခန္ဓာကိုယ်ဖွဲ့စည်းမှုကိုပင် လက်နှင့်စမ်းနေရသည့် မေနှင်းခမျာ မျက်စိမြင်ချင်နေသည်က သဘာဝကျလှသည်။

ကျွန်တော့်စိတ်ကိုလျှော့တွေးကြည့်သည်။ သူ အလင်းပြန်ရလျှင် ရုပ်ဆိုးခြင်းနှင့်ရုပ်ချောခြင်းကို ခွဲခြားခံစားတတ်တော့မည်။ လူတစ်ဦးတစ်ယောက်၏မျက်နှာကို တစ်ခါမျှ မမြင်ဘူးသော မေနှင်းကိုခဏထား၊ ကျွန်တော့်ငယ်သူငယ်ချင်းများဖြစ်သော နီလာအေးတို့ မိနုတို့ အိချိုတို့ကပင် ကိုရိုးယားဇာတ်လမ်းတွဲမှ လီမင်ဟိုကိုရလျှင် သူတို့အမျိုးသားများနှင့်အလိုက်ဘယ်လောက်ပေးရပေးရဟု ဆိုနေကြပြီ။

မိန်းမတွေအချောအလှကြိုက်တာကတော့ တကယ့်ကိုလက်တွေ့။ ခု မေနှင်းက ကျွန်တော်၏အလှတရားကိုနှလုံးသားနှင့်ခံယူထား၏။ ကျွန်တော့်ကို အချစ်ကြီးချစ်သည်။ သူ့ဘဝတစ်ခုလုံးအတွက် ကျွန်တော်တစ်ယောက်တည်းနှင့် ပြီးပြည့်စုံစေခဲ့သည်။ အတွေးတွေ ဗလောင်ဆူနေသည်။ မှောင်ရိပ်ပျိုးတော့ အမေက ကျွန်တော့်ကိုလာခေါ်သည်။

"သား သမီးလေးခေါ်နေတယ်၊ သူအဖျားကျသွားပြီတဲ့၊ သူ့ကိုအဖျားလာတိုင်းပေးပါဦးတဲ့"

အမေ့ကိုခေါင်းညိတ်ပြရင်း ကျွန်တော်လေးလံစွာထလိုက်သည်။ အမှောင်တွင် ငှက်တစ်ကောင် မှော်ဆန်ဆန်တောင်ပံခတ် ပျံသန်းသွား၏။ ကျွန်တော့် ဉယျာဉ်လေးက ခင်ဝင့်ဝါဘစ်ကနိုဝတ်ထားသလို ဖြူအိဝင်းမွတ်စွာ လှပဆင်







www.burmeseclassic.com

www.burmeseclassic.com

သင်းပျံ့နေနိုင်ပါတော့မလား။

စိတ်၏စွမ်းအင်ကို ဘယ်အရာနှင့်မျှ နှိုင်းနှိုင်းမရနိုင်ကြောင်း ကျွန်တော် လက်တွေ့မြင်လိုက်ရသည်။ နောက်တစ်နေ့မနက်၌ပင် မေနှင်းက အဖျားတက် တက်စင်သွားပြီး ကြည်လင်အေးမြနေသည်။ ဓာနားတပ်အဖြူရောင်ဗိုက်ဖုံးအင်္ကျီ မွမ္မဝတ်ထားသော မေနှင်းအား ဖြူဖြူဖွေးဖွေးသန့်သန့်ဖြင့် ထိုင်နေတာမြင်ရ၏။

"ကိုကို မေနှင်းတို့မျက်စိဆရာဝန်ဆီသွားရအောင်"

"ဟာ နေပါ မေနှင်းမှာက မပေါ့မပါးကြီးနဲ့ ကိုကိုသွားတွေ့ပြီး ခေါ်ခဲ့ ပါမယ်"

"ဒါဆိုလည်း အခုသွားလိုက်ပါလား ကိုကိုရယ်နော်"

ကျွန်တော့်ပုဆိုးခါးပုံစလေးကို ကိုင်ကာ ခေါင်းမော့ပြောသော မေနှင်း မျက်နှာလေးက ပန်းလေးတစ်ပွင့်လို လန်းဆန်းနေသော်လည်း နာကျင်မှုကို သံပတ်ပေးလိုက်သလို ကျွန်တော့်နှလုံးသားက တုန်ခါနေ၏။ သူ အလွန်အမင်း မျှော်လင့်နေသော ဆန္ဒဖြစ်၍ ကျွန်တော် ငြင်းဖို့လည်း ခက်သည်။

စိတ်မပါ့တပါခြေလှမ်းဖြင့် ကျွန်တော် အိမ်မှစထွက်သည်။ မိုးရာသီဆို သော်လည်း နေရှိန်ဝင်းဝင်းသည် အမှည့်လွန်ကာ လမ်းများပေါ်သို့ကြွေကျနေ၏။ အိမ်ကထွက်ပြီး ကျွန်တော် ဘယ်ကိုခြေဦးလှည့်ရမှန်းမသိသေးပါ။ မေနှင်းကို ဖွင့်လှတ်နိုင်ရလောက်သည်ဟူသော တစ်ဖက်သတ်အတွေးကြောင့် ဆရာဝန်ဆီ ကျွန်တော်မသွားဘဲ အအေးဆိုင်တစ်ဆိုင်တွင် နှစ်နာရီလောက် အချိန်ဖြုန်းပစ် လိုက်သည်။

အချိန်ဖြုန်းပြီး ကျွန်တော်အိမ်ပြန်ရောက်တော့ မေနှင်းကစောင့်နေကျ နေရာမှာမဟုတ်ဘဲ အိမ်ပေါက်တံခါးဝအထိထွက်ကာ ငုတ်တုတ်လေးထိုင်စောင့် နေရှာသည်။ ပါးတွင်သနပ်ခါးတင်းတင်းနှင့် ခေါင်းကိုဘီးစကုတ်လေးကုတ်ကာ ပန်းလေးတစ်ပွင့်ပန်ထားသည့် မေနှင်းကိုကြည့်ရင်း ကျွန်တော် မျက်ရည်ဝဲမိသည်။

"ဟယ် ကိုကိုမဟုတ်လား။ ကိုကိုပြန်လာပြီ"

ကျွန်တော့်ခြေသံကိုအလွတ်ရနေသော မေနှင်းက တံခါးဘောင်ကို အားပြုရပ်ကာ ဝမ်းပန်းတသာကြိုဆိုသည်။

"ကိုကို ကိုကိုဆရာဝန်က ဘာတဲ့လဲဟင်"

ရင်ထဲတွင် မောပန်းနွမ်းလျနေသည်။ မပြောချင်သောစကားကို ကျွန် တော် ဆုံးဖြတ်ခဲ့သည့်အတိုင်း ပြောထွက်ပစ်လိုက်၏။

"အေးကွာ မေနှင်းကို ခွဲစိတ်ကုသနိုင်တဲ့အဲဒီဆရာဝန်က မမျှော်လင့်ဘဲ ကားတိုက်မှုဖြစ်ပြီး ဆုံးသွားရှာတယ်"

"ရှင်"

သူ့ခမျာ စိတ်ထိခိုက်လွန်း၍ ပြိုလဲမသွားအောင် တံခါးဘောင်ကိုခေါင်း မှေးပြီး မျက်ရည်တွေစီးကျလာသည်။ ကျွန်တော် သူ့ပခုံးနှစ်ဖက်ကိုဖေးမရင်း သူ မျှော်လင့်ထားသမျှကို အမြစ်ပြတ်ချေမှုန်းဖြစ်ခဲ့သည်။

"အေးကွာ ခက်တာက ဒီလိုမွေးရာပါအလင်းမရတဲ့သူတွေကို ခွဲစိတ် ကုသပေးနိုင်တာကလည်း သူတစ်ဦးတည်းပဲရှိတာဆိုတော့ ကိုကိုလည်း တော် တော်စိတ်မကောင်းပါဘူးကွာ"

ကိုယ့်အကြောင်းနှင့်ကိုယ် ကျွန်တော့်အသံတွေတုန်နေ၍ သူကတော့ ကျွန်တော့်စကားကို ယုံသွားရှာသည်။ သူ့ဘဝတစ်ခုလုံး စုန်းစုန်းမြုပ်သွားသလို မေနှင်း တသိမ့်သိမ့်ငိုလေသည်။

ထိုအသိလေးတစ်ခုနှင့်ပင် မေနှင်း အိပ်ရာထဲဘုန်းဘုန်းလဲသွားခဲ့၏။ ဘာအဖတ်မှလည်းစားမဝင်၊ ဘာတစ်ခုမှလည်းကျွေးမရ။ ဘာစကားမှလည်း ရေ ရေရာရာမပြောတော့ဘဲ အိပ်ရာထဲ နွမ်းခွေနေသည်။ ကြာလျှင်တော့ မေနှင်း အတွက်စိုးရိမ်ရတော့မည်။

"မေနှင်းရယ် ဒါလေးတော့ ဝင်အောင်စားလိုက်နော်၊ ပြီးတော့ မေနှင်း မှာကိုယ်ဝန်ကြီးနဲ့လေ၊ ကလေးအတွက်လည်း ငဲ့ပါဦး မေနှင်းရယ်"

ကလေးအတွက်ဆို၍သာ မေနှင်းက မစားချင်စားချင်နှင့် ထစားသည်။ သူ့ကိုကြည့်ရသည်မှာ ပျော့တီးပျော့ဖတ်နိုင်လှ၏။ အမြဲတမ်း မျက်ရည်စိုစွတ် နေတတ်သည့် မျက်ဝန်းက ကျွန်တော်၏လိမ်ညာမှုကြီးကို အသနားခံနေသလို မြင်ရသည်။

ကြာတော့ ထိုလိမ်ညာမှုကြီးက ကျွန်တော့်မှာအပြစ်ကြီးတစ်ခုလို ခံစား လာရသည်။ မေနှင်း စိတ်ထိခိုက်ကြေကွဲသမျှ ကျွန်တော့်ကိုယ်ကျွန်တော် တာဝန် ကျေသည့် လူယုတ်မာကြီးတစ်ယောက်လို ထင်ယောင်လာသည်။ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်သည်။ ဆရာဝန်ကို အမှန်တကယ် သွားတွေ့ကာ မေနှင်းကို ခွဲစိတ်ကုသပေးလိုက်ရန်သာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားလာမည့် သားသမီးကို တစိမ့်စိမ့်ကြည့်ရင်း မိခင်မေတ္တာတွေ လှိုင်လှိုင်ဝေနေမည့် မေနှင်း၏မျက်နှာကို ကျွန်တော်ကြည်နူးစွာလှမ်းမြင်နေရသည်။ အမှန်တရားတစ်ခုအတွက် ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွား၏။

ထိုကိစ္စတွင် ကျွန်တော်ကွယ်ဝှက်ခဲ့ကြောင်း အမေ့ကို အစအဆုံးရှင်းပြသောအခါ အမေက ကျွန်တော့်ကိုတအံ့တသြမျက်နှာဖြင့် ခြေဆုံးခေါင်းဆုံးကြည့်ရင်း 'သားရယ် မင်းမို့လုပ်ရက်တယ်'ဟု တုန်လှုပ်စွာပြော၏။ ကျွန်တော်မှားကြောင်းအမေ့ကို အထပ်ထပ်တောင်းပန်သည်။ ပြီးမှ ဆရာဝန်ကိုမရ,ရအောင်ရှာကာ သွားခေါ်မည့်အကြောင်း ခွဲစိတ်ကုသရန်အတွက် ဆရာဝန်နှင့်အသေးစိတ်ဆွေးနွေးတိုင်ပင်မည့်အကြောင်း အမေ ကျေနပ်အောင်ပြောပြလိုက်၏။

"ကောင်းတာပေါ့ သားရယ်၊ ဒါဟာ သမီးလေးဘဝအတွက် အကြီးမားဆုံး ဆုလာဘ်တစ်ခုပဲဥစ္စာ၊ ပြီးတော့ သားအတွက်လည်း အင်မတန်မှမွန်မြတ်တဲ့အလုပ်ပါ သာဓု သာဓု သာဓု"

အမေ့ကိုမှာပြီး ကျွန်တော်အိမ်အပြင်ထွက်တော့ ကမ္ဘာလောကတစ်ခုလုံး အေးမြလန်းဆန်းသွားအောင် မိုးကခြိမ့်ခြိမ့်သဲရွာသည်။ အငှားကားမှန်ပြတင်းမှ မိုးရေတွေက တဖြန်းဖြန်းရိုက်ခတ်ကာ စိုရွှဲနေသည်။ ပတ်ဝန်းကျင်ရှိ မိုးမှုန်မိုးပွင့်တို့ကြားမှ မေနှင်း၏အပျော်လွှန်နေသော မျက်နှာကြည်ကြည်သန့်သန့်လေးကို မြင်ယောင်သည်။

သူ့ တကယ်မျက်စိမြင်ပြီး ကျွန်တော့်ကိုပစ်ကာ အခြားသူတစ်ယောက်ကို စွဲလန်းသွားပါစေဦးတော့ ကျွန်တော် ခွင့်လွှတ်နိုင်အောင်ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်၏။ ဖနီးသည်အတွက် အကောင်းဆုံးဆုကို ပေးချင်၍လားမသိ ဆရာဝန်ကသဲကြီးမဲကြီးမိုးများကြားမှ ကျွန်တော်ခေါ်ရာ ကျေကျေနပ်နပ် လိုက်ခဲ့သည်။

သို့သော် အိမ်တံခါးကြီးသော့ခတ်ထားသဖြင့် ကျွန်တော် အံ့သြတုန်လှုပ်စွာနှင့်အတွေးပေါင်းများစွာဖြင့် ယောက်ယက်ခတ်နေစဉ် တစ်အိမ်ကျော်မှ မောင်ထွန်းရောက်လာပြီး အထိတ်တလန့်အော်ပြော၏။

"ကိုရုပ်ဆိုး ကိုရုပ်ဆိုး ခင်ဗျားမိန်းမချော်လဲလို့ အဲဒါ ခင်ဗျားအမေနဲ့ ဆေးရုံကိုအလောတကြီးသွားကြတယ်"

ကျွန်တော်တစ်ကိုယ်လုံးပူထူသွားသည်။ ဆရာဝန်ကိုနားလည်မှုပြုပြီး





ပြန်လွှတ်ပြီး မောင်ထွန်းနှင့်အတူ ဆေးရုံကိုအမြန်လိုက်သည်။ ဆေးရုံ၏မေနှင်းတင်ထားရာအခန်းပေါက်ဝတွင် အမေက မျက်ရည်တစမ်းစမ်းဖြင့်ဆီးကြိုသည်။

"သား ကိုယ်ဝန်ထိခိုက်သွားလို့ စိုးရိမ်ရတယ်လို့ ဆရာဝန်ကပြောတယ်"

"ဘုရား ဘုရား မေနှင်းကို သားတွေ့ချင်တယ်"

"ခု အရေးပေါ်ခန်းထဲမှာ တွေ့လို့မရသေးဘူး သားရဲ့"

"ဘယ် ဘယ်လိုများဖြစ်ရတာလဲ အမေရယ်၊ သားရင်တွေတုန်လိုက်တာ"

"အမေ့အပြစ်ပါ သားရယ်"

အမေ ငိုကြီးချက်မနှင့်ရှင်းပြသည်။ မိုးရွာခါနီး၌မေနှင်း၏ခြေရင်းတွင် လုံချည်လှမ်းရန် ကြိုးတန်းအား ကမန်းကတန်းစီစဉ်ပြီး လှမ်းထားသော အဝတ်များထွက်ရုတ်နိုက် ထိုအဝတ်ကြိုးတန်းနှင့်တိုက်မိကာ မေနှင်း လဲကျသည်ဟု ဆိုပါသည်။

"သူ့ကိုကြိုးတန်းရှိတယ်လို့ အမေကသတိပေးမလို့ပါ၊ ဒါပေမဲ့ မိုးကဖြန်းခနဲ ရွာချလိုက်တော့ အမေလည်းအဝတ်ပြေးရုတ်တုံး ခုလိုဖြစ်ရတာ"

ပြောအပြီး အမေ့မျက်နှာပေါ် လက်နှစ်ဖက်အုပ်ကာ ငိုပြန်သည်။ ကျွန်တော်လည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင်ကို ဆောက်တည်ရာမဲ့နေခဲ့၏။ မေနှင်းအတွက် အရေးပေါ်ခွဲစိတ်မှုက နံနက် (၃)နာရီခန့်တွင် ပြီးစီးခဲ့သည်။ အမေ ညကတည်းက ဘုရားစာတတွတ်တွတ်ရွတ်နေသည်မှာ ခုထိမပြီးသေး။ ကျွန်တော်ကတော့ စိုးရိမ်ကြောင့်ကျစိတ်ကြီးစွာဖြင့် မေနှင်းကို တွေ့မြင်နိုင်ရန်သာ ဆန္ဒစောနေသည်။

အခန်းထဲမှ တာဝန်ကျဆရာဝန်ထွက်ထွက်လာချင်း ကျွန်တော် အလောတကြီးခွင့်တောင်းလိုက်၏။

"ဆရာ ကျွန်တော်ခဏလောက် ဝင်တွေ့ခွင့်ရမလား"

ကျွန်တော် ဘယ်လောက်အထိ တွေ့ချင်နေသည်ကို ဆရာဝန်ခန့်မှန်း၍ရသွားသည်ထင်သည်။ ကျွန်တော့်ကို တိုးတိတ်လေးတွဲစွာ ခေါင်းညိတ်ပြ၏။ အခန်းတွင်းရှိ တာဝန်ကျဆရာဝန်များနှင့် နပ်(စ်)များက ကျွန်တော်လာတော့ မေနှင်းအနားမှ ဖယ်ခွာပေး၏။ အိုးစီကျိုတွင် နှလုံးခုန်နေသောလက္ခဏာအရွှေ့နှံ့လေးများက သေးသွားလိုက်၊ တစ်ခါ မျဉ်းဖြောင့်လေးနီးပါးတန်းသွားလိုက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားတနေရာ၏။

ကျွန်တော် အလောတကြီး မေနှင်းမျက်နှာနားတိုးကပ်လိုက်သည်။ သွေးနှင့်ရောနှောနေသည့် အနံ့အသက်ဖြင့် မေနှင်းမျက်နှာမှာ တိမ်မှုန်တစ်စလို သွေ့ခြောက်ဖြူရော်နေ၏။

"မေနှင်း မေနှင်း"

မေနှင်း မျက်လွှာလေး ခပ်ရေးရေးဖွင့်လာသည်။ သွေးပုလင်း ဂလူးကို့စ် ပုလင်းများကြားမှ မေနှင်းက ကျွန်တော့်ကိုစကားတစ်ခွန်းသာအားယူပြောသွားနိုင် ခဲ့သည်။

"မေ မေနှင်းလေ မသေခင် ကိုကို့မျက်နှာကို တစ်ကြိမ်လောက် မေနှင်းမျက်လုံးတွေနဲ့ မြင်သွားချင်လိုက်တာ ကိုကိုရယ်"

ကျွန်တော် ဘာတစ်ခုမှပြန်ပြောခွင့်တောင်မရလိုက်။ ဆရာဝန်တွေ ပတ်လည်ဝိုင်းနေသည့်ကြားမှ မေနှင်း ကွယ်လွန်သွားရှာသည်။ မေနှင်း မေနှင်းရဲ့ အကျယ်ကြီးအော်မိသလား၊ တီးတိုးငိုညည်းမိသလားဆိုတာ ကျွန်တော်ကိုယ်တိုင် ပင်မမှတ်မိ။ နှလုံးသားတစ်ခု၏သွေးသားလည်ပတ်မှုရပ်တန့်သွားချိန်တွင် ကျွန်တော့် နှလုံးသားလည်း တစ်စစီပေါက်ကွဲလွင့်စင်ကုန်ပြီထင်သည်။ အရုဏ်တက်တော့မည့် ဝန်းကျင်သည် မှုန်မှိုင်းဝေရီနေဆဲ။

ဗျူး

PUBLISHED BY VIEW




www.burmeseclassic.com

www.burmeseclassic.com

## အခန်းဆက်ကျိန်စာ

စောထွန်းဝေ ဆိုတဲ့ကောင်က ကျုပ်ရဲ့သူငယ်ချင်းပါ။ သူ့အလုပ်က လုပ်ငန်းရှင်ကြီးတစ်ဦးရဲ့ဒရိုင်ဘာ၊ လုပ်တာကသာ ဒရိုင်ဘာ ပြောတာကတော့ လေကြီးမိုးကြီးပဲ၊ စိတ်ဓာတ်အရတော့ ကျုပ်နဲ့တောင်နဲ့မြောက်လို့ပြောရမယ်၊ လူတွေက ခက်တော့လည်းအခက်သား၊ ကားသော့လေးခါးချိတ်ပြီး စောထွန်းဝေလို ဟိတ်ကြီးဟန်ကြီးနဲ့ ပြောချင်တာပြော လူတွေက ယုံကြတယ်။

ဒါတင်ဘယ်ကမလဲ၊ တွေ့သမျှမိန်းကလေးတွေကို ကလိန်ကကျစ်ကျပြီး သူ့ကိုယ်သူ လုပ်ငန်းရှင်လိုလို သူဌေးလိုလို လျှောက်ပြောတော့ စောထွန်းဝေဘို့ စွံလိုက်တာများ သောက်သောက်လဲပဲ။ သူ့ရုပ်ကိုကြိုက်တာ မကြိုက်တာအသာထား၊ ပိုက်ဆံရှိတယ်ထင်ရင် ဒီခေတ်မိန်းကလေးတွေကလည်း လွယ်လွယ်နဲ့ကို ပါလာတတ်ကြတာမဟုတ်လား။

နှမချင်းကိုယ်ချင်းမစာနာလို့ပြောတာ မဟုတ်ဘူး။ အောင်မြင်တဲ့သူတွေ ငွေရှိတဲ့သူတွေဆိုရင် တချို့မိန်းကလေးတွေက လာထားပဲ၊ ရေရေရာရာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်မှမရှိပေမယ့် သူတို့ကိုယ်ခန္ဓာကိုပေးဖို့ ဝန်မလေးကြတော့ဘူး။

အဲဒီအချက်ကို အခွင့်ကောင်းယူပြီး စောထွန်းဝေ စမတ်ကျကျ ဝတ်တယ်၊ တကယ့်သူဌေးပုံစံဖမ်းတယ်၊ ပြီးတော့ လိမ်တယ် ညာတယ် အယုံသွင်းတယ်၊ ရသမျှမိန်းကလေးတွေကို အလွတ်မပေးဘူး၊ ကုန်အောင်ပြောရရင် တချို့ဆို လင်ရှိမယားတွေတောင်ပါတယ်၊ ဥပမာ ယောကျ်ားက နိုင်ငံခြားသင်္ဘောလိုက်နေတာမျိုး၊ အဝေးတစ်နေရာသွားနေတာမျိုးဆို စိတ်ထင်တိုင်းကျဲတတ်ကြတဲ့ အမျိုးသမီးတွေ၊ အပျိုဆိုတဲ့ဂုဏ်သိက္ခာကို ထိန်းစရာမလိုတော့ ပိုဆိုးကုန်တာပေါ့၊ စောထွန်းဝေကလည်း ဘာရရ ရသမျှအခွင့်အရေးအကုန်ယူတာပဲ၊ အဲသလောက် အထိကို စောထွန်းဝေတို့က ပွေတာ၊ ပွေသလောက်လည်းထိရောက်မှုရှိပါရဲ့။

ကျုပ်ကျတော့ နာမည်မရသေးတဲ့ဓာတ်ပုံဆရာ၊ အမျိုးသမီးတော်တော်များများနဲ့ အလုပ်သဘောအရ တွေ့ထိမှုရှိပေမယ့် ကျုပ်ဆို ဖုတ်လေတဲ့ငပိ ရှိလေတယ်တောင် ထင်ကြတာမဟုတ်ဘူး။ ဒါကလည်း နာမည်မကြီးသေးလို့ပါ။ တချို့နာမည်ကြီးဓာတ်ပုံဆရာတွေရိုက်ထားတဲ့ အမျိုးသမီးတွေရဲ့ပုံကို ခင်ဗျားတို့ မြင်ဖူးကြသလား။ အားပါး မရှိသေ့စကား စကပ်အောက်က အတွင်းခံဘောင်းဘီထိ ပေါ်တယ်။ ရိုက်ထားတဲ့ဓာတ်ပုံတွေလေ၊ ဘယ်လောက်အထိအောင်ပိုင်ကြလဲ မသိဘူး။ တချို့ဆို မဂ္ဂဇင်းဓာတ်ပုံလေးပါဖို့အရေး ဓာတ်ပုံဆရာနဲ့တောင် ညအိပ်ပေးရသတဲ့။ အားလုံးကိုပြောတာမဟုတ်ဘူးနော်၊ တချို့ကိုပြောတာ၊ တစ်ကိုယ်လုံးချွတ်ပြီး ဓာတ်ပုံအရိုက်ခံထားရတဲ့သူတောင်ရှိသေး၊ အင်တာနက်မှာ ခင်ဗျားတို့လည်း တွေ့ဖူးကြမှာပါ ထားတော့။

တစ်နေ့က ဗညားဒလလမ်းမှာရှိတဲ့ ကျုပ်ရဲ့ဓာတ်ပုံဆိုင်ကို စောထွန်းဝေ ရောက်လာတယ်။ ပုံကလည်း စတိုင်ပင်နဲ့ တကယ့်အပျံစား။ ပိုလိုရေမွှေးနံ့ကလည်း သင်းပျံ့လို့ ဒီကောင့်မျက်နှာနဲ့လေသံကိုကြားရုံနဲ့ မဟုတ်တာတစ်ခုခုလုပ်တော့မယ်ဆိုတာ ကျုပ်သိနေတယ်။ ကွန်ပျူတာရှေ့ထိုင်ပြီး ပုံတွေသန့်နေတဲ့ ကျုပ်ထိုင်ခုံကို နောက်ကနေ လက်ထောက်ပြီး စောထွန်းဝေက ပြောတယ်။

''ညီသုတ မင်းနဲ့ငါ့အတွက် ပျော်စရာလည်းကောင်း ရင်ခုန်စရာလည်းကောင်းတဲ့အစီအစဉ်တစ်ခု ငါလုပ်ထားတယ်''

''ဘာလဲ ပြော''

ကျွန်တော် သူ့ကိုလှည့်မကြည့်ဘဲ ကွန်ပျူတာခလုတ်နှိပ်နေရာက





ပြောတော့ သူ အားမလိုအားမရ ကျွန်တော့်ဘေးလာရပ်တယ်။

''ကောင်မလေးနှစ်ယောက်နဲ့ ငါ ကော်ဖီဆိုင်တစ်ဆိုင်မှာချိန်းထားတယ်၊ အရင်းပြောရရင်တော့ သူတို့နှစ်ယောက်က ရုပ်ရှင်မင်းသမီး သိပ်ဖြစ်ချင်နေကြတာ ပေါ့ပါတော့ကွာ၊ မင်းသမီးသာဖြစ်ရရင် ဘာပဲလုပ်ရလုပ်ရတဲ့''

''အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ''

''ဟ ဆိုင်တာပေါ့ကွ မင်းက ကင်မရာကိုကျွမ်းကျွမ်းကျင်ကျင်ကိုင်တတ်တဲ့ကောင်ပဲ၊ အဲဒီတော့ ကောင်မလေးတွေနဲ့တွေ့ရင် မင်းက ရုပ်ရှင်ဒါရိုက်တာ၊ ငါက ပရိုဂျူဆာပေါ့ကွ ဟဲ ဟဲ''

စောထွန်းဝေ ပြောရင်းက ကျုပ်ပခုံးတစ်ဖက်ကိုကိုင်ပြီး ဆုံလည်ခုံကို သူနဲ့မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်တယ်။

''ဟေ့အေး ငါမလုပ်ချင်ဘူး၊ လိမ်ညာပြီးဟန်ဆောင်ရတာ ငါ မကြိုက်ဘူး''

''ဟ ဟ အဲဒီလိုတော့ မငြင်းပါနဲ့ကွာ၊ မင်းမလုပ်ဘူးဆိုရင် ငါ့အစီအစဉ်တွေပျက်ကုန်မှာပေါ့ကွ၊ ကောင်မလေးတွေက ပိုက်ဆံလည်းရှိပုံရတယ်၊ ရုပ်ရည်လေးတွေကလည်း မပစ်ရက်စရာ၊ ဘာပဲဖြစ်ဖြစ် အတွေ့အကြုံသစ်တစ်ခုအနေနဲ့ပေါ့ လိုက်ခဲ့ပါကွာ၊ ငါတောင်းပန်ပါတယ်''

စောထွန်းဝေက ပြည်ထောင်စုဝန်ကြီးရှေ့ ခယယ လက်အုပ်ချီသလိုမျိုးနဲ့ ကျုပ်ကိုလက်ခံလာအောင် ရှင်းပြတယ်။ ပိုက်ဆံရှိတဲ့မိန်းကလေးတစ်ယောက်ကို အိမ်ထောင်ဘက်အဖြစ်လည်း ရွေးချယ်နိုင်တဲ့အကြောင်း အတင်းပြောတော့ ကျုပ်လည်း မတတ်သာတဲ့အဆုံး ခေါင်းညိတ်ပြလိုက်မိတယ်။

ချိန်းထားတဲ့နေ့ကိုရောက်တော့ စောထွန်းဝေက ဆပ်(ဖ်)ကားသစ်ကြီးတစ်စီးနဲ့ကျုပ်ဆီရောက်လာတယ်။ ဝတ်ထားတာလည်း ထုံးစံအတိုင်း ကျော့လို့ရှော့လို့၊ ကျုပ်ကိုလက်တစ်ဖက်မြှောက်ပြီး အဆင်သင့်ဖြစ်ပြီလားဆိုတဲ့သဘော မေးလိုက်ပုံက အမြင်ကပ်စရာ၊ သူမေးမယ့်သာမေးတာပါ၊ ဘောင်းဘီရှည် ကျုပ်နဲ့ ရွှပ်ကျယ်အနက်ပေါ် အဖြူရောင်ကုတ်အကျႌဝတ်ထားတဲ့ကျုပ်ပုံစံက ဘာထက်ပိုဝတ်ထားမှန်း သိသာလှတယ်။

ကျုပ်ကိုယ်တိုင်လည်း ဘာဖြစ်လို့ ဒီလောက်လှချင်နေမှန်းကို မသိတော့ဘူး။ သေချာတာကတော့ ကောင်မလေးနှစ်ယောက်နဲ့တွေ့ဖို့ ရင်ခုန်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာပါပဲ။

"နေစမ်းပါဦးကွ၊ မင်းဒီကားသစ်ကြီးယူလာတော့ မင်းသူဌေးနဲ့မင်းက"

"ဘာမှုမနေနဲ့၊ ငါ့သူဌေးက နိုင်ငံခြားကိုတစ်လလောက်ခရီးသွားတယ် လောလောဆယ် ငါ့ကားပေါ့၊ ပြီးတော့ ဟောဒီမှာ သော့တွဲတွေ့လား၊ သူ့တိုက် ကိုပါ သူဌေးက ငါ့ကိုကြည့်ဖို့အပ်ခဲ့တာ ဟဲ ဟဲ ရေကန်အသင့်ကြာအသင့်ပဲ"

ပြောတဲ့အမူအရာက တကယ့်သူဌေးဂိုက်ပဲ။ မျက်နှာကလည်း ဘာရေ လိမ်းထားမှန်းမသိဘူး၊ ဖြူလို့ဥလို့၊ ဆပ်(ဗ်)ကားပေါ်မတက်ခင် စောထွန်းဝေ ကျုပ်ကိုအထပ်ထပ်မှာသေးတယ်။

"မင်း ကော်ဖီဆိုင်ကိုရောက်ရင် ကောင်မလေးနှစ်ယောက်ကိုတွေ့လိမ့် မယ်၊ တစ်ယောက်က ပိုးဝါတဲ့၊ တစ်ယောက်က သက်လျှာတဲ့၊ ငါက သက်လျှာနဲ့ တွဲမယ်၊ မင်းကပိုးဝါနဲ့တွဲပေါ့၊ ငါပြောတာ သဘောပေါက်ပါတယ်နော်"

သတ်မှတ်ထားတဲ့ကော်ဖီဆိုင်ကို ကျုပ်တို့ရောက်တဲ့အထိ ကောင်မလေး တွေက ရောက်မလာသေးဘူး။ ဘာပြောကောင်းမလဲ ဆိုင်မှာရှိတဲ့ ဥရောပအစား အသောက်တွေ စောထွန်းဝေ မှာထားလိုက်ပုံများစုံလို့။ အကြောင်းသိချင်လို့ စောထွန်းဝေကို ပွင့်ပွင့်လင်းလင်းပဲ မေးရတယ်။

"ဟေ့ကောင် အဲသလောက်အထိမှာရအောင် မင်းမှာပိုက်ဆံပါလို့လား"

"မလိုဘူးလေ ကောင်မလေးတွေ ရှင်းလိမ့်မယ်"

စောထွန်းဝေက ပြောပြောဆိုဆို ကော့တေးတစ်ခွက်ကို ငွတ်ခနဲမော့ ချပြီး အမြည်းတဖွဲ့ကောက်စားတယ်။

"တကယ်လို့ ကောင်မလေးတွေ မလာရင်ကော"

"မပူစမ်းပါနဲ့ သူတရယ်၊ စောထွန်းဝေကွ စောထွန်းဝေ အပွေမြင်တာနဲ့ အပင်သိတဲ့ကောင်၊ ငါတို့နဲ့တွေ့ချင်တာများ ထွန့်ထွန့်ကိုလူးလို့၊ စားစရာရှိတာ သာ စားစမ်းပါ"

သူ ဘယ်လောက်ပြောပြော ကျုပ်ကတော့ တယ်ပြီးမျိုမကျချင်ဘူး၊ ကောင်မလေးတွေနဲ့တွေ့ဖို့ ဆန္ဒစောနေတာကတစ်ကြောင်း။ နောက်ပြီး ဒီလိုအစား မျိုးတွေဆိုတာက ဈေးကကြီးမှကြီး။ ဒါကိုပဲ စောထွန်းဝေက ကော့တေး တစ်ခွက်ပြီးတစ်ခွက် ဆင့်ပြီးကိုဆော်နေတာ၊ ကျုပ်ကတော့ ကောင်မလေးတွေ ဝင်လာမယ့်ဆိုင်ပေါက်ဝကို တမျှော်မျှော်။





ခဏနေတော့ ကောင်မလေးနှစ်ယောက် ဝင်လာတယ်။ လူတွေက အနားမရောက်သေးဘူး၊ CK ရေမွှေးနံ့က ကျုပ်တို့ဆီအရင်ရောက်လာတယ်။ ခွပ်ကျယ်လိုလည်ဟိုက်အကျီကျပ်လေးနဲ့ အောက်က ဂျင်းဘောင်းဘီအနားဖွာဖွာ တိုနံ့နံ့တွဲဝတ်ထားတဲ့ကောင်မလေးက ဝပ်ကင်းရှူးဖိနပ်အကွက်လေးနဲ့ပေါင်တံဖွေး ဖွေးလေးကစင်းလို့၊ နောက်တစ်ယောက်က စကပ်တိုတိုလေးနဲ့ ခွာတံမျှင်မျှင် ပင်စယ်ဟီးလေးနဲ့၊ အဲဒီနှစ်ယောက်ထဲက ဘယ်သူက သက်လျှာ၊ ဘယ်သူက ပိုးဝါဆိုတာ ကျုပ်သဘောပေါက်လိုက်တယ်၊ တစ်ဦးက ဥရောပဆန်ဆန် မွတ်နေ အောင်ချောတဲ့သူ၊ တစ်ယောက်က ဖွံ့ဖွံ့ထွားထွားရေဆေးငါးကြီးရဲ့အလှမျိုး။

ကျုပ် သူတို့ကိုကြည့်ရင်း တံတွေးမျိုချမိတယ်ထင်ပါရဲ့။ လူ့စိတ်ဆိုတာ ကလည်းသိတဲ့အတိုင်းပဲ၊ အခွင့်အရေးလေးရမယ်ဆိုတာကြိုသိနေတာနဲ့ ယောက်ျား စိတ်တွေကြွတက်နေတာများ ကိုယ့်မျက်နှာကိုယ်တောင် ဘယ်သွားထားရမှန်း မသိလောက်အောင်ပါပဲ။

သက်လျှာက တိတိကျကျ ပိုလှပေမယ့် ပိုးဝါကလည်း မခေလှပါဘူး။ နှစ်ယောက်စလုံးရဲ့ကိုယ်ခန္ဓာအလှကတော့ ဖောဖောသီသီ နုပျိုသူတွေပါပဲ။ သွားပုံ လာပုံခြေလမ်းတိုင်းမှာ ဖွံ့ထွားတဲ့အသားဆိုင်တွေက အကြောခြင်တွေတုံ့ဆိုင်းသွား အောင်ကို ဆွဲဆောင်နိုင်ပါတယ်။

"လာ သက်လျှာ ဒါကိုယ်ပြောပြောနေတဲ့ ဒါရိုက်တာကြီးဆိုတာပဲ"

စောထွန်းဝေ ကျုပ်ဘက်ကို လက်ပြပြီးမိတ်ဆက်တော့ ကောင်မလေး နှစ်ယောက်က ရှိရှိကျိုးကျိုး ခါးညွှတ်ပြီး ပြန်နှုတ်ဆက်တယ်။

"ဩော် ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ သက်လျှာတို့ဘက်က နောက်ကျသွားလို့ အားတောင်နာပါတယ်"

"အိုး ဟိုး နဲဗားမိုင်း နဲဗားမိုင်း ထိုင်ကြပါ၊ စားချင်တာသာမှာစားကြပါ၊ အေးအေးဆေးဆေးပေါ့၊ ပြီးမှ လုပ်ငန်းအကြောင်းပြောကြမယ်"

ဘယ်နှခွက်တောင် စောထွန်းဝေ ချထားသလဲတော့မသိဘူး။ အတော် လေး အာသွက်လျှာသွက်တော့ ဖြစ်နေပြီ။

"တစ်ခါတလေကျတော့လည်း နေ့စဉ်ရက်ဆက် ဒီလုပ်ငန်းတွေနဲ့ပဲ တော်ချာလည်နေတော့ မွန်းကြပ်လွန်းလို့ တောထွက်ပြီးတရားဝင်ချင်စိတ်ပေါင် ပေါက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စောထွန်းဝေ လေတစ်လုံး မိုးတစ်လုံး ကြွားလုံးတွေ ဖောင်သီဖွဲ့လို့ သူ့ပါးစပ်ထဲရှိရာ အကုန်ပြောနေတယ်။ ကျုပ်ကတော့ ကောင်မလေးနှစ်ယောက်ဆီ ငေးမောနေမိတုံးပဲ။

"ဒီလိုရှိတယ် သက်လျာ၊ ရုပ်ရှင်ရိုက်တယ်ဆိုတာ ခုချက်ချင်းဖြုန်းဖြုန်း ဒိုင်းဒိုင်း ထလုပ်လို့မရဘူး၊ ကွာလတီတစ်ခုရဖို့ဆိုတာ အစမ်းရိုက်ကြည့်ရတယ်၊ ကားတိုလေးဆိုပါတော့"

"ဒါဆို သက်လျာတို့ အခုမဖြစ်နိုင်သေးတဲ့သဘောလား"

"မဟုတ်သေးဘူးလေ၊ အစမ်းရိုက်ကြည့်ပြီးမှ တစ်ဆင့်တက်ကြတာ ပေါ့"

"ဒါဆို သက်လျာတို့ကို အစမ်းရိုက်ဖို့ စီစဉ်ပေးပါနော်"

စောထွန်းဝေ ဆိုတဲ့ကောင် ဘယ်လောက်အထိလိမ်ပြောထားသလဲ မသိဘူး၊ ကောင်မလေးနှစ်ယောက်စလုံးရဲ့မျက်ဝန်းမှာ ဖြစ်ချင်စိတ်တွေ အရောင် တောက်နေတယ်။ သက်လျာက လှသလောက် နှုတ်သွက်ပေမယ့် ပိုးဝါကတော့ အရက်အကြောက်ရှိပုံပေါ်ပါတယ်။ ချိုးပြောမိုးပြောနဲ့ နောက်ဆုံးတော့ သက်လျာ တကယ်ရိုက်ဖြစ်မယ့်နေ့ကို ထပ်ချိန်းနိုင်းတယ်၊ စောထွန်းဝေကလည်း ကျိန်းသေတဲ့ နေ့ဖုန်းဆက်မယ်ပေါ့။

စားသောက်ပြီးလို့ ငွေရှင်းမယ်လည်းလုပ်ရော စောထွန်းဝေက သူ့ပိုက်ဆံ အိတ်ဖောင်းဖောင်းကြီးကို ဖစ်ကြပ်နေသလိုမျိုးပုံစံနဲ့ ဆွဲဖွင့်နေတာ မပြီးတော့ဘူး ပွင့်သွားလည်း ဘာထူးမှာတဲ့လဲ၊ ကျုပ်သိသားပဲ စက္ကူတွေ၊ လိပ်စာကတ်တွေ ကလွဲလို့ ဘာများရှိနိုင်ဦးမှာတဲ့လဲ၊ အကြောင်းသိ။

တော်သေးရဲ့ အလိုက်သိလွန်းတဲ့ သက်လျာက သူရှင်းလိုက်မယ်ဆို ပြောပြီး စားပွဲထိုးကိုကျသင့်ငွေပေးလိုက်တယ်။ ငွေချေပြီးမှ စောထွန်းဝေက တစ်စခန်းထလာပြန်တယ်။

"ဟာ မဟုတ်တာ သက်လျာကလည်း အားနာစရာ ရှင်းမယ့်ရှင်း ကိုယ်ရှင်းရမှာပေါ့"

"အို ရပါတယ် ဆရာရယ်၊ ဆရာတို့က သက်လျာတို့ကို သက်သက် မယ့်ကူညီရတဲ့ဥစ္စာ"

တကယ် တကယ် သောက်ရှက်ကိုနည်းနည်းမှမရှိတဲ့ကောင်။ ပြောနဲ





ဆိုရဲ လိမ်ရဲနဲ့ မျက်နှာပြောင်တိုက်တဲ့နေရာမှာ စောထွန်းဝေလိုကောင် နှစ်ယောက် မရှိဘူး။ လူတွေကလည်း ခက်တော့အခက်သား၊ ကားနဲ့တိုက်နဲ့မြင်နေတော့လည်း စောထွန်းဝေ လုပ်သမျှ အကုန်လုံးကို အဟုတ်ထင်နေကြတာ၊ ဒါကိုပဲ အခွင့် ကောင်းယူရင်းနဲ့ အစမ်းမရိုက်ခင်ကြားထဲမှာ ဟိုအကြောင်းပြချက် ဒီအကြောင်းပြ ချက်တွေနဲ့ ရက်ရွှေ့ပြီး ကျုပ်တို့လေးဦး ဆုံတွေ့လာလိုက်ကြတာ အခုဆိုရင် ဝုံတွဲတွေတောင်ဖြစ်လို့။

စချင်း စောက်နဲ့ထွင်းဆိုသလိုမျိုးတော့ လုပ်လို့မရသေးဘူး၊ စား သောက်ဆိုင်တွေမှာ ဆုံတာမျိုး၊ ပန်းခြံတွေဘာတွေ လျှောက်လည်တာမျိုးလောက် တော့ အစပျိုးဖြစ်နေပြီ၊ သစ်ရိပ်ဝါးရိပ်အောက်ရောက်တယ်ဆိုရင်ပဲ လက်ကလေး ကိုင် ပခုံးလေးဖက်နဲ့ အတွေ့အကြုံမရှိတဲ့ကျုပ်အဖို့တော့ ကြည်နူးလို့ကိုမဆုံး တော့ဘူး။

"ကို ပိုးဝါတို့လည်း နယ်ကပါလာတဲ့ငွေတွေတောင် ကုန်တော့မယ် အခုထိ အစမ်းမရိုက်ရသေးဘူးလား"

ပိုးဝါက ထောင်ထားတဲ့ ကျုပ်ဒူးတစ်ဖက်ပေါ် မေးတင်ပြီး ငြီးငြူသလို မေးတယ်၊ သူတို့အဲလိုမေးတိုင်း ကျုပ်နှုတ်ဆွံ့အနေသလို မျက်နှာလွှဲမိတယ် ကျုပ် မလိမ်ချင်ဘူးဗျာ၊ အနေနီးလို့လားတော့မသိဘူး၊ ကျုပ် ပိုးဝါကို တကယ် ချစ်မိတာ၊ ဒီတော့လည်း ပိုးဝါဆန္ဒရှိတဲ့အတိုင်း စောထွန်းဝေနဲ့တိုင်ပင်ပြီး စီစဉ်ရ ဘယ်၊ ဟုတ်တာမဟုတ်တာ အပထား လတ်တလောတော့ ပိုးဝါ စိတ်ချမ်းသာ ဖို့က အဓိကမဟုတ်လား။ ပြီးတော့ ပိုးဝါ ကျုပ်အနားက ပြန်ထွက်သွားမှာကို လည်း စိုးရိမ်နေမိတယ်။

ချစ်သူသမီးရည်းစားတွေ ဖြစ်လာပြီဆိုကတည်းက ပထမဦးဆုံး လူတိုင်း သူတိုင်းက ဘာကိုမျှော်လင့်နေကြမယ်ဆိုတာ အားလုံးသိမှာပါ။ ကောင်မလေးတွေ ဘက်ကတော့မသိဘူး၊ စောထွန်းဝေကတော့ သူ့ရည်ရွယ်ချက်အတိုင်း အခွင့် အရေးရဖို့ တစ်ဆင့်ပြီးတစ်ဆင့်ကြိုးစားတယ်၊ အဓိကက ကောင်မလေးနှစ်ယောက် ကျေနပ်အောင် လုပ်ငန်းကိုလည်း ဗန်းပြမယ်၊ ပြီးတော့ သူ့သူဌေးရဲ့တိုက်ကြီးထဲ ကိုလည်းရအောင်ခေါ်ယူတဲ့သဘောပေါ့၊ ကင်မရာငှား၊ ဘာငှားနဲ့ စောထွန်းဝေနဲ့ ကျုပ် ကတိုက်ကရိုက်စီစဉ်ပြီး သူဌေးရဲ့တိုက်ကြီးမှာ သူတို့နှစ်ယောက်နဲ့ကျုပ်တို့ ဆုံတွေ့ဖို့ချိန်းလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ချိန်းထားတဲ့နေရာမှာ သူတို့နှစ်ယောက်ကို ဆပ်(ဖ) ကားကြီးနဲ့သွားခေါ်၊ သူဌေးတိုက်ကြီးကိုရောက်တော့ ကားရပ်ပြီး ရှေ့ကနေ စောထွန်းဝေ ကော့ကော့ကော့ကော့နဲ့ ဆင်းသွားလိုက်ပုံများ သူ့မျက်နှာက နွားရေကူးသလိုမျိုးမော့လို့။

ထည်ဝါခမ်းနားလှတဲ့အသုံးအဆောင်ပစ္စည်းတွေကြားမှာ သက်လျာနဲ့ ပိုးဝါရဲ့မျက်လုံးတွေက မကြုံစဖူး တောက်ပနေသလိုပဲ၊ ပိုးဝါဆို ဟိုဟာလေးတို့ ကြည့်လိုက်၊ ဒီဟာလေးကိုင်ကြည့်လိုက်နဲ့ အံ့သြလွန်းလို့ ပါးစပ်ကလေးများတောင် ဟလို့၊ ဒါကို စောထွန်းဝေ ကောင်းကောင်းရိပ်မိပုံရတယ်၊ ငါးသုံးလုံးစီးကရက်ကို ပါးစပ်မှာတေ့ရင်း ဖစ်ပိုမီးခြစ်အဖုံးကို ချွင်ခနဲအသံမြည်အောင် ဖွင့်လိုက်တယ်။

"ကဲ သက်လျာ ဒါမောင့်အိမ်ပဲ၊ စိတ်လွတ်လက်လွတ် ကြိုက်သလို နေ"

သက်လျာက လွယ်ထားတဲ့စလင်းဘတ်ကို ဆိုဖာပေါ်ချပြီး ပြတင်းတံခါး တွေလိုက်ဖွင့်တယ်။ ပိုးဝါက စန္ဒရားကြီးနားရပ်ရင်း ဟိုကြည့်ဒီကြည့်နဲ့ ကျုပ်ကတော့ ကတ္တီပါဆိုဖာကြီးပေါ်မှာ ထိုင်ချလိုက်တယ်။ စောထွန်းဝေကတော့ စီးကရက်အငွေ့ ကို မှုတ်ထုတ်ပြီး ခါးထောက်ရပ်တယ်။

"ကဲ နည်းနည်းပါးပါး ပြောလို့ဆိုလို့ကောင်းအောင် စလိုက်ကြရအောင်"

ကျုပ်တို့စီစဉ်ထားတဲ့အတိုင်း စားသောက်ခန်းထဲကို သူတို့နှစ်ဦးကိုခေါ် တယ်၊ ကျောက်စားပွဲကြီးပေါ်မှာပြင်ထားတဲ့ Doubel Black နဲ့ကချင်ငါးပေါင်း ပုစွန်တန်ပူရာ၊ ကြက်ချဉ်မွှေး၊ ဘဲကင်၊ ကိုက်လန်ခရုဆီ အစရှိတဲ့ဟင်းတွေကို မြင်တော့ ပိုးဝါက သက်လျာကိုပခုံးလေး တွန့်ပြတယ်။

"ကဲ အေးအေးဆေးဆေး စားသောက်လိုက်ကြဦး"

သူတို့နှစ်ဦးအတွက် ဝိုင်ကို စောထွန်းဝေက ငှဲ့ပေးတယ်။ ပြီးတော့ ကျုပ်တို့အတွက် Doubel Black အရက်ကိုငှဲ့ပြီး ဆိုဒါတွေဘာတွေရော၊ ရေခဲတွေ ထည့်ပြီး စသောက်လိုက်ကြတယ်။ တစ်ငုံစသောက်လိုက်တာနဲ့ ပါးစပ်ထဲမှာ မွှေးတေးတေး ရှတတလေးနဲ့ မျိုချလိုက်တော့ ရင်ထဲမှာပူနွေးသွားတယ်။

အမြည်းတွေ ဘယ်လောက်ပဲများများ လတ်တလော ကျုပ်မြည်းနေတာ က ကျုပ်ရှေ့မှာရှိနေတဲ့ ချစ်သူပိုးဝါရဲ့ကိုယ်ခန္ဓာကောက်ကြောင်းအလှတွေကို စိတ်ကူးနဲ့လိုက်နမ်းနေမိတာပါပဲ။ စောထွန်းဝေက သက်လျာကို တတွတ်တွတ်



ပြောနေသံတော့ ကြားပါရဲ့၊ ဘာတွေပြောနေမှန်းတော့ ကျုပ်လည်းမသိတော့ဘူး။ အရက်လေးသောက်လိုက် အမြည်းလေးတို့ကနန်း ဆိတ်ကနန်းစားလိုက်နဲ့ ကြာ တော့ အရှိန်က တရိပ်ရိပ်တက်လာတယ်။ စောထွန်းဝေကိုကြည့်တော့ ဘာမှ မဖြစ်တဲ့အတိုင်းပဲ၊ ရီဝေနေရမယ့်အစား သူ့မျက်လုံးက အရည်တွေလဲ့ပြီး တောက်ပ နေတယ်။

"ကဲ ကဲ အိမ်ရှေ့ခန်းပြန်ထွက်ပြီး သက်လျာတို့ရဲ့အမှုအရာတွေကို မောင်တို့စမ်းသပ်မယ်၊ စိတ်တိုင်းကျပြီဆိုမှ စရိုက်ကြတာပေါ့"

စောထွန်းဝေကပြောပြီး သက်လျာကို လက်တွဲခေါ်တယ်၊ ကျုပ်လည်း ပိုးဝါလေးကို ယုယုယယတွဲခေါ်ရတာပေါ့၊ အခန်းပြင်ရောက်တော့ ပြင်ထားတဲ့ ကင်မရာတွေနဲ့ သူတို့ကိုစရိုက်ဖြစ်တယ်။ သူတို့ကလည်း ကိုယ်ဟန်အနေအထား အမျိုးမျိုး၊ ကျုပ်လည်း ကင်မရာချိန်ပြီး တဖျပ်ဖျပ်ရိုက်နဲ့ ဘယ်နှပုံမှန်းတောင် မသိပါဘူး၊ စောထွန်းဝေဆိုတဲ့ကောင်ကတော့ တကယ့်ကို လက်ရဲဇက်ရဲနဲ့ ဟောဒီ ကြယ်သီးကလေးစွင့်လိုက်ဦး ဟောဒီတင်ကလေး ပင့်လိုက်ဦးနဲ့ စိတ်သွားတိုင်းကိုယ်ပါ နေတော့တာပါပဲ၊ သူတို့လေးတွေ စိတ်ကျေနပ်လောက်တဲ့အဆင့်ကိုရောက်မှ စောထွန်းဝေက ခဏရပ်ဆိုတဲ့သဘောနဲ့ လက်ကာပြီးပြောတယ်။

"ကဲ နောက်အဝတ်အစားသစ်တွေနဲ့ Sexy Pose တွေရိုက်မယ်၊ လာ လာ အဝတ်လဲခန်းမှာလိုအပ်တာတွေ မောင် ပြင်ပေးမယ်၊ ပြီးတော့ လိုအပ်တဲ့ အမူအရာတွေလည်း ထပ်ပြမယ်"

အမူအရာတွေ ထပ်ပြမယ်ဆိုပြီး အပေါ်ထပ်ကို စောထွန်းဝေနဲ့သက်လျာ တက်သွားကြတယ်။ စောထွန်းဝေ ဘာကိုရည်ရွယ်ပြီး အပေါ်ထပ်ကိုခေါ်တယ်ဆို တာ ရိပ်မိနေတဲ့ ကျုပ်အတွက်တော့ ရင်တထိတ်ထိတ်နဲ့ ကျုပ်တို့နှစ်ယောက်လည်း သူတို့တက်တော့ လိုက်တက်ကြတာပေါ့၊ ကျုပ်ရှေ့ကနေ နောက်ကျောပေးပြီး တက်သွားတဲ့ ပိုးဝါက တင်သားတွေလှုပ်ရမ်းနေတာကို ယောကျ်ားသားဖြစ်တဲ့ ကျုပ်စိတ်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းကိုမသိပါဘူး။ အပေါ်ရောက်တော့ စောထွန်း ဝေက ဘာမပြောညာမပြောနဲ့ သက်လျာကို အခန်းတစ်ခန်းထဲ ခေါ်သွားတယ်၊ ပြီးတော့ တံခါးပိတ်ကျိတ်ပဲ။

ကျုပ်နဲ့ပိုးဝါကတော့ အပေါ်ထပ် ဧည့်ခန်းမကြီးထဲမှာ အူကြောင်ကြောင် ဟိုကြည့်ဒီကြည့်ပေါ့၊ အိမ်ထောင်ပရိဘောဂတွေက စုံမှစုံပဲဗျို့၊ ရေခဲသေတ္တာ၊



www.burmeseclassic.com

www.burmeseclassic.com



ရုပ်မြင်သံကြားစက်တွေအပြင် အလှပန်းအိုးတွေနဲ့ဆိုဖာဆက်တီကြီးတွေကလည်း ပြောင်လက်နေတာပဲ၊ ရှေ့မျက်နှာစာတစ်ခုလုံးလည်း မှန်ချပ်ကြီးတွေနဲ့လိုက်ကာ ကြီးတွေကအပြည့်၊ အဲဒီကနေ လှမ်းကြည့်လိုက်ရင် ကားတွေသွားနေတာရယ် တိုက်တာအဆောက်အဦးတွေရယ် ဓာတ်တိုင်တွေကို အပေါ်စည်းကနေ လှမ်းမြင် နေရတယ် လှမှလှ။

ဒါပေမဲ့ ကျုပ်ရဲ့စိတ်က အဲဒီအလှတွေထက်စာရင် ဒီအခန်းကြီးထဲမှာ နှစ်ဦးတည်းဆိုတဲ့အသိနဲ့ ရင်တွေတဒိန်းဒိန်းခုန်နေတယ်၊ ပိုးဝါလည်း ဘာလုပ်ရ မှန်းမသိဘူးထင်ပါရဲ့၊ ဆိုဖာကြီးပေါ်ဝင်ထိုင်ပြီး ကျုပ်ကိုလှမ်းကြည့်တယ်။ အဲ အချိန်မှာပဲ အခန်းထဲက သက်လျာတို့ရဲ့နိုးနိုးခစ်ခစ် ရယ်သံတွေ ကျုပ်တို့ကြား နေရတယ်၊ ပြောစရာစကားရှားပါးလှတဲ့ ကျုပ်တို့အတွက် ပိုးဝါက စကား စကားရှာပြောပါတယ်။

"သက်လျာတို့က အတော့်ကိုအတွဲညီတဲ့စုံတွဲနော်"

ပိုးဝါ သက်မလေးချပြီး ငြီးငြူသလိုမျိုးပြောပြီး ကျုပ်ကိုမျက်လုံးရွဲကြီး နဲ့ လှန်ကြည့်တယ်၊ ကျုပ်ဆီကအကြင်နာတွေများ တောင်းခံနေတာများလား အတွေ့အကြုံမရှိတဲ့ ကျုပ်လည်းခံနိုင်ရည်မရှိတော့ဘူး၊ ဝတ္ထုဇာတ်လမ်းတွေထဲ ဆိုရင်တော့ မင်းသားဖြစ်သူက ဒီနေရာမှာ သူ့သမာဓိသိက္ခာနဲ့စောင့်ထိန်းလိုက် မှာပါ။

ဒါပေမဲ့ တကယ့်လက်တွေ့ကျတော့ အာခေါင်တွေခြောက်ပြီး လူ ကတုန်ကယင်ဖြစ်လာတယ်။ အရင်ဦးဆုံး ရှေ့မျက်နှာစာမှာရှိတဲ့ခန်းဆီးလိုက်ကာ ကြီးကို ကျုပ်ဆွဲပိတ်လိုက်တယ်။ ကျုပ် ဘာလုပ်မယ်ဆိုတာကို ပြောစရာ တော့ဘူး၊ ကျုပ်အာရုံတစ်ခုလုံးက ပိုးဝါဆီရောက်နေတယ်။ ကြည့်စမ်း ကျုပ် သတိထားကြည့်မိတယ်၊ စကားဝါရောင်အင်္ကျီနဲ့ဆက်ရက်ဂါဝန်ရှည်အော မှာ ဖိုက်သားချပ်ချပ်ကလေး...တောင် ကျုပ်လှမ်းမြင်နေရတယ်၊ ကြိုးနှစ်ချောင်း လည်ဟိုက်မို့ ရွှေရင်အစုံက အသက်ရှူလိုက်တိုင်း နိမ့်ချည်မြင့်ချည်နဲ့ လှိုင်း အလှဆင်နေတာများ ကျုပ်ဘဝမှာ သေလိုက်လို့ရတယ်"

ကျုပ်ရှေ့မှာ ဘယ်ပေါင်ပေါ် ညာပေါင်တင်ပြီး ခိုတ်ထိုင်နေလိုက် အမလေး တကတဲ ဘာပြောကောင်းမလဲ သူ့ရဲ့ဝင်းဝါသွယ်လျတဲ့ပေါင်တံ တောင် ရေးရေးလေး မြင်နေရလို့ ကျုပ်မှာတံတွေးကို ဂလုခနဲမျိုချလိုက်ရတယ်





ကျုပ်လည်း ဘာသားနဲ့ထုထားတာမို့လို့လဲ၊ အရက်ရှိန်ကလေးကလည်း ရနေတော့ သူ့ဘေးကို ဆတ်ခနဲဝင်ထိုင်ပြီး နမ်းမိတယ်၊ တစ်ချိန်တည်းမှာသိပ်လှတဲ့ သူ့ ပေါင်တံလေးကို ညာလက်နဲ့ညင်ညင်သာသာ ပွတ်မိတော့ ကျုပ်လက်ကို သူ့ လက်ကလေးနဲ့ အုပ်ကိုင်လာတယ်။ ပြီးတော့ ဟင်းခနဲ သက်မချသံလေးနဲ့အတူ ကျုပ်ရင်ခွင်ထဲကို နိုဝင်လာတယ်။

အဲဒီနောက်တော့ အနောက်တိုင်းဟန်ပါတဲ့ သူ့ရဲ့တုန့်ပြန်တဲ့အနမ်းတွေ ကြားမှာ သွေးနဲ့ကိုယ် သားနဲ့ကိုယ် တဏှာနှစ်တွေနဲ့တစ်ချိန်လုံး သူ့ကိုယ်သင်းနံ့ တွေ ခွာချနေလိုက်တာများ ကျုပ်လေ အကြောပေါင်းတစ်ထောင်စိမ့်တက်သွား သလား ထင်မိတယ်။ မွှေ့မွှေ့မူးမူးနဲ့ သူ့တစ်ကိုယ်လုံး ကျုပ်နမ်းမိတာ ရှူးသွား မလားတောင်အောက်မေ့ရတယ်။ သေချာတာကက သိမ်မွေ့နူးညံ့မှုတွေကြားမှာ ကျုပ်တို့ရဲ့ဥယျာဉ်လေးဟာ သင်းပျံ့လင်းထိန်နေတယ်ဆိုတာပါပဲ။

■ ■ ■

အဖြစ်အပျက်တွေက ယိမ်းတိုက်ထားသလို သံစဉ်ညီညာလွန်းတော့ ကျုပ်တို့တစ်တွေ ၁ဘုံးလေးခါမက ဆုံတွေ့ဖြစ်ကြပါတယ်။ ကျုပ်အနေနဲ့ကတော့ ပိုးဝါကိုတကယ်ချစ်မိတော့ အရိုးသားဆုံးကိုယ့်ဘဝအမှန်ကို ပြောပြပြီးမှ လက်ထပ်ဖို့ မျှော်လင့်တယ်။ ဒီတော့ စောထွန်းဝေ မသိအောင် ပိုးဝါကို ဆိုင်တစ်ဆိုင်မှာချိန်း ပြီး ကိုယ့်ဘဝအဖြစ်မှန်ကို ဖွင့်ပြောဖြစ်ခဲ့တယ်။

"ပိုးဝါကို ကိုယ်မညာချင်တော့ဘူးကွာ၊ တကယ်တော့ ကိုယ်က သာမန်ကင်မရာမင်းပဲ၊ စောထွန်းဝေဆိုတာကလည်း သူဌေးတစ်ဦးရဲ့ဒရိုင်ဘာ အဲဒါ ဟိုလေ ဟို"

ကျုပ် စကားမဆုံးသေးဘူး ဖြုန်းဆို ပိုးဝါထရပ်တယ်။

"ဟင် ဒါ ဒါဆိုရင်တို့က လူလိမ်တွေပဲ၊ အရမ်းကိုအောက်တန်းကျတယ်"

ပြောပြီးပြီးချင်း ပိုးဝါ ဝုန်းခနဲ ဆိုင်ထဲကထွက်သွားတယ်။ ဘာတစ်ခွန်း တောင် ကျုပ် ပြေရှင်းချိန်မရလိုက်ဘူး။ ရှက်စိတ် ဝမ်းနည်းစိတ်ကြောင့် ပတ်ဝန်း ကျင်ကလူတွေရဲ့မျက်လုံးကို ရင်မဆိုင်ဝံ့တော့သလို ကျုပ်ခေါင်းငုံ့ကျန်ရစ်တယ်

ကျုပ် ရှာဖွေခဲ့တဲ့ပိုးဝါရဲ့ရင်ထဲကမေတ္တာတရားဟာ မျှော်လင့်ထားသလို ဖြစ်မလာဘဲ အဲဒီနေ့ကစပြီး ပိုးဝါဆိုတာ ကျုပ်ဘဝထဲက အပြီးအပိုင်ကိုထွက်သွား ခဲ့တာ၊ မညာပါဘူး၊ ကျုပ် ပိုးဝါကိုလွမ်းနေမိသေးတယ်၊ ပွင့်လင်းမြင်သာမှုရှိငေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့မိန်းမငယ်တွေရဲ့ခေတ်မီယဉ်ကျေးမှု အထိအတွေ့တွေကြားမှာ ကျူပ်ပျိုးထားခဲ့တဲ့မေတ္တာတရားလည်း အခုတော့ မျက်ရည်တွေအစီအရီဖြစ်လို့။

သူ့အကြောင်းတွေလိုက်စုံစမ်းတော့ ထူးဆန်းလိုက်ပုံများ သူ့ရင်ခွင်ကလည်း ဝယ်လက်ရှိသတဲ့၊ အံ့ဩစရာကောင်းလိုက်ပုံများ သူ့ကိုယ်ခန္ဓာအတွက် ဈွန်ဆာရှိသတဲ့၊ သူ့မေတ္တာတရားကလည်း ဒီလမ်းကနေ ဟိုဘက်လမ်းပြောင်းလိုပြောင်း၊ တစ်ခါတလေ ရပ်ကွက်တွေဘာတွေတောင်ကျော်လို့။

ဒီတော့လည်း ကျူပ်မှာ ကိုယ့်စိတ်ကို ကိုယ်ပြန်ဖြေရတယ်။ နေရာတကာ ဓာတုဆိုးဆေးတွေနဲ့ပြည့်နေတဲ့ မြန်မာပြည်မှာ မင်းမခွဲလည်း ငါ့အသည်းက ကျွမ်းပြီးသားဟေ့လို့ ပိုးဝါကိုအော်သာပြောလိုက်ချင်ပါရဲ့။

ဒီနေရာမှာ ကျူပ်ကြားဖြတ်ပြောစရာရှိလာတာက စောထွန်းဝေနဲ့သက်လျာအကြောင်းပဲ။ ကိုယ့်အတွဲနဲ့ကိုယ်တွေ့ကြ၊ ချိန်းကြနဲ့ အလုပ်ရှုပ်လာလိုက်ကြတာ သူတို့နှစ်ယောက်နဲ့ကျူပ် တော်တော်လေး အဆက်အသွယ်ပြတ်သွားတယ်။ သတိတရ စောထွန်းဝေဆီ ဖုန်းဆက်တော့ ဖုန်းကပိတ်ထားတယ်။ ဒါနဲ့ သူ့သူဌေးတိုက်ရှိရာကိုသွားစုံစမ်းတော့ ထင်တဲ့အတိုင်းပဲ၊ သူ့သူဌေးနဲ့နိုင်ငံရပ်ခြားကို ခနီးထွက်သွားမှန်းသိရတယ်၊ သူ့ထုံးစံအတိုင်း သက်လျာကို အဆက်ဖြတ်သွားတဲ့ပုံပါပဲ။

ချက်ချင်းဆိုသလိုပဲ သက်လျာကိုသတိရမိပြန်ရော။ သက်လျာကိုဖုန်းဆက်ကြည့်တော့ သူတစ်ဦးတည်း စမ်းချောင်းဘက်မှာရှိတဲ့ တိုက်ခန်းတစ်ခန်းမှာ ငှားနေမှန်းသိရတယ်။ သူကလည်း ကျူပ်ကိုတွေ့ချင်၊ ကျူပ်ကလည်း သူ့ကိုတွေ့ချင်ဆိုတော့ အေးအေးဆေးဆေး စကားပြောလို့ရအောင် သူနေထိုင်တဲ့တိုက်ခန်းမှာပဲချိန်းဖြစ်တယ်။

အကျိုးအကြောင်းကိုသိချင်နေတဲ့စိတ်ကြောင့် ချိန်းထားတဲ့နေ့မှာ ကျွန်တော် မနက်စောစောပိုင်းပဲ မေ့သက်လျာဆီ ရောက်ခဲ့တယ်။ အကျီလက်ပြတ်အနက်လေးနဲ့ ကြည်ပြာရောင်ဂါဝန်တိုလေးနှစ်ခုကြားမှာ အလှသွေးကြွယ်နေတဲ့သက်လျာက မန္တလေးမြီးရှည်နဲ့ တို့ဟူးကြော်တွေပြင်ဆင်ပြီး ကျူပ်ကိုအဆင်သင့်စောင့်နေတယ်။

"ညီသုတ တစ်ခါတည်း ကော်ဖီဖျော်လိုက်မယ်နော်"

"ကောင်းသားပဲ"





တို့ဟူးလေးတစ်ခုအချဉ်နဲ့တို့ပြီး စားနေတုန်းမှာပဲ ကော်ဖီနှစ်ခွက်နဲ့သက်လျာက ကျူပ်ဘေးမှာဝင်ထိုင်တယ်။ သူ့ခေါင်းကရှုန်ပူနံ့ကြောင့် ကျူပ်ရင်တောင် နည်းနည်းလှိုက်မောသွားသလိုပဲ။

"မေ့သက်လျာ"

"ရှင်"

"ငါ နင့်ကိုပွင့်ပွင့်လင်းလင်းပဲမေးချင်တယ်၊ ငါသိထားသလောက်တော့ နင်နဲ့ပိုးဝါဟာ တာချီလိတ်ဘက်ကလာတဲ့ သူဌေးသမီးတွေမဟုတ်ဘူးဆိုတာပဲ"

ကျူပ်ပြောပြီးတော့ မေ့သက်လျာ မျက်နှာကိုတစ်ချက်အကဲခတ်လိုက်တယ်။ ကြည့်စမ်း မေ့သက်လျာ တစ်ချက်ကလေးမှ မျက်နှာပျက်မသွားဘူး။ သောက်လက်စကော်ဖီခွက်ကို တည်တည်ငြိမ်ငြိမ်ပဲချပြီး သူတစ်ချက်ပြုံးတယ်။

"မေ့ကိုယ်တိုင်လည်း အားလုံးက ဟန်ဆောင်နေမှန်း အစကတည်းကသိပါတယ်"

'ဂိန်'လို့အသံမထွက်မိအောင် ကျူပ်တော်တော်ပဲ သတိထားလိုက်ရတယ်။ တကယ်ဆို ကျူပ်က ဘယ်လို၊ ပိုးဝါနဲ့ကျူပ်လည်း ဘယ်လိုခွာပြဲခဲ့တယ်ဆိုတဲ့အကြောင်းအပြင် ကျူပ်က ပိုးဝါကို တကယ်လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့တယ်ဆိုတဲ့အကြောင်းတွေပါ ကျူပ်ကရှင်းပြချင်နေတာ၊ လောလောဆယ်တော့ ကျူပ်အသိချင်ဆုံးမေးခွန်းကိုပဲ အရင်ဆုံးမေးမိတယ်။

"ဒါဆို မေ့သက်လျာနဲ့စောထွန်းဝေတို့ကိစ္စကရော ဘယ်လိုသဘောထားလဲ"

"မေ့က သူ့အကြောင်းတွေကိုသိခဲ့ပေမယ့် မေ့သူ့ကို တကယ်ချစ်မိတာ၊ အဲဒါကြောင့် သူပြောသလိုပဲ မေ့နဲ့သူနှစ်ဦးသဘောတူ လက်ထပ်ဖြစ်ခဲ့တယ်"

"ဘာ"

"ဟုတ်တယ် ညီသုတရယ်၊ တကယ်တမ်းတော့ အချစ်ဆိုတဲ့အရာဟာ အရိုးသားဆုံးပေါ်ထွက်လာတတ်တာ"

မေ့သက်လျာ ပြောရင်းက မျက်ရည်တွေရစ်ဝဲလာတယ်။ သူ ကျူပ်နဲ့မျက်နှာချင်းဆိုင်ထိုင်နေရာကထပြီး ကျူပ်ကိုကျောပေးရပ်ပြီး ဆက်ပြောတယ်။

"ဒါပေမဲ့ 'မေ့'ကံဆိုးပါတယ် ညီသုတရယ်၊ သူက 'မေ့'တို့သူဌေးသမီးမဟုတ်မှန်းလည်းသိသွားရော ခြေရာဖျောက်သွားလိုက်တာ ဒီနေ့ထက်ထိ 'မေ့'



www.burmeseclassic.com

www.burmeseclassic.com



ဆီ သူပြန်မလာတော့ဘူး''

ပြောနေရင်းက မေ့သက်လျာ လက်ဖမိုးနဲ့မျက်ရည်တွေသုတ်နေတာ ကျုပ်မြင်နေရတယ်။ ကျုပ်ရင်ထဲမှာလည်း တစ်ခုခုကိုခံစားနေရသလိုမျိုးပဲ။

''ငါလည်း နင့်အတွက်စိတ်မကောင်းပါဘူး မေ့သက်လျာ''

မစားချင်စားချင်နဲ့စားနေရတဲ့ မြီးရှည်တွေလည်း လုံးခဲနေပြီ။ ကျုပ် မေ့သက်လျာကို စာနာစိတ်နဲ့နှစ်သိမ့်ခဲ့မိတယ်။

''အကြောင်းထူးရင် ဖုန်းဆက်ဟာ၊ ငါလည်း နင့်ဆီကို မကြာခဏလာ ဖြစ်မှာပါ''

■ ■ ■

ပြောခဲ့တဲ့အတိုင်း မကြာခဏဆိုသလို ကျုပ် မေ့သက်လျာဆီရောက် ဖြစ်ပါတယ်။ ဝင်းမွတ်အိညက်နေအောင်ချောတဲ့ မေ့သက်လျာနဲ့ထိတွေ့ဆက်ဆံ ရတာ ကျုပ်ရင်ထဲမှာ သာယာနေတာလည်းပါသလို ရှင်းရှင်းပြောရရင် သူ့ကို တပ်မက်နေတာလည်းပါတာပေါ့။ ကျုပ် သူ့ကိုကြင်နာယုယနေတတ်တာ သူ ကိုယ်တိုင်လည်း သတိပြုမိတယ်ထင်ပါရဲ့၊ ခုဆို အခေါ်အဝေါ် အပြောအဆိုတွေက အစ ပြောင်းကုန်ပြီ။

ကျုပ်က သူ့ကို'မေ့' တစ်လုံးတည်းခေါ်သလို သူကလည်း ကျုပ်ကို 'ညီ' လို့တစ်လုံးထဲပြန်ခေါ်နေတတ်ပြီ။ အရင်က သူအလုပ်အားချိန် တနင်္ဂနွေ လိုနေ့မျိုးမှာ ကျုပ်က အကြောင်းမရှိအကြောင်းရှာပြီး သွားတတ်ပေမယ့် ခုတော့ ကြားရက်ဖြစ်တဲ့ ကြာသပတေးနေ့မှာ ကျုပ်လာချင်တယ်ဆိုတာ သူ့ကိုကြိုပြီး ဖုန်းဆက်အကြောင်းကြားထားရတယ်၊ သူကလည်း ကျေကျေနပ်နပ်ပဲ အလုပ်ခွင့် ယူပြီး ကျုပ်ကိုကြိုဆိုပါတယ်။

''ဟယ် ညီ လာ လာ''

ကျုပ် အခန်းပေါက်ရောက်တာနဲ့ မေ့ရဲ့သာသာယာယာ နှုတ်ဆက်သံ လေး ကြားရတယ်။ ခြင်ထောင်ပိတ်စနဲ့တူတဲ့ အဖြူရောင်ဂါဝန်တိုလေးနဲ့အပေါ်က လိမ္မော်ရောင်ဘလောက်အင်္ကျီတိုတိုလေးကြားမှာ ပုလဲဖောက်ပန်းနုရောင် နှုတ်ခမ်း ဆေးဆိုးထားတဲ့ 'မေ့'အလှမှာ ကျုပ် ယစ်မူးပျော်ဝင်သွားတယ်။

''လာ လာ အတော်ပဲ ကော်ဖီသောက်ဖို့ တစ်ခါတည်းပြင်ထားတယ်''

စားသောက်ခန်းထဲဝင်တော့ ကော်ဖီနဲ့နဲ့ဆတ်သားခြောက်ဖုတ်နံ့လေးက





သင်းပျံ့နေတယ်။ ကျုပ်က ပါလာတဲ့အိတ်ထဲက ကိတ်မုန့်ဘူးကိုထုတ်ပြီး စားပွဲ ပေါ်တင်တော့ ဘာများလဲ ဆိုတဲ့သဘောနဲ့ 'မေ့'က ကျုပ်ကိုမျက်လုံးလေးတစ်ချက် ဝေ့ကြည့်တယ်။

ကျုပ်က သူ့ကိုလက်ကာပြပြီး ပြုံးပြလိုက်တယ်။ တစ်ဆက်တည်းမှာ ကိတ်မုန့်အဝိုင်းကြီးကို စားပွဲပေါ်တင်၊ အဆင်သင့်ပါလာတဲ့ ဖယောင်းတိုင်လေးတွေ စိုက်ပြီး မီးထွန်းလိုက်တော့ 'မေ့' မျက်လုံးလေး အံ့ဩသလို ပြူးပြီး နှုတ်ခမ်းလေး တောင် ဟတတဖြစ်သွားတယ်။

မွေးနေ့မှာ ချမ်းမြေ့ပါစေဆိုတဲ့ စာတမ်းကို ကိတ်မုန့်ပေါ်စိုက်လိုက်တော့ မှ 'မေ့'က 'အိုး'လို့ အော်ပြီး သူ့ရင်ဘတ်ကို လက်ချောင်းလေးတွေနဲ့ဖိတယ်။

''ဟတ်ပီးဘတ်ဒေးပါ မေ့''

'မေ့' ထခုန်မတတ်အပျော်လွန်ပြီး ကျုပ်ပါးနှစ်ဖက်ကို တရွတ်ရွတ် နမ်းလိုက်တာများ ကျုပ်ရင်ထဲမှာ ကြည်နူးလို့ကိုမဆုံးတော့ဘူး။ အဲဒီနေ့က ပန်းတွေကို အဆန်းတကြယ်ပွင့်စေခဲ့တဲ့နေ့၊ တိမ်တိုက်တွေက တွန်းဟယ်ထိုးဟယ် နဲ့ ကောင်းကင်ပြာမှာနေရာယူကြတဲ့နေ့၊ ရယ်သံတွေကြားမှာ ကျုပ်တို့နှစ်ဦးရဲ့ ကမ္ဘာသစ်ကို တည်ဆောက်ခဲ့တဲ့နေ့၊ ရင်ထဲမှာ ပြောမပြတတ်အောင် ခံစားနေရ တယ်။ သိမ်မွေ့နူးညံ့မှုတွေကြားမှာ အချိန်တွေဟာ တိမ်တိုက်တစ်ခုလို ရွေ့လျား နေကြတယ်။

■ ■ ■

မဂ္ဂဇင်းအလုပ်မာတ်ပုံတွေ ဆက်တိုက်ရိုက်နေရလို့ ကျုပ် တစ်ပတ် လောက်အထိ 'မေ့'ဆီမရောက်ဖြစ်ခဲ့ဘူး။ ကျုပ် သတိတရဖုန်းဆက်တော့လည်း 'မေ့'က လာခဲ့ရမယ်လို့ အတင်းဂျီမတိုက်တော့၊ ကျုပ်လည်းမသွားဖြစ်ခဲ့တာပါ။

ဒါပေမဲ့ အားအားချင်းပဲ 'မေ့'ဆီရောက်ဖြစ်ပါတယ်။ ကြည့်စမ်း ပန်းလေး တစ်ပွင့်လို 'မေ့' ညှိုးနွမ်းသွားလိုက်တာများ မျက်ကွင်းလေးတွေညို၊ ဆံပင်လေး တွေခြောက်သွေ့ပြီး မျက်နှာလေးပါချောင်ကျနေတဲ့ 'မေ့'က ဘာမှစားမဝင်သလို ခဏခဏလည်းပျို့ပြီးအန်တယ်တဲ့၊ ကျုပ်ရင်ထဲ ထိတ်ခနဲပူသွားတယ်။ ဒါဟာ မိန်းမတွေအတွက် ကိုယ်ဝန်ဆောင်ရမယ့်လက္ခဏာ။

ချက်ချင်းဆိုသလိုပဲ ကျုပ် 'မေ့'ကိုတွဲပြီး ဆေးခန်းပြတယ်။ ဆေးခန်းက ထွက်တော့ ဆရာဝန်ရဲ့မှတ်ချက်က ကျုပ်ထင်ထားတဲ့အတိုင်း 'မေ့'မှာ သန္ဓေလွယ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီတဲ့၊ ကျုပ် ကြို့တင်တွက်စထားတာမှန်ပေမယ့် သုံးလခွဲလောက်အထိရှိနေပြီ ဖြစ်တဲ့ကိုယ်ဝန်ဟာ စောထွန်းဝေ ဖန်တီးခဲ့တယ်ဆိုတာသိလို့ ကျုပ်ရင်ထဲမှာ တုန်ခါနေခဲ့တယ်။ 'မေ့' ငိုနေပါသလား။ ကျုပ်အထင်နဲ့လွဲအောင်ကို 'မေ့' မျက်ဝန်း တွေ စိုလဲ့တောက်ပနေပါတယ်။

သစ်ရိပ်ကောင်းတဲ့ လက်ဖက်သုတ်ရောင်းတဲ့ဆိုင်လေးမှာထိုင်မိတော့ ကျုပ်သိချင်တာကို အလျှင်စလိုပဲ 'မေ့'ကိုမေးမိတယ်။

"ပြီးခဲ့တဲ့ကိစ္စတွေကို မမေးချင်တော့ဘူး။ အခု 'မေ့'အနေနဲ့ ဘာကိုဖြစ် ချင်လဲ ပြော"

"ဘာဖြစ်ချင်ရမလဲ ညီရယ်၊ မိခင်တစ်ယောက်အနေနဲ့ မားမားမတ် မတ်ရပ်တည်ပြီး 'မေ့' ဗိုက်ထဲက ကလေးကို 'မေ့' မွေးရမှာပေါ့"

ကျုပ်ယုံတယ်။ 'မေ့'ရဲ့အသံက ယတိပြတ်ဆုံးဖြတ်ထားတဲ့အသံ ကျုပ်ရဲ့ အကြင်နာရိပ်မိုးလွှမ်းတဲ့ မျက်လုံးအစုံမှာ ဘာကိုတောင်းခံနေတယ်ဆိုတာ 'မေ့'ကိုသိစေချင်လိုက်တာ။

"ညီရယ် မိခင်တစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ဘာနဲ့များ တန်ဖိုးဖြတ် နိုင်ဦးမလဲ"

■ ■ ■

ဖိုးငွေ့လက်ကျန်ကောင်းကင်ဟာ အသက်ကိုခပ်မှုန်းမှုန်းရှူရင်း ဆောင်း ဦးရင်ခွင်သစ်ဆီကို ဦးတည်ထွက်ခွာသွားကြပြီ။ အခုတော့ ဒီဇင်ဘာရဲ့ကိုယ်ငိုင် ဟန်ကလည်း နေလှန်းခံထားရတဲ့ရှုခင်းတွေနဲ့ ပိတ်ညှပ်နေတာကြာခဲ့ပြီ၊ တိုးတက်မှု ရဲ့ပြယုဂ်လား။ ဆုတ်ယုတ်မှုရဲ့ပြယုဂ်လားတော့ မသိဘူး၊ ကားလမ်းတွေပိတ်ဆို့ လူတွေဒုက္ခရောက်နေကြတာတော့ အမှန်ပဲ၊ ဒါပေမဲ့ မသွားမဖြစ် ကွန်ပျူတာမှာတ် နေလို့ပြင်ဖို့ထွက်ခဲ့ရတယ်။ ထွက်လက်စနဲ့ မထူးဘူးဆိုပြီး ဝယ်စရာရှိတာမှန်သမျှ သိမ်းကျုံးဝယ်ပြီး အပြန်မှာ 'မေ့'ဆီဝင်ဖြစ်တယ်။

မြို့ထဲကဝယ်လာတဲ့ ကလေးအတွက် အနှီးပိတ်တွေကို 'မေ့'ကိုပေး တော့ 'မေ့' ရှိုက်ကြီးတငင်ငိုတယ်။ ဖွေးလွှဖြူလျော်နေတဲ့ ပါးပြင်ထက်က မျက်ရည်စီးကြောင်းလေးကို ကျုပ်သုတ်ပေးလိုက်မိချိန်မှာ 'မေ့'ရဲ့သက်မချမှုနဲ့အတူ ကျုပ်ရင်ထဲမှာ ပူနွေးလှိုက်ဖိုသွားတယ်။ ကျေးဇူးတင်ပါတယ် 'ညီ'ရယ်တဲ့။

နည်းပညာအသစ်တွေနဲ့ ရန်တွေကြွယ်နေတဲ့ပန်းတစ်ပွင့်လို ဖြူလွှလှ





နေတဲ့ 'မေ့'ကို ကျုပ်ရင်ခွင်ထဲ ဆွဲသွင်းပြီး နှစ်သိမ့်စေခဲ့တယ်။ ယုံဗျာ အဖြူရောင် သက်သက်။ ပြီးတော့ တဏှာလေးလည်းနည်းနည်း ဆွတ်ဖက်ချင်နေတဲ့ ချစ်ခြင်း မေတ္တာ။

"မေ့ နှင့်ကိုငါ လက်ထပ်မယ်"

'မေ့' နှုတ်ခမ်းပေါ်မှာ ထူးဆန်းတဲ့အပြုံးလေးတစ်ပွင့်ကို ကျုပ်မြင်လိုက် ရတယ်။ သူ့ရင်အုံကို ငုံ့ကြည့်တော့ နိမ့်ချည်မြင့်ချည်နဲ့၊ 'မေ့'ရဲ့မေးစေ့လေးကို လက်နဲ့ပင့်တင်ပြီး ကျုပ် ခေါင်းငုံ့နမ်းဖို့ပြင်တော့ ဝင်းဝါနေတဲ့ 'မေ့'ပါးပြင်လေး ကြွတက်လာတယ်။ ဘဝရဲ့နံနက်ခင်းကာလတွေကို ပျံသန်းဖို့ ကျုပ်နဲ့'မေ့' တောင်ပံတွေဖြန့်လိုက်ကြတယ်။ မုန်တိုင်းတွေမလာခင် စိမ်းမြတဲ့အပြုံးတွေနဲ့ အသက်ရှူ လှည့်ပါသခင်။

■ ■ ■

ခုနစ်ရက်သားသမီးတိုင်း တမ်းတတော်မှတ်တတ်တဲ့ ရွှေအိုရောင်နေ့ရက် တွေကို ကျုပ်တို့သိမ်မွေ့နူးညံ့စွာဖြတ်သန်းခဲ့ကြပါတယ်။ 'မေ့'ရဲ့ဝမ်းဗိုက်သားဖြူ ဖြူပေါ်က ပြတ်ထွက်လာတဲ့ အဖြူရောင်သွေးကြောမျှင်တန်းလေးတွေကို ကျုပ်တို့ လက်ချိုးရေတွက်ခဲ့ကြတယ်။

"ဒီနေ့ ဆေးခန်းပြရမယ့်နေ့နော်၊ အဲ မနက်ဖြန်ကျရင်တော့ 'မေ့' ခေါင်းညိတ်ထားတဲ့အတိုင်း ညီတို့နှစ်ယောက် ရုံးတက်ပြီးလက်ထပ်ကြမယ်"

ခုတင်ပေါ်ခြေဆန့်ပြီး ခေါင်းအုံးကိုကျောနဲ့မှီနေတဲ့ ကျုပ်ရဲ့ညာပခုံးထက်ကို 'မေ့' ခေါင်းလေးတိုးဝင်လာတယ်။ ကျုပ်ရဲ့ရင်ဘတ်က ကြယ်သီးတွေကိုတစ်လုံး ချင်းဖြုတ်လိုက်၊ တပ်လိုက်ဆော့ကစားနေတဲ့ 'မေ့'ရဲ့အပြုံးကိုစင်တင်ပြီးရောင်းခဲ့ရင် အရောင်းသွက်စာရင်းမှာ ထိပ်ဆုံးကပါမှာ သေချာလှပါတယ်။ ဆောင်းသစ်စ နံနက်ခင်းမှာ ပြတင်းကတိုးဝင်လာတဲ့ နေခြည်ကလည်း မွှေးမြလို့၊ 'မေ့'က ကျုပ် မေးဖျားလေးကို နှုတ်ခမ်းဖူးရွရွလေးနဲ့တစ်ချက်နမ်းပြီး ပြောပါတယ်၊ 'ညီ သဘောပါ'တဲ့။

ညီ့သဘောဆိုတဲ့ကြားရတဲ့အသံလေးတောင် ကျုပ်နားရည်မဝသေးဘူး ညနေဘက် ဆေးခန်းပြလို့ ဆေးခန်းကပြောလာတဲ့အဖြေကြောင့် ကျုပ်ကိုကျုပ် ပြန်တက်နင်းချင်စရာကောင်းလောက်အောင် တုန်လှုပ်ချောက်ချားသွားတယ်၊ 'မေ့' ဆီကရယူထားတဲ့ အသားစတစ်သျှူးကိုစစ်ကြည့်တော့ ကင်ဆာဖြစ်နေတယ်ဆိုတဲ့

www.burmeseclassic.com



အကြောင်းကို ဆရာဝန်က ရှင်းပြတယ်။

"အခုလို ပွင့်ပွင့်လင်းလင်းပြောရတာ ကျွန်တော်တို့မှာအကြောင်းရှိပါတယ်"

ဆရာဝန်ဆက်ပြောမယ့်စကားကို နားမထောင်ရဲတော့သလို ကျုပ် 'မေ့'ကိုလည်းမကြည့်ရက်တော့လို့ ခေါင်းရမ်းပြီး မျက်နှာတစ်ဖက်လွှဲလိုက်မိတယ်။ 'မေ့'ကတော့ အပူရှပ်ကို ဟန်လုပ်ပြီးမေးရှာပါတယ်။

"ပွင့်ပွင့်လင်းလင်းသာ ကျွန်မကိုပြောပါ ဆရာ"

"ဟုတ်ပြီ ဒီရောဂါကို ကုသရေးနဲ့ပတ်သက်ပြီး မေ့သက်လျှာ တစ်ခုခုကို ဆုံးဖြတ်ရလိမ့်မယ်၊ အဲဒါဘာလဲဆိုတော့ ကင်ဆာကိုကုမယ်ဆိုရင် လေး,ငါး ဆယ်နှစ်လောက်တော့ အသက်ရှင်နေထိုင်ဖို့ အာမခံပါတယ်၊ ဒါပေမဲ့ တစ်ခုရှိတာက ကင်ဆာကိုကုသမယ့်ဆေးတွေရဲ့အာနိသင်ကြောင့် ဝမ်းတွင်းက ရင်သွေးဟာ ကျွန်းသေပေါက် အသက်ရှင်နေနိုင်ဖို့ အခွင့်အလမ်းမရှိပါဘူး၊ ဒီတော့ကာ ကုသမယ်လို့ဆုံးဖြတ်ခဲ့ရင်တော့ နောက်နေ့ကစပြီး ရောဂါနဲ့ပတ်သက်တဲ့ဆေးတွေကို စားရပါမယ်"

ကျုပ်တစ်ကိုယ်လုံးချွေးသီးချွေးပေါက်တွေ စို့ထွက်နေတယ်။ ရင်ထဲမှာ တုန်ခါနေပြီး မျက်ရည်မကျမိအောင် မနည်းထိန်းနေရတယ်။ 'မေ့'ကိုလှည့်ကြည့်တော့ မဖိတ်မစင် သိုလှောင်ထားတဲ့ မိခင်မေတ္တာက.'မေ့'အတွက် တစ်ဖက်သတ်ဆုံးဖြတ်စေခဲ့တယ်။

"ကိစ္စမရှိပါဘူး ဆရာ၊ ကျွန်မအသက်မရှင်ချင်လည်းနေပါစေ၊ ကျွန်မ ရင်သွေးကိုပဲ ရှင်အောင်မွေးဖို့ဆုံးဖြတ်ထားပါတယ်"

ကမ္ဘာလောကကြီးက 'မေ့'ရဲ့မိခင်မေတ္တာကြောင့် ပိုပြီးများရင့်မှည့်သွားလေသလား။ ကရုဏာတရားနဲ့ဒုက္ခတွေကို ပါဖောမင့်လုပ်ပြဖို့ ကျုပ် 'မေ့'လက်ကို မြဲမြဲဆုပ်ကိုင်ပြီး ဆေးခန်းကထွက်ခဲ့တယ်။ ညနေခင်းကောင်းကင်မှာ အလင်းဖျော့တွေက နွေးနွေးကွေးကွေး အိတွဲကျလို့။

■ ■ ■

ညဟာ ဘယ်သူ့မျက်နှာမှမထောက်ဘဲ ဆွံ့အနေခဲ့တယ်။ အမှောင်ထဲမှာ မယုံတစ်ဝက် ယုံတစ်ဝက်စိတ်နဲ့ ကျုပ်ငေးမောတွေဝေနေတုန်းပဲ၊ ကြေနေတာလား၊ ကြွေနေတာလားမသိတဲ့ ချစ်သူ 'မေ့'က အခန်းထဲမှာ ပွံ့ပွံ့လေးခွေလို့





ကျုပ်အဖြစ်ကလည်း ရတနာဂီရိနဲ့ထပ်တူ၊ ရင်နာစရာကိုသံပတ်ပေးရင်း အမှောင်ထဲကိုပဲ ခုန်ချမိနေသလား။

တစ်ဖက်အိပ်ရာက လူးလွန့်စပြုလာတဲ့ 'မေ့'ရဲ့လက်ချောင်းဖြူဖြူလေးတွေကို ကျုပ်ဆုပ်ကိုင်အားပေးနေမိတယ်။

'မေ့'အရမ်းခံစားနေလားဟင်၊ အနာသိရင်ဆေးရှိပါတယ် 'မေ့'ရယ်၊ ရောဂါကို ကုလိုက်ပါလားဟင်၊ အဲဒါဆို 'မေ့'လေ လုံးဝကိုသက်သာသွားမှာသိလား'

မောလိုက်တုန်ယင်နေရာက ခြောက်သွေ့နေတဲ့ နှုတ်ခမ်းကိုလျှာနဲ့သပ်တင်ပြီး 'မေ့'ကျုပ်ကိုအားယူပြုံးပြတယ်။

"ကျေးဇူးတင်ပါတယ် 'ညီ'ရယ်၊ ဒါပေမဲ့ 'မေ့' ရောဂါကိုကုလို့ အသက်ရှင်ခွင့်ရရင်လည်း ခြောက်နှစ်ခုနစ်နှစ်ပါပဲ၊ 'မေ့'မွေးလိုက်ရင် အဲဒီကလေးက ရှင်သန်ခွင့်တွေအများကြီးရသွားမှာ၊ သနားပါတယ် 'ညီ'ရယ်၊ 'မေ့' ခဏလေး ရှင်သန်ခွင့်အတွက် ကလေးက တစ်ဘဝစာပေးဆပ်သွားရမှာ"

စီးကျလာတဲ့သံယောဇဉ်ကိုရင်ဘတ်နဲ့ကြိုပြီး ဖွင့်ဟသွားတဲ့မိခင်ရဲ့မေတ္တာတရားကြားမှာ ကျုပ် ယောကျ်ားရင့်မာကြီးတန်မဲ့ မျက်ရည်တွေစီးကျနေပါတယ်။ သွေ့ခြောက်ခွေလျော့နေတဲ့ 'မေ့'ရဲ့ဆံစလေးတွေကို ကျုပ် အားပေးနစ်သိမ့်သလို အခါခါနမ်းရှိုက်နေမိတယ်။ တစ်ချိန်တည်းမှာ ညမွှေးပန်းရနံ့တွေ သဲ့သဲ့ငိုညည်းသံကို ကြားနေရတယ်။

"ညီကို 'မေ့'လက်မထပ်နိုင်တော့တာ 'မေ့'ကိုခွင့်လွှတ်ပါနော်"

ခွင့်လွှတ်တယ်လို့ နှုတ်ကပြောလို့မရအောင်ကို ကျုပ်ရင်က စို့နင့်နေလို့ မျက်ရည်တွေကြားကပဲ အံကြိတ်ရင်း ကျုပ်ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်တယ်။

"နောက်ရက်တွေကျရင် 'မေ့'အပြင်ကို ထွက်နိုင်မယ် မထင်တော့ဘူး 'မေ့'ကိုတစ်နေရာရာ ခေါ်သွားပါလား 'ညီ' "

စောစောကအတိုင်း ကျုပ်ခေါင်းတဆတ်ဆတ် ညိတ်ရုံထက်ပိုပြီး ဘာမှ မပြောနိုင်သေးဘူး။ ဖူးပွင့်ချိန်မှာကွယ်လွန်သွားတဲ့ ကျုပ်နှလုံးသားအတွက် ကိုယ့်ဘာသာကိုယ်ပြန်ဖွင့်ဖို့သော့မရှိတော့လည်း မမြင်ရတဲ့လရောင်ကို ထရံကြားက ငေးမောနေရသလို စိတ်ပင်ပမ်းလှပါတယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



စိမ်းလန်းစိုပြည်ဥယျာဉ်ညဟာ သစ်ရိပ်တွေကြားမှာ ရောင်စုံမီးသီးတွေ ဝင်းမှည့်နေတယ်။ အင်းလျားကန်ရေပြင်ကို မျက်နှာချင်းဆိုင်ထားတဲ့ ခုံတန်းလျား လေးမှာထိုင်မိတော့ 'မေ့'က ကျုပ်ပခုံးသားတစ်ဖက်ဆီကို ခေါင်းလေးမှီတင်ထား တယ်။ ကျုပ် 'မေ့'ရဲ့ဘယ်လက်ချောင်းလေးတွေကို ကရုဏာတရားအပြည့်နဲ့ ဆုပ်ကိုင်တော့ အေးစက်နေလိုက်တာ၊ ပူနွေးတဲ့ 'မေ့'ရဲ့မျက်ရည်တစ်ပေါက် ကျုပ်ရင်ဘတ်ကို လာစွန်းတော့ ဖြူဖျော့ဖျော့ 'မေ့'နှုတ်ခမ်းကိုသွေးရောင်လွှမ်း လာတဲ့အထိ ကျုပ်နမ်းမိပါတယ်။ တစ်ချိန်တည်းမှာ ကျုပ်ရင်ထဲက တတိုင်း ပြိုကျနေသလိုခံစားရင်း နာကျင်မှုနဲ့မျက်ရည်ဝဲမိတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီတခဏ တော့ လရောင်အောက်မှာနိုလ့ုံရင်း ကျုပ်တို့နှစ်ယောက် ကမ္ဘာမြေတစ်ခုလုံး ပိုင်ဆိုင်ခဲ့ကြပါတယ်။

■ ■ ■

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတဲ့အတိုင်း ကိုယ်ဝန်ခုနှစ်လခွဲမှာ 'မေ့' ရဲ့ရောဂါက အရမ်းကိုဖောက်ပြန်လာခဲ့တယ်။ ဆရာဝန်ရဲ့ပြောပြချက်အရတော့ အရေးပေါ်ခွဲစိတ်ရမယ့်အချိန်ကိုရောက်နေပြီဆိုတာပါပဲ။

"လတ်တလော မိုက်ခွဲပြီး မမွေးရင် ကလေးရော အမေပါ အသက်ရှင် ခွင့် မသေချာတော့ဘူး။ တစ်ခု ဝမ်းနည်းစရာကောင်းတာက ကလေးကိုရအောင် ယူရင် အားမရှိတဲ့သူ့မိခင်အတွက် အသက်ရှင်ခွင့်ကလည်း မရှိသလောက်ပဲ ခင်ဗျား လူနာကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေချင်တယ်ဗျာ"

ဆရာဝန်ရဲ့ပြောစကား မကြားခင်ကတည်းက 'မေ့'ရဲ့အခြေအနေကို ကျုပ်သိပြီးသလို 'မေ့'ကိုယ်တိုင်လည်း သိပြီးသားပါ။ ဒါပေမဲ့ တကယ့်တကယ် အဲဒီအကြောင်းကိုပြောထွက်ဖို့ ကြိုးစားတော့ ကျုပ်အသံတွေမတုန်အောင် အံကို နိုင်ထိန်းပြီး ဖြူဖျော့အားနည်းနေတဲ့ 'မေ့'လက်ကလေးတစ်ဖက်ကို အသာအယာ ဆုပ်ကိုင်ပြီး ပြောပြခဲ့တယ်။

'မေ့'က ယောက်ျားလေးလား။ မိန်းကလေးလား သိခွင့်မရသေး သူ့ဝမ်းကြာတိုက်က ရင်သွေးကို မေတ္တာတွေပုံပေးပြီး ခွဲခန်းဝင်ဖို့အားယူပြင်ဆင် ရှာတယ်။

"မေ့ အရမ်းမထနဲ့လေ၊ ညီ ထူပေးမှာပေါ့"

"ခင်ပွန်းခွင့်ပြုချက်လက်မှတ်ထိုးခိုင်းရင်တော့ အဲဒီနေရာလေး ညီ





ကူညီပါနော်"

'မေ့'ဂုတ်ပိုးဖြူဖြူလေးကို ဖေးမတွဲထူရင်း ကျုပ် အံကြိတ်ရင်း ကျေ နပ်နပ်ကြီး 'မေ့'ကိုခေါင်းညိတ်ပြလိုက်တယ်။

လူနာတင်တွန်းလှည်းကတစ်ဆင့် 'မေ့' ခွဲခန်းထဲဝင်သွားတယ်။ ဘာ ဆုတောင်းရမှန်းမသိလောက်အောင်ကို ကျုပ်ရင်တွေ လှုပ်ခတ်ပူလောင်လွန်း တယ်။ အနီးအနားပြတင်းတံခါးက တိုးဝင်လာတဲ့လေထဲမှာ ဥပေက္ခာတရား ရနံ့တစ်မျိုးနဲ့တုန်ခါလာတယ်။ ပစ္စုပ္ပန်လတ်လတ်ဆတ်ဆတ်ထဲမှာ ကျုပ် 'မေ့' စွန့်လွှတ်ရတော့မလား။

အချိန်တွေ နာရီတွေ စက္ကန့်တွေက မြန်မာ့လက်ရွေးစင်အမျိုးသား ဘောလုံးကန်သလို မျှော်လင့်ချက်မဲ့စွာ လေးကန်နှေးကွေးလွန်းလှတယ်။ မျက်စိမှိ နားစွင့်နဲ့ မနက်သုံးနာရီခွဲလောက်မှာ 'မေ့'ရဲ့ခွဲစိတ်မှုပြီးပြီးချင်း ကျုပ်ဆရာဝန် အပြေး အလွှားပဲ မေးမိတယ်။

"နောင်ကြီးရဲ့အမျိုးသမီးက ယောက်ျားလေးမွေးတယ်၊ ဒါပေမဲ့ က က စောမွေးရတာဆိုတော့ ပေါင်မပြည့်လို့ မှန်ခန်းထဲမှာ ထည့်ထားပါတယ်

"ဆရာ ဟို မေ့သက်လျာ 'မေ့'ကော"

"ခင်ဗျား ဝင်တွေ့နိုင်ပါတယ်"

ကျုပ်အလောတကြီး ဝင်တွေ့ချိန်မှာတော့ သွေးဆုတ်ဖြူလျော်နေ 'မေ့'ကို မျက်လုံးလေးမှေးစင်းစင်းနဲ့တွေ့ရတယ်။ မှန်တာကိုပြောရရင် အင်မတန် သေးငယ်တဲ့ ကင်ဆာရဲ့အစိတ်အပိုင်းတစ်ခုကအစပြုလို့ ခုချိန်မှာတော့ 'မေ့ တစ်ဘဝလုံးကို စားသုံးသွားတော့မယ်ဆိုတာပါပဲ။ ဒါပေမဲ့ 'မေ့' အကြားချင်ဆုံး စကားတစ်ခွန်းကို 'မေ့' အနားကပ်ပြီး ကျုပ်ပြောဖြစ်ခဲ့တယ်။

'မေ့ သားလေး ဘာမှမဖြစ်ဘူး သိလား"

တစ်ချက်ပြုံးဖို့ကိုတောင် အားယူနေရတဲ့ 'မေ့'ဆီက စကားသံတိုး လေးထွက်လာတယ်။

"သားကို 'မေ့' နှိုတိုက်ချင်တယ် ညီ"

"ဟာ မဖြစ်နိုင်တာ 'မေ့'မှ အင်အားမပြည့်သေးဘဲ"

"မေ့ကိုယ်မေ့သိတယ် ညီ၊ သားကိုနို့တစ်ခါလောက်မှ မတိုက်ရ မေ့ ဒီလောကကို မစွန့်ခွာချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တတွတ်တွတ်ပူဆာနေတဲ့ 'မေ့'ရဲ့နောက်ဆုံးဆန္ဒကို ဆရာဝန်တွေက ခေါင်းညိတ်အတည်ပြုပေးလိုက်ကြတယ်။ သားကို နှိုတိုက်နေတဲ့ 'မေ့'ရဲ့အပြုံးတွေဟာ အခုတော့ ကျုပ်ဘဝတစ်ခုလုံးကို အုပ်မိုးပေးခဲ့တယ်။ 'မေ့' မရှိတော့တဲ့ မနက်ဖြန်များစွာကို ကျုပ် ဘယ်လိုအင်အားနဲ့ရင်ဆိုင်ရမလဲ၊ ကံကြမ္မာရဲ့ချိန်ခွင်ဆိုရာမှာ အရှုံးထိခဲ့တဲ့ ကျုပ်အဖို့ 'မေ့'မွေးဖွားခဲ့တဲ့သားငယ်အတွက် အနာဂတ်ကို နှိုးဖို့နှင်းစက်တွေနဲ့ ရင်ခွင်ပိုက်ရင်း . . ။

ဗျူး

www.burmeseclassic.com